www.burmeseclassic.com

# ဝဏ္ဏအောင်

ကျိုဖုံး၏ရှန်းကျန့်ယောင်

ရတနာမှုခိုး



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# မတူညီသောလားရာများ

နန်းတွင်းအခြေအနေများ ရှုပ်ထွေးကာ တာလိနယ်စား ပုန်ကန်မှုကြောင့် ပြည်မကြီး မငြိမ်မသက်ဖြစ်နေသော အချိန်ကာလဖြစ်သည်။

တာလိနယ်စားတပ်ဖွဲ့သည် မန်ချူးများ၏ အကူအညီဖြင့် ပြည်မသို့ထိုးဖောက်ဝင်ရောက်ရန် အကြိမ်ကြိမ် သွေးတိုးစမ်းလာသည်။

တာလိတပ်ဖွဲ့များ ရောက်လေရာ အရပ်တိုင်းတွင် မီးတော ဟုန်းဟုန်း တောက်လောင်သွားသည်ချည်းပင်။

တာလိနယ်စားသည် အောင်မြင်မှုများ ရှိလာလေလေ ကျူးကျော်မှုများ ပြုလုပ်လာလေလေပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့်...

တာလီနယ်စား၏ တပ်ဖွဲ့များမှာ စည်းလုံးညီညာမှုမရှိသည့် နန်းတွင်းတပ်ဖွဲ့များနှင့် ရင်ဆိုင်မိတိုင်း အနိုင်ယူနိုင်ခဲ့သည်ချည်းပင်။

နန်းတွင်း၌ အခြေအနေများ ရှုပ်ထွေးကာ မင်းညီမင်းသားများသည် သူတစ်လူငါတစ်မင်းဖြစ်နေကြပေရာ တပ်ဖွဲ့ခေါင်းဆောင်များမှာ မည်သူ၏စကား၊ မည်သူ၏အမိန့်နာခံရမှန်းမသိ ပုန်ကန်ခြားနားလာသူများကို မည်သို့ နှိမ်နင်းရမှန်းမသိ ဖြစ်နေကြလေသည်။

တာလီနယ်စား၏တပ်ဖွဲ့များကလည်း တိုး၍တိုက်ခိုက်လာလေရာ အားလုံးစိတ်ဓာတ် ကျဆင်းနေကြပေတော့သည်။

မည်သို့ဆိုစေ တစ်ဘက်နှင့်တစ်ဘက် အနိုင်အရှုံးသိသာထင်ရှားစေသည့် အဆုံးအဖြတ်ပေးမည့် တိုက်ပွဲကြီးမျိုးတော့ တစ်ကြိမ်တစ်ခါမျှ ဖြစ်ပွားခဲ့ဖူးခြင်းမရှိသေးချေ။

တာလီနယ်စား၏ ခြားနားမှုကြောင့် တိုင်းပြည်အတွင်း စီးပွားရေးလုပ်ငန်းများသည် မတည်မငြိမ်ဖြစ်လာလေရာ အခြေအနေမှာ ဆိုးဆိုးဝါးဝါး ပျက်စီးယိုယွင်းလာတော့သည်။

တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသည့် စကားအတိုင်း လူဆိုးဓားပြများ ကိုယ်ကျိုးရှာသူများလည်း ထကြွသောင်းကျန်းလာပြန်သည်။

သို့ဖြစ်၍...



တာလီနယ်စားမွေးလိုက်သောမီးသည် ပြည်မကြီး၌ သာမက သိုင်းလောကတစ်ခုလုံးပါ မငြိမ်မသက်ဖြစ်လာခဲ့ရ၏။

ဤသို့ အလွန်တရာရှုပ်ထွေးနေသော အခြေအနေဝယ်။

* * *

ရွှေဓားအဖွဲ့...။

ရွှေဓားအဖွဲ့သည် ပူးနယ်စား၏လက်အောက်ခံ ချေမှုန်းရေးအဖွဲ့ဖြစ်သည်။

ရွှေဓားအဖွဲ့ဝင်များသည် ကျစ်လစ်သိပ်သည်းကာ လူဆိုးဓားပြများအား နှိမ်နင်းနေသော အထူးချေမှုန်းရေးအဖွဲ့ဖြစ်သည်။

သိုင်းပညာတော်သလို ပြတ်သားစွာ ချေမှုန်းတတ်ခြင်းကြောင့် အနက်ရောင်သိုင်းသမားများ၊ လူဆိုးဓားပြများသည် ရွှေဓားအဖွဲ့အား ကြောက်လန့်ကာ ဝေးဝေးမှ ရှောင်သွားတတ်သည်။

ရွှေဓားအဖွဲ့ခေါင်းဆောင်မှာ 'ယန်ကွမ်း' ဆိုသူဖြစ်ပေသည်။

သူနှင့်တွေ့ဆုံသော ဒုစရိုက်သမားများအား ချမ်းသာပေးရိုး ထုံးစံမရှိပါချေ။

ရွှေဓားအဖွဲ့ရှိ သူ့အား အာခံမည့်သူများ၊ စကားမနာခံသူများအား ဖယ်ထုတ်ကာ သူစိတ်ကြိုက်ရွေးချယ်ခဲ့သော ယုံကြည်စိတ်ချရသူများအား ထည့်သွင်းခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်အတွင်း ရွှေဓားအဖွဲ့သည် ယန်ကွမ်း၏ ကိုယ်ပိုင်တပ်ဖွဲ့ပမာ ဖြစ်လာသည်။

ဂူးနယ်စားထက်ပင် ရွှေဓားအဖွဲ့အပေါ် ယန်ကွမ်း၏ဩဇာလွှမ်းမိုးလာသည်။

ယန်ကွမ်းသည် ဉာဏ်များကာ ရက်စက်ကြမ်းကြုတ်သူဝီဝီ ရွှေဓားအဖွဲ့အားကိုးနှင့် ထင်ရာစိုင်းကာ အလွဲသုံးစားလုပ်လာသည်။

မတရားနည်းနှင့် ကိုယ်ကျိုးရှာလာခဲ့သည်။

တာလိနယ်စား ပုန်ကန်၍ အခြေအနေရှုပ်ထွေးနေသည်ကို အကြောင်းပြုကာ ဂူးနယ်စားဂေဟာမှ ရတနာများအား လုယက်ရန် အနက်ရောင်သိုင်းရာဇာလေးဦးအား ဆက်သွယ်စည်းရုံးခဲ့တော့သည်။

* * *



ဂူးချိန်မြို့....။

ဂူးချိန်မြို့သည် ထုံးစံအတိုင်း စည်ကားသိုက်မြိုက်နေလေသည်။

ဂူးနယ်စား၏လူများသည် ဆုငွေထုတ်ထားသည့် လူဆိုးများ၏ ရုပ်ပုံကြော်ငြာများကို လူစည်ကားရာနေရာများ၌ လိုက်လံချိတ်ဆွဲလျက် ရှိကြ၏။

ဂူးနယ်စား၏ ဘယ်လက်ရုံးဖြစ်သော 'ယုဖုံး'က ကြော်ငြာချိတ်ဆွဲနေသူများကို ကြည့်လိုက်သည်။

ထို့နောက် သက်ပြင်းမသိမသာချပြီး ကျောခိုင်းထွက်လာသည်။

ယခင်ကဆိုလျှင် လူဆိုးဓားပြများအား သုတ်သင်ရှင်းလင်းနိုင်ရန် ကြိုးစားရသည့်တာဝန်ယူထားသည်ဖြစ်ရာ အများအကျိုးတတ်စွမ်းသရွေ့ ဆောင်ရွက်နိုင်သည်ဟု သဘောထားပြီး ပျော်ရွှင်မိလေသည်။

ယခုမူ သူ၏စိတ်နှလုံး ပျော်ရွှင်ချမ်းမြေ့မှု ကင်းမဲ့နေ၏။

လူဆိုးဓားပြများသည် ရက်စက်ကြမ်းကြုတ်လှသလို ယန်ကွမ်း၏ဦးဆောင်မှုအောက်တွင် ရွှေဓားအဖွဲ့သည် ပို၍ပင် ရက်စက်ကြမ်းကြုတ်နေသည် မဟုတ်ပါလား။

ဂူးနယ်စား၏ ညာလက်ရုံးဖြစ်သော ယန်ကွမ်း၏ စိတ်နေသဘောထားကို ယုဖုံးက မနှစ်မြို့ပါချေ။

ယန်ကွမ်းသည် ကိုယ်ကျိုးအတွက်ဆိုလျှင် မည်သူ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ရှု ထောက်ထားတတ်သူ မဟုတ်ကြောင်း သူက ကောင်းကောင်းကြီး နားလည်ထားသည် မဟုတ်ပါလား။

ယုဖုံးက မလှမ်းမကမ်းရှိ စားသောက်ဆိုင်ကလေးဆီသို့ ဦးတည်လှမ်းသွားသည်။

ထို့နောက် ဆိုင်ထဲဝင်ကာ စားပွဲတစ်လုံး၌ ထိုင်ချလိုက်ပြီး စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

ထိုအချိန် သူ့စားပွဲဆီသို့ ခမောက်ဆောင်းထားသူတစ်ဦး လျှောက်လာပြီး...

"ကျုပ် ဒီမှာထိုင်လို့ ရမလား"

ဟုမေးလိုက်၏။

သူ့စကားကြောင့် ယုဖုံး ကြောင်အမ်းအမ်းဖြစ်သွား၏။

ဆိုင်ထဲ၌ လူရှင်းနေသဖြင့် အခြားစားပွဲများ၌ ထိုင်၍ဖြစ်နိုင်ပါသော်လည်း သူ၏စားပွဲ၌ ထိုင်ခွင့်တောင်းနေသည်မှာ ထူးခြားလှသည်ဟု ထင်မိသည်။

ထို့ကြောင့်....

"ရပါတယ် ထိုင်ပါ"

ဟု ပြောလိုက်သည်။

ခမောက်ဆောင်းထားသူက ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်သည်။

မျက်နှာချင်းဆိုင် ထိုင်မိလိုက်လျှင် ခမောက်ကို မချွတ်ဘဲ "ယုဖုံး..ခင်ဗျား ကျုပ်ကို မှတ်မိသေးလား"



ဟု ပြောလာသည်။

ယုဖုံးမှာ ထိုစကားသံကို ကြားဖူးသည် ထင်မှတ်မိ၏။

သူက သေသေချာချာ ကြည့်လိုက်လျှင်...

"ဟင်...ကျုန်းစုထင်း"

ဟု လွှတ်ခနဲခေါ်လိုက်သည်။

လွန်ခဲ့သော တစ်နှစ်ကျော်က သူ့ထံ လူတစ်ယောက် ရောက်လာခဲ့သည်။

ထိုလူသည် ဆုငွေထုတ်ထားသော နာမည်ကြီးလူဆိုးများ၏စာရင်းကို တောင်းယူကာ လူဆိုးဖမ်းပေးခဲ့သည်။

လူဆိုးဖမ်း၍ရသည့် ဆုငွေဖြင့် ဒုက္ခရောက်နေသူများအား ကူညီခဲ့သည်။

ထိုလူ ဖမ်းဆီးရန် ဆုံးဖြတ်ထားသည့် လူဆိုးများသည် သူ၏လက်မှလွတ်မြောက်သည်ဟူ၍ မရှိပါချေ။

ထိုလူသည် စိတ်သဘောထား ထူးဆန်းကာ သိုင်းပညာ အလွန်ထက်မြက်သူဖြစ်သည်။

ယုဖုံးသည် ထိုလူနှင့်လက်တွဲပြီး လူဆိုးဓားပြ အတော်များများကို ဖမ်းဆီးနိုင်ခဲ့သည်။

ယုဖုံးသည် ထိုလူအား အားကိုးယုံရကြည်သော မိတ်ဆွေ တစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့သည်။

သို့သော်...

ထိုလူသည် လွန်ခဲ့သော သုံးလလောက်မှစပြီး အဆက်အ

www.burmeseclassic.com

www.burmeseclassic.com



သွယ်ဖြတ်ကာ ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့သည်။

ယခု မမျှော်လင့်ထားသည့် အချိန်တွင်မှ သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေသည်။

ထိုလူကား ကျန်းစုထင်းပင် ဖြစ်လေသည်။

* * *

ခမောက်ဆောင်းထားသူ သက်ပြင်းချလိုက်သည်။

"ဟုတ်တယ်၊ ကျုပ် ကျန်းစုထင်းပဲ"

ယုဖုံး ဝမ်းသာသွားသည်။

"ကျန်းစုထင်း…မင်းဘယ်ပျောက်နေတာလဲ"

ခမောက်ဆောင်းထားသူ(ဝါ) ကျန်းစုထင်းက…

"ကျုပ် လုပ်ကြံခံရတယ်"

"ဟေ"

ယုဖုံး မျက်လုံးပြူးသွား၏။

ကျန်းစုထင်းအား စိုက်ကြည့်ကာ….

"လုပ်ကြံခံရတယ် ဟုတ်လား"

တအံ့တဩဖြင့် မေးလိုက်သည်။

ကျန်းစုထင်းက…

"ဟုတ်တယ်"

"ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦး"



ကျန်းစုထင်းက တည်ငြိမ်သောလေသံဖြင့်…

"ကျုပ် ခင်ဗျားဆီကို နောက်ဆုံးအနေနဲ့ လူဆိုးတစ်ယောက်လာပို့ပြီး အပြန်မှာ လူတစ်စု ချောင်းမြောင်းလုပ်ကြံခဲ့တယ်၊ သူတို့ဟာ ရွှေဓားအဖွဲ့က ဖြစ်နေတယ်"

"ဟင်"

ယုဖုံး ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"မင်းက ယန်ကွမ်းလက်ချက်လို့ ထင်နေတယ် ဟုတ်လား"

"ထင်တာမဟုတ်ဘူး၊ သူ့လက်ချက်ဗျ၊ ကျုပ် သေပြီထင်ပြီး သင်္ချိုင်းမှာ သွားစွန့်ခဲ့တာ၊ သုဘရာဇာ ကယ်ခဲ့လို့ ကံကောင်းပြီး အသက်ရှင်ခဲ့တယ်၊ နေကောင်းတာနဲ့ တိတ်တဆိတ် စုံစမ်းတော့ ယန်ကွမ်းရဲ့လက်ချက်ဆိုတာ သိခဲ့ရတယ်"

"သူက မင်းကို ဘာကြောင့်သတ်ချင်တာလဲ"

"ကျုပ်လည်း ဒါပဲသိချင်နေတာ"

"ယန်ကွမ်းက မင်းကို အကြောင်းရှိလို့ သုတ်သင်ပစ်ချင်တာပဲဖြစ်မယ်၊ သူက ရွှေဓားအဖွဲ့အားကိုးနဲ့ ထင်ရာစိုင်းနေတာဗျ၊ မင်းအသက်ရှင်နေတယ်ဆိုတာသိယင် ကျိန်းသေဒုက္ခပေးဦးမှာပဲ"

"ကျုပ်ကလည်း သူနဲ့ထိပ်တိုက်တွေ့ချင်တာပဲ"

"ကောင်းတယ်၊ ယန်ကွမ်းဟာ မလိုလားအပ်တဲ့လူတစ်ယောက်ဆိုတာ ငါသိတယ်၊ သူ့ကိုသုတ်သင်ရှင်းလင်းပစ်နိုင်ယင် အကောင်းဆုံးပဲ၊ သူက လူဆိုးဓားပြတွေထက် အဆတစ်ရာလောက် ရက်စက်ကြမ်းကြုတ်ပြီး ကောက်ကျစ်စဉ်းလဲတယ် ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မင်းက သူ့ကိုတွေ့ချင်ယင် ယန်စီမြစ်ဘက်လိုက်သွားမှဖြစ်မယ်ကွ"

ကျန်းစုထင်း အံ့သြသွားသည်။

ယုဖုံးကို နားမလည်နိုင်စွာကြည့်ကာ…

"ဘာဖြစ်လို့လဲ၊ ဒီမြို့မှာ သူမရှိတော့ဘူးလား"

ဟုမေးလိုက်လေသည်။

ယုဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက လူဆိုးဓားပြတွေနောက်ကို လိုက်ရမယ်ဆိုပြီး မြန်းစားကြီး ထွက်သွားလေရဲ့"

ကျန်းစုထင်း စိတ်ဓာတ်ကျသွားသည်။

သူက ယန်ကွမ်းနှင့် ထိပ်တိုက်ဖြေရှင်းရန် ထွက်လာခဲ့ခြင်းဖြစ်ပေသည်။

ယခု ယန်ကွမ်း ရှိမနေပါချေ။

ယုဖုံးက…

"ကျုပ် မင်းကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်"

ကျန်းစုထင်းက ခေါင်းကို ဆွဲချလိုက်၏။

ထိုအခါ တည်ကြည်လေးနက်ပြီး ယောကျ်ားပီသသော လူငယ်တစ်ယောက်၏ ရုပ်သွင် ထွက်ပေါ်လာသည်။

"ဘာများလဲဗျ"

ယုဖုံး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"မင်းက ဆုငွေများများ ထုတ်ထားတဲ့လူဆိုး မရှိဘူးလားလို့ မေးခဲ့တာ သတိရသေးလား"



"ကျုပ် မမေ့ပါဘူး၊ ခင်ဗျားပဲ နာမည်ကြီးလူဆိုးတွေရဲ့စာရင်း ကျုပ်ကို ပေးခဲ့တာမဟုတ်လား"

ယုဖုံး ပြုံးလိုက်သည်။

"အေး…တကယ်ဖမ်းရခက်လို့ လျှစ်လျူရှုထားမိတဲ့ နာမည်ကြီးလူဆိုးတစ်ယောက် ကျန်ရစ်ခဲ့တယ်"

"ဟင်"

ကျန်းစုထင်း အံ့သြသွားသည်။

"တကယ်လား"

"တကယ်ပေါ့၊ သူ့ကိုထုတ်ထားတဲ့ဆုငွေဟာ အတော်တန်ဖိုးကြီးတယ်"

"ဘယ်သူလဲ"

ကျန်းစုထင်း အငမ်းမရမေးလိုက်၏။

ယုဖုံးက စာရွက်လိပ်တစ်ခု ထုတ်ပေးလိုက်၏။

ကျန်းစုထင်း လှမ်းယူကာ ဖြန့်ကြည့်လိုက်၏။

စာရွက်ထဲ၌ အသက်သုံးဆယ်အရွယ် လူရွယ်တစ်ယောက်၏ရုပ်ပုံရေးဆွဲထားသည်။

ရုပ်ပုံအောက်တွင်…

"ခေါင်းနှစ်လုံးမြွေဆွေး လုံကြုံးစိမ်း၊ ဆုငွေ ဆယ်သိန်း"

ဟု ရေးသားထားသည်။

ကျန်းစုထင်း၏၏မျက်လုံးအစုံ ပြူးကျယ်သွားသည်။

"ဒါ…ဒါ တကယ်လား"

www.burmeseclassic.com

www.burmeseclassic.com



ယုဖုံး ခေါင်းညိတ်လိုက်၏။

"တကယ်ပေါ့"

"ခင်ဗျား အစက ဘာလို့မပြောတာလဲ"

"ကျုပ်မေ့နေလို့ပါ။ ဘယ်လိုလဲ၊ မင်း စိတ်ဝင်စားလား"

ကျန်းစုထင်းက စာရွက်အားခေါက်ကာ အင်္ကျီရင်ဘတ်အတွင်းသိမ်းဆည်းကာ...

"သူ့အကြောင်း နည်းနည်းပါးပါး သိချင်တယ်"

ယုဖုံး သဘောကျသွား၏။

"လုံကြိုးစိမ်းဟာ အလွန်တရာ ပါးနပ်ပြီး ဉာဏ်များတယ်၊ သိုင်းပညာတော်တယ်၊ ရုပ်ဖျက်ပညာကျွမ်းတယ်၊ ရာဇဝတ်မှုငါးဆယ်ကျော် ကျူးလွန်ပြီး ရှောင်တိမ်းနေတယ်၊ သူ့ကိုဖမ်းဖို့ကြိုးစားသူတွေအားလုံး လက်လျှော့ခဲ့ရတာချည်းပဲ၊ သူ အခုထက်ထိ လွတ်နေတယ်၊ ဒါကြောင့် နယ်စားကြီးနဲ့တိုင်ပင်ပြီး ဆုငွေတိုးမြှင့်ခဲ့တာပဲ"

ကျန်းစုထင်း ပြုံးလိုက်သည်။

"ငွေဆယ်သိန်းဆိုတော့ မဆိုးဘူး၊ ကျုပ် အလုပ်ရှုပ်သက်သာသွားတာပေါ့"

ကျန်းစုထင်းသည် လုံကြိုးစိမ်းအား ဖမ်းဆီးရန် သဘောတူလိုက်ပြီဖြစ်ကြောင်း ယုဖုံး နားလည်လိုက်၏။

သူက တည်ကြည်သော မျက်နှာထားဖြင့်...

"ကျုပ်တစ်ခုတော့ ပြောချင်တယ်"

"ဘာများလဲ"



"လုံကြိုးစိမ်းကို ဖမ်းလို့မမိသေးဘဲ ယန်ကွမ်းနဲ့ရင်မဆိုင်စေချင်ဘူး"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ လုံကြိုးစိမ်းကို မင်းတစ်ယောက်ပဲ ဖမ်းဆီးပေးနိုင်မယ်လို့ ငါယုံကြည်ထားတယ်၊ မင်းက ယန်ကွမ်းနဲ့ရင်ဆိုင်လို့ တစ်ခုခုဖြစ်သွားယင် လုံကြိုးစိမ်းကို ဘယ်သူဖမ်းပေးနိုင်တော့မလဲ"

ကျန်းစုထင်း ပြုံးလိုက်သည်။

"စိတ်ချပါဗျာ၊ ငွေဆယ်သိန်းဆိုတာ ဒုက္ခသည်ပေါင်း အယောက်တစ်ရာကျော်လောက် ကူညီပေးသွားနိုင်တဲ့ ပမာဏပဲ၊ ကျုပ်က လက်လွှတ်မခံပါဘူး၊ လုံကြိုးစိမ်းကို ခင်ဗျားဆီခေါ်လာမယ်လို့ ကတိပေးပါတယ်၊ ပြီးတော့ ယန်ကွမ်းနဲ့ စာရင်းရှင်းရဦးမယ်လေ၊ သူနဲ့ကျုပ် ခင်ဗျားမိတ်ဆက်ပေးလို့ တစ်ကြိမ်ပဲ သိကျွမ်းခဲ့တယ်၊ ဒါတောင် ဘာကြောင့် လုပ်ကြံချင်ရသလဲဆိုတာ ကျုပ်က ပွင့်ပွင့်လင်းလင်း သိချင်နေတယ်လေ"

"လုံကြိုးစိမ်းကို အရင်ဆုံးခေါ်လာနိုင်ဖို့ အရေးကြီးတယ်၊ ပြီးမှ ယန်ကွမ်းကို မင်းကြိုက်သလို လုပ်ပါ၊ ဘယ့်နှယ်လဲ"

ဟုပြောသည်။

ကျန်းစုထင်း တစ်ချက်စဉ်းစားပြီးမှ...

"ကောင်းပြီလေ၊ ခင်ဗျားသဘောအတိုင်း ဖြစ်စေရမယ်"

"ကျေးဇူးပါပဲကွာ၊ မင်းပြီးယင် ငါနဲ့ခဏလိုက်ခဲ့ဦး"

"ဘယ်ကိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် လုံကြုံးစိမ်းကို ဖမ်းဖို့ အစီအစဉ်ပျက်မသွားအောင် ဆုငွေဆယ်သိန်းကို ငွေတိုက်တစ်ခုမှာ သွားအပ်ထားမယ်လေ"

ကျွန်းစုထင်း ကျေနပ်သွား၏။

"သိပ်ကောင်းတာပေါ့ဗျာ"

သူတို့က ရယ်ရယ်မောမောပြောဆိုကာ စကားလက်ဆုံကျသွားလေတော့သည်။

* * *



## အကြံကိုယ်စီ

ည...။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။

ကောင်းကင်ပေါ်မှ လခြမ်းပဲ့ကလေးသည် အမှောင်ထုကို တွန်းထိုးဖယ်ရှားပစ်ရန် မစွမ်းသာဘဲ လက်မှိုင်ချနေရလေသည်။

အမှောင်ထုအောက်တွင် အိမ်ကလေးမှ မီးရောင်များထွက်ပေါ်နေ၏။

အိမ်ကလေးအတွင်းဝယ် လူလေးယောက် ဝိုင်းဖွဲ့ထိုင်ကာ အရက်သောက်နေကြလေသည်။

ထိုလူလေးယောက်ကား ရွှေဓားအဖွဲ့ခေါင်းဆောင် ယန်တွမ်း စည်းရိုးသိမ်းသွင်းထားသော ရှားယုံ၊ ကျောက်ထိဖန်း၊ သဲကျင်း နှင့်မုဝမ်းဆိုသော အနက်ရောင်သိုင်းရာဇာလေးဦးတို့ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ချိန်းဆိုထားသည့်အတိုင်း ယန်ကွမ်းအား စောင့်ဆိုင်းနေကြခြင်းပင် ဖြစ်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ယန်ကွမ်းကား ရောက်မလာသေးချေ။

သုကျင်းက...

"သူလာဖို့ သင့်ပြီ"

ဟု စကားစလိုက်သည်။

မုဝမ်း သက်ပြင်းချလိုက်သည်။

ယန်ကွမ်းသည် ရွှေစားအဖွဲ့အင်အားနှင့်တစ်မျိုး၊ ငွေပေး၍ တစ်ဖုံ သူ့အား စတင်စည်းရုံးခဲ့ခြင်းဖြစ်သည်။

သူက ယန်ကွမ်းနှင့် မပူးပေါင်းလျှင် ဒုက္ခရောက်ရမည်ကို နားလည်ထားသောကြောင့် အလိုက်သင့်ပြန်ပေါင်းကာ ဆက်ဆံခဲ့ခြင်းဖြစ်သည်။

ယန်ကွမ်းသည် အလွန်ဉာဏ်များသူဖြစ်ကြောင်း သိထားရကား အယုံအကြည်မရှိပါချေ။

ယန်ကွမ်းနှင့် ပတ်သက်ပြီး စိတ်ရှည်လက်ရှည်ထားနိုင်မှ ဖြစ်မည်ဟု ယုံကြည်သည်။

သို့မှသာ အခွင့်အရေးရပြီး ယန်ကွမ်းအား ပညာပြန်ပေးနိုင်မည်ဖြစ်သည်။

"အားလုံး စိတ်ရှည်ရှည်ထားကြပါဗျာ၊ ကျုပ်တို့ ညီညွတ်မယ်ဆိုယင် မကြာခင် အကျိုးကျေးဇူးခံစားရမယ်ဆိုတာ ကတိပေး



ပါတယ်"

အားလုံး ငြိမ်ကျသွား၏။

ထိုစဉ်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

ကျယ်လောင်သော မြင်းခွာသံထွက်ပေါ်လာပြီး အိမ်ကလေးရှေ့သို့ မြင်းစီးသမားတစ်ယောက် ရောက်ရှိလာသည်။

မုဝမ်း ထိုင်ရာမှထလိုက်သည်။

ရှားယုံ၊ သုကျင်းနှင့်ကျောက်ထိဖန်းတို့လည်း ထရပ်လိုက်ကြ၏။

ထိုစဉ် မြင်းစီးသမားသည် မြင်းပေါ်မှ ခုန်ဆင်းလာပြီး အိမ်တံခါးပေါက်ဝသို့ ရောက်ရှိလာသည်။

ထိုလူမှာ ယန်ကွမ်းမဟုတ်ဘဲ လူစိမ်းတစ်ယောက် ဖြစ်နေသည်။

မုဝမ်း ရင်ထိတ်သွား၏။

တစ်စုံတစ်ခု မှားယွင်းနေပြီလောဟူသည့် အတွေးဝင်ရောက်လာသည်။

သူ၏လက်တစ်ဘက်သည် ခါး၌ချိတ်ထားသည့် ဓားရိုးဆီသို့ ရောက်ရှိသွားလေသည်။

ထိုအချိန်တွင် မြင်းစီးသမားလူစိမ်း၏အသံ ထွက်ပေါ်လာသည်။

"ဆရာ ယန်ကွမ်းက စာပေးလိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်းက ယူကာ ဖတ်ကြည့်လိုက်သည်။

စာထဲတွင်...

"မုဝမ်း...

နယ်စားဂေဟာလိုက်သွားပြီး ရတနာသေတ္တာဆယ်လုံး ယူလာပါ အတားအဆီးတွေကို ယီကျူးကရှင်းထားလိမ့်မယ်၊ ရတနာသေတ္တာတွေရယင် ဒီအိမ်ကလေးမှာပဲ ပြန်စောင့်နေပါ"

ဟု ရေးသားထားလေသည်။

မည်သူမည်ဝါရေးသားထားခြင်းဖြစ်သည်ဟူသော လက်မှတ်ကား ပါမလာချေ။

ယန်ကွမ်းသည် သက်သေအထောက်အထား မဖြစ်ရလေအောင် ကြိုတင်ရှောင်ရှားထားခြင်း ဖြစ်သည်။

မုဝမ်းသည် အကင်းပါးသူပီပီ ရတနာများ လုယက်မည့်ကိစ္စတွင် ယန်ကွမ်းက သူတို့အား ငါးစာအဖြစ် အသုံးပြုနေမှန်း ရိပ်စားမိသွားသည်။

သူက ကောက်ကျစ်စွာ ပြုံးလိုက်ပြီး မြင်းစီးသမားအား...

"နယ်စားဂေဟာကို ငါတို့ကိုခေါ်သွားမှာပေါ့"

ထိုလူ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

မုဝမ်းက ဓားကို လျှပ်တပြက်ဆွဲထုတ်ကာ ထိုလူ၏လည်ကုပ်ပေါ်တင်ထားလိုက်၏။

ထိုလူ အထိတ်တလန့် ဖြစ်သွားသည်။



"ခင်...ခင်ဗျား ဘာလုပ်တာလဲ"

မုဝမ်းက...

"ယန်ကွမ်း ဘယ်မှာလဲ"

"မ...မသိပါဘူး"

"မင်း သေချင်ပြီထင်တယ်"

မုဝမ်း ကြိမ်းဝါးယင်း ဓားကိုဖိလိုက်ရာ သွေးများဖြာကျလာသည်။

ထိုလူ ကြောက်ရွံ့သွားပြီး...

"ဆ...ဆရာယန်ကွမ်းဟာ ရွှေဓားအဖွဲ့ကို ဦးဆောင်ပြီး လူဆိုးဓားပြတွေကို နှိမ်နင်းဖို့ ယန်စီမြစ်ဘက် ထွက်သွားပါတယ်"

"ဟော"

မုဝမ်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘယ်တုန်းက ထွက်သွားတာလဲ"

"မနေ့က မနက်ပါ"

ထိုလူ၏စကား မှန်ကန်သည်ဆိုလျှင် ယန်ကွမ်းသည် ကြိုတင်ရှောင်ရှားသွားခြင်း ဖြစ်ပေလိမ့်မည်။

ဂူးနယ်စားဂေဟာအား စီးနင်းတိုက်ခိုက်မှုသည် ထောင်ချောက်အစစ်အမှန်ဖြစ်ကြောင်း ပို၍ယုံကြည်လာလေတော့သည်။

ယန်ကွမ်းက ထောင်ချောက်ဆင်ထားမှန်း သိပြီဆိုလျှင် အဘယ်ကြောင့် ထိုသို့ ထောင်ချောက်ဆင်ရသည်ကို တွေးတောစဉ်းစားရလိမ့်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်း အတွေးပိုက်ကွန်ဖြန့်ကျက်မိသည်။

ယန်ကွမ်းသည် သူတို့အား စည်းရုံးကာ ငူးနယ်စားဂေဟာအား စီးနင်းတိုက်ခိုက်ခိုင်းသည်။

သူကိုယ်တိုင်မူ ပါဝင်ပတ်သက်မှုမရှိလေရအောင် အဝေးသို့ ရှောင်တိမ်းနေလိုက်သည်။

ငူးနယ်စားက ဂေဟာဝယ် ရတနာသေတ္တာဆယ်လုံး အမှန်တကယ်ပင် ရှိပါသည်လော။

ရှိနေ၍သာလျှင် သူ့အား အသုံးချကာ အပိုင်စီးရန်ကြံစည်ခြင်းဖြစ်ပေမည်။

သူ့အား ယန်ကွမ်းက ယုံကြည်စိတ်ချပါသည်လော။

သူက ရတနာသေတ္တာများရလျှင် ထွက်မပြေးဘဲ နေမည်မဟုတ်ချေ။

သူ့တွင် အပေါင်းအသင်းများမှန်း ယန်ကွမ်းသိထားမည်သာ ဖြစ်သည်။

သို့ပါလျက် သူ့အား အဘယ်ကြောင့် အသုံးချပါသနည်း။

သူတို့လူစုက ငူးနယ်စားဂေဟာအား ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ ရတနာများ လုယူသွားသည်ဟူသော အချက်ကိုသာ ယန်ကွမ်းလိုချင်မှန်း ထင်ရှားလာသည်။

ရတနာများ အမှန်တကယ်ရှိခဲ့လျှင် ယန်ကွမ်း၏လက်ထဲ ရောက်နေလောက်ချေပြီ။

မုဝမ်း ပြုံးလိုက်သည်။



ယန်ကွမ်းအား တုန့်ပြန်နိုင်မည့် အချက်တစ်ချက်ကို စဉ်းစားမိလိုက်ခြင်းကြောင့် ဖြစ်ပေသည်။

ယန်ကွမ်း၏စာထဲ၌ ယီကျူးဆိုသူသည် နယ်စားဂေဟာအတွင်းသို့ ချောချောမောမော ဝင်ရောက်နိုင်အောင် ကူညီမည်ဟု ရေးသားထား၏။

ယီကျူးသည် ယန်ကွမ်း၏ကြံရာပါတစ်ဦး ဖြစ်ရပေမည်။

ယီကျူးအကြောင်း ဖော်ထုတ်နိုင်လျှင် ယန်ကွမ်း၏အကြံအစည်ကို သိရမည်ဖြစ်ပေသည်။

မုဝမ်းက စာလာပို့သူကိုကြည့်ကာ...

"ယီကျူးဆိုတာ ဘယ်သူလဲ"

ဟုမေးလိုက်လေသည်။

ထိုလူက...

"ငူးနယ်စားဂေဟာက အိမ်ထိန်းကြီးပါ"

"ကောင်းကွာ"

မုဝမ်း အော်လိုက်မိလေသည်။

ယန်ကွမ်းမှာ အရေးပါအရာရောက်သူများကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည် မဟုတ်ပါလား။

မုဝမ်းက...

"ယီကျူး အခုဘယ်မှာလဲ"

"သူ့ရဲ့ သီးသန့်အိမ်မှာပါ"

မုဝမ်း ကျေနပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မည်ပုံ သွားရမည်ကို စုံစမ်းပြီးနောက်…

"မင်းက အခုလိုပြောပြတဲ့အတွက် နိုပ်စက်ညှဉ်းပန်းမှုမခံရတော့ဘူးပေါ့၊ မင်းကို ဓားတစ်ချက်နဲ့ပဲ စီရင်ပေးပါ့မယ်"

သူ၏စကားကြောင့် ထိုလူ ထိတ်လန့်သွား၏။

"မလုပ်ပါနဲ့ဗျာ"

ထိုလူက ကြောက်ကြောက်ရွံ့ရွံ့ တောင်းပန်လိုက်၏။

မုဝမ်း၏မျက်နှာပေါ်ဝယ် ရက်စက်ကြမ်းကြုတ်သော အရိပ်အယောင်များ ပေါ်ထွက်လာသည်။

သူက လက်ကို တစ်ချက်လှုပ်ခါလိုက်၏။

ဝင်းလက်သော ဓားရောင်ထွက်ပေါ်လာပြီးနောက်…

"အား"

ထိုလူ စူးရှစွာအော်ဟစ်ယင်း ခွေခနဲ လဲကျသွားလေတော့သည်။

* * *



ရှားယုံ၊ ကျောက်ထိဖန်းနှင့်သုကျင်းတို့က မုဝမ်းအား စိုက်ကြည့်နေကြသည်။

သူတို့လေးယောက်တွင် မုဝမ်းသည် ပါးနပ်ပြီး ဉာဏ်ကောင်းကာ ကြံရည်ဖန်ရည်အရှိဆုံး ဖြစ်သည်။

မုဝမ်းက အလုပ်တစ်ခု ပူးတွဲလုပ်ရန် ကမ်းလှမ်းလာသောကြောင့် ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

သူတို့သဘောနှင့်ဆိုလျှင် ယန်ကွမ်းနှင့် မပတ်သက်ဘဲ ဝေးဝေးမှ ရှောင်သွားမည်သာဖြစ်သည်။

မုဝမ်းသည် ယန်ကွမ်း၏ခြေလှမ်းများအား ကြိုသိပြီး တုန့်ပြန်နိုင်မည်ဟု ယုံကြည်၍ မကန့်ကွက်ခဲ့ခြင်းဖြစ်သည်။

မုဝမ်းက ရှားယုံတို့ဘက်လှည့်ကာ…

"ယန်ကွမ်းကို ခင်ဗျားတို့ ဘယ်လိုမြင်သလဲ"

အားလုံး ကြောင်အမ်းအမ်းဖြစ်သွားပြီး အတော်ကလေးကြာမှ ရှားယုံက…

"သူဟာ သိုင်းပညာတော်ပြီး ရက်စက်ကြမ်းကြုတ်တယ်"

ကျောက်ထိဖန်းက…

"သူဟာ သစ္စာမရှိဘူး၊ ကတိမတည်ဘူး"

သုကျင်းကလည်း အားကျမခံပြောလာ၏။

"သူဟာ ဉာဏ်များပြီး ကောက်ကျစ်တယ်၊ ကိုယ်ကျိုးပဲကြည့်တယ်"

မုဝမ်း ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ပြောတာ မှန်ပါတယ်၊ အခုဆိုယင် ကျုပ်တို့ကို သူက တစ်ပတ်ရိုက်ဖို့ စဉ်းစားပေမယ့် ကျုပ်တို့က ဦးအောင် တစ်ပတ်ရိုက်ဖို့ အခွင့်အရေးပေါ်လာပြီဗျ"

အားလုံး စိတ်ဝင်စားသွားကြ၏။

မုဝမ်းက ဆက်ပြောလိုက်သည်။

"ရတနာသေတ္တာ ဆယ်လုံးတိတိရမယ်ဆိုယင် ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ"

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဒါဆိုယင်တော့ မိုးကိုဒူးနဲ့တိုက်ရမယ်ဆိုယင် ကျုပ်ကတိုက်မှာပဲဗျ"

ကျောက်ထိဖန်းက ပြတ်သားစွာ ပြောလေသည်။

မုဝမ်းက...

"ရတနာအပြည့်ထည့်ထားတဲ့ သံသေတ္တာဆယ်လုံးဟာ ဆုလာဘ်ပဲ၊ ကျုပ်တို့ကို အသုံးချပြီး အပိုင်စီးဖို့ ယန်ကွမ်းက စီစဉ်ထားတယ်၊ အခု သူ့အကြံကို ကျုပ်တို့သိပြီ၊ သူ မထင်မှတ်တဲ့လှုပ်ရှားမှုမျိုးနဲ့ ကျုပ်တို့ကရအောင် ယူကြမယ်၊ ဒီကနေ ဝေးရာကိုပြေးပြီးမှ ဝေစုခွဲကြတာပေါ့"

သူ၏စကားအတိုင်း အောင်မြင်မှုရမည်ဆိုပါလျှင် မက်မောလောက်သော ရတနာများ ရမည်ဖြစ်ပေသည်။

အားလုံး မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွား၏။



ရှားယုံက...

"လုပ်မယ်ဆိုယင်လည်း မြန်မြန်လုပ်ကြရအောင်"

ဟုလောဆော်လိုက်လေသည်။

မုဝမ်းက...

"ခင်ဗျားတို့ သဘောတူတယ်ဆိုယင် သွားကြတာပေါ့၊ ဝေးမဆုံး ကျုပ်တို့က ယိကျူးဆီ သွားကြမယ်"

ဟုပြောလိုက်၏။

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

မုဝမ်းသည် ယန်ကွမ်းအား ပြန်လည်၍ တစ်ပတ်ရိုက်နိုင်ရန် ခြေတစ်လှမ်း စတင်လှမ်းလိုက်ပြီဖြစ်သည်။

သူတို့ အောင်မြင်ပါမည်လော။

www.burmeseclassic.com

www.burmeseclassic.com



"ဟား..ဟား..ဟား"

ယီကျူး သဘောကျစွာ ရယ်မောလိုက်သည်။

ငွေသည် အရာရာကို အောင်မြင်တတ်၏။

ရွှေငွေရတနာဆိုလျှင်ကား...

ယခု...

ရတနာများ အပြည့်ထည့်ထားသည့် သေတ္တာဆယ်လုံးသည် သူ၏သီးသန့်အိမ်ထဲသို့ ရောက်နေပြီဖြစ်လေသည်။

ပူးနယ်စားဂေဟာ၏ လျှို့ဝှက်အခန်းဝယ် ကျန်ရစ်ခဲ့သော သေတ္တာများအတွင်း၌မူ ကျောက်တုံးကျောက်ခဲများသာလျှင် ရှိနေပေလိမ့်မည်။

ယီကျူး၏စိတ်ထဲဝယ် ရတနာအားလုံး အပိုင်စီးလိုစိတ်များ ဖြစ်ပေါ်လာသည်။

သို့သော်...

သူက အခွင့်မသာသေးမှန်း နားလည်ထား၏။

သူ့အား စောင့်ကြည့်ရန် ယန်ကွမ်းက လျှို့ဝှက်သိုင်းသမား နှစ်ယောက်ထားရစ်ခဲ့ပေသည်။

ယန်ကွမ်းက ရွှေဓားအဖွဲ့နှင့်အတူ ခရီးထွက်သွားသည်မှာ ဟန်ပြသက်သက်သာ ဖြစ်သည်။

မကြာမီ...

သူ့ထံသို့ တိတ်တဆိတ် ပြန်ရောက်လာမည် မဟုတ်ပါလား။



သူက စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ၊ အရက်အိုးများ ပြင်ဆင်ထား၏။

ယန်ကွမ်းရောက်လာလျှင် အောင်မြင်မှု အထိမ်းအမှတ်အဖြစ် ကျွေးမွေးဧည့်ခံပေမည်။

ယန်ကွမ်းက ပျော်ရွှင်စိတ်ဖြင့် သဝ်လက်လွတ် စားသောက်မိသောအခါဝယ်...

ယီကျူး၏မျက်လုံးထဲ ရတနာများအား မြင်ယောင်လာ၏။

အစားအသောက်နှင့် အရက်အိုးထဲ၌ အဆိပ်ခတ်ထားပြီးဖြစ်သည်။

အဆိပ်ဖြေဆေးကို သူက ကြိုတင်သောက်ထားပြီးဖြစ်ပေသည်။

ယန်ကွမ်း သေဆုံးသွားလျှင် ရတနာများအား သူတစ်ယောက်တည်း အပိုင်စီးနိုင်မည် မဟုတ်ပါလား။

သူက အတွေးနှင့် ကျေနပ်နေစဉ်ဝယ်...

"ဒေါက်..ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ယီကျူး၏မျက်နှာ ပြုံးရွှင်သွားသည်။

"ယန်ကွမ်း ပြန်လာပြီထင်တယ်"

တီးတိုးရေရွတ်လိုက်၏။

တဆက်တည်းပင်...

တံခါးဝဆီလှမ်းသွားပြီး တံခါးဖွင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်သွားသည့် ခဏမှာပင်…

"ဟာ"

ယီကျူး အထိတ်တလန့် ဖြစ်သွားသည်။

မျက်စိမျက်နှာပျက်ဖြင့် နောက်ဆုတ်သွားမိသည်။

အကြောင်းမှာ…

အခန်းဝ၌ လူနှစ်ယောက် လဲကျသေဆုံးနေ၏။

ယန်ကွမ်းထားခဲ့သော လျှို့ဝှက်သိုင်းသမားနှစ်ယောက်ပင် ဖြစ်သည်။

သူက ကြောင်၍ကြည့်နေစဉ်မှာပင် အခန်းတွင်းသို့ လူလေးယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေတော့သည်။

* * *



## ကတုံးပေါ်ထိပ်ကွက်ခြင်း

အိမ်ထဲသို့ လူလေးယောက် ဝင်လာသည်။

ထိုလူလေးယောက်သည် အိမ်ထဲရောက်သည်နှင့် တံခါးပြန်ပိတ်ထားလိုက်ကြ၏။

တဆက်တည်းပင်…

ယီကျူးအား ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်သည်။

ယီကျူးက အထိတ်တလန့်ဖြင့်…

"မင်း…မင်းတို့ ဘယ်သူတွေလဲ"

ဟု ထစ်ထစ်ငေါ့ငေါ့ မေးလိုက်သည်။

ဝင်လာသူလေးယောက်မှာ ခက်ထန်ကြမ်းတမ်းသည့် ရုပ်သွင်ပိုင်ရှင်များ ဖြစ်နေကြသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများသည် အလည်အပတ် ရောက်လာခြင်းမဟုတ်သည်က ထင်ရှားပေသည်။

မှန်ပေသည်။

ထိုလူလေးယောက်မှာ မုဝမ်း၊ ရှားယုံ၊ သုကျင်းနှင့်ကျောက်ထိဖန်းတို့ ဖြစ်ကြပေသည်။

မုဝမ်းက ယီကျူးကိုကြည့်ကာ...

"ခင်ဗျားက ယီကျူး ဟုတ်လား"

ဟုမေးလိုက်လေသည်။

ယီကျူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်..ဟုတ်တယ်"

မုဝမ်းက...

"ကောင်းပြီ ယန်ကွမ်းက ကျုပ်တို့လူစုကို နယ်စားဂေဟာကို လွယ်လွယ်ကူကူဝင်လို့ရအောင် လမ်းရှင်းပေးထားမယ့် လူဟာ ခင်ဗျားပဲလို့ ပြောထားတယ်"

ယီကျူး ထိတ်ခနဲ ဖြစ်သွား၏။

ယန်ကွမ်း၏ အသုံးချမှု ခံရမည့်သူများသည် နယ်စားဂေဟာသို့ မသွားကြဘဲ သူ့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်မှာ မှားယွင်းမှုတစ်ခုခု ရှိနေခြင်းကြောင့်ဖြစ်မည်ဟု တွက်ဆလိုက်မိသည်။

ထိုမှားယွင်းမှုသည် ကောင်းသောမှားယွင်းမှု မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါချေ။



ယီကျူးက...

"မင်းတို့က ညသန်းခေါင်အချိန်မှာ ဂူးနယ်စားဂေဟာကို ရောက်လာကြလိမ့်မယ်လို့ သူက ပြောထားတယ်"

မုဝမ်း ပြုံးကာ...

"ကျုပ်တို့ ဂူးနယ်စားဂေဟာကို မသွားကြတော့ဘူးဗျ"

ဟု ပြောလိုက်၏။

"ဟေ"

ယီကျူး မျက်နှာပျက်သွားသည်။

မုဝမ်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်၏။

"ကျုပ်တို့ကို ထောင်ချောက်ဆင်ထားတာ သိလျှက်နဲ့သွားရမှာလား"

ယီကျူး ယောင်ယမ်း၍ နောက်ဆုတ်လိုက်၏။

ထိုစဉ်...

မုဝမ်းက လျှပ်တပြက် ချဉ်းကပ်လာပြီး ဝမ်းဗိုက်ကို လက်သီးဖြင့် ထိုးသွင်းလိုက်လေသည်။

"အွန့်"

ယီကျူး မသဲမကွဲ ညည်းညူကာ ခါးကိုင်းကျသွား၏။

မုဝမ်းက ရှေ့သို့ငိုက်ကျလာသည့် ယီကျူး၏မျက်နှာကို ဒူးဖြင့် ပင့်တိုက်ချလိုက်ပြန်သည်။

"ခွပ်"

"အား"

www.burmeseclassic.com

www.burmeseclassic.com



ယီကျူး၏စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာ၏။

ကြမ်းပြင်ပေါ်သို့လည်း အရုပ်ကြိုးပြတ် လဲကျသွားလေ၏။

ရှားယုံတို့က အရသာခံကာ ကြည့်နေကြသည်။

မုဝမ်းက ကြမ်းပြင်ပေါ်လဲကျသွားသည့် ယီကျူးအား ခပ်ကြမ်းကြမ်းဆွဲထူလိုက်သည်။

ယီကျူး၏မျက်နှာတွင် သွေးချင်းချင်းနီရဲနေသည်။

မုဝမ်းက...

"ရတနာတွေ ဘယ်မှာလဲ"

ဟုမေးလိုက်သည်။

ယီကျူး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

မုဝမ်းကို မျက်လုံးပြူးကာ ကြည့်လိုက်မိသည်။

မုဝမ်းသည် ရတနာများအကြောင်း သိနေသည် မဟုတ်ပါလား။

"ကျုပ်...ကျုပ်"

"ဖြောင်း"

"အား"

ယီကျူး၏စကားမဆုံးမီ မုဝမ်း၏လက်ဝါးရိုက်ချက် ကျရောက်လာလေသည်။

ယီကျူး၏မျက်လုံးများ မီးပွင့်သွားပြီး ဦးခေါင်းချာချာလည်သွားသည်။

လက်ကားယား ခြေကားယားဖြင့်...



"ကျုပ်...ကျုပ်ကို ချမ်းသာပေးပါဗျာ"

ဟု တွင်တွင် တောင်းပန်နေလေတော့သည်။ မုဝမ်းက...

"ရတနာတွေ ဘယ်မှာလဲ"

ဟုထပ်မေးလိုက်သည်။

ယခုတစ်ကြိမ် အဖြေမပေးလျှင် မုဝမ်းက ညှာမည်မဟုတ်သည်ကို ယီကျူး နားလည်မိလေသည်။

မုဝမ်းတို့သည် ထင်ရာစိုင်း၍ ရက်စက်ရန် ဝန်မလေးသူများဖြစ်ကြောင်း သဘောပေါက်သွား၏။

သူက ခေါင်းမဖော်ဝံ့တော့ချေ။

"ကျုပ်...ကျုပ်ပြောပါ့မယ်"

မုဝမ်းက...

"ပြောပါ"

ယီကျူး ခေါင်းငိုက်စိုက်ချယင်း...

"ခုတင်အောက်မှာပါ"

ဟု ဖြေကြားလိုက်၏။

မုဝမ်းက ရှားယုံတို့ဘက်လှည့်ကာ ခေါင်းညိတ်ပြ၏။

အခြေအနေစောင့်ကြည့်နေကြသည့် သုကျင်းနှင့်ရှားယုံတို့က ချက်ချင်းပင် အတွင်းဘက်အခန်းသို့ ပြေးဝင်သွားကြ၏။

မရှေးမနှောင်းမှာပင်...

"သေတ္တာဆယ်လုံးတွေ့တယ်၊ အားလုံး ရတနာအပြည့်ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



သုကျွင်း၏စကားသံ ထွက်ပေါ်လာသည်။

မဝမ်းနှင့်ကျောက်ထိဖန်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ သဘောကျစွာ ပြုံးလိုက်ကြလေသည်။

မဝမ်းက...

"ယန်ကွမ်း..ခင်ဗျား ဘာတတ်နိုင်သေးလဲ"

စိတ်ထဲမှ ကြိတ်ပြီးကြုံးဝါးလိုက်၏။

မှန်ပေသည်။

ယန်ကွမ်း မည်သို့မျှ တတ်နိုင်တော့မည် မဟုတ်ပါချေ။

မဝမ်းက ယီကျူးအက်သို့ လှည့်ကာ...

"ယန်ကွမ်းဟာ သူ့ရဲ့ကိစ္စပြီးပြတ်တာနဲ့ ခင်ဗျားကို ရှင်းပစ်လိမ့်မယ်ဆိုတာ သိသလား"

ဟုမေးလိုက်၏။

ယီကျူး ခေါင်းညိတ်လိုက်သည်။

"ကျုပ်သိတယ်၊ ဟာကယ်တော့ ယန်ကွမ်းဟာ မြေခွေးတစ်ကောင်လိုပဲ"

ဟုပြောလိုက်လေသည်။

မဝမ်းက အေးတိအေးစက်ဖြင့်...

"မထူးပါဘူးဗျာ၊ ယန်ကွမ်းက ခင်ဗျားကိုပေးမယ့်ဆုနဲ့ ကျုပ် ပေးမယ့်ဆု အတူတူပါပဲ၊ ဒါပေမယ့် ကျုပ်က ခင်ဗျား ဝေဒနာ မခံစားရအောင် ကူညီလိုက်ပါ့မယ်"

စကားဆုံးလျှင် လက်ဝါးစောင်းဖြင့် ယီကျူး၏လည်ကုပ်ကို



ဆတ်ခနဲ ခုတ်ချလိုက်လေသည်။

"ဖျောက်"

"အွန့်"

အရိုးကျိုးသံ သွဲ့သွဲ့ထွက်ပေါ်လာသည်။

ယီကျူး ကြမ်းပြင်ပေါ် လဲကျသွား၏။

မှန်ပေသည်။

သူသည် ဝေဒနာ ကြာကြာမခံစားလိုက်ရဘဲ ချက်ချင်းပင် ငြိမ်ကျသွားလေသည်။

မဝမ်းက ယီကျူးအား နှုတ်ပိတ်လိုက်ပြီဖြစ်သည်။

ကျောက်ထိဖန်း၏မျက်နှာ ပြုံးရွှင်နေ၏။

သူတို့သည် ပင်ပင်ပန်းပန်း ကြိုးစားစရာမလိုဘဲ ရတနာများအား အလွယ်တကူ ရရှိခဲ့ပြီ မဟုတ်ပါလား။

မဝမ်းက ကျောက်ထိဖန်းဘက်လှည့်ကာ...

"မြင်းလှည်းတစ်စီးလိုချင်တယ်၊ ဘယ်နေရာကဖြစ်ဖြစ် ရဖို့ အရေးကြီးတယ်"

ဟုပြောလိုက်သည်။

ကျောက်ထိဖန်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ကျုပ် အခုချက်ချင်း ပြန်လာမယ်"

စကားဆုံးလျှင် တံခါးဖွင့်ကာ အပြင်ဘက်ပြေးထွက်သွားလေသည်။

မဝမ်းက တံခါးပြန်ပိတ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်…

ခုတင်အောက်မှ အဝတ်ဖြင့် ဖုံးထားသည့် သံသေတ္တာများ သယ်ထုတ်နေသော သုကျင်းနှင့်ရှားယုံတို့အား ကူညီလိုက်လေသည်။

ရတနာ အပြည့်ထည့်ထားသော သေတ္တာဆယ်လုံးမှာ တခဏအတွင်း အပြင်ဘက် ရောက်လာ၏။

ယန်ကွမ်းက အကြိဥာဏ်ထုတ်၍ ခက်ခက်ခဲခဲ ကြိုးပမ်းပြီးမှ ရယူခဲ့သည့် ပစ္စည်းများကို သူတို့အလွယ်တကူရလိုက်ချေပြီ။

ခေါင်းတုံးပေါ် ထိပ်ကွက်နိုင်ခဲ့ပြီ ဖြစ်သည်။

မုဝမ်းသည် ရတနာထည့်ထားသည့် သေတ္တာများကို ကြည့်ကာသဘောကျစွာ ရယ်မောလိုက်၏။

“ဟား…ဟား…ဟား”

သူ၏ရယ်မောသံနှင့် မဝေးမနှောင်းမှာပင် မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မြင်းလှည်းတစ်စီး အိမ်ရှေ့သို့ ရောက်လာချေပြီ။

ကျောက်ထိဖန်း ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း အားလုံးရိပ်မိလိုက်ကြ၏။

လွတ်မြောက်ပြီးနောက် သူတို့၏ဘဝသည်…

သူတို့အားလုံး ပျော်ရွှင်နေကြလေတော့သည်။

* * *



“ခွပ်ခွပ်…ခွပ်ခွပ်”

မြင်းခွာသံများ ထွက်ပေါ်လာသည်။

မြင်းတစ်ကောင်သည် လူရှင်းနေသည့် လမ်းကြားကလေးအတိုင်း ဒုန်းစိုင်းပြေးလာနေ၏။

မြင်းပေါ်မှလူသည် အိမ်ကလေးတစ်လုံးရှေ့သို့ရောက်လျှင် မြင်းဇက်ကြိုးကို တင်းတင်းဆွဲလိုက်ပြီး လွှားခနဲ ခုန်ဆင်းလိုက်သည်။

အိမ်ကလေးမှ မီးရောင်များ ထွက်ပေါ်နေသည်။

အိမ်တံခါး ဟာလာဟင်းလင်း ဖွင့်ထားလေသည်။

မြင်းပေါ်မှ ဆင်းလာသူကား ယန်ကွမ်းဖြစ်လေသည်။

ယန်ကွမ်း ရင်ထိတ်သွားသည်။

“ယီကျူး…ယီကျူး”

ခေါ်ယင်း အိမ်ထဲ ပြေးဝင်လိုက်လေသည်။

အိမ်တံခါးကို ဖြတ်ကျော်မိသည်နှင့် သူ၏ခြေလှမ်းများ တုန့်ခနဲ ရပ်သွားလေသည်။

ကြမ်းပြင်ပေါ်ဝယ် လဲကျသေဆုံးနေသည့် ယီကျူးနှင့် သူထားခဲ့သော တပည့်နှစ်ယောက်အလောင်းများကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

ယန်ကွမ်း မျက်နှာပျက်သွားသည်။

ရတနာသေတ္တာများအား လက်လွှတ်ဆုံးရှုံးခံလိုက်ရပြီဖြစ်ကြောင်းလည်း ချက်ချင်း ရိပ်မိလိုက်လေသည်။

“တောက်”

www.burmeseclassic.com

www.burmeseclassic.com



ယန်ကွမ်း တက်ခေါက်လိုက်၏။

"ဘယ်သူ့လက်ချက်လဲ"

ဟုလည်း ရေရွတ်လိုက်သည်။

ရတနာသေတ္တာများအကြောင်း သိသူများများစားစား ရှိသည်မဟုတ်ပါ။

ထို့ကြောင့်...

တခဏအတွင်းမှာပင် မုဝမ်း၏မျက်နှာကို မြင်ယောင်လာသည်။

မုဝမ်းအား အထင်သေးမိခဲ့သည်မှာ မှားယွင်းနေပြီဖြစ်ကြောင်း နားလည်လာသည်။

မုဝမ်းသည် သူ၏အကြံကို ရိပ်မိသွားကာ ကတုံးပေါ်ထိပ်ကွက်သွားချေပြီ။

ယိကျူးတို့ သေဆုံးသွားသည်မှာ မုဝမ်း၏လက်ချက်ဖြစ်ကြောင်း သေချာသည်။

မုဝမ်းသည် ယခုလောလောဆယ် သူနှင့်ဝေးရာ ပြေးနေပြီဖြစ်သည်။

မုဝမ်းနောက် လိုက်ရန် ဝန်မလေးပါ။

မုဝမ်းသည် ရတနာများအား အသုံးမပြုမီ သူ၏လက်တွင်းသို့ပြန်လည် သက်ဆင်းရမည်သာဖြစ်သည်။

သူ တွေးတော စဉ်းစားနေသည်မှာ ဂူးနယ်စားဂေဟာမှ ရတနာများ ပျောက်ဆုံးသွားသည့်အတွက် မည်သူ့အပေါ် အပြစ်ပုံ



ချရမည်ဆိုသည်ကိုပင် ဖြစ်လေသည်။

အတန်ကြာ တွေးတောစဉ်းစားပြီးမှ အဖြေတစ်ခုရလိုက်၏။

ရွှေဓားအဖွဲ့မှ လူများသည် ဂူးနယ်စား၏အမိန့်ထက် သူ၏အမိန့်ကို ပို၍အရေးထားကြသည်။

သူ၏ရွှေဓားအဖွဲ့တွင် လူနှစ်ရာကျော်ရှိလေသည်။

ယန်ကွမ်းက ရွှေဓားအဖွဲ့ကို အသုံးချရန် ဆုံးဖြတ်လိုက်၏။

ချက်ချင်းပင် အိမ်ထဲမှ ပြန်လည်ပြေးထွက်သွား၏။

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်နေ၏။

ယန်ကွမ်းသည် မြင်းကို ဒုန်းစိုင်းနှင်ကာ အမှောင်ထုအတွင်းသို့တိုးဝင်ပျောက်ကွယ်သွားသည်။

ထိုနေ့ အာရုဏ်မတက်မီ...

တာလိနယ်စား၏ အသေခံအဖွဲ့တစ်ဖွဲ့သည် ဂူးနယ်စားဂေဟာအား တိုက်ခိုက်ဖျက်ဆီးကာ ရတနာများလုယက်သွား၏။

အနီးပတ်ဝန်းကျင်ရှိ အိမ်များကိုလည်း မီးရှို့ဖျက်ဆီးသွားကြသည်ဟူသော သတင်းများ ထွက်ပေါ်လာတော့သည်။

ယန်ကွမ်းသည် ရတနာပျောက်ဆုံးမှုအား ဖြေရှင်းပြီးနောက် မုဝမ်းတို့လူစုနောက်သို့ သဲကြီးမဲကြီး လိုက်တော့မည်မှာ သေချာလှပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တာလိသို့သွားရာ လမ်းဝယ် မြင်းတစ်ကောင် ဒုန်းစိုင်းနှင်နေသည်။

မြင်းပေါ်ဝယ် အသက်သုံးဆယ်ကျော်ခန့်ရှိ လူရွယ်တစ်ယောက်လိုက်ပါလာ၏။

ထိုလူကား ခေါင်းနှစ်လုံးမြေခွေး လုံကြုံးစိမ်းပင်ဖြစ်သည်။

သူက မြေပြန့်တွင် နေမည်ဆိုလျှင် ဆုငွေလိုချင်နေသူများ၏ တကောက်ကောက် လိုက်နေခြင်းကို ခံရမည်ဖြစ်၏။

တာလိနယ်၌ အခြေအနေလွန်စွာမှပင် ရှုပ်ထွေးနေသည်။

ထို့ကြောင့်...

တာလိသို့ရောက်သွားလျှင် မည်သူမျှ သူ့ကိုဂရုစိုက်နိုင်အားတော့မည်မဟုတ်ဟု ထင်မြင်မိသည်။

တကယ်တမ်း တာလိသို့လာရာ လမ်းတလျှောက်၌ အခြေအနေဆိုးဝါးလှသည်ကို တွေ့ကြုံရသည်။

နေရာတိုင်းတွင် ထွက်ပြေးလာသည့် ဒုက္ခသည်များနှင့် ဆုံနေရသည်။

ရွာပျက်များ၊ တော်မွတ်ခေါင်းပါးမှုဒဏ် ခံရသူများ၊ လူဆိုးဓားပြများဖြင့် စိတ်ပျက်ဖွယ်ကောင်းလောက်အောင် ရှုပ်ထွေးနေပေတော့သည်။ သို့သော် သူက နောက်ပြန်လှည့်ရန် မဖြစ်နိုင်တော့ချေ။

ထို့ကြောင့် ရှေ့သို့သာ ဆက်လက်ခရီးနှင်နေလေတော့သည်။

* * *



တာလိနယ်စားကြောင့် နေရာအနှံ့ တိုက်ပွဲများနှင့် ဂယက်ရိုက်နေချိန်ဝယ် နာမကျန်းဖြစ်နေသော ဘုရင်မင်းမြတ်မှာ ပြန်လည်သက်သာလာပြီး ထူထူထောင်ထောင်ဖြစ်လာ၏။

ဘုရင်မင်းမြတ်သည် သွေးကွဲနေသော မင်းညီမင်းသားများကို သင့်မြတ်အောင် စီစဉ်သည်။

ရဲမက်စစ်သည်များ စုရုံးကာ တပ်ဖွဲ့များ ပြန်လည်ပြုပြင်ဖွဲ့စည်းသည်။

တိုင်းပြည်အတွင်း ဖရိုဖရဲဖြစ်နေမှုကို ထိန်းသိမ်းရန် ပုန်ကန်ထကြွနေသူများကို နှိမ်နင်းရန် စီစဉ်သည်။

မကြာမီ နန်းတွင်းတပ်များသည် စုစုစည်းစည်းဖြင့် တာလိတပ်ဖွဲ့များအား ပြန်လည်နှိမ်နင်းခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်း ခေါင်းငိုက်စိုက်ချကာ လျှောက်နေ၏။

ခေါင်းနှစ်လုံးမြွေဆိုး လုံကြိုးစိမ်းအား အလွယ်တကူရှာတွေ့မည်ဟု ယုံကြည်ထားခဲ့သည်မှာ မှားယွင်းနေပြီဖြစ်ကြောင်း ပထမဆုံးအကြိမ် တွေးတောစဉ်းစားမိချိန်ဝယ် စိတ်ပျက်လက်ပျက်ဖြစ်သွားခဲ့သည်။

ဒုတိယစိတ်ပျက်စေသည့်အချက်မှာ ငူးနယ်စားဂေဟာ တိုက်ခိုက်ဖျက်ဆီးခံရပြီး ရတနာများ လုယက်ခံလိုက်ရခြင်းနှင့် ယုဖုံးသေဆုံးသွားသည့်သတင်းပင် ဖြစ်သည်။

ငူးနယ်စား နန်းတွင်းသို့ ရောက်နေချိန်၌ ဖြစ်ပွားခဲ့ခြင်းပင်ဖြစ်သည်။

ငူးနယ်စားဂေဟာအား တာလီတပ်ဖွဲ့မှ မည်သည့်နည်းနှင့်မျှ ဝင်ရောက်တိုက်ခိုက်ခြင်းမပြုနိုင်ဟု ယူဆထား၏။

ယန်ကွမ်းသည် ရတနာများအား အပိုင်စီးလိုခြင်းကြောင့် တမင်အကွက်ဆင်ခြင်းဖြစ်သည်မှာ ယုံကြည်လေသည်။

ယုဖုံးသည် ယန်ကွမ်း၏လက်ချက်မိသွားရချေပြီ။

ယုဖုံးသေဆုံးသွားရခြင်းကြောင့် လုံကြိုးစိမ်းအား ဖမ်းဆီးရမည့်ကိစ္စမှာ မရေမရာဖြစ်ရချေပြီ။

ငွေဆယ်သိန်းရမည်ဟူသော မျှော်လင့်ချက်သည် လွင့်ပါးကွယ်ပျောက်သွားပြီဖြစ်သည်။

ယန်ကွမ်းသည် သူ၏အကျိုးအတွက် ယုဖုံးအား စတေးလိုက်ပြန်ပြီဖြစ်သည်။



ယန်ကွမ်းသည် သူ့အား လုပ်ကြံရန်လည်း ကြိုးစားခဲ့သည်။

ထို့ကြောင့်...

ယန်ကွမ်းနှင့် ထိပ်တိုက်ရင်ဆိုင်ရလိမ့်မည်။

သူက တွေးတောစဉ်းစားယင်း ယုဖုံး၏ တည်ကြည်သောမျက်နှာကို ပြန်လည်မြင်ယောင်လာသည်။

တဆက်တည်းပင်...

တစ်စုံတစ်ရာအား သတိရကာ မျက်လုံးအစုံ ဝင်းလက်သွားသည်။

ယုဖုံးသည် လုံကြိုးစိမ်းအား ဖမ်းဆီးရန် လွန်စွာမှပင် စိတ်အားထက်သန်လာခဲ့လေသည်။

လုံကြိုးစိမ်းအား ဖမ်းမိလျှင် သူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ငွေကို ကြိုတင်အပ်နှံခဲ့သည်ကို သတိရလာ၍ဖြစ်သည်။

ယုဖုံးသည် မည်သို့သောအကြောင်းကိစ္စပေါ်ပေါက်လာသည်ဖြစ်စေ လုံကြိုးစိမ်းအား ဖမ်းဆီးဖို့အရေး ပျက်စီးမသွားရလေအောင် ကြိုတင်စီစဉ်ခဲ့ခြင်းဖြစ်၏။

သူကိုယ်တိုင်ကလည်း ကတိပေးထားပြီးပြီ ဖြစ်လေသည်။

"မထူးတော့ပါဘူး၊ လုံကြိုးစိမ်းကို အရင်ဆုံးဖြေရှင်းရမှာပဲ၊ နောက်မှ ယန်ကွမ်းနဲ့ရင်ဆိုင်ရမယ်"

သူက ဆုံးဖြတ်ချက် ချလိုက်သည်။

တခဏအတွင်းမှာပင် တက်တက်ကြွကြွ ဖြစ်လာ၏။

သူက နောက်နှစ်ရက်ခန့် စုံစမ်းပြီးနောက်တွင် လုံကြိုးစိမ်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်၍ ခြေရာခံမိခဲ့သည်။

လုံကြိုးစိမ်းသည် တာလီဘက်သို့ ဦးတည်သွားနေသော သတင်းရခဲ့သည်။

သူက မြင်းတစ်ကောင်ဝယ်ကာ တာလီဘက်သို့ ခရီးနှင်ခဲ့လေတော့သည်။

သူက လုံကြိုးစိမ်းအား ဖမ်းဆီးရန် အခိုင်အမာ ဆုံးဖြတ်ထားသည် မဟုတ်ပါလား။

* * *



## လိုက်တမ်းပြေးတမ်း

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းသုံးကောင်သည် မြင်းလှည်းတစ်စီးကို ခြံရံကာ ဒုန်းစိုင်းမောင်းနှင်လာသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

ထိုလူစုသည် တောအုပ်တစ်ခုကို ဖြတ်ကျော်ကာ လွင်ပြင်သို့ရောက်ရှိလာ၏။

လွင်ပြင်၏တစ်ဘက်တွင် စိမ်းလန်းစိုပြည်နေသည့် တောအုပ်တစ်ခု ရှိနေပြန်ပါ၏။

ပတ်ဝန်းကျင်ဝယ် လူနေအိမ်ခြေဟူ၍ မတွေ့ရချေ။

ထိုလူစုသည်ကား မုဝမ်း ဦးဆောင်သော လူစုဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်း၊ ကျောက်ထိဖန်း၊ ရှားယုံနှင့်သုကျင်းတို့သည် မြင်းကိုယ်စီစီးနင်းကာ မြင်းလှည်းရှေ့ဝါးတစ်ရိုက်ခန့်အကွာမှ ရှေ့ပြေးနှင်သွားကြ၏။

ရှားယုံက အလုံပိတ်မြင်းလှည်းကို မောင်းနှင်ကာ လိုက်လာလေသည်။

မုဝမ်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး...

"ဒီနေရာက လူပြတ်တယ်၊ အန္တရာယ်ရှိနိုင်တယ်၊ လွင်ပြင်ကိုမြန်မြန်ဖြတ်ကြမယ်"

အော်ပြောပြီး မြင်းကို ဒုန်းစိုင်းနှင်လိုက်၏။

ကျန်လူများက သူနောက်သို့ ထပ်ကြပ်မကွာ လိုက်သွားကြလေသည်။

လွင်ပြင်ဝယ် ဖုန်တထောင်းထောင်းထသွား၏။

မကြာပါချေ။

မုဝမ်းတို့လူစုသည် လွင်ပြင်ကို ဖြတ်ကာ တစ်ဘက်ရှိတောအုပ်အတွင်းသို့ ရောက်ရှိသွားကြ၏။

သူတို့သည် ငါးရက်တိုင်တိုင် မရပ်မနား ခရီးပြင်းနှင်လာခဲ့ကြခြင်းဖြစ်၏။

သူတို့၏ အဝတ်အစားများ ဖုန်အလိမ်းလိမ်း ချေးအလိမ်းလိမ်းကပ်ငြိပေကျံနေပြီး နံစော်နေပြီဖြစ်လေသည်။

သို့သော်...

သူတို့ ကိုယ်လက်စန့်စင်ရန် ရပ်နားဖို့ အချိန်မရှိခဲ့ချေ။



လွတ်အောင်ပြေးလျှင်ပြေး၊ မပြေးနိုင်လျှင် ယန်ကွမ်း၏ရွှေဓားအဖွဲ့က သူတို့အား စိစိညက်ညက်ချေမှုန်းပစ်လိုက်လိမ့်မည် ဖြစ်လေသည်။

တောအုပ်အတွင်းသို့ရောက်လျှင် မုဝမ်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး...

"တို့ ခဏနားကြမယ်"

ဟု ပြောလိုက်လေသည်။

သူ၏စကားကြားလျှင် အားလုံး ဝမ်းသာသွားကြ၏။

သူတို့သည် တောအုပ်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် စမ်းချောင်းကလေးတစ်ခုအနီးတွင် ရပ်တန့်လိုက်ကြလေတော့သည်။

မုဝမ်းက မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

ထို့နောက်...

စမ်းချောင်းကလေးဆီကို ဆင်းသွားကာ စမ်းရေသောက်ပြီး ကိုယ်လက်သန့်စင်လိုက်လေသည်။

ရှားယုံ၊ ကျောက်ထိဖန်းနှင့် သုကျင်းတို့လည်း ဝမ်းသာအားရဖြင့် ကိုယ်လက်သန့်စင်ကြလေသည်။

ပြီးလျှင် မြင်းလှည်းအနီး၌ လူစုမိကြ၏။

ယခုလို သေပြေးရှင်ပြေး ထွက်ပြေးရမည့်အဖြစ်ကို သူတို့ ရိပ်မိထားကြလေသည်။

မုဝမ်းက အသားခြောက်များ၊ အရက်အိုးများ ရအောင်ယူဆောင်လာခဲ့၍ ကံကောင်းသည်ဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်းက…

"တို့တွေ ငါးရက်လုံးလုံး မရပ်မနား ခရီးနှင်လာခဲ့ကြတယ် မြို့ရွာတွေကို ရှောင်ကွင်းပြီး လူမရှိတဲ့နေရာတွေက ဖြတ်လာခဲ့ကြတယ် အခုဆိုယင် ယန်ကွမ်းကို ကောင်းကောင်းကြီး မျက်ခြည်ဖြတ်နိုင်ခဲ့ပြီလို့ ကျုပ်ယူဆတယ်"

ထိုစကားကြားလျှင် ရှားယုံတို့ ပို၍ဝမ်းသာသွားကြတော့သည်။

ယန်ကွမ်းနှင့်ရွှေဓားအဖွဲ့ကို မျက်ခြည်ဖြတ်နိုင်ပြီဆိုပါက သူတို့ သေပြေးရှင်ပြေး ပြေးနေစရာမလိုတော့ပါချေ။

ကျောက်ထိဖန်းက ယူဆောင်လာသည့် အသားခြောက်များနှင့် အရက်အိုးများ ထုတ်ယူလိုက်သည်။

ထို့နောက်…

မြေပေါ်၌ မီးပုံတစ်ခု ပြုလုပ်ကာ အသားခြောက်များကို မီးကင်လိုက်လေသည်။

အသားကင်နံ့ ထွက်ပေါ်လာလျှင် မုဝမ်းတို့လည်း ဆာလောင်လာကြလေတော့သည်။

မုဝမ်းက…

"ကဲ…တို့ ဒီမှာ ညနေစောင်းတဲ့အထိ အနားယူကြမယ်၊ နေဝင်ကာနီးမှ ခရီးဆက်ကြတာပေါ့"

ဟုပြောလိုက်၏။ အားလုံး သဘောတူလိုက်ကြလေသည်။

* * *



သူတို့ မြေပေါ်ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

ကျောက်ထိဖန်းက အသားကင်များ ဝေငှပေးလိုက်သည်။

သူတို့အားလုံး အသားကင်များ စားလိုက်၊ အရက်သောက်လိုက်ဖြင့် ကျေနပ်နေကြ၏။

ကိုယ်လက်သန့်စင်ကာ ဝမ်းဗိုက်ဖြည့်လိုက်ရသဖြင့် အားလုံး ရွှင်ရွှင်လန်းလန်း ဖြစ်နေကြလေသည်။

အရက်တစ်အိုးစီ သောက်လိုက်မိကြလျှင် သူတို့၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာကြ၏။

မြင်းလှည်းဆီသို့ စူးစိုက်ကာ ကြည့်လာကြလေသည်။

မြင်းလှည်းအတွင်းဝယ် သူတို့၏အခြေအနေ ပြောင်းလဲသွားစေနိုင်သည့် ရတနာများ ပါလာသည် မဟုတ်ပါလား။

မုဝမ်းက…

"တို့တွေ အနားယူလိုက်ရလို့ ရွှင်ရွှင်လန်းလန်းဖြစ်လာကြပြီ၊ တကယ်လို့ မြင်းလှည်းပေါ်က ရတနာတွေ မြင်လိုက်ရယင်"

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

ရှားယုံတို့အား ဝေ့ကြည့်လိုက်သည်။

ထို့နောက်…

ထိုင်ရာမှထကာ မြင်းလှည်းဆီသို့ လျှောက်သွားပြီး မြင်းလှည်းတံခါး ဆွဲဖွင့်လိုက်လေသည်။

မြင်းလှည်းပေါ်ဝယ် သံသေတ္တာဆယ်လုံး ပါရှိနေ၏။

မုဝမ်းက သံသေတ္တာတစ်လုံး၏အဖုံးကို ဖွင့်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝင်းလက်တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာလေသည်။

သေတ္တာအတွင်း၌ ရတနာများ အပြည့်ရှိနေပြီး ဝင်းလက်တောက်ပနေသည် မဟုတ်ပါလား။

ရှားယုံ၊ ကျောက်ထိဖန်းနှင့်သုကျင်းတို့ ထရပ်လိုက်ကြ၏။

မုဝမ်းက...

"ဒါတွေကို ကျုပ်တို့ ပိုင်ဆိုင်ပြီဆိုယင် ခင်ဗျားတို့ ဘာပြောကြမလဲ"

ဟုမေးလိုက်လေသည်။

အားလုံး တညီတညွတ်တည်း ခေါင်းညိတ်ထောက်ခံလိုက်ကြသည်။

"ဟုတ်တယ်၊ ကျုပ်တို့ပိုင်တယ်"

မုဝမ်း ပြုံးလိုက်သည်။

"ဒီပစ္စည်းတွေကို ခွဲဝေယူပြီး ကိုယ့်လမ်းကိုယ်ဆက်သွားကြမလား၊ ဒါမှမဟုတ် အန္တရာယ်တွေက လွတ်မြောက်တဲ့အထိ စည်းစည်းလုံးလုံး သယ်သွားကြမလား"

ဟု မေးလိုက်ပြန်သည်။

ယခုတစ်ကြိမ် အားလုံးငြိမ်ကျသွား၏။

တစ်ယောက်ကိုတစ်ယောက်လည်း ကြည့်လိုက်ကြသည်။

မုဝမ်းက...

"ဝေစုခွဲပြီး သွားကြမယ်ဆိုယင်တော့ ကိုယ့်ပြဿနာကိုယ်



ရှင်းရမှာပဲ"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ရှားယုံတို့ ငြိမ်နေကြ၏။

မုဝမ်းက အားလုံးကို ဝေ့ကြည့်ကာ...

"ကျုပ်သဘောကတော့ တစ်ယောက်ချင်း ခွဲပြီးသွားကြမယ်ဆိုယင် နေရာအနှံ့ ပိုက်စိတ်တိုက်ရှာနေတဲ့ ရွှေဓားအဖွဲ့နဲ့ မလွဲမသွေ တွေ့မှာပဲ၊ အဲဒီအချိန်ကျယင် ဘယ်လိုရင်ဆိုင်ကြမလဲ"

ဟုပြော၏။

ရှားယုံက...

"ကျုပ်တို့ တစုတဝေးတည်းသွားယင်ကော သူတို့နဲ့မတွေ့ဘူးလို့ အာမခံနိုင်သလား"

ဟုပြန်မေးသည်။

မုဝမ်းက...

"နောက်ထပ် ငါးရက်အထိ အာမ မခံနိုင်သေးဘူး၊ ဒါပေမယ့် သူတို့နဲ့တွေ့ယင် ကျုပ်တို့ တစုတဝေးတည်းရှိနေတော့ ဘယ်လိုရင်ဆိုင်ရမယ်၊ ဘယ်လိုရှောင်ကွင်းရမယ်ဆိုတာ စီစဉ်နိုင်တာပေါ့၊ မလွဲမရှောင်သာတွေ့ပြီဆိုယင်တောင် တစ်ယောက်ထဲ ရင်ဆိုင်တာထက် စုပေါင်းရင်ဆိုင်တာက ပိုမကောင်းဘူးလား"

ရှားယုံ ငိုင်သွား၏။

လူစုလူဝေးနှင့်သွားနေလျှင် ရွှေဓားအဖွဲ့၏ ပစ်မှတ်ဖြစ်သွားမည်ဟု သူက ယူဆမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရသင့်ရထိုက်သည့်ဝေစုကိုယူကာ ကိုယ်လွတ်ရုန်းခြင်းက ကောင်းမည်ဟု တွေးမိ၏။

သို့သော်လည်း ရွှေခေးအဖွဲ့နှင့် တစ်ယောက်တည်း ရင်ဆိုင်ရမည့်အရေးကို ရင်လေးမိသည်။

ရွှေခေးအဖွဲ့သည် သူ့ထက်ပင် ကျော်ကြားသည့် လူဆိုးခေါ်ပြများကိုပင် သုတ်သင်နိုင်စွမ်းရှိသည် မဟုတ်ပါလား။

စုပေါင်းရင်ဆိုင်လျှင် လွတ်မြောက်နိုင်စရာလမ်းရှိပေသည်။

သူက မုဝမ်း၏စကားအတိုင်း လက်ခံဆောင်ရွက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

"ဟုတ်တယ် ကျုပ်တို့ဝေစုမခွဲသေးဘဲ ခရီးဆက်ကြမယ်"

ဟုပြောလိုက်၏။

ကျောက်ထိဖန်းနှင့်သုကျင်းတို့လည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်ကြလေသည်။

မုဝမ်း သဘောကျသွားသည်။

"ကောင်းတယ်၊ နောက်ငါးရက်ကျော်သွားယင် ရွှေခေးအဖွဲ့ကိုလည်း ကြောက်စရာမလိုတော့ဘူးလို့ ကျုပ်တာဝန်ယူတယ်၊ ကျုပ်တို့ကို ဘယ်သူမှ အနှောက်အယှက် မပေးနိုင်တော့တဲ့နေရာကို သွားကြမယ်"

ဟု ပြောလေသည်။

အားလုံး စိတ်ဝင်စားသွား၏။

ရတနာများ ပိုင်ဆိုင်ရဖို့ အရေးကြီးသလို ရွှေခေးတပ်ဖွဲ့၏



လက်မှလွတ်မြောက်ဖို့လည်း အရေးကြီးသည် မဟုတ်ပါလား။

သုကျင်းက...

"ကျုပ်တို့ ဘယ်ကို သွားကြမှာလဲ"

ဟု မေးလိုက်လေသည်။

မုဝမ်း မျက်နှာတည်သွား၏။

"တာလိနယ်ကို သွားမယ်"

ဟု တစ်လုံးချင်း ပြောချလိုက်၏။

"ဟာ"

သူ၏စကားကြားလျှင် အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

* * *

သုံးရက်...။

သုံးရက်ဟူသော အချိန် ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

သုံးရက်အတွင်း အန္တရာယ် လုံးဝမတွေ့ရဘဲ ခရီးဆက်လာနိုင်ခဲ့ကြသည်။

ထို့ကြောင့်...

မုဝမ်းတို့လူစု တက်တက်ကြွကြွ ဖြစ်လာကြသည်။

ကျော်ကြားလှသော ယန်ကွမ်း၏ ရွှေခေးအဖွဲ့ကို အရိပ်အယောင်ပင် မတွေ့ရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ရွေဘေးအဖွဲ့အစား နန်းတွင်းမှတပ်ဖွဲ့များနှင့် ပုန်ကန်သော တာလိနယ်စား၏တပ်ဖွဲ့များ ရင်ဆိုင်တိုက်ခိုက်နေသည့် တိုက်ပွဲများ၊ ထွက်ပြေးနေကြသည့် ဒုက္ခသည်များ၊ မီးလောင်ပြင်များ၊ ရွာပျက်များ၊ လူသေအလောင်းများကိုသာ တွေ့ရ၏။

တာလိနယ်သို့ ရောက်လာလေလေ တွေ့မြင်ရသောမြင်ကွင်းများ ပို၍အရုပ်ဆိုး အကျည်းတန်လာလေလေပင်။

နန်းတွင်းတပ်ဖွဲ့များသည် ဘုရင်မင်းမြတ်၏ ထက်မြက်သော ခေါင်းဆောင်မှုအောက်တွင် စည်းစည်းလုံးလုံး ဖြစ်လာကြသည်။

သိုင်းလောကမှ သိုင်းသမားများကလည်း ပူးပေါင်းပါဝင်လာကြသည်။ ထို့ကြောင့်...

တစ်စထက်တစ်စ အင်အားကောင်းလာပြီး တာလိနယ်စား၏ရှေ့ပြေးတပ်ဖွဲ့များကို တွန်းလှန်ပစ်နိုင်ခဲ့သည်။

အရှိန်အဟုန် ကြီးမားစွာ ထိုးဖောက်လာသည့် တာလိရှေ့ပြေးတပ်ဖွဲ့များသည် အပြင်းအထန် ခုခံတိုက်ခိုက်မှုများကြောင့် ရှေ့ဆက်မတိုးနိုင်တော့ဘဲ ရပ်တန့်သွား၏။

ကျူးကျော်သူများ၏ ထိုးစစ် ရပ်တန့်သွားသည်နှင့် နန်းတွင်းမှတပ်ဖွဲ့များ၊ မျိုးချစ်သိုင်းသမားများသည် အပြင်းအထန် ထိုးဖောက်ကာ တိုက်ပွဲဆင်ကြပြန်သည်။

ပြင်းထန်သော တိုက်ပွဲကြီးများ နေရာအနှံ့ ဖြစ်ပေါ်လာသည်။



ထိုးစစ်ရပ်သွားသလို ရှေ့တန်းမှ တပ်ဖွဲ့များ တပ်လှန်ကာ နောက်ဆုတ်လိုက်ရသည့် သတင်းမှာ တာလိနယ်တွင် အုတ်အော်သောင်းနင်းထွက်ပေါ်လာ၏။

အောင်ပွဲအလီလီရခဲ့သော ကျူးကျော်သူ တာလိနယ်စား၏တပ်ဖွဲ့များသည် အောင်ပွဲရစဉ်က ထင်တိုင်းကြဲခဲ့ကြသည်။

ဝင့်ကြွား မောက်မာခဲ့ကြသည်။

ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ရချိန်၌လည်း တပ်ပျက်ကာ ထွက်ပြေးယင်း လမ်းတလျှောက်ရှိ မြို့ရွာများတွင် တိုက်ခိုက်လုယက်သွားကြပြန်သည်။

တာလိနှင့်ပြည်မ ဆက်သွယ်ရာလမ်းကြောင်းတလျှောက်ရှိ မြို့ရွာများမှာ ထောင်းထောင်းညက်ညက်ကြေကာ ချေဖျက်ခံရကာ ပြာပုံအတိ ဖြစ်ရလေတော့သည်။

လမ်းတလျှောက်တွင် တာလိနယ်စား၏တပ်ဖွဲ့မှ ထွက်ပြေးကြသူများနှင့် ဒုက္ခသည်များ တသီတတန်းကြီး တွေ့မြင်နိုင်၏။

လူတိုင်းလူတိုင်းသည် ကိုယ့်အပူနှင့်ကိုယ် ရှိနေကြရာ မုဝမ်းတို့လူစုအား မည်သူကမျှ အရေးမစိုက်ကြပါချေ။

မုဝမ်းတို့လူစုသည် မြင်းလှည်းတစ်စီးဖြင့် တာလိသို့ဆက်၍ ခရီးပြင်းနှင်လာကြတော့သည်။

နန်းတွင်းတပ်ဖွဲ့များသည် အောင်ပွဲရသည်နှင့် ပုန်ကန်ခြားနားသော တာလိတပ်ဖွဲ့များကို နှိမ်နင်းရန် ရှေ့သို့ အပြင်းချီတက်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်…

မုဝမ်းတို့လူစုက ရှေ့မှပြေးနေပြီး နန်းတွင်းတပ်ဖွဲ့များက နောက်မှလိုက်နေသည်နှင့်တူလှပေတော့သည်။

မုဝမ်းတို့လူစု ပျက်စီးယိုယွင်းနေသည့် မြို့ကြီးတစ်မြို့သို့ ရောက်ရှိလာကြသောအခါ…

* * *

မီးခိုးလုံးများသည် ကောင်းကင်ပေါ် အလိပ်လိုက်အလိပ်လိုက် တက်နေ၏။

အဆောက်အအုံများ မီးတဟုန်းဟုန်း တောက်လောင်နေသည်။

အချို့မြို့ကွက်နေရာများကား ပြာပုံအတိဖြစ်နေချေပြီ။

မုဝမ်းတို့လူစု ရောက်ရှိလာသောအခါ မီးတောက်လောင်နေသည့် အသံမှအပ လူသံသူသံ မကြားရတော့ချေ။

မြို့သူမြို့သားများသည် မြို့ကို စွန့်ခွာထွက်ပြေးသွားကြပြီဖြစ်သည်။

မြို့ပျက်ကြီးသို့ ရောက်လာခြင်းဖြစ်ကြောင်း နားလည်ထားသော်လည်း မုဝမ်းတို့က မြို့ထဲ ဝင်လာခဲ့ကြသည်။

သူတို့ ရှေ့ခရီးဆက်နိုင်ရန် စားနပ်ရိက္ခာ အရေးတကြီးလိုအပ်နေပြီ မဟုတ်ပါလား။



သုံးရက်အတွင်း သူတို့သယ်ဆောင်လာသည့် ရိက္ခာများ ကုန်ခန်းသွားသည်။

လေးရက်မြောက်သောနေ့တွင် သူတို့သည် ရေတစ်ပေါက် ပင်မသောက်ရဘဲ ခရီးဆက်ခဲ့ကြရ၏။

ယခု…

အပြင်းအထန် ဆာလောင်မွတ်သိပ်နေကြပြီ ဖြစ်လေသည်။

မြို့တွင်းသို့ ဝင်လိုက်သည်နှင့် လေပူကြီးတိုက်ခတ်လာသည်။

ညှော်နံ့များလည်း ဆိုးဆိုးဝါးဝါး ထွက်ပေါ်နေ၏။

အဆောက်အအုံများသည် မီးတဟုန်းဟုန်း တောက်လောင်ကာ မြေပေါ်သို့ တဘုန်းဘုန်းပြိုလဲကျနေ၏။

မြို့ထဲတွင် လူမဆိုထားနှင့် ခွေးတစ်ကောင် ကြောင်တမြီးမျှပင် ရှိမနေချေ။

"စားသောက်စရာ ရနိုင်ပါတော့မလား"

သုကျင်းက စိတ်ပျက်လက်ပျက် ညည်းညူလိုက်၏။

မုဝမ်းက…

"ရှာကြည့်ရမှာပေါ့"

ပြောပြီးလျှင် လက်ဝှေ့ယမ်းပြကာ…

"တို့တွေ လူစုခွဲပြီး ရှာကြမယ်၊ ပြီးယင် ဒီနေရာမှာပဲဆုံမယ်၊ ရှားယုံ ခင်ဗျားက မြင်းလှည်းပေါ်က တစ်ဖဝါးမှ မခွာပါနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ပြန်ရောက်လာတဲ့အထိ စောင့်နေပါ"

ဟုပြောလိုက်၏။

ရှားယုံ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ တကယ်လို့ ကျုပ်တို့ကို ဒုက္ခပေးမယ့်လူ တစ်ယောက်ယောက် ရောက်လာယင်ကော"

"လွယ်ပါတယ် ရှင်းပစ်လိုက်ပေါ့"

"ကျုပ်က မရှင်းနိုင်အောင် တစ်ဘက်က လူများနေမယ်ဆိုယင်ကော"

မဝမ်းက ရုတ်တရက် အဖြေမပေးသေးဘဲ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ဝဲဘက်တွင် ဖြောင့်ဖြူးပြီး ရှင်ရှင်းလင်းလင်းဖြစ်နေသော လမ်းကလေးတစ်ခု ရှိနေသည်ကို တွေ့ရ၏။

မဝမ်းက ထိုလမ်းကလေးကို ညွှန်ပြလိုက်ပြီး...

"အဲဒီလမ်းအတိုင်းသာ မြင်းလှည်းကိုမောင်းပြီး ပြေးပေတော့"

ဟု ပြောလိုက်လေသည်။

ရှားယုံ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

မဝမ်းက လက်ဝှေ့ယမ်းပြကာ...

"ကဲ ကျုပ်တို့သွားမယ်၊ စားသောက်စရာတစ်ခုခုတွေ့ယင် ယူပြီး ဒီကို အမြန်ဆုံးပြန်လာကြမယ်၊ ကျုပ်တို့အတွက် အချိန်မရှိ



ဘူး၊ မြန်နိုင်သရွေ့ အမြန်ဆုံးရှာဖွေကြရမယ်၊ ကဲ သွားကြစို့"

စကားဆုံးလျှင် ခပ်သွက်သွက် ပြေးထွက်သွား၏။

ကျော်ထိဖန်းနှင့်သုကျင်းတို့လည်း လိုက်သွားကြသည်။

သူတို့သုံးယောက် ရှူခွဲကာ ပြေးသွားကြပြီး တခဏအတွင်း ပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

မဝမ်းက မီးလောင်ပျက်စီးနေသည့် အဆောက်အအုံကြား မှပြေးလွှားလာခဲ့လေသည်။

လမ်းတလျှောက်ဝယ် လူသေအလောင်းများ၊ တိရစ္ဆာန်အ သေကောင်များ ပြန့်ကျဲနေသည်ကို တွေ့ရ၏။

တာလီနယ်စား၏တပ်ဖွဲ့များသည် နန်းတွင်းတပ်ဖွဲ့များ ရောက်မလာမီ မြေလှန်စနစ်ကျင့်သွားကာ မီးရှို့ဖျက်ဆီးသွားခြင်း၊ လုယက်သွားကြခြင်း ဖြစ်ပေါ်နေတော့သည်။

မဝမ်းမှာ ဆိုးဝါးလှသော အနိဋ္ဌာရုံမြင်ကွင်းများ တွေ့မြင် နေရသော်လည်း မည်သို့မျှ ခံစားရခြင်းမရှိချေ။

သူတို့လူစုအတွက် ရိက္ခာရဖို့သာလျှင် အဓိကထား စဉ်းစား နေ၏။

သူတို့သည် အသက်ရှင်လျှက် တာလီနယ်ကို ဖြတ်ကျော် ကာ မွန်ဂိုနယ်ခြားဒေသသို့ အရောက်သွားနိုင်မည်ဆိုလျှင် မည်သူ့

www.burmeseclassic.com

www.burmeseclassic.com



ကိုမျှ မှုစရာလိုတော့မည် မဟုတ်ဟု နားလည်ထားသည်။

ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ရှာဖွေယင်း တစ်လမ်းဝင်တစ်လမ်းထွက် ပြေးလွှားလာခဲ့သည်။

အတန်ကြာသွားမိသောအခါ မီးလောင်ပြင်ဝယ် ထီးထီးမား မားကျန်ရစ်ခဲ့သော အိမ်တစ်လုံးကို တွေ့မြင်လိုက်ရလေသည်။

မုဝမ်း ဝမ်းသာသွား၏။

"အိမ်ထဲမှာ စားစရာ သောက်စရာရှိနေယင် ကံကောင်းတာ ပဲ"

တွေးကာ ခပ်သွက်သွက် ပြေးသွား၏။

အိမ်တံခါးကား ပျက်စီးနေချေပြီ။

မုဝမ်း အိမ်ထဲရောက်သွားလျှင် ခြေလှမ်းတုန့်ခနဲ ရပ်တန့် သွား၏။

အကြောင်းကား...

အိမ်ထဲ၌ အဖိုးတန်ပစ္စည်း ဘာဆိုဘာမျှမရှိဘဲ ပြောင်သ လင်းခါနေသည်ကို တွေ့ရခြင်းကြောင့် ဖြစ်ပေသည်။

မုဝမ်း စိတ်ပျက်သွား၏။

"တာလိနယ်စားရဲ့လူတွေက ရသမျှ အကုန်သယ်သွားကြ တာပါပဲလား"

ဟု ညည်းညူလိုက်၏။

သူက စိတ်ပျက်လက်ပျက်ဖြင့် အိမ်ထဲဝင်ကာ ဟိုဟိုသည် သည် ကြည့်မိ၏။



ထိုသို့ကြည့်လိုက်မှ ကြမ်းပြင်၌ အံဖုံးတစ်ခုရှိနေသည်ကို တွေ့ရလေသည်။ မုဝမ်း စိတ်ဝင်စားသွားသည်။

ခပ်သွက်သွက် လှမ်းသွားပြီး အံဖုံးတံခါးဆွဲဖွင့်လိုက်၏။

ထိုအခါ...

မြေအောက်သို့ဆင်းသော လှေကားကိုတွေ့ရ၏။

အောက်ဘက်၌ မှောင်မည်းနေ၏။

မုဝမ်းက အဝတ်စုတ်ရှာဖွေကာ မီးတိုင်တစ်ချောင်း ပြုလုပ် လိုက်၏။

ထို့နောက် မီးခတ်ကျောက်ဖြင့် မီးညှိကာ မီးတုတ်ဖန်တီး လိုက်ပြီး အောက်ဘက်သို့ ဆင်းလိုက်၏။

မြေတိုက်ခန်းအတွင်းသို့ ရောက်သွားလျှင် စဉ့်အိုးများဖြင့် ထည့်ထားသော ထမင်းခြောက်များ၊ အသားခြောက်များနှင့်အရက် အိုးများ ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မုဝမ်းမှာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာသွားလေ သည်။

ချက်ချင်းပင် အပေါ်သို့ ပြန်တက်ကာ အပြင်ဘက် ပြေး ထွက်လာခဲ့သည်။

ထိုအိမ်ကလေးသို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာ သောအခါ သူနှင့်အတူ ရှားယုံတို့လူစုလည်း လိုက်ပါလာကြလေ တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဆိုက်ဆိုက်မြိုက်မြိုက်

နေရောင်ခြည် ကွယ်ပျောက်သွားပြီဖြစ်သည်။

ရှားယုံက အိမ်ကလေးအတွင်းရှိ မီးလင်းဖိုတွင် မီးမွှေးလိုက်လေသည်။

မီးရောင်ထွက်ပေါ်လာရာ တစ်အိမ်လုံး လင်းလင်းချင်းချင်း ဖြစ်လာလေသည်။

မီးလင်းဖိုတွင် မုဝမ်း၊ ရှားယုံနှင့်သုကျင်းတို့ ဝိုင်းထိုင်နေကြ၏။

သူတို့သည် အရက်နှင့်စားသောက်ဖွယ်ရာများကို ဖောဖောသီသီ စားသောက်နိုင်ကြပြီ ဖြစ်သည်။

ရှေ့ခရီးတလျှောက်တွင် စားနပ်ရိက္ခာပြတ်လပ်သွားမည်ကိုလည်း မပူရတော့ချေ။



အားလုံး ဝမ်းသာပျော်ရွှင်နေကြလေတော့သည်။

မုဝမ်းက မလှမ်းမကမ်း၌ချထားသည့် ရတနာသေတ္တာများကို တစ်ချက်လှမ်းကြည့်လိုက်ပြီး…

"တို့တွေ နောက်ထပ်ဒုက္ခခံစရာ သိပ်မရှိတော့ပါဘူး၊ နှစ်ရက်အတွင်း တာလိနယ်ကို ဖြတ်သွားနိုင်လိမ့်မယ်"

ဟု ပြောလိုက်၏။

ကျောက်ထိဖန်းက…

"တာလိကိုဖြတ်ပြီး ဘယ်ကိုသွားမှာလဲ"

"ကန္တာရကို ဖြတ်ကြမယ်လေ"

"ဘာ"

ကျောက်ထိဖန်း၏စကားသံ ဟိန်းထွက်လာသည်။

ရှားယုံနှင့်သုကျင်းတို့လည်း အံ့သြသွားကြလေသည်။

မုဝမ်းကို ဝိုင်းကြည့်လိုက်ကြ၏။

မုဝမ်းက…

"ကျုပ်တို့ကို အဖြူရောင်သိုင်းသမားတွေကရော ယန်ကွမ်းနဲ့ရွှေဓားအဖွဲ့ကရော အသေရရ အရှင်ရရ လိုချင်နေကြတယ်ဆိုတာ အားလုံးနားလည်ကြမှာပါ၊ တကယ်လို့ တာလိနယ်စားရဲ့တပ်တွေက အနိုင်ရမယ်ဆိုယင် ကျုပ်တို့အခြေအနေ တစ်မျိုးပြောင်းသွားလိမ့်မယ်၊ အခုတော့…"

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ ငေးကြည့်လိုက်၏။

အားလုံး စိတ်ဝင်စားစွာ နားစွင့်နေကြသည်ကိုတွေ့ရမှ

www.burmeseclassic.com



ဆက်ပြောလိုက်သည်။

"မကြာခင် တာလိဒေသဟာ နန်းတွင်းထိမ်းချုပ်မှုအောက်ကိုပြန်ရောက်သွားတော့မယ်၊ ကျုပ်တို့ တာလိမှာနေလို့လဲ မဖြစ်တော့ဘူး၊ ဒါကြောင့် ကန္တာရကိုဖြတ်ပြီး မွန်ဂိုနယ်ခြားကို ဆက်ပြေးရမှာပဲ၊ မွန်ဂိုဒေသမှာ သုံးလေးနှစ်လောက်ခိုအောင်းပြီးမှပြန်လာမယ်ဆိုယင် ကျုပ်တို့ကို ဘယ်သူကမှ အရေးစိုက်တော့မှာ မဟုတ်ဘူး"

ရှားယုံက...

"ကန္တာရကို ဖြတ်ရမယ်ဆိုတဲ့အချက်ကို စဉ်းစားဖို့ ကောင်းတယ်"

ဟုပြောလိုက်၏။

ကျောက်ထိဖန်းနှင့်သုကျင်းတို့ကလည်း ထောက်ခံလိုက်ကြသည်။

"ဟုတ်တယ်"

"ကန္တာရကို ဖြတ်ဖို့ဆိုတာ မလွယ်ဘူး၊ အရမ်းအန္တရာယ်များတယ်"

မုဝမ်းမျက်နှာ တည်သွားသည်။

"အန္တရာယ်မများတဲ့နေရာ ဘယ်မှာရှိသလဲ"

ဟုမေးလိုက်၏။

ရှားယုံ၊ သုကျင်းနှင့်ကျောက်ထိဖန်းတို့ ငြိမ်ကျသွားလေသည်။



မုဝမ်းက...

"ကျုပ်တို့အတွက် နေရာတိုင်းမှာ အန္တရာယ်ရှိနေတာပဲ၊ နယ်ခြားကလွဲပြီး ဘယ်မှာမှ ခိုအောင်းနေလို့ မဖြစ်နိုင်ဘူး"

သူ၏စကား မှန်ကန်လေသည်။

ထို့ကြောင့်...

ရှားယုံ၊ သုကျင်းနှင့်ကျောက်ထိဖန်းတို့ သဘောမကျလှသော်လည်း ကန့်ကွက်ခြင်းမပြုဘဲ ငြိမ်နေလိုက်ကြလေသည်။

မုဝမ်းက...

"ကျုပ်တို့အားလုံး အသက်နဲ့ရင်းပြီး ရယူခဲ့ကြတာဆိုတော့ အားလုံးညီတူညီမျှရသင့်တယ်၊ မွန်ဂိုဒေသကို မလိုက်ချင်တဲ့လူရှိယင် ကိုယ်ရမယ့်ဝေစုကိုယူပြီး ထွက်သွားနိုင်တယ်"

ဟု ပြတ်သားစွာ ပြောလိုက်၏။

မည်သူမျှ ကန့်ကွက်ခြင်း၊ ဝေစုခွဲလိုခြင်းမရှိကြချေ။

အားလုံးငြိမ်နေသည်ကို တွေ့ရမှ မုဝမ်း ကျေနပ်သွားသည်။

"ကျုပ်တို့ တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်မှုရှိရမယ်၊ အပြန်အလှန် လေးစားမှုရှိကြမယ်ဆိုယင် အန္တရာယ်တွေကို လွတ်အောင် ရှောင်ကွင်းသွားနိုင်မှာပါ"

ဟုပြောလိုက်၏။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *

"မီးငြိမ်းလိုက်"

မုဝမ်း အမိန့်ပေးလိုက်သည်။

ထို့နောက် တံခါးပေါက်ဆီသို့ ပြေးသွားလေသည်။

ရှားယုံ၊ ကျောက်ထိဖန်းနှင့်သုကျင်းတို့က မီးလင်းဖိုမှမီးကို ဝိုင်းဝန်းငြိမ်းသတ်လိုက်ကြလေသည်။

တစ်အိမ်လုံး မှောင်ကျသွား၏။

အသံဗလံဟူ၍ တိတ်ဆိတ်ပျောက်ကွယ်ကာ ငြိမ်သက်သွားလေတော့သည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ပို၍ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မြင်းစီးသမားတစ်စု လမ်းကြားအတွင်းသို့ ဝင်ရောက်လာကြပြီဖြစ်သည်။

မုဝမ်းတို့သည် အမှောင်ထုထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာ နားစွင့်နေကြသည်။

မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာကာ အိမ်ရှေ့သို့ ရောက်လာသည်။



"ဒီမှာ အိမ်တစ်လုံး မပျက်စီးဘဲ ကျန်ရစ်ခဲ့ပါလား"

စကားပြောသံ ထွက်ပေါ်လာသည်ကို ကြားရ၏။

မရေးမနှောင်းမှာပင်...

"အိမ်ရှေ့မှာ မြင်းလှည်းတစ်စီးဟေ့"

"ဟုတ်တယ်၊ စောစောက အိမ်ထဲမှာ မီးရောင်တွေ့လိုက်ရသလိုပဲကွ"

"ဝင်ကြည့်ကြရအောင်"

"ကောင်းသားပဲ"

စကားသံများ ဆက်တိုက်ထွက်ပေါ်လာလေသည်။

တံခါးဝအနီး၌ ရောက်နေသည့် မုဝမ်းက အပြင်ဘက် ချောင်းကြည့်လိုက်လေသည်။

ထိုအခါ...

မြင်းစီးသမားရှစ်ယောက်ခန့် မိမိရှေ့တွင် ရောက်ရှိနေသည်ကိုတွေ့ရသည်။

မသဲမကွဲ လရောင်ဖြင့် ထိုလူများ၏ခါးတွင် ချိတ်ဆွဲထားသောဓားများမှာ ရွှေဝါရောင် ဝင်းလက်တောက်ပနေပါသည်။

မုဝမ်း မျက်နှာပျက်သွား၏။

"ရွှေဓားအဖွဲ့က လူတွေပါလား"

သူက အိမ်ထဲပြန်လှည့်ကာ...

"သတိထား သူတို့ဝင်လာကြတော့မယ်၊ အားလုံးပေါင်း ရှစ်ယောက်ပဲရှိတယ်၊ အခြေအနေမဟန်ယင် ရင်ဆိုင်ကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု လေသံဖြင့်ပြောလိုက်၏။

သူမပြောခင်ကတည်းက ရှားယုံတို့မှာ တိုက်ခိုက်ရန်လက်နက်ကိုယ်စီ ပြင်ဆင်ထားကြပြီး ဖြစ်သည်။

"အိမ်ထဲမှာ လူရှိချင်ရှိနေမှာကွ"

"မီးတုတ်လုပ်ဟေ့"

အပြင်ဘက်မှ တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ထွက်ပေါ်လာပြန်သည်။

တခဏအတွင်းမှာပင် မီးရောင်များ ထွက်ပေါ်လာ၏။

ခြေသံများနှင့်အတူ လူသုံးယောက်သည် မီးတုတ်တစ်ချောင်းဆွဲကာ အိမ်ထဲ လှမ်းဝင်လာကြသည်ကို တွေ့ရ၏။

ထိုလူများနောက်မှ လူလေးယောက် လိုက်လာ၏။

ရှစ်ယောက်မြောက်လူမှာ သူတို့စီးနင်းလာသည့် မြင်းများကိုစောင့်ယင်း ကျန်ရစ်ခဲ့လေသည်။

မုဝမ်းတို့သည် အမှောင်ရိပ်ကျသောနေရာများ၌ ပုန်းကွယ်နေလိုက်ကြလေသည်။

ဝင်လာသူ လူတစ်ယောက်၏မီးတုတ်များကြောင့် ကြမ်းပေါ် ချထားသည့် ရတနာသေတ္တာများကို တွေ့မြင်သွားလေတော့သည်။

"ဟာ..ဂူးနယ်စားဂေဟာက ပျောက်ဆုံးသွားတဲ့ ရတနာသေတ္တာတွေပါလား"

တစ်ယောက်က လွှတ်ခနဲ ရေရွတ်လိုက်၏။



ကျန်လူများ စိတ်ဝင်စားသွားကြသည်။

ချက်ချင်းပင် သေတ္တာများရှိရာသို့ လှမ်းသွားကြလေသည်။

မုဝမ်း ဆက်၍ပုန်းအောင်း မနေနိုင်တော့ချေ။

ပုန်းကွယ်ရာမှ ခုန်ထွက်လိုက်ပြီး စတင်တိုက်ခိုက်လိုက်လေသည်။

အဝတ်အစားလေတိုးသံများနှင့်အတူ အမှောင်ရိပ်ထဲမှ လူတစ်ယောက် ခုန်ထွက်တိုက်ခိုက်လာသည်ကို အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော ရွှေဓားအဖွဲ့မှလူများ ချက်ချင်း ရိပ်မိသွားကြလေသည်။

"ရန်သူရှိတယ်ဟေ့"

တစ်ယောက်က အော်ပြောလိုက်ရာ ကျန်လူများက ဓားများဆွဲထုတ်ပြီး ခုခံရန် အသင့်ပြင်လိုက်ကြ၏။

မုဝမ်းက တဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်ပြီ ဖြစ်လေသည်။

သူ၏တိုက်ခိုက်မှုကြောင့် ရွှေဓားအဖွဲ့ဝင်တစ်ယောက်မှာ ပြန်လည်ခုခံရန် ကြိုးစားသော်လည်း..

"အား"

မုဝမ်း၏ဓားချက်မိကာ စူးရှစွာအော်ဟစ်လိုက်ပြီး ကြမ်းပြင်ပေါ် ဝုန်းခနဲလဲကျသွားလေသည်။

ကျန်လူများမှာ လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် မုဝမ်းအား တွေ့မြင်သွားပြီဖြစ်ရာ ဝိုင်းဝန်းတိုက်ခိုက်ဖို့ ဟန်ပြင်လိုက်ကြ၏။

ထိုစဉ်မှာပင်...

ပုန်းကွယ်နေကြသည့် ရှားယုံ၊ ကျောက်ထိဖန်းနှင့်သုကျင်းတို့က လက်နက်ကိုယ်စီဖြင့် ခုန်ထွက်လာကြပြီး တရကြမ်း တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *

"ဝုန်း"

"အား"

စူးရှသောအော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာလေသည်။

ရွှေဓားအဖွဲ့မှ သိုင်းသမားများ အငိုက်မိသွားကြ၏။

မုဝမ်းတို့လူစုက တက်ညီလက်ညီ တိုက်ခိုက်ကြလျှင် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေသည်။

လူလေးယောက် လဲကျသွားသည်နှင့် ကျန်သုံးယောက်မှာ ဆက်လက်တိုက်ခိုက်ခြင်း မပြုဝံ့ကြတော့ဘဲ အပြင်ဘက် ပြေးထွက်သွားရန် ကြိုးစားလိုက်ကြလေသည်။

သုကျင်းနှင့်မုဝမ်းတို့က ဝိတ်ဆို့ဟန့်တားလိုက်ကြ၏။

"ဘာဖြစ်တာလဲဟေ့"



အပြင်ဘက်မှ မြင်းများကိုစောင့်နေသူက လှမ်းမေး၏။

ထိုလူသည် အိမ်ထဲ၌ တိုက်ပွဲဖြစ်နေသည်ကို ရိပ်မိသွားလေသည်။

ထိုစဉ် သိုင်းသမားတစ်ယောက်က...

"တို့လူတွေ မြန်မြန်သွားခေါ်၊ ဒီမှာ ရတနာသေတ္တာတွေ တွေ့ပြီ၊ အား"

အော်ပြောယင်း စူးရှသောအသံနှင့်အတူ ဝုန်းခနဲ ပြိုလဲကျသွားလေသည်။

မြင်းများစောင့်နေသူမှာ အခြေအနေကို ရိပ်မိလိုက်ချေပြီ။

သူတို့သည် တာလီသို့ အလုံးအရင်းဖြင့် ဆင်းလာခဲ့သည့် ရွှေဓားတပ်ဖွဲ့မှ ရှေ့ပြေးကင်းအဖွဲ့လေး တစ်စုမျှသာဖြစ်၏။

တာလိနယ်စား၏တပ်ဖွဲ့များ ဖျက်ဆီး၍ဆုတ်ခွာပြေးသွားကြပြီဖြစ်သော မြို့ပျက်ကြီးဆီသို့ အကဲခတ်ရန် လာခဲ့ကြယင်း ဂူးနယ်စားဂေဟာမှ ပျောက်ဆုံးသွားသော ရတနာသေတ္တာ လုယူသွားသူများနှင့် တိုက်တိုက်ဆိုင်ဆိုင် ဝင်တိုးမိခြင်းဖြစ်လေသည်။

သူ၏လူများ အခြေအနေ မဟန်ကြောင်း ထိုလူရိပ်မိလိုက်သည်။

ထို့ကြောင့်...

အကူအညီခေါ်ရန် မြင်းပေါ်လွှားခနဲ ခုန်တက်လိုက်လေသည်။

"မပြေးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



သုကျင်းက အော်ငေါက်ယင်း အပြင်ဘက် ခုန်ထွက်လိုက်သည်။

ဤတွင် အတွင်း၌ ငြိမ်မိနေသော သိုင်းသမားနှစ်ဦးက သုကျင်းအား အပြင်းအထန်တိုက်ခိုက်လိုက်ကြ၏။

သုကျင်းသည် သိုင်းသမားတစ်ယောက် ထွက်သွားမည်ကို စိုးရိမ်ကာ ထိုလူနောက်သို့လိုက်ရန် စိတ်စောနေသဖြင့် သိုင်းသမားနှစ်ယောက် အသက်စွန့်ဟန့်တားလာသောအခါ...

"သုကျင်း..သတိထား"

မုဝမ်းက အော်ဟစ်သတိပေးလိုက်၏။

သို့သော်...

သူ၏သတိပေးမှု နောက်ကျသွားချေပြီ။

"အား"

စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်။

သုကျင်းမှာ သိုင်းသမားနှစ်ယောက် လက်ချက်မိကာ တံခါးဝ၌ လဲကျသွားလေသည်။

မုဝမ်း၊ ရှားယုံနှင့်ကျောက်ထိဖန်းတို့က နောက်ဆုံးကျန်ရစ်ခဲ့သည့် သိုင်းသမားနှစ်ယောက်ကို သဲကြီးမဲကြီး တိုက်ခိုက်လိုက်လေတော့သည်။

"ဝုန်း"

"အား"

"အမယ်လေး"



စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။

သိုင်းသမားနှစ်ယောက်မှာ သုကျင်းဘေး၌ လဲကျသွားလေသည်။

အိမ်ထဲသို့ ဝင်လာကြသည့် သိုင်းသမားခုနစ်ယောက်ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီ ဖြစ်သည်။

သို့သော်...

သိုင်းသမားတစ်ယောက် လွတ်မြောက်သွားသလို သူတို့ဘက်မှ သုကျင်းအား ပေးလိုက်ရ၏။

ယခု ကြုံတွေ့လိုက်ရသော တိုက်ပွဲမှာ သူတို့ဘက်မှ အရေးနိမ့်ကာ ဆုံးရှုံးသွားသည်ဟု မုဝမ်း ယူဆမိ၏။

"ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

ရှားယုံက အလောတကြီး မေးလိုက်သည်။

ကျောက်ထိဖန်းက မုဝမ်းကို စိုက်ကြည့်နေ၏။

သူ၏အဖြေစကားကို ကြားလိုနေကြောင်း သိသာ၏။

မုဝမ်းက...

"ကျုပ်တို့ ဒီမှာရှိနေတယ်ဆိုတာ သူတို့သိသွားကြပြီ၊ မကြာခင် ဒီကိုရောက်လာကြတော့မယ်"

ဟုပြောလိုက်၏။

ကျောက်ထိဖန်းက...

"သူတို့မလာခင် ကျုပ်တို့ ရှောင်တိမ်းသွားကြတာပေါ့"

ဟုခပ်သွက်သွက် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်း ပြုံးလိုက်သည်။

"ဒီမြို့ကနေ ထွက်သွားနိုင်တဲ့လမ်းတွေ မှန်သမျှ သူတို့ပိတ်ဆို့ထားကြတော့မှာပေါ့"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

မုဝမ်းက ရတနာသေတ္တာများကိုတလှည့် သုကျင်း၏အလောင်း ကိုတလှည့်ကြည့်လိုက်သည်။

"ကျုပ်တို့ အချိန်နည်းနည်းတော့ ရဦးမှာပေါ့၊ သုကျင်းရဲ့ အလောင်းကို အရင်ဆုံးမြေမြှုပ်ကြမယ်"

"ဟင်"

"ဟာ"

ကျောက်ထိဖန်းနှင့်ရှားယုံတို့၏ မကျေနပ်သံများ ထွက်ပေါ်လာ၏။

သူတို့က မုဝမ်းအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်၏။

ရှားယုံက...

"သူ့ကို မြေမြှုပ်သင်္ဂြိုလ်ဦးမယ် ဟုတ်လား၊ ဒါ သက်သက်အချိန်ဖြုန်းတာပဲ"

"ဟုတ်တယ်၊ သူသေသွားပြီပဲ ဒီအတိုင်းထားပစ်ခဲ့လည်း ရတာပဲ"

ကျောက်ထိဖန်းကလည်း ထောက်ခံပြောဆိုလေသည်။

မုဝမ်း ခေါင်းယမ်းလိုက်လေသည်။

"သုကျင်းနေရာမှာ ခင်ဗျားတို့နှစ်ယောက်ထဲက တစ်



ယောက်ယောက် ဖြစ်နေမယ်ဆိုယင်လည်း ကျုပ်ကမြေမြှုပ်သင်္ဂြိုလ်သွားမှာပဲ"

ကျောက်ထိဖန်းနှင့်ရှားယုံတို့ ငြိမ်ကျသွားတော့သည်။

သူတို့ သေဆုံးသွားသည့်အခါ မြေပေါ်တွင် ခွေးသေကောင်သေ စွန့်ပစ်ထားခြင်းခံရမည်ကို မလိုလားပါချေ။

လူတစ်ယောက်သည် သေဆုံးပြီးနောက်တွင် အေးအေးချမ်းချမ်းရှိသင့်သည် မဟုတ်ပါလား။

မုဝမ်း၏ဆန္ဒကို မကန့်ကွက်ရဲတော့ချေ။

မုဝမ်းက...

"သုကျင်းရဲ့အလောင်းကို သယ်သွားပြီး တစ်နေရာရာမှာ မြှုပ်နှံခဲ့မယ်၊ ပြီးမှ ဆက်သွားကြမယ်၊ ရွှေစားအဖွဲ့ကလူတစ်ယောက် လွတ်သွားတော့ မကြာခင် အလုံးအရင်းနဲ့ ရောက်လာမှာ သေချာတယ်၊ မြန်မြန်လုပ်ကြ"

စကားဆုံးလျှင် အပြင်ဘက်ပြေးထွက်သွားပြီး ရပ်ထားခဲ့သော မြင်းလှည်းအနီးတဝိုက်၌ စစ်ဆေးကြည့်လိုက်၏။

လူသူကင်းရှင်းနေပြီး မြင်းလှည်းနှင့် ခရီးဆက်နိုင်သေးသည်ကို တွေ့လျှင်...

"သေတ္တာတွေ အရင်သယ်ချကြမယ်"

ဟုအော်ပြောလိုက်၏။

ကျောက်ထိဖန်းနှင့်ရှားယုံတို့က ချက်ချင်းပင် ရတနာသေတ္တာများကို မ,ယူလာခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာများ တင်ဆောင်ပြီးသည်နှင့် ရှားယုံက မြင်းလှည်းပေါ်ခုန်တက်ကာ မောင်းသူနေရာတွင် နေရာယူလိုက်သည်။

ကျောက်ထိဖန်းလည်း သူ့မြင်းပေါ် ခုန်တက်လိုက်၏။

မုဝမ်းက သုကျင်း၏အလောင်းကို သယ်ဆောင်လာ၏။

"အနောက်ဘက်က ထွက်ကြမယ်"

ကျောက်ထိဖန်းတို့အားပြောကာ သူက ဦးဆောင်ထွက်လာခဲ့လေတော့သည်။

* * *

မြို့ပျက်ကြီးသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

မြို့ပြင်သို့ရောက်လျှင် တောင်ကုန်းမြင့်ပေါ်၌ မြေပုံမှတ်တိုင်များ ထိုးထိုးထောင်ထောင် ရှိနေသည်ကို ရေးရေးမြင်တွေ့ရလေသည်။

မုဝမ်းက ထိုနေရာသို့ လက်ညှိုးညွှန်ပြလိုက်ပြီး...

"ဟိုမှာ သင်္ချိုင်းရှိတယ်၊ တို့ အဲဒီကိုသွားကြမယ်"

ဟုပြောလိုက်၏။

ရှားယုံနှင့်ကျောက်ထိဖန်းတို့က ဘာမျှမပြောကြချေ။

မုဝမ်းက မြင်းကို ခပ်သွက်သွက် နှင်သွားလေသည်။

"ခွပ်ခွပ်...ခွပ်ခွပ်"



မြင်းခွာသံများ စည်းချက်ဝါးချက်ညီညီ ထွက်ပေါ်လာ၏။

ကုန်းမော့မော့ပေါ်သို့ တက်သွားကြရာ တောင်ကုန်းပေါ်တွင် သင်္ချိုင်းကြီးတစ်ခု ရှိနေသည်ကို တွေ့မြင်ရလေသည်။

သင်္ချိုင်းမြေအဝင်ဝ၌ ကျောက်တိုင်တစ်ခု စိုက်ထူထားပြီး ကျောက်တိုင်ပေါ်တွင်...

"ငှက်ဝါမြို့၏ ငြိမ်းချမ်းဂေဟာ"

ဟုရေးထားသည်ကို တွေ့ရလေသည်။

မုဝမ်း မြင်းပေါ်မှဆင်းကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

သင်္ချိုင်းမြေ၌သာမက တောင်ကုန်းတစ်ခုလုံးတွင် လူသူတစ်စုံတစ်ယောက်မျှ မရှိဘဲ ပကတိအေးချမ်းငြိမ်သက်နေသည်ကို တွေ့မြင်လိုက်ရ၏။

မုဝမ်းက သုကျင်း၏အလောင်းကို ထမ်းကာ သင်္ချိုင်းမြေအတွင်း လှမ်းဝင်သွားသည်။

မကြာမီ မုဝမ်း ချက်ချင်းပြန်ထွက်လာပြီး...

"အခုဆိုယင် ရွှေစားအဖွဲ့က ကျုပ်တို့ကို ခြေရာခံမိသွားပြီ ဒီတော့ ရတနာတွေကို ဝှက်ထားခဲ့ယင် ကောင်းမယ်"

"ဟင်"

ရှားယုံတို့ အံ့သြသွားကြ၏။

မုဝမ်းက...

"ရတနာသေတ္တာတွေ တင်ထားတဲ့မြင်းလှည်းကိုဆက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မောင်းယူသွားပြီး ရွှေဓားအဖွဲ့ကို လှည့်စားရမယ်"

"ရတနာတွေ ဘယ်မှာထားခဲ့မှာလဲ"

"ဒီသင်္ချိုင်းမှာပေါ့"

"တစ်ယောက်ယောက် တူးဖော်သွားယင် ကျုပ်တို့နစ်နာမှာပဲ"

"ခင်ဗျားတို့ပြောတာ ကျုပ် သဘောပေါက်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့မှာ ရွေးစရာလမ်းမရှိတော့ဘူး"

ရတနာများ ဝှက်ထားပြီး ကိုယ်လွတ်ရုန်းပြေးခြင်းက လွတ်ကောင်းလွတ်နိုင်သည်ဟု ယူဆမိကြသည်။

မုဝမ်းက...

"ရတနာတွေဝှက်ပြီးတာနဲ့ ကျုပ်တို့သုံးယောက် လူချင်းခွဲနေလို့ မဖြစ်တော့ဘူး၊ လူကွဲသွားမယ်ဆိုယင် မယုံသင်္ကာစိတ်ဖြစ်လာနိုင်သလို တစ်ယောက်တည်း အပိုင်စီးချင်တဲ့ စိတ်တွေလည်း ဖြစ်ပေါ်လာနိုင်စရာ အကြောင်းရှိတယ်"

ရှားယုံနှင့်ကျောက်ထိဖန်းတို့ စောဒကမတက်ကြတော့ပေ။

မုဝမ်း စီစဉ်ထားသည့်အတိုင်း ရတနာများကို မြှုပ်နှံရန် သဘောတူလိုက်လေသည်။

မှတ်တိုင်ပေါ်တွင်...

"ယွမ်သခင်"

ဟုရေးသားထားသည်။

သူတို့သည် သုံးစွဲရန်အတွက် ရတနာအနည်းငယ်စီ ယူ



ထားလိုက်ကြသည်။

ရတနာမြှုပ်နှံထားသည့် မြေပုံကား များပြားလှသော မြေပုံများကြားတွင် မထင်မရှား ပျောက်ကွယ်သွား၏။

ရတနာများ မြှုပ်နှံပြီးနောက် မုဝမ်းတို့လူစုသည် အနောက်ဘက်သို့ ဦးတည်ထွက်ခွာသွားကြ၏။

ထိုအချိန်တွင် ရွှေဓားအဖွဲ့သည် မြို့အရှေ့ဘက်မှနေ၍ မြို့တွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာကြတော့သည်။

* * *

တာလိနယ်စားတပ်ဖွဲ့များသည် အရှုံးနှင့်သာ ရင်ဆိုင်ရပြီး တဆုတ်တည်း ဆုတ်နေရသည်။

ထွက်ပြေးရာ လမ်းတလျှောက်၌လည်း ရသမျှလုယက်ဖျက်ဆီးယူငင်သွားကြလေသည်။

တာလိသို့သွားရာ လမ်းတလျှောက်တွင် ပျက်စီးနေသော မြို့ရွာများ၊ မီးလောင်ပြင်များ၊ လူသေအလောင်းများ မြင်မကောင်းအောင် ရှိနေပေတော့သည်။

ငှက်ဝါမြို့မှ မီးခိုးလုံးများသည် ကောင်းကင်ပေါ်သို့ အလိပ်လိုက်အလိပ်လိုက် တက်နေဆဲ။

မီးလောင်ပြင်တွင် ထီးထီးကျန်ရစ်ခဲ့သော အဆောက်အအုံရှေ့တွင် မြင်းကောင်ရေ တစ်ရာခန့်ရပ်တန့်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပတ်လည်တွင် ဓားလှံလက်နက်ကိုင်ဆောင်ထားကြသည့် ရွှေဓားအဖွဲ့ဝင်များဖြင့် ရှုပ်ထွေးနေ၏။

နန်းတွင်းအထူးတပ်ဖွဲ့များသည် ငှက်ဝါမြို့အား ဖျက်ဆီးကာထွက်ပြေးဆုတ်ခွာသွားသည့် တာလိနယ်စား၏တပ်ဖွဲ့များအား တိုက်ခိုက်ရန် ရှေ့သို့တဟုန်ထိုး ချီတက်နေကြ၏။

နန်းတွင်းအထူတပ်ဖွဲ့များကို ဘုရင်မင်းမြတ်၏လက်ရုံး စစ်သူကြီးများ ဦးဆောင်ကြပြီး တာလိနယ်စား၏တပ်ဖွဲ့များကို သုံးဖွဲ့ခွဲကာ ချီတက်တိုက်ခိုက်နေကြခြင်း ဖြစ်၏။

ငှက်ဝါမြို့သို့ ဦးတည်သည့် အဖွဲ့လမ်းကြောင်းတွင် ဂူးနယ်စား၏ရွှေဓားအဖွဲ့သည်လည်း ပါဝင်လာခဲ့သည်။

ရွှေဓားတပ်ဖွဲ့များ ဆက်၍ချီတက်သွားသောအခါယန်ကွမ်းက အကြောင်းအမျိုးမျိုးပြကာ ငှက်ဝါမြို့၌ နေ့ရစ်ခဲ့သည်။

သူသည် ဂူးနယ်စား၏ဂေဟာမှလုယူသွားခြင်း ခံရသော ရတနာသေတ္တာများအား ရှာဖွေရန် အဓိကထားခဲ့သည် မဟုတ်ပါလား။

ရတနာများ ပြန်လည်ရရှိလျှင်ကား သူက ဂူးနယ်စားလက်ထဲသို့ ပြန်အပ်တော့မည် မဟုတ်ချေ။

* * *



ယန်ကွမ်းက မီးလောင်ကျွမ်းခြင်းမရှိဘဲ ကျန်နေခဲ့သော အဆောက်အအုံ၌ ရောက်ရှိနေပြီ ဖြစ်လေသည်။

အဆောက်အအုံအတွင်း၌ ရွှေဓားအဖွဲ့ဝင်များ၏ အလောင်းများ ရှိနေသည်။

မုဝမ်းတို့၏လက်ချက်မိသွားသူများ ဖြစ်ကြသည်။

ယန်ကွမ်း၏မျက်နှာ တင်းမာနေသည်။

ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး...

"သူတို့ထွက်သွားတာ သိပ်မကြာသေးဘူး"

ဟု တစ်ကိုယ်တည်း ပြောလိုက်၏။

သူက မုဝမ်းတို့လူစုအား သဲကြီးမဲကြီး လိုက်လံရှာဖွေခဲ့သည်။

နန်းတွင်းတပ်ဖွဲ့များနှင့် ရောနှောကာ လိုက်ပါလာသော်လည်း တကယ်တမ်း ရှာဖွေစုံစမ်းခဲ့သည်မှာ မုဝမ်းတို့လူစုဖြစ်သည်။

မုဝမ်းသည် ကတုံးပေါ် ထိပ်ကွက်၍ သူ့အား လှည့်စားသွားခဲ့ပေသည်။

ယခု...

သူရှာဖွေနေသော မုဝမ်းတို့လူစုအား တိုက်တိုက်ဆိုင်ဆိုင် ခြေရာခံမိခဲ့ချေပြီ။

မုဝမ်းတို့လူစုသည် သူနှင့်လက်တစ်ကမ်း အကွာတွင်ရှိနေပြီဟု ဆင်ခြင်မိသည်။

သူ၏မျက်လုံးထဲတွင် ရတနာများကို မြင်ယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက အံတစ်ချက် ကြိတ်ကာ…

"မင်းတို့ ဘယ်ပြေးမလဲ"

ဟုကြုံးဝါးလိုက်၏။

ထို့နောက်…

သူ၏ဘေး၌ ရပ်နေသူကိုကြည့်ကာ…

"တို့သွားကြမယ်၊ ရှေ့ကသွားတဲ့လူတွေနဲ့ အဆက်အသွယ်မပြတ်စေနဲ့၊ မြင်းလှည်းတစ်စီးနဲ့ လူလေးဦးကိုတွေ့ယင် ချက်ချင်း သတင်းပို့ပါလို့ ပြောထား၊ သူတို့ကို ဂူးနယ်စားရဲ့ ရွှေဓားအဖွဲ့ကပဲ တာဝန်ယူဖမ်းဆီးမယ်လို့ ကန့်သတ်ချက်ရေးထားလိုက်၊ အမြန်ဆုံး ဆက်သွယ်ပြီး သတင်းပို့လိုက်"

ဟု အမိန့်ပေးလိုက်၏။

ထိုလူ ခေါင်းညိတ်လိုက်သည်။

သူက ချက်ချင်းပင် စာပို့ခိုဖြင့် ရှေ့သို့ချီတက်သွားသည့် နန်းတွင်းမှ တပ်ဖွဲ့များနှင့် ဆက်သွယ်ကာ သတင်းပို့လိုက်မည် ဖြစ်လေသည်။

ယန်ကွမ်းက လက်ဝှေ့ယမ်းပြလိုက်ပြီး…

"ကဲ တို့သွားကြမယ်၊ မြို့ပြင်ကိုရောက်တာနဲ့ လူစုသုံးစုခွဲပြီး သူတို့ကို လိုက်ရှာကြမယ်"

ဟုပြောလိုက်သည်။

ရွှေဓားအဖွဲ့မှာ ယန်ကွမ်းခေါင်းဆောင်မှုအောက်တွင် စည်းကမ်းသေဝပ်စွာ ရှိခဲ့သောအဖွဲ့ဖြစ်သည်။



ယန်ကွမ်း စကားဟလိုက်သည်နှင့် မည်သို့မည်ပုံဖြန့်လုပ်ရမည်ကို ကောင်းစွာ နားလည်ထားကြသူများ ဖြစ်သည်။

ယန်ကွမ်းက အပြင်ဘက်ထွက်သွား၏။

ရွှေဓားအဖွဲ့ဝင်တစ်ယောက်က ယန်ကွမ်း၏မြင်းကိုယူပေးလေသည်။

ယန်ကွမ်းက မြင်းပေါ်ခုန်တက်လိုက်သည်။

တဆက်တည်း လက်ဝှေ့ယမ်းလိုက်၏။

ထိုအခါ…

"တူ"

သူ၏လူတစ်ယောက်က ခရာထုတ်ကာ မှုတ်လိုက်၏။

ခရာသံများ ထွက်ပေါ်လာသည်။

ယန်ကွမ်းတို့လူစုသည် ရွှေဓားအဖွဲ့ အမှတ်အသားအလံကို လွှင့်ထူကာ ငှက်ဝါမြို့အတွင်းမှ ထွက်ခွာသွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## စမ်းတဝါးဝါး

နေခြစ်ခြစ်တောက် ပူပြင်းနေ၏။

နေရောင်ခြည်အောက်တွင် စိမ်းလန်းသောတောအုပ်နှစ်ခု မျက်နှာချင်းဆိုင်ရှိနေသည်။

တောအုပ်နှစ်ခုကြားတွင် ကွေ့ကွေ့ကောက်ကောက် လမ်းကလေးရှိနေသည်။

ထိုလမ်းကလေးသည် တာလီနယ်သို့သွားရာ ဖြတ်လမ်းတစ်ခုဖြစ်လေသည်။

လမ်းခရီးတလျှောက်တွင် လူနေမြို့ရွာ ကျဲပါးလှသည်။

ထင်းခုတ်သမားများ၊ အမဲလိုက်မုဆိုးများ အလွန်နှစ်ခြိုက်သည့် အရပ်ဒေသမျိုးဖြစ်ပေသည်။



ယခုလို မငြိမ်မသက်ဖြစ်နေသည့် ကာလမျိုးတွင် ထင်းခုတ်သမားများသည်လည်းကောင်း၊ မုဆိုးများသည်လည်းကောင်း ဤနေရာသို့ ရောက်လာကြတော့မည် မဟုတ်ပါချေ။

ဤနေရာသို့ ရောက်လာနိုင်သူများသည်...

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းစီးသမားတစ်ယောက်သည် တောလမ်းကလေးအတိုင်း မြင်းကို ဒုန်းစိုင်းမောင်းနှင်လာနေ၏။

ထိုလူသည် ယောက်ျားပီသသော ရုပ်သွင်ရှိသူ ဖြစ်သည်။

မီးခိုးရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး လည်ပင်း၌ရှည်လျားသော ကျစ်ဆံမြီးကို ရစ်ခွေထားသည်။

သူ၏မျက်လုံးအစုံသည် သိမ်းငှက်မျက်လုံးပမာ စူးရှတောက်ပြောင်နေသည်။

ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ကြည့်ရင်း မြင်းဒုန်းစိုင်းနှင်လာခဲ့ရာ ရုတ်တရက် လမ်းကွေ့ကလေးတစ်ခုသို့ ရောက်လျှင် လမ်းပေါ်၌ သစ်ကိုင်းကြီးတစ်ကိုင်း ကန့်လန့်ဖြတ်လဲကျပိတ်ဆို့နေသည်ကို တွေ့မြင်လိုက်ရလေသည်။

မြင်းစီးသမား မျက်မှောင်ကြုတ်သွား၏။

လမ်းပေါ်၌ သစ်ကိုင်းလဲကျပိတ်ဆို့နေခြင်းသည် သဘာဝအလျောက် သစ်ကိုင်းကျိုးကျခြင်း မဟုတ်ဘဲ တစ်ယောက်ယောက်က ခုတ်လှဲကာ လမ်းပိတ်ဆို့ထားခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသမားက လက်တစ်ဘက်ကို ခပ်သွက်သွက် လှုပ်ရှားကာ မျက်နှာကို ပွတ်သပ်လိုက်လေသည်။

အံ့ဩဖွယ်ကောင်းလောက်အောင်ပင် သူ၏မျက်နှာသည် အဘိုးအိုတစ်ယောက်၏အသွင် ပြောင်းလဲသွားသည်။

မြင်းစီးယင်း မျက်နှာပေါ်တွင် မျက်နှာဖုံးတုတစ်ခုတပ်ဆင်လိုက်ခြင်း ဖြစ်ပေတော့သည်။

သူက ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်သည်။

ထည်ပင်း၌နွေထားသည့် ကျစ်ဆံမြီးသည် ဆွဲဆန့်လိုက်သလိုအရှည်လိုက် ကျောပေါ်ကျသွားသည်။

ကျစ်ဆံမြီးမှာ လက်သုံးလုံးခန့်အရှည် ရှိသည်။

ကျစ်ဆံမြီးထိပ်မှား၌ အထုံးထုံးထားလေသည်။

ထိုလူက ကျစ်ဆံမြီးကို လည်ကုပ်ကော်လံကိုမ,ကာ အထဲသွင်းလိုက်၏။

ကျစ်ဆံမြီးရှည်သည် အင်္ကျီနှင့်ကျောပြင်ကြားထဲသို့ရောက်သွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

သူက ကောက်လံကို အပေါ်ထောင်ထားလိုက်သည်။

ဦးခေါင်းပေါ်တွင် ခမောက်ဆောင်းထားသဖြင့် ငယ်ရွယ်စဉ်က အလုပ်ကြမ်းလုပ်ခဲ့ရပြီး ယခုတိုင် ကျန်းမာသန်စွမ်းနေသေးသည့် အဘိုးအိုတစ်ယောက်ပမာ ဖြစ်သွား၏။

လမ်းပိတ်နေသည်ကို တွေ့ရသည်နှင့် ရုပ်ဖျက်လိုက်ရာ သစ်ကိုင်းကြီးအနီးသို့ရောက်လျှင် လုံး၀ ရုပ်ဖျက်ပြီးသား ဖြစ်သွား



လေတော့သည်။

"ရုပ်လိုက်စမ်း"

ထိုလူက အဘိုးအိုတစ်ယောက်၏လေသံမျိုးဖြင့် မြင်းကိုငေါက်ကာ ဇက်ကြိုးတင်းတင်း ဆွဲလိုက်လေသည်။

"ဟီး..ဟီး..ဟီး"

မြင်းမှာ ရှည်လျားစွာ ဟီလိုက်ယင်း ပတတ်ရပ်လိုက်ပြီးမှ ရပ်တန့်သွားသည်။

* * *

"ဟေး...ဟေး"

ကြွေသံပေးသံ၊ အော်ဟစ်သံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

လမ်းဘေးတစ်ဘက်တစ်ချက်ရှိ သစ်ပင်များနောက်ကွယ်မှ လူတစ်စု ပြေးထွက်လာပြီး အဘိုးအိုအဖြစ် ရုပ်ဖျက်ထားသူအား ဝိုင်းရံထားလိုက်ကြလေသည်။

ထိုလူစုမှာ အရောင်အသွေး စုံလင်စွာဝတ်ဆင်ထားကြသော်လည်း တာလီနယ်စားတပ်ဖွဲ့မှ တပ်ပျက်ကာ ထွက်ပြေးနေကြသူများဖြစ်ကြောင်း သိနိုင်လေသည်။

ထိုလူစု၏ခေါင်းဆောင်မှာ အလွန်ပင် ထွားကျိုင်းသန်မာသူတစ်ယောက်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် တာလီနယ်စားတပ်ဖွဲ့မှ တပ်စုတစ်စု၏ခေါင်းဆောင် အထိမ်းအမှတ် အဆောင်အယောင်များ ကိုယ်ပေါ်တွင် ချိတ်ဆွဲထား၏။

သို့သော်...

အရောင်အဆင်း လွင့်ပြယ်နေသလို စုတ်ပြဲရာ၊ ဖာထေးရာများ ဗရပွရှိသော အဝတ်အစားများကြောင့် ခန့်ညားထည်ဝါသည့် အသွင် လုံးဝမရှိတော့ချေ။

ထိုလူက...

"အဘိုးကြီး ခင်ဗျားမှာပါတဲ့ ပစ္စည်း အကုန်ထားခဲ့၊ ခင်ဗျားရဲ့အဝတ်အစားတွေကော၊ မြင်းကော၊ ခမောက်ကော လိုချင်တယ်၊ မသေချင်ဘူးဆိုယင် ကျုပ်ခိုင်းတာ မြန်မြန်လုပ်"

ဟုငေါက်လိုက်လေသည်။

အဘိုးအိုအဖြစ် ရုပ်ဖျက်ထားသူက မျက်လုံးဝေ့ကာ အကဲခတ်ကြည့်လိုက်လေသည်။

သူ့အား ဝိုင်းရံထားသူများမှာ ဆယ်ယောက်ခန့်ရှိ၏။

ထိုလူများသည် နဂိုကပင် ရက်စက်ကြမ်းကြုတ်သူများအကျင့်စာရိတ္တ ပျက်ယွင်းနေသူများဖြစ်ကြသည်။

ယခု လွန်စွာမှပင် ဆာလောင်မွတ်သိပ်နေကြပြီဖြစ်ရာ ရရာပစ္စည်း လုယက်ယူငင်သူများဖြစ်သည်ဟု ဆင်ခြင်မိလေသည်။

"ကျုပ်..ကျုပ်မှာ အဖိုးတန်ပစ္စည်း ဘာမှ မပါပါဘူး၊ ကျုပ်ကိုချမ်းသာပေးပါ"



လက်နှစ်ဘက် ကားပြယင်း တောင်းပန်လိုက်လေသည်။

လူဆိုးခေါင်းဆောင် လူသန်ကြီးက...

"ခင်ဗျား သေချင်ပြီထင်တယ်၊ မြင်းပေါ်က မြန်မြန်ဆင်းလိုက်စမ်း"

ဟုငေါက်လိုက်ပြန်သည်။

ရုပ်ဖျက်ထားသူသည် လူသန်ကြီးအား အရင်ဦးဆုံး တိုက်ခိုက်ရမည်ဖြစ်ကြောင်း နားလည်မိလေသည်။

သူက မည်သည့်နည်းနှင့်မျှ လူသန်ကြီး တောင်းဆိုသည့်အတိုင်း လိုက်လျောနိုင်မည် ဟုတ်ပါချေ။

လူသန်ကြီးတို့လူစုသည် လိုချင်သည့်အရာရပြီးလျှင် သူ့အားချမ်းသာပေးမည်မဟုတ်ဘဲ သုတ်သင်ပစ်မည်သာ ဖြစ်လေသည်။

ရုပ်ဖျက်ထားသူက မြင်းပေါ်မှဆင်းရန် ဟန်ပြင်လိုက်လေသည်။

"ကျုပ်..ကျုပ်..မြင်းပေါ်က ဆင်းပါ့မယ်ဗျာ"

ထိတ်လန့်ကြောက်ရွံ့နေသည်ဟု လူသန်ကြီးတို့က ယူထားလျှင် သူ့အတွက် တပန်းသာကြောင်း နားလည်သဖြင့် ကြောက်ရွံ့ဟန်ဆောင်ကာ ပြောလိုက်ခြင်း ဖြစ်ပေသည်။

မြင်းပေါ်မှဆင်းသည်နှင့် မည်သို့မည်ပုံ တိုက်ခိုက်ရမည်ကို တွက်ဆနေစဉ်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မမျှော်လင့်သောဖြစ်ရပ်မို့ အားလုံး ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

ပထမဦးဆုံး သတိဝင်လာသူမှာ ရုပ်ဖျက်ထားသူဖြစ်လေသည်။

သူက အာခေါင်ခြစ်ကာ...

"ကယ်ကြပါဗျို့"

ဟုအော်ဟစ်လိုက်လေသည်။

သူ၏အော်သံသည် တောအုပ်ထဲ၌ ဟိန်းထွက်သွားလေတော့သည်။

* * *

"ကယ်ကြပါဗျို့"

ရုတ်တရက် ထွက်ပေါ်လာသည့်အသံကြောင့် ကျန်းစုထင်း ရင်ထိတ်သွား၏။

ပတ်ဝန်းကျင်ကို ကပျာကယာ အကဲခတ်လိုက်လေသည်။

ထိုအခါ အရှေ့ဘက်တောအုပ်အတွင်း၌ လူတစ်ယောက်အား လူတစ်စုက ဝိုင်းရံထားသည်ကိုတွေ့ရပြီး အဝိုင်းခံထားရသူက အသံကုန်အော်ဟစ် အကူအညီတောင်းနေခြင်းဖြစ်ကြောင်း တွေ့မြင်ရလေသည်။



တာလိနယ်သို့ ရောက်လာပြီးသည့်နောက် ထိုသို့သောဖြစ်ရပ်မျိုးများကို မကြာခဏတွေ့မြင်ခဲ့ရလေသည်။

တွေ့ရတိုင်း သူက ရှောင်ကွင်းမသွားဘဲ ဒုက္ခရောက်နေသူများဘက်မှ ကူညီခဲ့သည်ချည်းပင်။

ယခုလည်း ရှောင်ကွင်းမသွားဘဲ မြင်းကို ဒုန်းစိုင်းနှင်လိုက်လေသည်။

သူ၏လက်တစ်ဘက်က မြင်းဇက်ကြိုးကို တင်းတင်းဆွဲကိုင်ကာ ကျန်လက်တစ်ဘက်က တိုက်ခိုက်နိုင်ရန် အသင့်ပြင်ထားလိုက်သည်။

လူသန်ကြီးသည် မြင်းစီးသမားတစ်ယောက် ထပ်မံရောက်လာသည်ကိုမြင်လျှင် သဘောကျသွားသည်။

"ကောင်းတယ်ဟေ့ ဒီနေ့မြင်းနှစ်ကောင်တောင်ရလိမ့်မယ်"

ဟုပြောပြီး ဝါကျင့်ကျင့် သွားကြီးများပေါ်အောင် ရယ်မောလိုက်လေသည်။

ထိုအချိန်တွင် ကျန်းစုထင်းသည် သူတို့အနီးသို့ ရောက်လာပြီဖြစ်လေသည်။

ရုပ်ဖျက်ထားသူက...

"ကယ်ကြပါဦး"

ဟုဟစ်ကာ ဟစ်ကာအော်နေ၏။

လူသန်ကြီး ဒေါပွသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့..ဒီအဘိုးကြီးကို ဆုံးမလိုက်ကြစမ်း"

သူ၏လူများကို လှမ်းပြီးအမိန့်ပေးလိုက်လေသည်။

ထိုအခါ သူ၏တပည့်များသည် ညာသံပေးယင်း ပြေးဝင်လာကြ၏။

ကျန်းစုထင်းကလည်း အဘိုးအိုအဖြစ် ရုပ်ဖျက်ထားသူအကြောင်း မသိပါ။

အဘိုးအိုတစ်ယောက်အား ဝိုင်းပြီး ဒုက္ခပေးနေကြသည်ဟု ထင်မှတ်ကာ...

"ရပ်လိုက်စမ်း"

အော်ငေါက်ယင်း မြင်းပေါ်မှ ခုန်ထွက်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် လေထဲတွင် ကျွမ်းပစ်ယင်း မြားတစ်စင်းပမာ လူသန်ကြီး၏လူများထံသို့ တိုးဝင်သွားပြီး တိုက်ခိုက်လိုက်လေတော့သည်။

ကျန်းစုထင်း လက်နှစ်ဘက် လှုပ်ယမ်းကာ တိုက်ခိုက်လိုက်သည်နှင့်...

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာတော့သည်။

လူသန်ကြီး၏တပည့်များသည် ကျန်းစုထင်း၏တိုက်ခိုက်မှု



ကြောင့် လူတခြား လက်နက်တခြား အဝေးသို့လွင့်စဉ်သွားကြလေတော့သည်။

* * *

"ဟင်"

လူသန်ကြီး မျက်လုံးပြူးသွား၏။

ကျန်းစုထင်းမှာ ခေသူမဟုတ်သည်ကိုလည်း ရိပ်မိသွားလေသည်။

သို့သော်...

ကျန်းစုထင်းမှာ တစ်ယောက်တည်းဖြစ်ပြီး သူတို့က လူအင်အားများသဖြင့် အံတင်းတင်းကြိတ်ကာ ရှေ့သို့လှမ်းထွက်သွားပြီး...

"သေပေတော့"

အော်ငေါက်ယင်း တိုက်ခိုက်လိုက်လေသည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

လူသန်ကြီးက ရဲတင်းကြီးဖြင့် တိုက်ခိုက်လိုက်သော်လည်း သူက ကြောက်ရွံ့ထိတ်လန့်မှု အလျဉ်းမဖြစ်ပါချေ။

လူသန်ကြီး၏ တိုက်ခိုက်မှုတွင် ဟာကွက်များစွာ ဖြစ်ပေါ်နေသည်ကို သိုင်းသမားပီပီ တွေ့မြင်ထားသည် မဟုတ်ပါလား။

လူသန်ကြီး ပြေးဝင်လာသည်နှင့် ခေါင်းငုံ့ကာ ရှေ့တိုးဝင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ထို့နောက် လူသန်ကြီး ဝင်လာသည့်အရှိန်ကိုပင် အသုံးချကာ ပခုံးပေါ်ထမ်းပြီး ကိုင်ပေါက်ပစ်လိုက်လေသည်။

လူသန်ကြီးမှာ ရဲတင်းကြီးဖြင့် ဝှေ့ယမ်းတိုက်ခိုက်သော်လည်း ကျန်းစုထင်း၏ အကျိုးစံကိုပင် ထိအောင်တိုက်ခိုက်နိုင်ခြင်းမရှိချေ။

ကျန်းစုထင်းက ကိုင်ပေါက်လိုက်လျှင်...

"ဝုန်း"

ခြေကားရားလက်ကားရားဖြင့် မြေပေါ်ပြုတ်ကျသွားရလေသည်။

"ဟာ"

သူ၏တပည့်များ အထိတ်တလန့်အော်ဟစ်လိုက်ကြလေသည်။

ကျန်းစုထင်းက လူသန်ကြီးအား လှည့်ကြည့်လိုက်၏။

လူသန်ကြီးက မြေပေါ်မှလူးလိမ့် ထလာ၏။

သူ၏မျက်နှာ နီရဲနေပေတော့သည်။

"ခွေးကောင်လေး မင်းက သိုင်းပညာတတ်တယ်ပေါ့ ဟုတ်လား၊ သေပေတော့"

အော်ငေါက်ယင်း ထပ်မံပြေးဝင်တိုက်ခိုက်လိုက်ပြန်သည်။

ကျန်းစုထင်း ပခုံးတွန့်လိုက်သည်။

လူသန်ကြီး အနီးသို့ရောက်မလာမီ အပေါ်ခုန်တက်ကာ



ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

"ဝုန်း"

ခြေထောက်ကန်ချက်မှာ လူသန်ကြီး၏ ရင်ဝသို့ ထိမှန်သွားလေသည်။

လူသန်ကြီးမှာ အီးခနဲ ညည်းညူယင်း မြေပေါ်ဖင်ထိုင်ကျသွားရသည်။

ကျန်းစုထင်းမှာ ဆက်၍တိုက်ခိုက်ခြင်း မပြုတော့ဘဲ လက်နှစ်ဘက် နောက်ပစ်ကာ ရပ်နေလိုက်သည်။

လူသန်ကြီး၏တပည့်များသည်လည်း လက်နက်ကိုယ်စီကိုင်ဆောင်ထားကြပြီး ကျန်းစုထင်းအား ဝင်ရောက် တိုက်ခိုက်ခြင်း မပြုဝံ့ဘဲ ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်နေကြလေသည်။

ကျန်းစုထင်းက...

"ခင်ဗျားတို့ ထွက်သွားကြယင် ကောင်းမယ်"

ဟုပြောလိုက်၏။

လူသန်ကြီး မြေပေါ်မှလူးလိမ့် ထလိုက်သည်။

ကျန်းစုထင်းကို မကျေမနပ်ကြည့်ကာ...

"သတ္တိရှိယင် မင်းနာမည်ပြောစမ်း"

ဟုမေးလိုက်လေသည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

"ကျုပ်နာမည် ကျန်းစုထင်းလို့ခေါ်တယ်၊ ခင်ဗျား သေသေချာချာ မှတ်ထားပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ တို့ တစ်နေ့ ပြန်တွေ့ကြသေးတာပေါ့"

လူသန်ကြီးက ခြိမ်းခြောက်ပြောဆိုပြီး ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

တောအုပ်ထဲ ပြေးဝင်သွားကြပြီး တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

* * *

လူသန်ကြီးတို့လူစု ထွက်ပြေးသွားကြပြီ ဖြစ်သည်။

ထိုအခါမှ ကျန်းစုထင်းက အဘိုးအိုအဖြစ် ရုပ်ဖျက်ထားသူဘက် လှည့်လိုက်လေသည်။

ရုပ်ဖျက်ထားသူသည် ကျန်းစုထင်းအား မမှိတ်မသုန် စိုက်ကြည့်နေ၏။

ကျန်းစုထင်းမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် သိုင်းပညာတော်သူဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ကျန်းစုထင်းအား အထူးသတိထားဆက်ဆံရမည်ဟုလည်း ကိုယ့်ကိုကိုယ် သတိပေးလိုက်လေသည်။

ကျန်းစုထင်းက သူ့အား ပြုံးပြနေသည်ကိုမြင်လျှင်...

"ကျေးဇူးတင်လိုက်တာ မိတ်ဆွေလေးရယ်၊ မိတ်ဆွေလေးရဲ့ကျေးဇူး ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး၊ မိတ်ဆွေလေး ရောက်လာလို့ပေ့ါ၊ နို့မဟုတ်ယင် လူဆိုးတွေရဲ့လက်ချက်နဲ့ ကျုပ်ဒုက္ခ



ရောက်ရတော့မှာပဲ"

ဟု ပြောလိုက်လေသည်။

ကျန်းစုထင်း လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူးခင်ဗျား၊ ကျွန်တော်က မတရားတာကို လက်ပိုက်ကြည့်မနေနိုင်လို့ပါ၊ ဒါထက် ဦးက ဘယ်ကိုသွားမှာလဲ"

ဟုပြန်မေးလေသည်။

အမှန်တော့ လူပြတ်လှသည့် လမ်းခရီးတွင် တစ်ယောက်တည်း ခရီးသွားသည်မှာ အန္တရာယ်များလှပေသည်။

ကူညီနိုင်ရန် မေးလိုက်ခြင်းဖြစ်သည်။

ရုပ်ဖျက်ထားသူ တွေဝေသွားသည်။

အမှန်တော့ မည်သည့်နေရာသွားရမည် ဆိုသည်ကို သူကိုယ်တိုင် ဝေခွဲမရပါချေ။

အန္တရာယ်နှင့်ကင်းသည့်နေရာတစ်ခုသို့ ရောက်သည်အထိ သူက ပြေးရဦးမည် ဖြစ်သည်။

"ဦးက ဘယ်ကိုသွားမလို့လဲ"

ကျန်းစုထင်းက ထပ်မေးလေသည်။

ရုပ်ဖျက်ထားသူ မနေနိုင်တော့ဘဲ..

"ကျုပ်က သုံးရာသီမြို့တော်ကို သွားမလို့ပါ"

ဟုပြောလိုက်၏။

သူက တာလီနယ်သို့သွားမည်ဆိုလျှင် သုံးရာသီမြို့တော်အား ဖြတ်ကျော်သွားရမည်ဖြစ်ကြောင်း သိထား၏။

www.burmeseclassic.com

www.burmeseclassic.com



သုံးရာသီမြို့မှ နောက်ထပ်မိုင်ငါးဆယ်ခန့်ဆက်သွားပြီး အရှေ့မြောက်ဘက်သို့ နောက်ထပ် မိုင်တစ်ရာခန့် ဆက်သွားလျှင် သဲကန္တာရသို့ ရောက်ရှိသွားမည်ဖြစ်၏။

သဲကန္တာရသို့ ဖြတ်ကျော်ပြီးနောက် မွန်ဂိုဒေသသို့ ရောက်လျှင် မည်သူမျှ သူ့အားနောက်ယှက်ကြတော့မည် မဟုတ်ပါချေ။

ကျန်းစုထင်း ဝမ်းသာသွားသည်။

"အတော်ပဲ ကျွန်တော်လည်း သုံးရာသီမြို့တော်ကိုသွားမလို့၊ ကျွန်တော်တို့ အတူတူသွားကြတာပေါ့၊ လမ်းခရီးမှာ လူဆိုးဓားပြတွေနဲ့ တွေ့ရမှာလည်း မပူနဲ့၊ ကျွန်တော် တစ်ယောက်လုံးရှိနေပြီပဲ"

ဟု ပြောလိုက်လေသည်။

ရုပ်ဖျက်ထားသူ ငိုင်သွား၏။

ကျန်းစုထင်းနှင့် လမ်းခရီးကြုံနေရမည်ဟု မထင်မိပါချေ။

ကျန်းစုထင်းက အတူသွားရန် ပြောလာသည့်အခါ ငြင်းပယ်ရန် အခက်ကြုံသွားရလေသည်။

ငြင်းလိုက်မည်ဆိုလျှင် ကျန်းစုထင်း သံသယဝင်လာမည်ဖြစ်သည်။

လူဆိုးဓားပြများလက်ထဲမှ ကယ်တင်ခဲ့သူနှင့် ခရီးအတူမသွားလိုခြင်းမှာ မည်သို့မျှ အဓိပ္ပါယ်ရှိနိုင်တော့မည် မဟုတ်ပါချေ။

ရုပ်ဖျက်ထားသူ မတတ်သာတော့ဘဲ အတူသွားရန် ဆုံးဖြတ်လိုက်၏။



မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားအောင် ဖန်တီးလိုက်ပြီး...

"ဟာ...သိပ်ကောင်းတာပေါ့၊ မိတ်ဆွေလေးနဲ့အတူ ခရီးသွားရမှာ ကံကောင်းတာပဲ၊ လမ်းခရီးမှာ ဘာမှပူပင်စရာ မလိုတော့ဘူးပေါ့"

ဟုပြောလိုက်၏။

ကျန်းစုထင်းက ရုပ်ဖျက်ထားသူအား ဂါရဝပြုလိုက်ပြီး...

"ကျွန်တော့်နာမည် ကျန်းစုထင်းပါ၊ ဦးနာမည် ဘယ်လိုခေါ်ပါသလဲ"

ဟုမေးလိုက်သည်။

ရုပ်ဖျက်ထားသူက အနည်းငယ် စဉ်းစားလိုက်ပြီးမှပြောလိုက်သည်။

"ကျုပ်နာမည် လုကြုံးလို့ခေါ်ပါတယ်"

ကျန်းစုထင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။

သူက လုကြုံးစိမ်းအား လိုက်လံရှာဖွေနေသည် မဟုတ်ပါလား။

ရုပ်ဖျက်ထားသော လုကြုံးက...

"ကဲ...ကျုပ်တို့သွားကြယင်ကောင်းမယ်၊ ဒါမှ မိုးမချုပ်ခင် လမ်းခရီးမှာ နားခိုဖို့ရွာလေးဘာလေး တွေ့မှာ"

ကျန်းစုထင်း သဘောတူလိုက်သည်။

"ကောင်းပြီလေ၊ သွားကြတာပေါ့"

သူက မြင်းပေါ်တက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လူကြုံးနှင့်အတူ မြင်းကိုယှဉ်တွဲကာ မောင်းနှင်သွားလေသည်

လူကြုံးသည် ကျန်းစုထင်း၏လှုပ်ရှားမှုကို မျက်ခြည်မပြတ် အကဲခတ်နေသည်။

ကျန်းစုထင်းသည် အသက်ငယ်သော်လည်း သိုင်းပညာဩဇာတန်းအဆင့်ရောက်နေပြီဖြစ်ကြောင်း ကောက်ချက်ချမိ၏။

ကျန်းစုထင်းအား သတိထားရမည်ဟုလည်း ကိုယ့်ကိုကိုယ် သတိပေးနေမိလေတော့သည်။

* * *

## မြွေပွေးခါးပိုက်ပိုက်

နေဝန်းနီမှာ အနောက်ဘက်သို့ တိမ်းစောင်းသွားပြီ ဖြစ်သည်။

နီထွေးထွေး အလင်းတန်းများ ကမ္ဘာမြေပေါ်မှ တဖြည်းဖြည်း နောက်ဆုတ်သွားပြီဖြစ်သည်။

နက်ရှိုင်းလှသော အမှောင်ထု၏ရှေ့တော်ပြေး ပါးလွှာသော အမှောင်ထုသည် ချဉ်းကပ်လာသည်။

ကောင်းကင်ပေါ်တွင် အိပ်တန်းပြန်ငှက်များကို တွေ့ရ၏။

စိမ်းလန်းသော သစ်ပင် တောအုပ်များ ဖုံးလွှမ်းနေ၏။

ညနေခင်း ဆည်းဆာအချိန်တွင် ဝန်းကျင်တစ်ခုလုံး သာယာ လှပနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းနှင့် လုကြီးတို့သည် မြင်းကိုယ်စီယှဉ်တွဲစီးနှင်းလာကြလေသည်။

ကျန်းစုထင်းက...

"ဦး..ဟိုမှာ ကြည့်လိုက်စမ်းပါ"

အဝေးတစ်နေရာဆီသို့ ညွှန်ပြယင်း ပြောလိုက်၏။

လုကြီးက လှမ်းကြည့်လိုက်သည်။

ထိုအခါ....

တောအုပ်များကြားတွင် မီးခိုးငွေ့များ ထွက်ပေါ်လာသည့် ရွာကလေးတစ်ရွာ ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ရွာကလေး တစ်ရွာပဲ"

လုကြီးက ပြောလိုက်သည်။

ကျန်းစုထင်းက...

"အဲဒီရွာကလေးမှာ ကျွန်တော်တို့ တစ်ညနားလို့ရယင် ကောင်းမယ်"

ဟုပြောလိုက်သည်။

လုကြီး သဘောတူလိုက်လေသည်။

"ဟုတ်တယ်၊ ညဘက် ခရီးသွားတာ ပိုပြီးအန္တရာယ်များတယ်၊ အဲဒီရွာကလေးကို အရောက်သွားပြီး နားကြတာပေါ့"

"ဒါဖြင့် သွားကြစို့"

သူတို့နှစ်ယောက် မြင်းကို ခပ်သွက်သွက်ကလေး နှင်လိုက်လေသည်။



တစ်နေ့လုံး ခရီးပြင်းနှင်လာခဲ့ကြရသော်လည်း မောပန်းနွမ်းနယ်ခြင်းမရှိသည့် လုကြီးကိုကြည့်ကာ ကျန်းစုထင်း အံ့ဩမိလေသည်။

လုကြီးသည် အဘိုးအိုတစ်ယောက်ဖြစ်သည့်တိုင် လူငယ်လူရွယ်တစ်ယောက်ပမာ သန်စွမ်းလှသည် မဟုတ်ပါလား။

လုကြီးနှင့်ပတ်သက်ပြီး ကြာကြာ စဉ်းစားမနေအားပါချေ။

အကြောင်းမှာ မြင်းဒုန်းစိုင်းနှင်လာယင်း ရွာကလေးအနီးသို့ ရောက်ရှိလာခြင်းကြောင့် ဖြစ်ပေသည်။

ရွာအနီးသို့ရောက်လျှင် လူရိပ်လူခြည် မတွေ့ရဘဲ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေသည်ကို အံ့ဩဖွယ်တွေ့ရ၏။

လူသူစွန့်ခွာသွားသည့် ရွာပျက်ကြီးဖြစ်ဟန်တူသည်။

ရွာအနီးသို့ရောက်သောအခါ မှောင်ရီပျိုးနေပြီဖြစ်သည်။

ကျန်းစုထင်းက...

"ဦး ရွာအပြင်မှာ စောင့်နေခဲ့ပါ၊ ကျွန်တော်ရွာထဲဝင်ပြီး အခြေအနေ ကြည့်လိုက်ဦးမယ်"

ဟု ပြောလိုက်လေသည်

လုကြီး ဝမ်းသာသွားသည်။

"ကောင်းပါပြီ..သွားပါ"

ဟု ခပ်သွက်သွက် ပြောလိုက်လေသည်။

ကျန်းစုထင်း ထွက်သွားလျှင် သူက တိတ်တဆိတ် ထွက်သွားနိုင်သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းက…

“ကဲ ကျွန်တော် သွားမယ်၊ သတိဝီရိယနဲ့နေပါ”

ပြောပြီး မြင်းကို ရွာထဲသို့ မောင်းဝင်သွားလေသည်။

“ခွပ်ခွပ်…ခွပ်ခွပ်”

မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

ကျန်းစုထင်းကား ရွာထဲ ဝင်သွားပြီဖြစ်သည်။

လုကြုံးက…

“သွားပေတော့”

တီးတိုး ရေရွတ်ပြီး မြင်းကိုဆွဲလှည့်လိုက်၏။

ရုတ်တရက် သူ၏ဝမ်းဗိုက်ဆာလောင်နေပြီး နှစ်ရက်တိုင်တိုင် စားသောက်ခြင်းမပြုခဲ့ရသည်ကို သတိရလာလေသည်။

သုံးရာသီမြို့တော်သို့ မရောက်မီ ရွာကလေးတစ်ရွာကို တွေ့ရမည်ဖြစ်ပြီး ထိုရွာကလေးမှတဆင့် သုံးရာသီမြို့သို့ရောက်သည်အထိ နောက်ထပ်နားခိုစရာနေရာ မရှိတော့ကြောင်း စုံစမ်းသိရှိခဲ့ရလေသည်။

သုံးရာသီမြို့တော်သို့ ရောက်သည်အထိ သူက အစာငတ်ရေငတ်ခံနိုင်ပါဦးမည်လော။

ကျန်းစုထင်းသည် စိတ်သဘောထားဖြူစင်ပြီး သူတပါးကိုကူညီလိုသူဖြစ်ပေသည်။

သူ့အား ဒုက္ခပေးမည် မထင်ပါ။

ထို့ကြောင့် ထွက်သွားခြင်းထက် ကျန်းစုထင်းအား စောင့်



ဆိုင်းနေခြင်းက ပိုကောင်းမည်ဟု တွေးမိလာသည်။

သူက ထွက်မသွားတော့ဘဲ ကျန်းစုထင်း ပြန်လာမည့်အချိန်ကို စောင့်နေလိုက်၏။

မကြာပါချေ။

ကျန်းစုထင်း ပြန်လည် ရောက်ရှိလာလေတော့သည်။

* * *

ရွာကလေး၌ မှီတင်းနေထိုင်ကြသည့် ရွာသူရွာသားများ ရှိနေကြပါ၏။

တာလိနယ်စား၏တပ်ဖွဲ့နှင့် နန်းတွင်းမှတပ်ဖွဲ့များ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားနေသည်ကို ရွာသူရွာသားများ သိထားကြပါသည်။

ဒုက္ခသည်များ၊ တပ်ပျက်ပြီး ပြေးလာသူများ၊ သူခိုးဓားပြများ မကြာခဏ ရောက်လာတတ်ကြသည် မဟုတ်ပါလား။

ထို့ကြောင့် မိုးချုပ်လျှင် တံခါးပိတ်ကာ အိမ်ထဲမှမထွက်ဘဲနေကြသဖြင့် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေလေတော့သည်။

ကျန်းစုထင်းသည် ရွာထဲဝင်သွားပြီး မကြာမီ ရွာအလယ်၌ မီးရောင်ထွက်ပေါ်နေသည့် အိမ်တစ်လုံးကို အမှတ်မထင် တွေ့မြင်သွား၏။

သွား၍စုံစမ်းရာ ဝေဒနာသည် ခင်ပွန်းသည်အတွက် ဆေး

www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ပေးနေသည့် အမျိုးသမီးကြီးတစ်ယောက်နှင့် တွေ့ရလေသည်။

ကျန်းစုထင်းက သူတို့အား တစ်ညတာ တည်းခိုခွင့်ပြုပါရန် တောင်းပန်ခဲ့သည်။

ကျန်းစုထင်းမှာ လူကောင်းတစ်ယောက် ဖြစ်ကြောင်း ရိပ်မိသွားသဖြင့် အမျိုးသမီးကြီးက ခွင့်ပြုလိုက်လေသည်။

ကျန်းစုထင်းက ချက်ချင်းပင် လုကြိုးအား ပြန်ခေါ်ခဲ့လေသည်။

ယခု...

သူတို့နှစ်ယောက်စလုံး အိမ်ကလေးထဲသို့ ရောက်နေကြပြီဖြစ်သည်။

ကျန်းစုထင်းက သူ့မှာပါလာသည့် ဆေးဝါးအချို့ကို ဝေဒနာသည်အတွက် ပေးလိုက်သည်။

အမျိုးသမီးကြီး သုံးစွဲရန်လည်း ငွေအနည်းငယ် ပေးလိုက်လေသည်။

အမျိုးသမီးကြီးသည် သူတို့ အစားအစာ မစားရသေးသည်ကို ရိပ်မိသဖြင့် ရွာထဲထွက်ကာ စားစရာရှာဖွေယူလာခဲ့သည်။

သူတို့အတွက် စားသောက်စရာနှင့် အိပ်ရာများ ပြုပြင်ပေးပြီးလျှင် ဝေဒနာသည် ခင်ပွန်းသည်အား ပြုစုရန် အတွင်းဘက် အခန်းတစ်ခုသို့ ဝင်သွားပြီး ပြန်ထွက်မလာတော့ချေ။

ကျန်းစုထင်းတို့လည်း အိမ်ရှေ့တွင် အေးအေးဆေးဆေး နေနိုင်ကြလေတော့သည်။



သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်ကာ ထိုင်နေကြ၏။

သူတို့ရှေ့တွင် အသီးအရွက်ကြော်၊ ပဲပြား၊ ပေါက်စီ၊ အမဲခြောက်ကင်နှင့် အရက်တစ်အိုးရှိနေသည်။

ကျန်းစုထင်းက လုကြိုးအား ပြုံးပြလိုက်ပြီး...

"ကျွန်တော်တို့ ကံကောင်းတာပဲနော်"

ဟုပြောလိုက်လေသည်။

လုကြိုး ရယ်မောလိုက်သည်။

"မှန်တာပေါ့ကွာ ဒီလို ပျက်စီးယိုယွင်းနေတဲ့ ကာလိနယ်မှာ အခုလိုတည်းခိုခွင့်ရတာ အင်မတန် ကံကောင်းလို့ပေါ့၊ နို့မဟုတ်ယင် လမ်းဘေးတစ်နေရာရာမှာ အိပ်ရမှာ သေချာတယ်"

"ကဲ..စားလိုက်ပါဦး"

သူတို့နှစ်ယောက် ခပ်သွက်သွက် စားသောက်လိုက်ကြလေသည်။

ခရီးပန်းနေကြပြီး ဆာလောင်နေကြသဖြင့် စားသောက်ဖွယ်ရာများမှာ တခဏအတွင်းပင် တက်တက်စင် ပြောင်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လုကြီးက သူ့ထက်ပင်စားနိုင်သေးသည်ကို တွေ့ရသော အခါ ကျန်းစုထင်း အံ့သြရပြန်လေသည်

“သူဟာ လူငယ်လိုပါပဲလား”

ဟု တွေးမိ၏။

သူက ငေးကြည့်နေသည်ကို တွေ့ရသောအခါ လုကြီးက ပြုံးပြယင်း...

“ကျုပ် ထမင်းမစားရတာ နှစ်ရက်ရှိပြီကွ”

ဟုပြောလိုက်လေသည်။

ထိုစကားကြားလျှင် ကျန်းစုထင်း စိတ်မကောင်းဖြစ်သွား လေသည်။

လုကြီးအပေါ် အထင်လွဲမိသည်ကိုလည်း တွေးမိသည်။

လုကြီးက...

“ကျုပ်က နယ်လှည့်ပြီး ကုန်ပစ္စည်းတွေ ရောင်းဝယ်တယ် လေ၊ တာလိနယ်စားက ပုန်ကန်တဲ့အချိန် ကျုပ်ဟာ နန်းတွင်းမှာ ရောက်နေခဲ့တယ်၊ ကျုပ်ရဲ့မိသားစုဟာ တာလိနယ်မှာ ကျန်ရစ်ခဲ့ကြ တယ်၊ ကျုပ်က သူတို့ကိုတွေ့ချင်ပေမယ့် ဘယ်လိုမှ ပြန်လို့မရနိုင် ခဲ့ဘူး၊ အခု တာလိနယ်စားရဲ့တပ်ဖွဲ့တွေ ဖရိုဖရဲထွက်ပြေးကုန်တော့ မှပဲ ကျုပ်က ပြန်လာနိုင်ခဲ့တာ”

ကျန်းစုထင်းက ပို၍စိတ်မကောင်းဖြစ်သွား၏။

လုကြီးက ညည်းညူလိုက်သည်။

“အိမ်ရောက်လို့ ကျုပ်ရဲ့မိသားစုကို တွေ့မှတွေ့ရမလားဘဲ”



“ဦးရဲ့အိမ်က ဘယ်မှာလဲဟင်”

“သုံးရာသီမြို့ရဲ့ တောင်ဘက်က ရွာလေးတစ်ရွာမှာပါ”

“အင်း..ဒုက္ခရောက်ရတဲ့လူတွေ မနည်းလှပါဘူး၊ ဘာမှအား ငယ်ပါနဲ့ဦးရယ်၊ ဦးရဲ့မိသားစုနဲ့ ပြန်တွေ့ရမှာပါ”

လုကြီးက ဝမ်းနည်းချင်ဟန်ဆောင်ကာ...

“မင်းပြောသလို ဖြစ်ပါစေလို့ ဆုတောင်းရမှာပါပဲလေ”

“တွေ့ရမှာပေါ့ခင်ဗျာ”

လုကြီးသည် သူပြောသည့်စကားများကို အဟုတ်မှတ်ကာ အားပေးနှစ်သိမ့်နေသည့် ကျန်းစုထင်းကိုကြည့်ပြီး ရယ်ချင်လာ သည်။

သို့သော် မရယ်ဝံ့ချေ။

ကျန်းစုထင်းကိုကြည့်ယင်း..

“မင်းက ကျုပ်ကို ကူညီခဲ့တယ်ဆိုတာ ကျုပ်ရဲ့မိသားစုနဲ့ တွေ့ယင် ပြန်ပြီးပြောပြပါ့မယ်၊ ဒါထက် မင်းကကော ဘယ်ကလာ သို့ ဘယ်ကိုသွားမလိုပဲ၊ ပြောစမ်းပါဦး”

ဟုမေးလိုက်၏။

ကျန်းစုထင်းထံမှ စကားနှုက်လိုက်ခြင်း ဖြစ်ပေတော့သည်။

ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

“အမှန်အတိုင်း ပြောရမယ်ဆိုယင်တော့ လူဆိုးတစ် ယောက်ကိုရှာဖို့ တာလိနယ်ကို ထွက်လာခဲ့တာပါပဲ”

“ဟေ..လူဆိုးတစ်ယောက်ကို ရှာဖို့ ဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

လုကြိုးက ကြောက်ရွံ့ထိတ်လန့်သွားဟန်ဖြင့်…

"မင်း…မင်း မကြောက်ဘူးလား"

ဟု မေးလေသည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

ဦးခေါင်း သွက်သွက်ခါယမ်းပြီး…

"မကြောက်ပါဘူး၊ လူဆိုးတွေကို လိုက်ဖမ်းတာဟာ ကျွန်တော့်အလုပ်ပဲ"

"ဟေ မင်းအလုပ်ကလည်း ထူးဆန်းလှချည်လား"

ကျန်းစုထင်းက ရယ်မောလိုက်လေသည်။

"ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေကြတဲ့ လူဆိုးတွေ အများကြီးရှိနေတယ်လေ၊ သူတို့ကို ဖမ်းမိနိုင်အောင် ယူးနယ်စားက ဆုငွေထုတ်ထားတယ်၊ လူဆိုးတွေ ဖမ်းပေးသင် ဆုငွေထိုက်ထိုက်တန်တန်ပေးတယ်"

လုကြိုးတစ်ကိုယ်လုံး တောင့်တင်းသွား၏။

မနုဿမှဆိုးတစ်ယောက်နှင့် တွေ့ရပြီဖြစ်ကြောင်း ချက်ချင်းနားလည်လိုက်လေသည်။

သူ၏လက်များသည် တိုက်ခိုက်ရန် အသင့်အနေအထား ဖြစ်သွား၏။

ကျန်းစုထင်းက သူ့အား ဂရုမစိုက်မိဘဲ ဆက်၍ပြောနေလေသည်။



"ကျွန်တော်က ဆုငွေထုတ်ထားတဲ့ လူဆိုးတွေကို လိုက်ဖမ်းတယ်၊ ပြီးတော့ ဆုငွေ ထုတ်ယူတယ်လေ"

လုကြိုးက…

"မင်းရဲ့အလုပ်က မြွေဖမ်းတဲ့လူနဲ့တူနေပြီ၊ အတော့်ကို အန္တရာယ်များတာပဲကွ"

ကျန်းစုထင်း ပြုံးလိုက်သည်။

"အန္တရာယ်များပေမယ့် ပျော်စရာကောင်းပါတယ်"

"မင်းက ပျော်တယ် ဟုတ်လား"

ကျန်းစုထင်း ဘာမှမပြောတော့ဘဲ ပြုံးနေ၏။

လုကြိုး ခေါင်းယမ်းလိုက်သည်။

"မလွယ်ပါဘူးကွာ၊ ငါနဲ့လိုက်ပြီး စျေးရောင်းပါလား"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ မလုပ်ပါရစေနဲ့"

ကျန်းစုထင်းက ကပျာကယာ လက်ကာပြယင်းပြော၏။

လုကြိုးက မသိမသာ စကားနှိုက်လိုက်ပြန်သည်။

"နေပါဦး မင်းက တာလိနယ်ကိုလာတာ ဘယ်သူ့ကြောင့်လဲ"

ကျန်းစုထင်းက…

"လူဆိုးကြီးတစ်ယောက်ပါ၊ အတော်ဉာဏ်များတယ်၊ ကြောက်စရာကောင်းတယ်၊ သူ့နောက်ကို လိုက်ယင်း နောက်ထပ်အိန္ဒြတစ်ခုလည်း ဆောင်ရွက်ဖို့လည်း ရှိပါသေးတယ်"

"မင်းရှင်းပြမှပဲ ရှုပ်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



လုကြိုးက နားမလည်နိုင်ဟန်ဖြင့် ပြော၏။

ကျွန်းစုထင်းက...

"ဂူနယ်စားက လူဆိုးဖမ်းမိတဲ့လူကို ဆုငွေပေးဖို့ ရတနာတွေ သိမ်းဆည်းထားတယ်၊ ဒါကို လူဆိုးတွေက လုယက်သွားတယ်၊ အဲဒီလူတွေလည်း တာလိနယ်ကို ပြေးလာကြတယ်၊ ဒါကြောင့် ကျွန်တော် တာလိနယ်ကို ရောက်လာတာပါ"

"မင်းအလုပ်က တယ်ရှုပ်ပါလား၊ နေစမ်းပါဦး၊ မင်းပြောတဲ့ ဉာဏ်များတဲ့လူဆိုးကြီးက ဘယ်သူလဲ"

"သူ့နာမည်က လုကြိုးစိမ်းလို့ခေါ်တယ်၊ ဦးကြားဖူးသလား"

လုကြိုး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ကပျာကယာ လက်ကာပြလိုက်၏။

"ကျုပ်...ကျုပ် တစ်ခါမှ မကြားဖူးပါဘူးကွာ"

ဟုပြောလိုက်၏။

ကျွန်းစုထင်းက...

"ကျွန်တော် ပြောပြနေတာတွေကြောင့် ဦးလည်း စိတ်ရှုပ်သွားပြီထင်တယ်၊ ကဲ ညဉ့်လည်းနက်ပြီ အိပ်ကြယင်ကောင်းမယ်ထင်တယ်"

လုကြိုး ခေါင်းညိတ်လိုက်သည်။

"ကောင်းတာပေါ့ကွာ"

သူတို့သည် အမျိုးသမီး ပြင်ဆင်ပေးထားသည် အိပ်ရာထက်တွင် လဲလျောင်းလိုက်ကြသည်။



မကြာမီ ကျွန်းစုထင်း အိပ်ပျော်သွား၏။

လုကြိုးကား တစ်ညလုံး တလူးလူးတလွန့်လွန့်ဖြင့် အိပ်စက်ရနိုင်ဘဲ မိုးလင်းကာနီးမှ အိပ်ပျော်သွားလေတော့သည်။

* * *

ယန်ကွမ်း၏မျက်နှာ တင်းမာနေ၏။

သုံးရက်ဟူသောအချိန်အတွင်း ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်တင်းမာသွားခြင်း ဖြစ်ပေသည်။

အထူးတပ်ဖွဲ့နှစ်ရာကျော်ကို ငှက်ဝါမြို့တပိုက် ဖြန့်ကာ ရှာဖွေခိုင်းခဲ့သည်။

သို့သော် မုဝမ်းတို့၏ အရိပ်အယောင်ပင် မတွေ့ရချေ။

မုဝမ်းတို့ထွက်သွားပြီး မကြာခင် သူက ငှက်ဝါမြို့သို့ရောက်ရှိလာခြင်း ဖြစ်ပေသည်။

ထို့ကြောင့် မုဝမ်းသည် ဝေးဝေးပြေးနိုင်မည်မဟုတ်ကြောင်း နားလည်ထား၏။

ရတနာသေတ္တာများ တင်ဆောင်ထားသည့် မြင်းလှည်းနှင့် ခရီးနှင်လျှင် ထင်သလောက် ခရီးပေါက်မည် မဟုတ်ပါ။

ဇရှ ခရီးမဆက်ဘဲ ပုန်းအောင်းနေမည်ဆိုပါလျှင် သူတို့ရှာ၍တွေ့ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကွမ်း မြင်းပေါ်၌ထိုင်ယင်း အဝေးဆီသို့ မျှော်ကြည့်နေ၏။

ရွှေဓားအဖွဲ့ဝင် ငါးဆယ်သည် သူ၏အနောက်ဘက်တွင် မြင်းကိုယ်စီဖြင့် ငြိမ်သက်စွာ ရှိနေကြ၏။

ထိုစဉ်...

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာ၏။

မြင်းတစ်ကောင် ဒုန်းစိုင်းနှင်လာသည်ကို တွေ့ရ၏။

မြင်းစီးလာသူမှာ ယန်ကွမ်း၏တပည့်တစ်ယောက်ဖြစ်၏။

ထိုလူသည် အနီးသို့ရောက်လျှင် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး....

"ရတနာသတ္တာတွေ တင်ထားတဲ့မြင်းလှည်းကို တွေ့ထားပါပြီ"

ဟု အစီရင်ခံလိုက်လေတော့သည်။

* * *



ခြေရာ

နေခြည်ဖြာကျနေသည်။

အဝေးတွင် စိမ်းလန်းသော တောအုပ်များကိုတွေ့မြင်နေရသည်။

တောအုပ်များတစ်ဘက်တွင် မှိုင်းညို့ညို့ တောင်စဉ်တောင်တန်းများ ရှိနေလေသည်။

ယန်ကွမ်း အဝေးသို့ လှမ်းမျှော်ကြည့်လိုက်ပြီး မြင်းပေါ်မှ ဆင်းလိုက်သည်။

သူနှင့်အတူ လိုက်ပါလာသည့် ရွှေဓားတပ်ဖွဲ့ဝင်များသည် မြင်းပေါ်မှမဆင်းဘဲ နေကြ၏။

ယန်ကွမ်း အမိန့်မပေးလျှင် သူတို့ ဘာဆိုဘာမျှပြုလုပ်ကြလိမ့်မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကွမ်းကိုယ်ပိုင် ယန္တရားရုပ်များဟု ဆိုနိုင်လေသည်။

ရွှေဓားတပ်ဖွဲ့ဝင် နှစ်ရာကျော်ရှိသော်လည်း ယန်ကွမ်းက အားလုံးကို ယုံကြည်စိတ်ချသည် မဟုတ်ပါ။

ရွှေဓားတပ်ဖွဲ့ဝင်များအနက် သူယုံကြည်စိတ်ချရသော လူဆယ်ယောက်ကို ရွေးထုတ်ကာ သူ၏သက်တော်စောင့်အဖြစ် ခန့်အပ်ထား၏။

ထိုလူဆယ်ယောက်သည်လည်း ယန်ကွမ်း ယုံကြည်စိတ်ချလောက်အောင်ပင် သစ္စာရှိကြသူများ ဖြစ်ကြလေသည်။

ယန်ကွမ်း မြင်းပေါ်မှဆင်းလိုက်သည်နှင့် ကြိုတင်ရောက်ရှိနေကြသည့် ရွှေဓားတပ်ဖွဲ့ဝင်များက ဆီးကြိုလိုက်ကြ၏။

ယန်ကွမ်းက…

"မင်းတို့ မြင်းလှည်းကို တွေ့ပြီဆို"

ဟုမေးလိုက်လေသည်။

သူ၏အသံမှာ ထုံစံအတိုင်း ခက်ထန်တင်းမာနေ၏။

ရှေ့ပြေးရောက်ရှိနေသည့် ရွှေဓားတပ်ဖွဲ့ဝင်များ၏ခေါင်းဆောင်ငယ်က ရှေ့တိုးလာသည်။

ယန်ကွမ်းအား အရိုအသေပေးလိုက်ပြီး…

"တွေ့ထားပါပြီ၊ သူတို့ဟာ တောင်ကုန်းပေါ်မှာ အရှိန်နဲ့ မောင်းသွားပုံရပါတယ်၊ ဟာခုရှေ့က ကွေ့မှာ တိမ်းမှောက်ပြီးချောက်ထဲကျနေပါတယ်"

ဟူ၍ သူ၏ထင်မြင်ယူဆချက်ကိုပါ ထည့်သွင်းပြောပြလေ



သည်။ ယန်ကွမ်း သဘောမကျဘဲ ဖြစ်သွားသည်။

ထိုလူကို တစ်ချက်ကြည့်လိုက်ပြီးမှ ရှေ့သို့ခပ်သွက်သွက် လျှောက်သွားလေသည်။

ရှေ့မလှမ်းမကမ်းတွင် ချောက်ကမ်းပါးကြီး ရှိနေပေသည်။

တောင်နံရံကို ကွေ့ပတ်ကာ ဖောက်လုပ်ထားသည့်လမ်းဖြစ်လေရာ သတိထားနိုင်မှ တန်ရာကျပေမည်။

သတိမထားဘဲ မဆင်မခြင် ခရီးနှင်မည်ဆိုလျှင် တောင်အောက်သို့ ကျသွားမည့် အန္တရာယ်ရှိနေ၏။

မုဝမ်းတို့လူစုသည် ငှက်ဝါမြို့မှ ထွက်လာပြီးနောက် ခရီးဖြင်းနှင်ခဲ့ကြဟန်ရှိသည်။

တာလီနယ်သို့ အမြန်ဆုံးရောက်နိုင်အောင် တောင်တန်းပေါ်မှဖြတ်လာကြခြင်း ဖြစ်ပေလိမ့်မည်။

မဆင်မခြင် ခရီးနှင်သွားကြလေရာ တောင်စောင်းအကွေ့တစ်ခုနေရာတွင် အရှိန်မထိန်းနိုင်ဘဲ မြင်းလှည်းတိမ်းမှောက်ကာ ချောက်ထဲပြုတ်ကျသွားဟန်ရှိလေသည်။

မုဝမ်းတို့လူစုသည် ဂူးနယ်စားဂေဟာမှ လုယက်လာခဲ့သည့် ရတနာသေတ္တာများကို မြင်းလှည်းဖြင့် သယ်ဆောင်လာခဲ့ကြပေသည်။

တောင်အောက်သို့ မြင်းလှည်းတိမ်းမှောက်ကျရောက်သွားသည်ဆိုပါလျှင် ရတနာများသည်…။

ယန်ကွမ်း ပိုသွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တခဏအတွင်းပင် တောင်စောင်းသို့ ရောက်ရှိသွားလေသည်။

တောင်စောင်းတွင် သစ်ပင်ချုံနွယ်များကပ်၍ ပေါက်ရောက်လျက်ရှိသည်။

အောက်ဘက်တွင် ချိုင့်ဝှမ်းကြီးတစ်ခု ရှိနေသည်ကို တွေ့ရသည်။

လေပြင်းများ တဟူးဟူးမြည်ကာ အပေါ်သို့ပင့်၍ တိုက်ခတ်နေပါသည်။

ယန်ကွမ်း အောက်ဘက်သို့ ငုံ့ကြည့်လိုက်၏။

ရွှေအားအဖွဲ့ဝင်အချို့သည် ကြိုးများအသုံးပြုကာ အောက်ဘက်ချိုင့်ဝှမ်းအတွင်းသို့ ဆင်းနေကြ၏။

အောက်ဘက်၌ အပိုင်းပိုင်းကျိုးပဲ့ပျက်စီးနေသည့်မြင်းလှည်းပျက်ကို တွေ့ရ၏။

ယန်ကွမ်း မျက်မှောင်ကြုတ်သွားသည်။

သူတွေ့လိုက်ရသည်မှာ မြင်းလှည်းပျက်ဖြစ်ပြီး ရတနာများမဟုတ်သည်ကို ချက်ချင်း ဆင်ခြင်မိလေသည်။

သူက ဒုတိယအကြိမ် တောင်အောက်သို့ စေ့စေ့စပ်စပ်ကြည့်လိုက်သည်။

တောင်အောက်ချိုင့်ဝှမ်းအတွင်း၌ လူသူ အရိပ်အယောင်စိုးစဉ်းမျှ မတွေ့ရချေ။

ယန်ကွမ်း၏မျက်လုံးများ ကျဉ်းမြောင်းသွားသည်။



"အောက်ဘက်ဆင်းသွားတဲ့လူတွေ အပေါ်ပြန်ရောက်လာတဲ့အထိ မင်းတို့ ဒီမှာပဲ စောင့်နေကြ"

ဟု အမိန့်ပေးလိုက်၏။

ခေါင်းဆောင်ငယ်က ဦးညွှတ်လိုက်သည်။

ယန်ကွမ်းက လှည့်ထွက်လာခဲ့သည်။

သူ၏မျက်လုံးအစုံသည် ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ်အကဲခတ်ကြည့်လာသည်။

တစ်နေရာသို့ အရောက်တွင် သူ၏ခြေလှမ်းတုန့်ခနဲ ရပ်သွား၏။

တောင်ပေါ်လမ်းမ၏ မြေပြင်ပေါ်သို့ စူးစူးစိုက်စိုက် အကဲခတ်ကြည့်လိုက်လေသည်။

မြေပေါ်တွင် မြင်းခွာရာများ၊ မြင်းလှည်းဘီးရာများရှုပ်ထွေးနေ၏။

ယန်ကွမ်းက မြင်းလှည်းဘီးရာများကို သေသေချာချာအကဲခတ်ကြည့်နေခြင်း ဖြစ်လေသည်။

မြင်းနှစ်ကောင်သည် မြင်းလှည်းတစ်စီးအား ခြံရံကာ တောင်ပေါ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း မြင်းခွာရာ၊ မြင်းလှည်းဘီးရာများက သက်သေခံနေလေသည်။

ယန်ကွမ်း မလှုပ်မယှက်ရပ်ကာ မြေပေါ်စိုက်ကြည့်နေသည်။

တဖြည်းဖြည်း သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းလက် တောက်ပြောင်လာလေသည်။

တောင်ပေါ်သို့တက်ရာလမ်းတွင် မြင်းခွာရာများ ထင်ရှားစွာ ရှိနေသည်ကို တွေ့မြင်ရလေသည်။

ယန်ကွမ်း ဦးခေါင်းဆတ်ခနဲ ညိတ်လိုက်သည်။

မုဝမ်းသည် သူ၏လူများကို လိမ်ညာလှည့်စား၍ရမည် ဖြစ်သည်။

သို့သော် သူ့ကိုမူ ဘယ်သောအခါမှ လိမ်ညာ၍ရမည် မဟုတ်ပါ။

မုဝမ်းနှင့် ရတနာများသည် သူနှင့်လက်တစ်ကမ်းအကွာသို့ ရောက်နေပြီဖြစ်ကြောင်းလည်း ရိပ်မိလိုက်သည်။

မုဝမ်းသည် သူတို့ ထပ်ကြပ်မကွာ လိုက်ယင်း တစ်စထက်တစ်စနီးကပ်လာပြီဖြစ်ကြောင်း ရိပ်မိသဖြင့် မြင်းလှည်းကို ချောက်ထဲတွန်းချကာ လှည့်စားခြင်းဖြစ်ပေသည်။

ထိုအချက်ကပင် မုဝမ်းတို့အား မိကာနီးပြီဟု ဖော်ပြသလို ရှိနေသည် မဟုတ်ပါလား။

ယန်ကွမ်းက သူ၏မြင်းရပ်ထားခဲ့ရာသို့ ခပ်သွက်သွက်ကလေး လှမ်းသွား၏။

မြင်းပေါ် လွှားခနဲ ခုန်တက်လိုက်ပြီးလျှင်...

"တို့တတွေ တောင်ပေါ်တက်ပြီး အခြေအနေကြည့် လိုက်ဦးမယ်၊ မင်းတို့မြင်းလှည်းပျက်က ထူးခြားချက်ကိုရှာလို့တွေ့ယင် ငါပြန်ရောက်လာတဲ့အထိ ဒီမှာပဲ စောင့်နေကြ၊ ဘာထူးခြားချက်မှ



မတွေ့ယင်တော့ တောင်ပေါ်တက်လိုက်ခဲ့ကြ"

ဟု အော်ပြောလိုက်သည်။

ထို့နောက် မြင်းကို ဒုန်းစိုင်းမောင်းနှင်လိုက်လေသည်။

သူ၏သက်တော်စောင့် လက်ရွေးစင်ဆယ်ယောက်သည်လည်း မြင်းကို ဒုန်းစိုင်းကာ နောက်မှထပ်ကြပ်မကွာ လိုက်သွားကြသည်။

မကြာပါချေ။

သူတို့ တောင်ထိပ်ပေါ်သို့ ရောက်သွားကြ၏။

တောင်ထိပ်မှနေ၍ အခြားတစ်ဘက်သို့ဆင်းရန် လမ်းသုံးသွယ်ရှိနေသည်။

ယန်ကွမ်းက လမ်းသုံးသွယ်ကို အကဲခတ်ကြည့်လိုက်ပြီး ဝဲဘက်အစွန်းမှလမ်းကို ရွေးချယ်လိုက်၏။

သူရွေးချယ်မှုကို လက်ရွေးစင်တပည့်များ အံ့ဩသွားပုံရသည်။

ထိုလမ်းမှာ လူပြတ်သည့် ကန္တာရခရီးလမ်းဖြစ်နေသည် မဟုတ်ပါလား။

မည်သို့ဆိုစေ ယန်ကွမ်းသွားမှဖြင့် သူတို့မလိုက်ဘဲ နေရစ်ခဲ့ကြမည် မဟုတ်ပါ။

အားလုံးသည် ယန်ကွမ်းနောက်သို့ တညီတညာတည်း လိုက်သွားကြ၏။

သူတို့ မြင်းဒုန်းစိုင်းနှင်လာကြရာ တောင်အောက်သို့ရောက်

www.burmeseclassic.com

www.burmeseclassic.com



လျှင် ရွာကလေးတစ်ရွာ ရှိနေသည်ကို တွေ့ရလေသည်။

ယန်ကွမ်းက ရွာထဲသို့ လူတစ်ယောက် လွှတ်ပြီးစုံစမ်းခိုင်းရာ မြင်းသုံးကောင်နှင့် လူသုံးယောက်သည် ယနေ့နံနက်စောစောပိုင်းကပင် သုံးရာသီမြို့တော်သို့ သွားရာလမ်းအတိုင်း ထွက်ခွာသွားခဲ့ကြကြောင်း သိရလေတော့သည်။

ရွာသားများ၏ ပြောပြချက်အရ ထိုလူသုံးယောက်၏ပုံပန်းသဏ္ဌာန်မှာ မုဝမ်းတို့၏ ပုံပန်းသဏ္ဌာန်နှင့် တူညီနေကြောင်းသိရ၏။

ယန်ကွမ်းသည် ခေတ္တရပ်နားရန်ပင် စိတ်မကူးတော့ဘဲ သုံးရာသီမြို့တော်သို့ ခရီးပြင်းနှင်ရန် အမိန့်ပေးလိုက်လေတော့သည်။

* * *



သုံးရာသီမြို့တော်။

သုံးရာသီမြို့သည် တောင်ကျစမ်းချောင်းကလေးနှစ်ခု ဆုံတွေ့ပေါင်းစည်းပြီး ချောင်းမကြီးအဖြစ် ဆက်၍စီးဆင်းသွားသည့်နေရာ၌ တည်ရှိသော မြို့ကလေးဖြစ်လေသည်။

မြေဩဇာကောင်းမွန်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်ရေလုပ်ငန်းလွန်စွာမှ ဖွံ့ဖြိုးတိုးတက်သည့် မြို့ကလေးတစ်မြို့ဟု ဆိုနိုင်သည်။ သုံးရာသီမြို့၌ သစ်သီးဝလံ၊ သား၊ ငါး စျေးချိုချိုဖြင့် ရနိုင်သည်။

တာလီနယ် သဲကန္တာရမှ ကုန်သည်များ၏ မျက်စိကျခြင်းခံရပေတော့သည်။

သဲကန္တာရဝန်းကျင်တွင် သစ်သီးဝလံ ရှားပါးသလို သားငါးလည်းရှားပါးလှသည် မဟုတ်ပါလား။

သုံးရာသီမြို့ကလေးတွင် ကုန်သည်ပွဲစားများ ရောက်လာခြင်းဖြင့် အစဉ်အမြဲစည်ကားသိုက်မြိုက်နေလေတော့သည်။

သုံးရာသီမြို့သို့ရောက်လျှင် လုကြုံး ဝမ်းသာပျော်ရွှင်သွားရလေသည်။

သူက ကျန်းစုထင်းနှင့် လမ်းခွဲရတော့မည် မဟုတ်ပါလား။

သူတို့ သုံးရာသီမြို့သို့ ရောက်လာသည့်အခါ အချိန်မှာ ညနေစောင်းနေပြီဖြစ်လေသည်။

လမ်းဘေး တစ်ဘက်တစ်ချက်မှ အိမ်များတွင် မီးအိမ်များထွန်းညှိထားကြပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုကြီးက…

"မင်းက ငါ့ကိုကူညီခဲ့တာ ကျေးဇူးပါပဲကွာ"

ဟု ပြောလိုက်လေသည်။

အဆက်အစပ်မရှိသောစကားကြောင့် ကျန်းစုထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လုကြီးကို ကြည့်ကာ…

"ဦးက ဘာကိုဆိုလိုတာလဲ"

ဟုမေးလိုက်လေသည်။

လုကြီးက…

"စားပွဲတွေလက်ထဲက ငါ့ကို ကယ်တင်ခဲ့တာလေကွာ"

"သြော်…ဒါက အရေးမကြီးပါဘူး၊ လမ်းကြုံလို့ကူညီရတာ ဘယ်လိုမှ သဘောမထားပါနဲ့ဗျာ"

"အင်း…မင်းက ရှေ့ဆက်သွားမယ် မဟုတ်လား၊ ငါကတော့ ငါ့ ဇာတိရွာကလေးကို သွားတော့မယ်"

လုကြီးက ချက်ချင်းပင် လမ်းခွဲထွက်ရန် ဟန်ပြင်လိုက်၏။

ကျန်းစုထင်းမှာ လုကြီးက အိမ်အတွက် ပူပန်သောကရောက်နေသဖြင့် အမြန်ဆုံးပြန်သွားလိုသည် ထင်မှတ်မိလေသည်။

သူက တတ်စွမ်းသရွေ့ ကူညီလိုသည်။

ဒုက္ခရောက်နေသူများအား ကူညီရန် ရည်ရွယ်ချက်ဖြင့်သူ ကသိုင်းလောကသို့ ဆင်းလာခဲ့သည် မဟုတ်ပါလား။

လုကြီးအား အစားအသောက်များ ကျွေးမွေးပြီး သူ့ထံ



ပါသည့်ငွေ အနည်းငယ် ခွဲပေးလိုသည်။

ထို့ကြောင့်…

"ကျွန်တော့်ကို ကျေးဇူးတင်တယ်ဆိုယင် ကျွန်တော်နဲ့အတူ တစ်ခုခုစားသောက်ပြီးမှ သွားပါဗျာ၊ ငြင်းဖို့တော့ စိတ်မကူးပါနဲ့နော်"

ဟု ပြောလိုက်လေသည်။

လုကြီး ငိုင်သွား၏။

သူ ငြင်းပယ်လိုက်လျှင် ကျန်းစုထင်း သံသယဝင်နိုင်သည်ဟု တွေးမိလိုက်သည်။

ထို့ကြောင့် စိတ်မကြည်မသာဖြင့် သဘောတူလိုက်ရလေသည်။

"ကောင်းပြီလေ၊ သွားကြတာပေါ့"

သူတို့နှစ်ယောက်သည် အနီးဆုံးရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်သွားကြလေသည်။

ဆိုင်လုလင်များ ချက်ချင်းရောက်ရှိလာပြီး သူတို့မှာထားသမျှ ပြင်ဆင်ပေးကြလေသည်။

ကျန်းစုထင်းက ဟင်းငါးမျိုးတိတိ မှာကြားလိုက်ခြင်းဖြစ်လေသည်။

အကောင်းစား အရက်တစ်အိုးလည်း မှာကြားလိုက်လေသည်။

စားသောက်ဖွယ်ရာများ စုံလင်သွားလျှင် ကျန်းစုထင်းက လက်ဝှေ့ယမ်းပြလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ကဲ အားရပါးရ စားပေတော့"

ဟုပြောလိုက်လေသည်။

လုကြီး ပြုံးလိုက်လေသည်။

"မင်းကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူးကွာ"

ဟုပြန်ပြောလိုက်၏။ ကျန်းစုထင်း ရယ်မောလိုက်သည်။

"ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း ထပ်မပြောပါနဲ့တော့ဗျာ"

လုကြီးက...

"ဒါနဲ့ မင်းကငါ့အိမ်ကို လိုက်လည်ဦးမှာလား"

ဟု မေးလိုက်လေသည်။

သူ၏ရင်ထဲ၌ ကျန်းစုထင်း လိုက်လည်မည်ကို စိုးရိမ်ပူပန်နေလေသည်။

ထို့ကြောင့် ချုပ်တီးမထားနိုင်တော့ဘဲ မေးလိုက်ခြင်းဖြစ်ပေသည်။

ကျန်းစုထင်းက သက်ပြင်းချလိုက်သည်။

"ကျွန်တော် လိုက်လည်ချင်တဲ့စိတ် ရှိပါတယ်၊ ဒါပေမယ့် ကျွန်တော်က လူတစ်ယောက် လိုက်ရှာဖို့ အရေးကြီးနေတယ်၊ ဒါကြောင့်မလိုက်နိုင်တာကို ဘယ်လိုမှ သဘောမထားပါနဲ့"

ဟု ပြောလိုက်လေသည်။

လုကြီးလည်း ပင့်သက်ရှိုက်လိုက်၏။



ရင်ထဲမှ အပူလုံးကြီးကျသွားခြင်းကြောင့် ဖြစ်ပေသည်။

ကျန်းစုထင်းကို ကြည့်ကာ...

"မင်း လိုက်လည်နိုင်ယင်လည်း ကောင်းသား၊ ငါ့မိသားစုမှာ ငါ့ရဲ့ကျေးဇူးရှင်ကို တွေ့မြင်နိုင်တာပေါ့"

ဟု ဟန်ဆောင်ပန်ဆောင် ပြောလိုက်သည်။

ကျန်းစုထင်းက ဘာမှပြန်မပြောတော့ဘဲ ပြုံးနေလိုက်လေသည်။

လုကြီးက သူ့အား မသိမသာအကဲခတ်လိုက်၏။

အတန်ကြာမှ...

"ဒါထက် မင်းက ဘယ်သူ့ကိုများ အရေးတကြီးလိုက်ရှာနေရတာလဲ"

ဟုမေးလိုက်၏။

ကျန်းစုထင်းနှင့် ပတ်သက်ပြီး ပို၍သေချာစေရန် ဖြစ်လေသည်။

ကျန်းစုထင်းက...

"လုံကြိုးစိမ်းပါ"

ဟု တစ်လုံးချင်း ပြောလိုက်လေသည်။

လုကြီး သက်ပြင်းချလိုက်မိပြန်သည်။

စားသောက်နေရသည်မှာ အရသာမရှိတော့ဟု ထင်မှတ်မိသည်။

မည်သို့ဆိုစေ သူက ဟန်မပျက် ဆက်၍စားသောက်နိုင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေသည်

စားသောက်ပြီးစီးသွားသောအခါ ကျန်းစုထင်းက လုကြီးကို ကြည့်ကာ...

"ဦးကို ကျွန်တော် လက်ဆောင်တစ်ခုပေးလိုက်ပါရစေ ခင်ဗျာ"

ပြောပြီး ငွေထုပ်တစ်ထုပ် နှိုက်ယူကာ ပေးလိုက်၏။

ထိုငွေထုပ်ထဲတွင် ငွေတစ်ထောင်တိတိ ပါရှိလေသည်။

ကျန်းစုထင်းက ငွေပေးနေသည်ကိုတွေ့ရလျှင်လုကြီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဒါ...ဒါက"

"ဦးမှာ အခက်အခဲရှိတယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ်၊ ဒါကြောင့် လက်ခံပါဗျာ"

ဟု ပြောလိုက်၏။

လုကြီး၏လက်ထဲသို့ ငွေထုပ်ကလေး အတင်းထည့်ပေးလိုက်လေသည်။

လုကြီး ငြင်းပယ်ရန် စိတ်ကူးပြီးမှ ငြင်းပယ်ခြင်းမပြုဘဲ လက်ခံလိုက်လေသည်။

"မင်းရဲ့ကျေးဇူးတွေက ဆပ်လို့မကုန်နိုင်တော့ပါဘူးကွာ"

ဟု ပြောလိုက်လေသည်။

ကျန်းစုထင်းက ပြုံးလိုက်သည်။

"ကျွန်တော် ပြောပြီးပါပကော၊ ဒါတွေ မေ့ပစ်လိုက်ပါ၊ အခု



ဦးက အိမ်ပြန်မယ်ဆိုယင် ပြန်လို့ရပါပြီဗျာ"

ဟု ပြောလိုက်လေသည်။

လုကြီး ကြောင်အမ်းအမ်းဖြစ်သွား၏။

ကျန်းစုထင်းကို နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

ကျန်းစုထင်းက သူ့အား သွားခွင့်ပြုလိုက်ပြီ ဖြစ်လေသည်။

"မင်း...မင်းက"

"ကျွန်တော်က ဒီမှာပဲ တစ်ညအိပ်လိုက်မယ်လေ၊ ဦးက သွားလို့ဖြစ်မယ်ဆိုယင်သွားပါ၊ ဒါမှမဟုတ် အချိန်မရှိတော့လို့ အိပ်မယ်ဆိုယင်လည်း ကျွန်တော်နဲ့ပဲ အတူတူအိပ်ပေါ့"

လုကြီး ကပျာကယာ လက်ကာပြလိုက်လေသည်။

"ကိစ္စမရှိပါဘူး၊ ကျုပ်သွားလို့ ဖြစ်ပါတယ်"

"ကျွန်တော်တို့ တစ်နေ့နေ့တော့ ပြန်တွေ့ကြမှာပေါ့ဗျာ"

ကျန်းစုထင်းက ရယ်ရယ်မောမော ပြောလိုက်လေသည်။

လုကြီးက...

"ဟုတ်တယ် တို့ပြန်ဆုံကြမှာပေါ့"

ဟု ပြောလိုက်လေသည်။

ထို့နောက်...

"ကဲ...ကျုပ်သွားပြီ"

ကျန်းစုထင်းကို နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## လှည့်ကွက်

နံနက် မိုးစင်စင်လင်းပြီ ဖြစ်လေသည်။

"ဝါး"

ကျန်းစုထင်းမှာ တစ်ချက် ပျင်းကြောဆန့်ယင်း အိပ်ရာမှ နိုးလာသည်။

ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သဖြင့် အိပ်ရာမှနိုးလာသောအခါ အားအင်ပြည့်ဖြိုးကာ လန်းလန်းဆန်းဆန်း ဖြစ်နေလေသည်။

သူက ကိုယ်လက်သန့်စင်ပြီး စားသောက်ခနှင့်တည်းခိုခန်းကျသင့်ငွေကို ပေးချေလိုက်သည်။

ထို့နောက် စားသောက်ဆိုင်ထဲမှ ထွက်လာလေသည်။



စားသောက်ဆိုင် အပြင်ဘက်သို့ ရောက်သည်နှင့်...

"အစ်ကိုလေး..အစ်ကိုလေး"

အနောက်ဘက်မှခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျန်းစုထင်း ခြေလှမ်းရပ်သွားသည်။

ခေါ်သံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ဤတွင် အသက်ဆယ်နှစ်ခန့်ရှိ ကောင်လေးတစ်ယောက် ပြေးလာနေသည်ကို တွေ့လိုက်ရလေသည်။

ကျန်းစုထင်း မျက်မှောင်ကြုတ်သွား၏။

ထိုကောင်လေးသည် သူ့ထံသို့ တည့်တည့်မတ်မတ် ပြေးလာနေသည် မဟုတ်ပါလား။

ကျန်းစုထင်း ကြည့်နေစဉ်မှာပင် ကောင်လေးသည် သူ့ရှေ့သို့ရောက်လာလေတော့သည်။

ကောင်လေးက...

"အစ်ကိုလေးအတွက် စာတစ်စောင် ပေးခိုင်းလိုက်လို့ပါ"

ပြောယင်း စာတစ်စောင် ပေးလာလေသည်။

ကျန်းစုထင်းက...

"ငါ့ကို ဟုတ်လား"

ဟုမေးလိုက်သည်။

ကောင်လေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းက...

"ဘယ်သူက ပေးခိုင်းလိုက်တာလဲ"

ကောင်လေးက...

"လူကြီးတစ်ယောက်က အစ်ကိုလေးကို လက်ညိုးညွှန်ပြပြီး ပေးခိုင်းလိုက်တာပါ"

"သူက ဘယ်မှာလဲ"

"ဟိုမှာပါ၊ ဟင်"

ကောင်လေးသည် တစ်နေရာဆီသို့ လက်ညိုးညွှန်ပြလိုက်ပြီးမှ တအံ့တဩဖြစ်သွား၏။

ကောင်လေး ညွှန်ပြသည့်နေရာတွင် မည်သူမျှ ရှိမနေပါချေ။

ထိုလမ်းကြားထိပ် အနီးတဝိုက်တွင် လူသူကင်းရှင်းနေပါသည်။

ကျန်းစုထင်းက...

"သူ ဘယ်မှာလဲ"

ဟု ထပ်မေးလိုက်၏။

ကောင်လေးက ခေါင်းကုပ်လိုက်ပြီး...

"သူ..သူ စောစောက လမ်းကြားထိပ်မှာရပ်ပြီး အစ်ကိုလေးကို ညွှန်ပြခဲ့တာပဲ၊ အခုတော့ ဘယ်ရောက်သွားလဲ မသိဘူး"

ဟု ပြောလိုက်လေသည်။

ကျန်းစုထင်းက...



"သူထွက်သွားပြီ ထင်တယ်၊ ကဲ စာပေးစမ်းပါဦး"

ပြောပြီး စာကို လှမ်းယူလိုက်သည်။

ကောင်လေးက စာကိုပေးပြီးလျှင်...

"ကျွန်..ကျွန်တော် သွားတော့မယ်"

ပြောပြောဆိုဆို ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့သည်။

ကျန်းစုထင်းက တားဆီးခြင်းမပြုပါချေ။

ကောင်လေးသည် မုန့်ဖိုးရသဖြင့် ဘုမသိဘမသိ စာလာပေးခြင်းဖြစ်ကြောင်း နားလည်ထားသည် မဟုတ်ပါလား။

ထို့နောက် ခေါင်းတစ်ချက် ယမ်းကာ စာကိုဖောက်ဖတ်လိုက်သည်။ ထိုစာထဲ၌...

"ကျန်းစုထင်း

မင်းက ငါ့ကိုလိုက်ရှာနေတယ် မဟုတ်လား၊ သတ္တိရှိယင် မြို့ပြင်က ဘုံကျောင်းပျက်ကိုလာခဲ့ပေတော့။

လုံကြိုးစိမ်း"

ဟုရေးသားထားသည်ကို တွေ့ရလေသည်။

စာကိုဖတ်ပြီးသည်နှင့် ကျန်းစုထင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

"လုံကြိုးစိမ်းဆိုပါလား"

ဟုလည်း လွှတ်ခနဲ ရေရွတ်မိလိုက်လေသည်။

သူက လုံကြိုးစိမ်းအား လိုက်လံရှာဖွေနေခဲ့သည် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါလား။ ကျန်းစုထင်း ဝမ်းသာပျော်ရွှင်သွားလေသည်။

အကြောင်းမှာ လုံကြိုးစိမ်းအား တွေ့ရတော့မည် ဖြစ်လေသည်။ သို့သော်...

သူ၏မျက်နှာအမူအရာ ချက်ချင်းပြောင်းလဲသွားရလေတော့သည်။

မျက်မှောင်ကြုတ်သွားပြီး တည်တည်ကြည်ကြည် ဖြစ်သွားရသည်။

"သူက ဘယ်လိုလုပ်ပြီး ငါ့နာမည်ကို သိသွားရတာပါလိမ့်"

သူက တွေးတော စဉ်းစားနေမိလေသည်။

အတန်ကြာမှ...

"ဟုတ်ပြီ စားသောက်ဆိုင်မှာ ညက ငါတည်းခိုတော့ ငါ့ရဲ့နာမည်ကို ဧည့်သည်စာရင်းမှာ ပေးသွင်းခဲ့တယ်၊ သူ့ကို ငါလိုက်ရှာတယ်ဆိုတာ ငါနဲ့အဘိုးအိုလုကြိုးတို့ ပြောဆိုနေကြတဲ့စကားတွေကို ကြားသွားတဲ့ ဆိုင်လုလင်တစ်ယောက်ယောက်က ပြောပြလိုက်တာဖြစ်နိုင်တယ်၊ လုံကြိုးစိမ်းဟာ ဒီမြို့မှာ ဓာတ်မြုပ်ပုန်းကွယ်နေ တာလား။ ဒီမြို့မှာ ပုန်းနေတယ်ဆိုယင် စားသောက်ဆိုင်ပိုင်ရှင်ဟာ သူ့ရဲ့လူတစ်ယောက်ပဲဖြစ်ရမယ်"

ဟု စိတ်ထဲမှ ရေရွတ်လိုက်သည်။

သူက လုကြိုးစိမ်းနှင့် တွေ့ရန် မြို့ပြင်ဘုံကျောင်းသို့သွားမည်ဟု ဆုံးဖြတ်လိုက်လေသည်။

* * *



လေ ဝှေ့ယမ်းတိုက်ခတ်လာသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေပါသည်။

ကျန်းစုထင်းက ပတ်ဝန်းကျင်ကို တစ်ချက်ဝှေ့ကြည့်လိုက်လေသည်။

နံနက်စောစောအချိန်မို့ လမ်းပေါ်တွင် လူသွားလူလာရှင်းနေပါ၏။

တစ်ယောက်စနှစ်ယောက်စ သွားလာနေကြသူများမှာလည်း သူ့အား အရေးမစိုက်ဘဲ ကိုယ့်လမ်းကိုယ် သွားနေကြလေသည်။

ကျန်းစုထင်းသည် မြို့ပြင်သို့ ခပ်သွက်သွက်ကလေး ထွက်လာခဲ့သည်။

မြို့ပြင်သို့ရောက်လျှင် လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရဘဲ ရှင်းရှင်းလင်းလင်း ဖြစ်နေလေသည်။

ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ စုစုရုံးရုံးပေါက်နေသော သစ်ပင်များကြားတွင် စုလစ်မွန်းချွန်များဖြင့် တန်ဆာဆင်ထားသည့် ခေါင်မိုးကို တွေ့လိုက်ရလေသည်။

ထိုခေါင်မိုးသည်ပင် သူရှာဖွေနေသည့် ဘုံကျောင်းပျက်၏ခေါင်မိုးဖြစ်ရမည်ဟု ကျန်းစုထင်း ဆင်ခြင်မိလေသည်။

ကျန်းစုထင်း ခပ်သွက်သွက်ကလေး ပြေးသွား၏။

လုံကြိုးစိမ်းနှင့် ရင်ဆိုင်ရတော့မည် ဖြစ်ရာ စိတ်လှုပ်ရှားနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဆုငွေအမြောက်အများ ထုတ်ထားသည့် လူဆိုးကြီးကို သူက ဖမ်းဆီးနိုင်ခဲ့ဖူးသည်။

သို့သော် တစ်ကြိမ်တစ်ခါမျှ စိတ်လှုပ်ရှားမှုမဖြစ်ပေါ်ခဲ့ပါချေ။

ယခုတစ်ကြိမ် စိတ်လှုပ်ရှားနေရသည်မှာ လုံကြုံးစိမ်းက သူ့အကြောင်းကို ဦးစွာသိနေခြင်းကြောင့် ဖြစ်ပေသည်။

သူက လုံကြုံးစိမ်းအား လိုက်လံရှာဖွေခဲ့ပါသော်လည်း ဘဲဥအစရှာမရဖြစ်ခဲ့ရသည်။

လုံကြုံးစိမ်းက သူ့အား ကိုယ်တိုင်ရှာရန် မလိုဘဲ ကလေးတစ်ယောက်စေလွှတ်ကာ ဆက်သွယ်ခြင်းပင် ပြုခဲ့သည် မဟုတ်ပါလား။

လုံကြုံးစိမ်းမှာ ဉာဏ်များပြီး ကြောက်မက်ဖွယ်ကောင်းသူဖြစ်ကြောင်း ပို၍လက်ခံ ယုံကြည်လာလေတော့သည်။

ခပ်သွက်သွက်ကလေး ပြေးလာခဲ့ရာ သစ်ပင်ချုံနွယ်များကို ဖြတ်ကျော်ပြီးနောက် ဟောင်းနွမ်းဆွေးမြည့်ကာ ပျက်စီးနေပြီဖြစ်သော ဘုံကျောင်းအိုကြီးတစ်လုံး ရှေ့သို့ရောက်ရှိလာလေတော့သည်။

ကျန်းစုထင်းက သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ဘုံကျောင်းပျက်အနီးတဝိုက်တွင် လူရိပ်လူယောင် အလျဉ်းမတွေ့ရချေ။

ကျန်းစုထင်း ပြုံးလိုက်သည်။



ရင်ကော့လိုက်ပြီး...

"လုံကြုံးစိမ်း ကျုပ်ရောက်လာပြီလေ၊ ခင်ဗျား ဘာကြောင့် ထွက်မလာသေးတာလဲ"

ဟုအော်ပြောလိုက်လေသည်။

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သို့သော် တုံ့ပြန်သံ မကြားရပါ။

ကျန်းစုထင်းက...

"ကောင်းပြီ ခင်ဗျားထွက်မလာရဲလူးဆိုယင် ကျုပ် ဝင်လာခဲ့မယ်"

ပြောပြီး ကျောက်လှေကားထစ်များအတိုင်း ဘုံကျောင်းဆော်အပေါ်ဘက် လှမ်းတက်လိုက်လေသည်။

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာလေသည်။

ဘုံကျောင်းအပျက်အတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေ၏။

ကျန်းစုထင်းက ခပ်သွက်သွက်ကလေး လှမ်းတက်လိုက်ရာ ဘုံကျောင်းပျက် တံခါးပေါက်ရှေ့သို့ ရောက်ရှိသွားလေသည်။

တံခါးမကြီးကား ပတ္တာများပြုတ်ထွက်ကာ တွဲလောင်းကျနေ၏။

လူသူစွန့်ပစ်ထားသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ကြောင်း သိနိုင်လေသည်။

ဘုံကျောင်းခေါင်မိုးမှာ အုတ်ကျွတ်များ ကျိုးပဲ့ကာ အပေါက်ကြီးများဖြစ်နေရာ အလင်းရောင်တိုးဝင်လျှက်ရှိပြီး ဘုံကျောင်း

www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ လင်းလင်းချင်းချင်း ဖြစ်နေပေတော့သည်။

ဘုံကျောင်းအတွင်း၌လည်း လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

ကျန်းစုထင်း မျက်မှောင်ကြုတ်သွား၏။

"ဘယ်လိုဖြစ်တာလဲ၊ သူက ငါ့ကိုချိန်းထားပြီး ဘာကြောင့် ဒီမှာ ရှိမနေတာလဲ"

ဟု စိတ်ထဲကျိတ်ပြီး တွေးမိသည်။

"လုံကြိုးစိမ်း ခင်ဗျား ပုန်းနေလို့လွတ်မယ်မထင်နဲ့"

ခပ်မာမာငေါက်ယင်း အတွင်းဘက်သို့ လှမ်းဝင်လိုက်၏။

အတွင်းဘက်တွင် နတ်ရုပ်ထု အများအပြားရှိနေသည်ကို တွေ့ရ၏။

နတ်ရုပ်ထုများမှာလည်း အင်္ဂါမစုံလင်တော့သည့်အပြင် အလဲလဲ အပြိုပြိုဖြစ်နေသည်။

ဖုန်များ၊ ပင့်ကူပိုးမျှင်များလည်း ထူထပ်စွာ ရှိနေလေသည်။

ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

လုံကြိုးစိမ်းသည် ဘုံကျောင်းပျက်သို့ သူ့အား ချိန်းဆို လိုက်ပြီး အဘယ်ကြောင့် ထွက်မတွေ့ဘဲ ပုန်းနေရပါသနည်း။

"သူက ဉာဏ်များတဲ့လူတစ်ယောက်ဆိုတော့ ငါ့ကို အခုလို ချိန်းလိုက်တာဟာ လှည့်ကွက်တစ်ခုဆင်လိုက်တာများလား၊ တကယ်ဆိုယင် ငါမလာသင့်ဘူး၊ ငါမလာဘဲနေယင် သူက မနေနိုင်



ဘဲ ထပ်ပြီးဆက်သွယ်လာဦးမှာပဲ"

ထိုသို့တွေးပြီးလျှင် နောက်ပြန်လှည့်ရန် ဟန်ပြင်လိုက်လေသည်။

"ဝှစ်...ဝှစ်"

စူးရှသော လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျန်းစုထင်း ရင်ထိတ်သွား၏။

သို့သော် ချက်ခြင်း ပြုံးလိုက်မိသည်။

လုံကြိုးစိမ်းသည် ကြာကြာပုန်းအောင်းမနေနိုင်တော့ချေ။

သူက ချာခနဲလှည့်ကာ လက်ဝှေ့ယမ်းလိုက်၏။

ထိုအခါ...

"တောက်...တောက်"

ပစ်လွှင့်လာသည့် ဓားမြှောင်နှစ်ချောင်းသည် ကြမ်းပေါ် ပြုတ်ကျသွားလေသည်။

ကျန်းစုထင်း ချာခနဲလှည့်ကာ ကြည့်လိုက်သော်လည်း တိုက်ခိုက်လာသူကို မတွေ့ရချေ။

ကျန်းစုထင်းက...

"လုံကြိုးစိမ်း ခင်ဗျား ပြေးလို့မလွတ်ပါဘူး၊ ထွက်လာခဲ့ပါ"

ဟုအော်ပြောလိုက်သည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဝှစ်...ဝှစ်"

www.burmeseclassic.com

www.burmeseclassic.com



လေတိုးသံများ သူ့၏နောက်ကျောဘက်မှ ထွက်ပေါ်လာလေသည်။

ယခုတစ်ကြိမ်…

ကျန်းစုထင်းသည် ရှောင်တိမ်းခြင်း၊ ခုခံခြင်းမပြုသေးဘဲ အလျင်ဦးအောင် လှည့်ကြည့်လိုက်၏။

ထိုအခါ နတ်ရုပ်ထုများကြား၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *



"ဝှစ်…ဝှစ်"

လေတိုးသံများ ထွက်ပေါ်လာသည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

ပစ်လွှင့်လာသည့် ဓားမြှောင်ကို လက်ဝဲယမ်းကာ ဖမ်းထားလိုက်ပြီးလျှင်…

"ခင်ဗျား ဘယ်ပြေးမလဲ"

ပြောယင်း နတ်ရုပ်ထုများကြားသို့ ပြန်လည်ပစ်ပေါက်လိုက်လေသည်။

"ချွမ်း"

ကျယ်လောင်သောမြည်သံနှင့်အတူ နတ်ရုပ်ထုတစ်ခု လဲကျသွား၏။

နတ်ရုပ်ထုနောက်မှ လူတစ်ယောက် ခုန်ထွက်လာလေသည်။

"ခင်ဗျား ပုန်းနေလို့ မရတော့ဘူး မဟုတ်လား"

ကျန်းစုထင်း သဘောကျစွာ ရယ်မောယင်း ပြောလိုက်၏။

သို့သော်..

သူ့၏ရယ်မောသံ ချက်ချင်း တိတ်ဆိတ်သွားရလေသည်။

အကြောင်းမှာ နတ်ရုပ်ထုနောက်မှ ထွက်လာသူမှာ လုံကြုံးခိမ်းမဟုတ်ဘဲ အခြားလူတစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်ရခြင်းကြောင့်ဖြစ်ပေသည်။

ကျန်းစုထင်း မျက်မှောင်ကြုတ်သွားပြီး..

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘယ်သူလဲ"

ဟုမေးလိုက်လေသည်။

ထိုလူက…

"ငါဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ အရေးကြီးတာက မင်းသေဖို့ပဲ"

ဒေါသတကြီး အော်ပြောယင်း ဓားတစ်လက်ဖြင့် ခုန်ဝင်တိုက်ခိုက်လာလေသည်။

ကျန်းစုထင်း ငိုင်သွား၏။

သူက လုံကြိုးစိမ်းနှင့်ရင်ဆိုင်ရမည်ဟု မျှော်လင့်ထားသော်လည်း လုံကြိုးစိမ်းမဟုတ်ဘဲ အခြားလူတစ်ယောက်ဖြစ်နေသည်မှာ အဘယ်ကြောင့်ဆိုသည်ကို လုံးဝစဉ်းစားမရဘဲ ဖြစ်နေ၏။

ထိုလူ၏ဓားချက် သူ၏ဦးခေါင်းပေါ် ရောက်လာမှသတိဝင်လာသည်။

"ခင်ဗျား ဘယ်သူလဲ"

မေးယင်း ခြေထောက်တစ်ဘက် မြှောက်ကာ ကန်ကျောက်လိုက်လေသည်။

"ဝုန်း"

ကျယ်လောင်သောအသံ တစ်ချက်ထွက်ပေါ်လာလေသည်။

"အင့်"

ကျန်းစုထင်းအား တိုက်ခိုက်လာသူမှာ မသဲမကွဲညည်း



ညူကာ လူတခြား ဓားတခြား လွင့်စဉ်သွားရလေသည်။

ထိုလူသည် ကြမ်းပြင်ပေါ် ဗိုင်းခနဲမြည်အောင် ပြုတ်ကျသွားပြီး ချက်ချင်းပင် လူးလိမ့်ထလာသည်။

ကျန်းစုထင်းက ညှာလိုက်သဖြင့် သက်သာသွားခြင်း ဖြစ်လေသည်။

ထိုလူသည် ကျန်းစုထင်းအား ကြောက်ရွံ့ထိတ်လန့်သော အကြည့်ဖြင့် ကြည့်ယင်း…

"မင်း…မင်း"

စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ကျန်းစုထင်းက…

"ကဲ ပြောပါဦး၊ ခင်ဗျားက ဘယ်သူလဲ၊ လုံကြိုးစိမ်းကော ဘယ်ရောက်သွားပြီလဲ"

ဟုမေးလိုက်၏။

ရုတ်တရက်…

ထိုလူ၏မျက်နှာပေါ်မှ စိုးရွံ့ထိတ်လန့်သည့် အရိပ်အယောင်များ ပျောက်ကွယ်သွားသည်။

ထိုလူက ဟားတိုက်ရယ်မောလိုက်ပြီး…

"ဟား…ဟား…ဟား မင်းက သေရတော့မှာ မင်းမေးတိုင်း ငါက ဖြေရမှာလားကွ"

ဟု ပြောလိုက်လေသည်။

ထိုလူသည် သူ့အား ပြန်လည်တိုက်ခိုက်ဖို့ခြင်း မရှိကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစုထင်း ရိပ်မိ၏။

သို့ပါလျှက် အဘယ်ကြောင့် သူ့အားသေရမည့်သူဟု ပြောနေပါသနည်း။

ရုတ်တရက် နောက်ကျောဘက်မှ လေတိုးသံသွဲ့သွဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တစ်စုံတစ်ယောက်သည် ခြေဖော့နင်းကာ သူ၏နောက်ကျောဘက်မှ ချဉ်းကပ်လာနေပြီဖြစ်သည်။

ကျွန်းစုထင်း ပြုံးလိုက်သည်။

သူ၏ရှေ့မှလူကို စိုက်ကြည့်လိုက်ပြီး...

"ကျုပ် သေရမယ် ဟုတ်လား"

ဟုမေးလိုက်၏။

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းသေရတော့မယ်"

"ဘယ်တော့လဲ"

"အခုပဲ"

ထိုလူ၏စကားဆုံးလျှင် ကျွန်းစုထင်းက မြင်းကန်သလို ခြေထောက်တစ်ဘက် နောက်ပြန် ကန်ကျောက်လိုက်လေသည်။

သူ၏ခြေထောက်သည် တိတ်တဆိတ် တိုက်ခိုက်ရန် ချဉ်းကပ်လာသူ၏ရင်ဝသို့ တန်းတန်းမတ်မတ် တိုးဝင်သွားလေတော့သည်။

ထိုအခါ...



"ဝုန်း"

"အား"

ကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

တိတ်တဆိတ် တိုက်ခိုက်ရန် ချဉ်းကပ်လာသူသည် ကျွန်းစုထင်း၏လက်ချက်ကြောင့် အဝေးသို့လွင့်စဉ်သွားလေတော့သည်။

ကျွန်းစုထင်းက နောက်လှည့်မကြည့်ပါ။

သူ့ရှေ့၌ရှိနေသူကို စိုက်ကြည့်ယင်း...

"ကဲ ပြောစမ်းပါဦး၊ ဘယ်သူက သေရမှာလဲ"

ဟုမေးလိုက်လေသည်။

ထိုလူ မျက်နှာကွက်ခနဲ ပျက်သွား၏။

ကျွန်းစုထင်းအား ကြောက်ရွံ့ထိတ်လန့်သည့် အကြည့်ဖြင့် ကြည့်ကာ ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်၏။

ကျွန်းစုထင်းက...

"လုံကြိုးစိမ်း ဘယ်မှာလဲ"

ဟုမေးလိုက်၏။

ထိုစဉ်မှာပင်...

"ဟား...ဟား...ဟား"

ရယ်မောသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျွန်းစုထင်း ချာခနဲလှည့်ကြည့်လိုက်သည်။

ထိုအခါ ဘုံကျောင်းပျက်အတွင်းသို့ လူတစ်ယောက် လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူကိုမြင်သည်နှင့် ကျုန်းစုဆင်း၏ရင်ထဲ လှုပ်ရှားသွားပြီး...

"လုံကြုံးစိမ်း"

ဟုခေါ်လိုက်လေသည်။

မှန်ပေသည်။

ဘုံကျောင်းအတွင်းသို့ လှမ်းဝင်လာသူမှာ လုံကြုံးစိမ်းပင် ဖြစ်ပါတော့သည်။

* * *



## ကလိန်စွေဉာဏ်ဆင်

ဘုံကျောင်းပျက်အတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာ လေသည်။

ထိုလူမှာ အညိုရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခန္ဓာကိုယ် တောင့်တင်းသန်မာသည့် အသက်သုံးဆယ်ကျော် လေးဆယ်နီးပါးရှိသူ တစ်ယောက်ဖြစ်လေသည်။

ထိုလူ၏မျက်နှာတွင် ရက်စက်ကြမ်းကြုတ်ခြင်း၊ ရန်လိုခြင်း ပါသည့် အရိပ်အယောင်များ လွှမ်းမိုးနေလေတော့သည်။

ရှည်လျားသော ကျစ်ဆံမြီးတစ်ချောင်းကို လည်ပင်း၌ချိတ် ဆွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူအား ကျန်းစုထင်း မကြာခဏပင် တွေ့မြင်ခဲ့ဖူးပေသည်။

ဆုငွေကြော်ငြာစာရွက်ထဲ၌ ရေးခွဲထားသည့် ပုံတူအား သူကကောင်းစွာ မှတ်မိနေပြီဖြစ်သည်။

ထိုလူမှာ သူ အပင်ပန်းခံကာ လိုက်လံရှာဖွေနေသည့် လုံကြုံးစိမ်းပင်ဖြစ်လေသည်။

"လုံကြုံးစိမ်း"

ဟူ၍လွှတ်ခနဲ ခေါ်လိုက်မိသည်။

ထိုလူ ရယ်မောလိုက်သည်။

"ဟားး..ဟားး..ဟားး..မင်းက ငါ့ကိုတွေ့တာနဲ့ ငါဘယ်သူဆိုတာသိနေတာပဲလား၊ မဆိုးဘူးဟေ့"

ပြောယင်း ရှေ့သို့လှမ်းလာသည်။

ကျန်းစုထင်းက တိုက်ခိုက်ရန် အသင့်အနေအထားပြင်ထားလိုက်၏။

သူက လုံကြုံးစိမ်းအား လက်ရဖမ်းဆီးကာ ခေါ်ဆောင်လာမည်ဟု ယုဖုံးအား ကတိပေးခဲ့လေသည်

ယုဖုံးကား သေဆုံးသွားပြီဖြစ်လေသည်။

သို့သော် သူက လုံကြုံးစိမ်းကို ယုဖုံး၏မြေပုံရှေ့သို့ခေါ်ဆောင်သွားရမည်သာ ဖြစ်ပေသည်။

ကျန်းစုထင်း တွေးတောနေစဉ် လုံကြုံးစိမ်းသည် သူနှင့်ခြေငါးလှမ်းအကွာသို့ ရောက်ရှိလာသည်။



ကျန်းစုထင်းက အသက်ပြင်းပြင်း ရှုရှိုက်လိုက်လေသည်။

နှစ်ပေါင်းများစွာကတည်းက လူပေါင်းများစွာက လိုချင်နေသည့် လုံကြုံးစိမ်းမှာ သူ၏ရှေ့တွင် ရောက်ရှိနေပြီဖြစ်သည်။

မည်သူမျှ ဖမ်းဆီး၍မရခဲ့သည့် လုံကြုံးစိမ်းအား သူက ဖမ်းဆီးနိုင်ပါမည်လော။

ကျန်းစုထင်းက လုံကြုံးစိမ်းအား လုံးဝလက်လွှတ်မခံနိုင်ဟု ကိုယ့်ကိုကိုယ် သတိပေးလိုက်သည်။

သတိကြီးစွာထားပြီး ရင်ဆိုင်ရမည်ဟုလည်း အသိဉာဏ်ခဖြတ်ချေ၏။

လုံကြုံးစိမ်းက...

"ကျန်းစုထင်း မင်းက ဆုငွေထုတ်ထားတဲ့လူဆိုးကြီးတွေကိုလိုက်ဖမ်းနေတယ်ဆိုတာ မီးနဲ့ကစားသလို ဖြစ်နေတယ်ဆိုတာ မသိဘူးလား၊ မီးနဲ့ကစားယင် တစ်နေ့ မီးလောင်ခံရတတ်တယ် ဆိုတာ ခင်သင်ခန်းစာရလိမ့်မယ်"

ဟု ပြောလေသည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

လုံကြုံးစိမ်းကို စိုက်ကြည့်ကာ...

"ခင်ဗျားက သင်ခန်းစာပေးမလို့လား"

ဟု ပြန်မေးလိုက်လေသည်။

လုံကြုံးစိမ်း ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ မင်းကို သင်ခန်းစာပေးဖို့ ငါလာခဲ့တာပဲ၊ ကဲ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရှေ့မှာ မြန်မြန်ဒူးထောက်လိုက်စမ်း၊ မင်းကို ချမ်းသာခွင့်ပေးမယ်"

ဟုပြော၏။

ထိုစကားကြားလျှင် ကျန်းစုထင်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

"ကျုပ်က ဒူးထောက်မယ်ထင်ယင် ခင်ဗျားမှားသွားမှာပေါ့"

လုံကြိုးစိမ်းက...

"မင်းရဲ့အစွမ်း ဘယ်လောက်ရှိလို့လဲ"

ကျန်းစုထင်းက...

"ကောင်းပြီ...သတိထားပေတော့"

စကားဆုံးလျှင် လုံကြိုးစိမ်းအား စတင်တိုက်ခိုက်လိုက်လေသည်။

လုံကြိုးစိမ်းအား သတိထားရမည်ဖြစ်လေရာ တစ်စက်ကလေးမှ အမှားမယွင်းမခံဘဲ ပြင်းထန်စွာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

လုံကြိုးစိမ်း မျက်နှာပျက်သွားသည်။

ကျန်းစုထင်းအား ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ခြင်း မပြုဝံ့ဘဲနောက်သို့ ခုန်ဆုတ်လိုက်၏။

သို့သော်...

ကျန်းစုထင်းက အလွတ်မပေးဘဲ တရကြမ်းတိုက်ခိုက်လိုက်ရာ မရှောင်သာတော့ဘဲ ပြန်လည်ခုခံတိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်...



"ဝုန်း"

"အား"

ကျယ်လောင်သောအသံ တစ်ချက်ထွက်ပေါ်လာလေတော့သည်။

ကျန်းစုထင်း၏တိုက်ခိုက်မှုကို မခံနိုင်ဘဲ လုံကြိုးစိမ်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လုံကြိုးစိမ်းမှာ ဒဏ်ရာရသွားပြီ ဖြစ်သည်။

"ဟင်"

ကျန်းစုထင်းမှာ တအံ့တသြဖြစ်သွားရ၏။

ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ နောက်ဆုတ်လိုက်သည်။

လုံကြိုးစိမ်းကိုလည်း နားမလည်နိုင်စွာ ကြည့်လိုက်မိလေသည်။

လုံကြိုးစိမ်းအား ထိပ်တိုက်ရင်ဆိုင်ဖို့ မလွယ်ဟု သူနားလည်ထားသည်။

သို့သော်လည်း တကယ်တမ်း ရင်ဆိုင်တိုက်ခိုက်လိုက်သောအခါ လုံကြိုးစိမ်း၏ သိုင်းပညာမှာ အဆင့်လွန်စွာနိမ့်ကျနေသည်ကို သိလိုက်ရလေသည်။

လုံကြိုးစိမ်း နောက်ဆုတ်လိုက်သည်။

ကျန်းစုထင်းက ခေါင်းခါယမ်းလိုက်ပြီး...

"ကျုပ် ကြားခဲ့တာနဲ့ လက်တွေ့ဟာ တခြားစီဖြစ်နေပြီဗျ"

ဟုပြောလိုက်လေသည်။

လုံကြိုးစိမ်းက ဘာမျှမပြောတော့ချေ။

နောက်သို့ တရွေ့ရွေ့ဆုတ်ကာ ထွက်ပြေးရန် ဟန်ပြင်နေလေသည်။

ကျန်းစုထင်းက...

"ခင်ဗျား ထွက်ပြေးလို့မရဘူး"



ဟုပြောလိုက်၏။

ထိုသို့ ပြောလိုက်မှ လုံကြိုးစိမ်းက ချာခနဲလှည့်ကာ ထွက်ပြေးလေတော့သည်။

"ရပ်လိုက်စမ်း"

ကျန်းစုထင်းက ဝေါက်လိုက်သည်။

ကြမ်းပြင်ပေါ် ခြေတစ်ချက်ဆောင့်ကာ အပေါ်ခုန်တက်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် ပေါ့ပါးစွာ ခုန်ထွက်သွား၏။

ထို့နောက်...

လုံကြိုးစိမ်း၏ အပေါ်မှဖြတ်ကျော်သွားပြီး တံခါးဝရှေ့ရောက်သွား၏။

လုံကြိုးစိမ်း ထွက်ပြေးရာလမ်းကြောင်းကို ပိတ်ဆို့ထားလိုက်ပြီး ဖြစ်သွားတော့သည်။

အားသွန်ပြေးလာသော လုံကြိုးစိမ်းမှာ ကျန်းစုထင်းကိုပင် ဝင်တိုက်မိတော့မလို ဖြစ်သွားသည်။

"အမယ်လေး"

လွှတ်ခနဲ အော်ပြီး ချက်ချင်း နောက်သို့ပြန်ဆုတ်လိုက်လေသည်။

ကျန်းစုထင်းက လုံကြိုးစိမ်းအားကြည့်လိုက်သည်။

"လုံကြိုးစိမ်း ကျုပ်နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ရင်ကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်၏။

သူ၏မျက်နှာမှာ တည်တည်ကြည်ကြည် ဖြစ်နေလေသည်။

လုံကြိုးစိမ်း၏ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်လာလေသည်။

"မင်း..မင်း"

စကားမှာ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေ၏။

ကျန်းစုထင်းက...

"လုံကြိုးစိမ်း..ခင်ဗျားက"

ဟုသာ ပြောရသေးသည်။

"ကျုပ်က လုံကြိုးစိမ်း မဟုတ်ဘူး"

လုံကြိုးစိမ်းက ကြားဖြတ်၍အော်ပြောလိုက်လေသည်။

သူ၏စကားသံကြားလျှင် ကျန်းစုထင်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

လုံကြိုးစိမ်းကိုလည်း နားမလည်နိုင်စွာ ကြည့်လိုက်သည်။

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

ဟုမေးလိုက်၏။

လုံကြိုးစိမ်းက...

"ကျုပ်..ကျုပ်က လုံကြိုးစိမ်း မဟုတ်ပါဘူး"

"ဘာပြောတယ်ဗျ"

"ကျုပ်ပြောတာ ယုံပါဗျာ၊ ကျုပ်ဟာ လုံကြိုးစိမ်းမဟုတ်



ပါဘူး၊ ကျုပ်နာမည် ကျိုးရှောင်လို့ခေါ်ပါတယ်"

ကျန်းစုထင်း ကြောင်အမ်းအမ်း ဖြစ်နေသည်။

ထိုလူက ချက်ချင်းပင် သူ၏မျက်နှာပေါ်တွင် စွပ်ထားသည့် မျက်နှာဖုံးတုကို ချွတ်ချလိုက်သည်။

ထို့နောက်...

လည်ပင်း၌ ရစ်ခွေထားသည့် ကျစ်ဆံမြီးကို ဆွဲဖြုတ်လိုက်လေသည်။

တခဏအတွင်းမှာပင် လုံကြိုးစိမ်း၏ရုပ်သွင်မှာ ကျောက်ပေါက်မာရှိသူ တစ်ယောက်၏ရုပ်သွင် ပြောင်းလဲသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"ဟိုက်"

လွှတ်ခနဲ ရေရွတ်မိသည်။

ထိုလူက...

"ကျုပ်နာမည် ကျိုရှောင်ပါ၊ လုံကြိုးစိမ်း မဟုတ်ပါဘူး၊ မယုံယင် မြို့ထဲမှာလိုက်ပြီးတော့ မေးကြည့်နိုင်ပါတယ်"

ဟုလေသံပျော့ဖြင့် ပြောလေသည်။

ကျန်းစုထင်းသည် ယခုမှ တစ်ပတ်ရိုက်ခံလိုက်ရပြီဖြစ်ကြောင်း နားလည်သဘောပေါက်သွား၏။

သူ၏တိုက်ခိုက်မှုကို လုံကြိုးစိမ်းက ခံနိုင်ရည်မရှိသဖြင့် အံ့သြနေခြင်းများလည်း ပျောက်ကွယ်သွား၏။

သူ ရင်ဆိုင်ခဲ့ရသူမှာ လုံကြိုးစိမ်းမဟုတ်ဘဲ ဟန်ဆောင်ထားသည့် ကျိုရှောင်ဖြစ်နေသည် မဟုတ်ပါလား။

လုံကြိုးစိမ်း အစစ်သာဖြစ်ခဲ့လျှင်...

"နေပါဦး၊ ခင်ဗျားက ဘာကြောင့် လုံကြိုးစိမ်းအဖြစ် ရုပ်ဖျက်နေတာလဲ"

ဟု ခပ်ထန်ထန် မေးလိုက်လေသည်။

ကျိုရှောင်၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"ကျုပ်..ကျုပ်က သူများခိုင်းလို့ လုပ်ရတာပါ"

အထစ်ထစ်အငေါ့ငေါ့ ပြောလေသည်။

ကျန်းစုထင်းမှာ ယခုမှ သူ့အား ကျိုရှောင်ထက်အယင်



ရှောင်းမြောင်းတိုက်ခိုက်ခဲ့သူ နှစ်ယောက်ကို သတိရလာသည်။

ထိုလူနှစ်ယောက်မှာ အခြေအနေမဟန်မှန်း ရိပ်မိပြီးထွက်ပြေးသွားကြပြီ ဖြစ်သည်။

ကျိုရှောင်အား လုံကြိုးစိမ်းအဖြစ် ရုပ်ဖျက်ဟန်ဆောင်ဖို့ ညီသူက ခိုင်းစေလိုက်ပါသနည်း။

ကျိုရှောင်ကို စိုက်ကြည့်ကာ...

"ကဲ ပြောစမ်းပါဦး၊ ခင်ဗျားကို ဘယ်သူက ခိုင်းစေခဲ့တာလဲ"

ဟု မေးလိုက်လေသည်။

ကျိုရှောင်က...

"လူ...လူတစ်ယောက်ပါ"

ဟုပြောလိုက်သည်။

ကျန်းစုထင်း မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူလဲ"

ကျိုရှောင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်..ကျုပ် မသိပါဘူးဗျာ"

"ဘာ"

ကျန်းစုထင်း၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကျိုရှောင် ဇက်ပုသွား၏။

ကျန်းစုထင်း မကျေမနပ်ဖြစ်သွားလျှင် သူ့အတွက် အန္တရာယ်ဖြစ်နိုင်သည်ဟု သဘောပေါက်ထားမှန်း ထင်ရှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းမှာ မကျေမနပ် ဖြစ်သွားရသည်။

ကိုရောင်အား ကြည့်ကာ…

“ခင်ဗျား မှန်မှန်ပြောယင်ကောင်းမယ်”

ဟု ခပ်မာမာ ပြောလိုက်သည်။

ကိုရောင်က…

“ကျုပ်..ကျုပ် တကယ်မသိတာပါဗျာ၊ မလိမ်ဝံ့ပါဘူး”

ဟု ထစ်ထစ်ငေ့ါငေ့ါ ပြောလိုက်လေသည်။

ကျန်းစုထင်း ခေါင်းခါယမ်းလိုက်သည်။

“ကျုပ် မယုံဘူး”

“ကျုပ်..ကျုပ်”

ကိုရောင်မှာ နေစရာမရှိအောင်ပင် ဖြစ်သွားရလေသည်။

ကျန်းစုထင်းအား အထိတ်တလန့် ကြည့်လိုက်သည်။

ကျန်းစုထင်းက…

“ကဲ..ခင်ဗျား မှန်မှန်ဖြေယင် ကောင်းမယ်၊ ကျုပ် စိတ်မရှည်တော့ဘူး”

ဟုငေါက်လိုက်ပြန်သည်။

ကိုရောင် အမှန်အတိုင်း ပြောလာလိမ့်မည်ဟု ယုံကြည်ထားလေသည်။

ကိုရောင်က တုန်ယင်သည့် လေသံဖြင့်…

“သူ..သူဘယ်သူလဲဆိုတာ ကျုပ် ကျုပ်တကယ်မသိပါဘူးဗျာ၊ သူက ငွေပေးမယ်ဆိုလို့ သူခိုင်းတာလုပ်ခဲ့ရတာပါ”



ဟု ရှင်းပြလေသည်။

သူ၏စကားကြောင့် ကျန်းစုထင်း စိတ်ဝင်စားသွားလေသည်။

ကိုရောင်ထံမှတဆင့် လုံကြုံးစိမ်း၏သတင်းကို ရကောင်းရနိုင်သည် မဟုတ်ပါလား။

ထို့ကြောင့်…

“ပြောစမ်းပါဦး၊ ဘယ်သူက ငွေပေးပြီး ဘယ်လိုခိုင်းခဲ့တယ်ဆိုတာကိုပြော၊ ခင်ဗျားပြောတာတွေဟာ ယုတ္တိမရှိဘူးဆိုယင်တော့ ခင်ဗျားအတွက် မလွယ်ဘူးနော်”

ဟု ပြောလိုက်လေသည်။

ကျန်းစုထင်းသည် ကိုရောင်အား အမှန်အတိုင်းပြောလာရန် ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်။

ကိုရောင်က ကျန်းစုထင်းအား ကြောက်ရွံ့စွာ ကြည့်လိုက်ပြီးလျှင်…

“ကျုပ်…ကျုပ် လိမ်ပြောတာ မဟုတ်ပါဘူးဗျာ၊ အမှန်အတိုင်းပြောမှာပါ၊ ကျုပ် ကျုပ်ကို မသတ်ပါနဲ့၊ ချမ်းသာပေးပါ”

“ကောင်းပြီ ပြောပါ”

ကိုရောင်က…

“ကျွန်တော်တို့ သုံးယောက်ဟာ မြို့စွန်က အရက်ဆိုင်တစ်ဆိုင်မှာ အရက်သောက်နေကြတုန်း လူတစ်ယောက် ကျုပ်တို့ဆီကို ရောက်လာပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့သုံးယောက်ဆိုတာ စောစောက ကျုပ်ကို တိုက်ခိုက်ခဲ့တဲ့ လူနှစ်ယောက်လည်း ပါတာပေါ့ ဟုတ်လား"

ကျွန်းစုထင်းက ကြားဖြတ်မေးလိုက်ခြင်း ဖြစ်သည်။

ကျိုရှောင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်..ဟုတ်ပါတယ်ဗျာ"

"ကဲ..ဆက်စမ်းပါဦး"

ကျိုရှောင်က ဆက်ပြောလိုက်သည်။

"သူက ကျုပ်တို့ကို အရက် အဝတိုက်တယ်၊ ငွေပေးတယ်၊ ပြီးတော့ သူခိုင်းတာလုပ်ပေးယင် တစ်ယောက်ကို ငွေတစ်ထောင်စီပေးမယ်လို့ ပြောပါတယ်"

ကျွန်းစုထင်းက...

"သူ့ကို ခင်ဗျားတို့ သိလား"

ကျိုရှောင် ဦးခေါင်းခါယမ်းလိုက်သည်။

"မသိပါဘူးဗျာ၊ ကျုပ်တို့ တစ်ခါမှလည်း မတွေ့ဖူးပါဘူး"

ကျွန်းစုထင်း တွေဝေသွား၏။

အတန်ကြာမှ...

"သူ့ရဲ့ပုံသဏ္ဌာန်က ဘယ်လိုရှိသလဲ"

ဟုမေးလိုက်သည်။

ကျိုရှောင်က...

"စောစောက ကျုပ်ရုပ်ဖျက်ထားတာကို ခင်ဗျားတွေ့တယ် မဟုတ်လား၊ အဲဒါ သူ့ရဲ့ပုံပဲ၊ ကျုပ်ကို သူနဲ့တစ်ပုံစံတည်းဖြစ်အောင် ရုပ်ဖျက်ပေးလိုက်တာပါ"

ဟုပြောလိုက်သည်။

"လုံကြိုးစိမ်း"

ကျွန်းစုထင်း လွှတ်ခနဲ ခေါ်လိုက်မိသည်။

လုံကြိုးစိမ်းသည် ဤမြို့ကလေး၌ရှိနေပြီး သူ့အားတစ်ခေါ်ရိုက်ရန် ကြိုးစားခဲ့သည်မှာ ထင်ရှားနေပြီ ဖြစ်လေသည်။

ကျိုရှောင်က ကျွန်းစုထင်း တွေးတောစဉ်းစားနေသည်ကို ဆေးဘဲ ဆက်ပြောလိုက်လေသည်။

"သူက ပြောတယ်၊ လူတစ်ယောက်ဟာ သူ့ကိုဒုက္ခပေးဖို့ လိုက်ရှာနေတယ်၊ အဲဒီလူကို ဆုံးမပေးဖို့ပြောတယ်၊ ဆုံးမတဲ့အခါမှာ သူ့ကိုနောက်ထပ် မနှောက်ယှက်ရဲအောင် သူနဲ့တူအောင် ရုပ်ဖျက်သွားရမယ်တဲ့၊ ပြီးတော့ ခင်ဗျားနဲ့တွေ့ယင် ဘယ်လိုပြောဆိုရမယ်ဆိုတာကိုပါ တစ်ခါတည်း သင်ပေးလိုက်ပါတယ်"

ကျွန်းစုထင်း သက်ပြင်းချလိုက်သည်။

"ခင်ဗျားကိုလာပြီး အကူအညီတောင်းတဲ့လူ ဘယ်မှာလဲ၊ သူနဲ့ကော ထပ်တွေ့ဖို့ ရှိသေးသလား"

ကျိုရှောင် ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားကို ဆုံးမပြီးယင် ငွေယူဖို့ သူ့ဆီသွားရမှာပါ၊ သူက ကျုပ်တို့ကို တောင်ဘက်ချောင်းဘေးကနေ စောင့်နေမယ်လို့လည်း ပြောသွားပါတယ်"

ကျွန်းစုထင်းက ကျိုရှောင်အား စိုက်ကြည့်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ကို အသုံးချသွားတဲ့လူဟာ ဘယ်သူလဲဆိုတာ သိလား"

ဟု မေးလိုက်သည်။

ကျိုရောင် ခေါင်းခါယမ်းလိုက်၏။

"ကျုပ် မသိပါဘူး"

ကျန်းစုထင်း သက်ပြင်းမသိသာ ချလိုက်သည်။

ပြီးမှ..

"သူ့နာမည် လုံကြိုးစိမ်းလို့ခေါ်တယ်၊ သူဟာ ထိပ်ထိပ်ကျဲ လူဆိုးကြီးတစ်ယောက်ဗျ။ သူ့ကို ဖမ်းမိယင် ဆုငွေဆယ်သိန်း ပေးမယ်လို့လည်း ကြော်ငြာထားတယ်"

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် ကျိုရောင် ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။

ကျန်းစုထင်းက လက်ဝှေ့ယမ်းပြလိုက်ပြီး...

"ငွေလိုချင်တယ်ဆိုယင် တရားတဲ့နည်းလမ်းနဲ့ ရှာလို့ရပါတယ်၊ မတရားတဲ့နည်းနဲ့ ရှာမယ်ဆိုယင် ဒုက္ခရောက်လိမ့်မယ်၊ အခု ခင်ဗျားတို့ဖြစ်နေတာပဲ ကြည့်ပါလား"

ကျိုရောင်၏မျက်နှာ နီရဲသွား၏။

"ဟုတ်..ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ မှားခဲ့ပါတယ်"

ကျန်းစုထင်း ပြုံးလိုက်သည်။

"ကဲ ခင်ဗျားက အမှားကိုသိပြီဆိုယင် သွားလို့ရပါပြီ"



"ဗျာ"

ကျိုရောင် အံ့အားသင့်သွားသည်။

ကျန်းစုထင်းကို ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်သည်။

သူ့အား ဘာမှမလုပ်ဘဲ အလွယ်တကူ လွှတ်ပေးမည်ဟု မထင်မိခဲ့ချေ။

ကျန်းစုထင်းက...

"သွားတော့လေ ဘာကြောင်နေတာလဲ"

ဟု ငေါက်လိုက်၏။

ကျိုရောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ကျန်းစုထင်းအား လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုဆင်း...

"ကျုပ် အသက်ကို ချမ်းသာပေးတဲ့ကျေးဇူးကို မမေ့ပါဘူး၊ ဒါနဲ့ မိတ်ဆွေလေးရဲ့နာမည်ကို တဆိတ်လောက် သိပါရစေ"

ဟု ပြန်မေးလိုက်သည်။

ကျန်းစုထင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သေးသည်။

"ကျုပ်နာမည် ကျန်းစုထင်းပါ"

ကျိုရောင် ခေါင်းညိတ်လိုက်သည်။

"ကျုပ် မှတ်ထားပါ့မယ်"

ပြောပြီးလျှင် ချာခနဲ လှည့်ကာ ဘုံကျောင်းပျက်အပြင်သို့ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု...

ဘုံကျောင်းပျက်အတွင်း၌ ကျုန်းစုထင်းတစ်ယောက်တည်း သာ ကျန်ရစ်ခဲ့လေတော့သည်။

* * *

နေခြစ်ခြစ်တောက် ပူနေသည်။

လမ်းတလျှောက်တွင် လူသွားလူလာ တစ်ယောက်စ နှစ်ယောက်စအပြင် ပိုမရှိပါ။

လူတစ်ယောက်သည် နေပူဒဏ်ကို အံတုကာ တောင်ဘက်သို့ အပြေးသွားနေသည်။

ထိုလူမှာ ကျုန်းစုထင်းပင် ဖြစ်ပါသည်။

ကျုန်းစုထင်းသည် ဘုံကျောင်းအတွင်းမှ ကျိုရောင်ထွက်သွားသည်နှင့် အချိန်ဆွဲမနေတော့ဘဲ တောင်ဘက်သို့ မေးမြန်းကာ ထွက်လာခဲ့ခြင်း ဖြစ်သည်။

သူသည် လုံကြုံးစိမ်းကို တွေ့လိုဇော ပြင်းပြနေ၏။

ကျိုရောင်ပြောသည့်အတိုင်း လုံကြုံးစိမ်းမှာ တောင်ဘက်စမ်းချောင်းကလေးဘေး၌ စောင့်ဆိုင်းနေပါမည်လော။

မည်သို့ဆိုစေ သူက လုံကြုံးစိမ်းအား မတွေ့တွေ့အောင် ရှာမည်သာဖြစ်သည်။

* * *

## မာယာ

သုံးရာသီမြို့...။

သုံးရာသီမြို့၏ တောင်ဘက်တွင် ချောင်းမကြီးအတွင်းသို့ စီးဝင်နေသည့် စမ်းချောင်းကလေးတစ်ခု ရှိနေပေသည်။

ထိုစမ်းချောင်းကလေးသည် တောအုပ်တစ်ခုကို ဖြတ်ဆဲ့စီးဆင်းသွားလေသည်။

ကျုန်းစုထင်းသည် မြို့ပြင်ဘုံကျောင်းပျက်မှနေ၍ ထို တောအုပ်ကလေးဆီသို့ ရောက်ရှိလာပြီဖြစ်သည်။

တောအုပ်အတွင်းတွင် တိတ်ဆိတ်ငြိမ်သက်နေ၏။

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်နေသလို ကျေးငှက်ကလေးများ၏ ဘာသာဘာဝ တေးသီချင်းသီကြွေးသံမှာသာ တစ်ချက်တစ်ချက် ကြားရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှပသော ရောင်စုံတောပန်းများလည်း ဝေစေဆာဆာ ဖူးပွင့်နေသည်။

တောင်ဘက် မိုင်ငါးဆယ်ခန့်အကွာရှိသည့် ကန္တာရနယ်မြေနှင့် ဤနေရာကလေးမှာ လားလားမျှ မဆိုင်လောက် အောင်ပင် အေးမြ သာယာနေပေတော့သည်။

ကန္တာရမှ လူများသည် သုံးရာသီမြို့တော်ကလေးသို့ ရောက်လျှင် မပြန်ချင်လောက်အောင် ဖြစ်သွားလေ့ရှိကြသည်မှာလည်း အဆန်းမဟုတ်တော့ချေ။

ကျန်းစုထင်းက ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

ထို့နောက်...

သစ်ပင်များကြားမှ ဖြတ်ကာ စမ်းချောင်းကလေးဆီသို့ ခပ်သွက်သွက် လှမ်းသွားလေသည်။

စမ်းချောင်းကလေးမှာ တောအုပ်အတွင်း၌ ကွေ့ကွေ့ကောက်ကောက် ဖြတ်သန်းစီးဆင်းသွားနေခြင်း ဖြစ်သည်။

စမ်းရေကား ကြည်လင်အေးမြနေပေတော့သည်။

စမ်းချောင်းကလေးအတွင်းဝယ် ငါးကလေးများ ကူးခတ်သွားလာနေကြသည်ကိုပင် တွေ့မြင်ရလေသည်။

ကျန်းစုထင်းက ပတ်ဝန်းကျင် သဘာဝအလှအပများကို ငေးမောကြည့်ရှုနေမိရာမှ လုံကြိုးစိမ်းသည် ကြောက်မက်ဖွယ်ကောင်းအောင် ဉာဏ်များသူဖြစ်ကြောင်း ဆင်ခြင်မိသည်။



ထို့ကြောင့် သတိကြီးစွာထားယင်း ပတ်ဝန်းကျင်တွင် ရှာဖွေကြည့်လိုက်လေသည်။

ကျိုရှောင်က လိမ်ညာပြောခဲ့မည် မဟုတ်ကြောင်း နားလည်ထားသည်။

လုံကြိုးစိမ်းအားတွေ့ဖို့ သိပ်မသေချာလှကြောင်း တွက်ဆမိသည်။

မည်သို့ဆိုစေ လုံကြိုးစိမ်းသည် သူ့နောက် တကောက်ကောက်လိုက်နေသည့်မိမိအား ဒုက္ခပေးရန် တစ်နည်းမဟုတ် တစ်နည်းဖြင့် တုန့်ပြန်လာလိမ့်မည်ဟု ကျန်းစုထင်း ယုံကြည်မိသည်။

လုံကြိုးစိမ်းသည် ကြက်ခေါင်းဆိတ်မခံဆိုသည့် လူစားမျိုးဖြစ်ပေသည်။

ကျန်းစုထင်း ရှာဖွေကြည့်နေစဉ်မှာပင်...

ရုတ်တရက်...

"ဟူး"

ချောင်းဘေးရှိ သစ်ပင်များကြားမှ လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျန်းစုထင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တောင့်တင်းသွားလေသည်။

"ဘယ်သူလဲ"

အော်ငေါက်ယင်း မြေပေါ်ခြေတစ်ချက်ဆောင့်ကာ ခုန်ပျံသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များကြားသို့ ရောက်သည်နှင့် သူ့အား စောင့်ဆိုင်းနေသူနှစ်ယောက်အား တွေ့မြင်လိုက်လေသည်။

"ဟင်"

ကျန်းစုထင်း ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

ထိုလူနှစ်ယောက်မှာ သူ့အား တိုက်ခိုက်နိုင်ကြလိမ့်မည် မဟုတ်ပါ။

အကြောင်းမှာ...

ထိုလူနှစ်ယောက်သည် ခြေလက်များကြိုးတုပ်ကာ သစ်ပင်ပေါ်၌ တွဲလောင်းချိတ်ဆွဲခြင်း ခံထားရလေသည်။

သူတို့၏ပါးစပ်တွင် အဝတ်များဖြင့် အသံမထွက်နိုင်အောင် ဝိတ်ဆို့ထားလေသည်။

ထိုလူနှစ်ယောက်သည် လေတိုက်ခတ်လာသောအခါ ဘယ်ညာလွှဲယမ်းလျှက် ရှိနေကြပေတော့သည်။

ထိုလူနှစ်ယောက်သည် ဘုံကျောင်းပျက်တွင် သူ့အား တိုက်ခိုက်ခဲ့သူနှစ်ယောက် ဖြစ်လေသည်။

ထိုလူနှစ်ယောက်သည် သူ့အား အနိုင်မရသဖြင့် ဘုံကျောင်းအဲတွင်းမှ ထွက်ပြေးကာ လုံကြိုးစိမ်းဆီ ရောက်လာကြခြင်း ဖြစ်ပေသည်။

လုံကြိုးစိမ်းနှင့် တွေ့သောအခါ ယခုကဲ့သို့ တုပ်နှောင်ထားခြင်းခံလိုက်ရပေမည်။

သို့ဆိုလျှင် လုံကြိုးစိမ်းသည်...



လုံကြိုးစိမ်း ဤနေရာ၌ ရှိနေခဲ့သည်ဟူသော အတွေးဖြစ်လာလျှင် ကျန်းစုထင်း၏တစ်ကိုယ်လုံး တောင့်တင်းသွား၏။

လုံကြိုးစိမ်းနှင့် ပတ်သက်လာလျှင် ကိုယ့်ကိုကိုယ် သတိပေးရသည့်အကြိမ်ပေါင်း မနည်းတော့ချေ။

သူက သစ်ပင်ပေါ်မှလူနှစ်ယောက်ကို သတိထားနေချိန်ဝယ် လုံကြိုးစိမ်းက အလစ်ချောင်း တိုက်ခိုက်လာနိုင်သည် မဟုတ်ပါလား။

သို့သော်...

ယခု မည်သူတစ်ဦးတစ်ယောက်မျှ သူ့အား တိုက်ခိုက်လာခြင်းမရှိခဲ့ပါချေ။

ကျန်းစုထင်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး သစ်ပင်ပေါ်မှ တွဲလောင်းကျနေသူနှစ်ယောက်ကို ကြည့်လိုက်ပြန်သည်။

ယခုတစ်ကြိမ် ထိုလူနှစ်ယောက်အနက် တစ်ယောက်၏ ကိုယ်ပေါ်တွင် စာတစ်စောင် ကပ်ထားသည်ကို တွေ့ရလေသည်။

ကျန်းစုထင်း မျက်မှောင်ကြုတ်သွား၏။

"ဘာစာပါလိမ့်"

တွေးယင်း လက်တစ်ဘက် လှုပ်ရှားလိုက်သည်။

ထိုအခါ...

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းက လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"ဝှစ်"

ဓားမြှောင်ကလေးတစ်ချောင်းသည့် အသံမြည်ကာ ပျံသန်းသွားသည်။

ထို့နောက် ဆွဲထားသော ကြိုးကို တန်းတန်းမတ်မတ် ထိမှန်သွားလေသည်။

"ဝုန်း"

အသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာပြီး သစ်ပင်ပေါ်မှလူသည် အောက်သို့ ခြေပစ်လက်ပစ် ပြုတ်ကျလာလေတော့သည်။

ချိတ်ဆွဲထားသည်မှာ အတော်မြင့်နေသဖြင့် မြေပေါ်ရောက်လျှင် ခြေကျိုးလက်ကျိုး ဖြစ်မသွားသော်လည်း အကြောက်လွန်ကာ သတိလစ် မေ့မြောသွားလေတော့သည်။

ကျန်းစုထင်းက ထိုလူအနီးသို့ လှမ်းသွားပြီး ရင်ဘတ်၌ကပ်ထားသောစာကို ဆွဲဖြုတ်လိုက်၏။

ဖတ်ကြည့်လိုက်သောအခါ စာထဲတွင်…

"ကျန်းစုထင်း

ငါ့ကိုတွေ့ချင်ယင် သဲကန္တာရကို လိုက်ခဲ့။

လုံကြိုးစိမ်း"

ဟုရေးသားထားသည်ကို တွေ့မြင်ရလေသည်။

ကျန်းစုထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။



သို့သော်…

မကြာပါချေ။

ကျန်းစုထင်း၏မျက်နှာ ပြုံးရွှင်သွားသည်။

အကြောင်းမှာ လုံကြိုးစိမ်းသည် သဲကန္တာရသို့သွားချင်မှ သွားပေလိမ့်မည်။

သဲကန္တာရသည် အန္တရာယ်နယ်မြေ ဖြစ်သည်။

သူ့အား ဒုက္ခရောက်စေရန် သဲကန္တာရသို့ လိုက်ခဲ့ရန် ရေးသားထားခြင်း ဖြစ်နိုင်သည်။

သူက သစ်ကိုင်းပေါ်၌ ကျန်နေသေးသူအား အောက်သို့ရောက်အောင်ပြုလုပ်ပြီး စစ်ဆေးမေးမြန်းရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

နေဝန်းနီမှာ ကောင်းကင်ပေါ် မြင့်တက်လာပြီဖြစ်လေသည်။

နေမြင့်လာသည်နှင့်အမျှ သုံးရာသီမြို့ကလေးမှာလည်း စည်ကားကား ဖြစ်လာလေတော့သည်။

အနယ်နယ်အရပ်ရပ်မှ ကုန်သည်ပွဲစားများသည် လမ်းအသွယ်သွယ်မှတဆင့် သုံးရာသီမြို့ကလေးတွင်းသို့ ဝင်ရောက် လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးရာသီမြို့တွင်းမှ ပစ္စည်းများကိုသယ်ဆောင်ကာ ကုန်သည်ပွဲစားအသီးသီးကလည်း အနယ်နယ်အရပ်ရပ်သို့ ထွက်ခွာသွားကြလေသည်။

ဝင်လာသူများ၊ ထွက်သွားသူများ၊ မြို့ခံလူများဖြင့် ကြက်ပျံမကျစည်ကား သိုက်မြိုက်နေလေတော့သည်။

မုဝမ်းတို့ သုံးရာသီမြို့တော်ကလေးဆီသို့ ရောက်လာကြသောအခါ နေမွန်းတည့်တော့မည့် ဖြစ်လေသည်။

သူတို့၏ အဝတ်အစားများတွင် ဖုန်အလိမ်းလိမ်း၊ ချွေးအလိမ်းလိမ်း ညစ်ပတ်ပေကျံနေလေသည်။

ရပ်နားဖို့ အချိန်မရဘဲ သုံးရက်သုံးညတိတိ ခရီးပြင်းနှင်လာခဲ့ခြင်းဖြစ်လေသည်။

ထို့ကြောင့် သုံးယောက်စလုံး ပင်ပန်းနွမ်းနယ်နေကြပြီ ဖြစ်လေသည်။

သုံးရာသီမြို့ကလေး၌ ခေတ္တနားရန် မုဝမ်းကပင် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

သူတို့ သုံးရာသီမြို့တော်သို့ ရောက်လာသောအခါ ကုန်သည်ပွဲစားများသာမက မြို့ခံလူများကပင် အရေးမစိုက်ခဲ့ကြပါချေ။

လူတိုင်းလူတိုင်းသည် ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်ထွေးကာ မအားလပ်နိုင်အောင် ဖြစ်နေခဲ့ကြသည် မဟုတ်ပါလား။

မုဝမ်းတို့သည် သုံးရာသီမြို့သို့ရောက်သည်နှင့်စားသောက်ဆိုင်တစ်ဆိုင်ဆီသို့ ဦးတည်သွားလိုက်ကြလေသည်။



အကြောင်းမှာ သူတို့၏ ဝမ်းဗိုက်ထဲ၌ အလွန်ဆာလောင်မွတ်သိပ်နေသောကြောင့်ပင်။

နံနက်စာစားချိန်ဖြစ်လေရာ စားသောက်ဆိုင် အားလုံးလိုလိုလူပြည့်ကျပ်လျှက် ရှိသည်။

မုဝမ်းတို့ ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ဆိုင်လုလင်တစ်ဦးက ပြေးလာပြီး..

"ကြွပါခင်ဗျာ..ကြွပါ"

ဆီးကြိုလိုက်လေသည်။

ဆိုင်ထဲ၌ လူများပြည့်ကြပ်နေပါသည်။

သို့သော် ကံကောင်းထောက်မစွာပင် သူတို့သုံးယောက်အတွက် ချောင်ကျကျတစ်နေရာ၌ စားပွဲလွတ်တစ်လုံး ရရှိလေသည်။

ဤသည်ကိုပင် မုဝမ်းတို့က အကြိုက်တွေ့သွားရလေသည်။

ဆိုင်လုလင်က ပြုံး၍...

"ဘာများ သုံးဆောင်ကြမလဲ ခင်ဗျာ"

ဟု မေးလိုက်သည်။

မုဝမ်းက...

"မင်းတို့ဆိုင်က အကောင်းဆုံး ဟင်းလျာငါးမျိုးနဲ့ အရက်ကောင်းကောင်းတစ်အိုး အမြန်ဆုံးချပေးပါ"

ဟု မှာကြားလိုက်သည်။

ထိုစကားကြောင့် ဆိုင်လုလင် မျက်နှာ ပြုံးရွှင်သွားသည်။

မုဝမ်းအား အထင်ကြီးသည့်အကြည့်ဖြင့် ကြည့်ယင်း ဦး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတဆတ်ဆတ်ညိတ်ကာ...

"ကောင်းပါပြီဗျာ၊ ဆရာကြီးတို့မှာတာ အမြန်ဆုံးရရပါစေမယ်"

ဟုပြောပြီး ဆိုင်နောက်ဘက်သို့ ထွက်သွားလေသည်။

မုဝမ်းတို့သုံးယောက်သည် ရက်ပေါင်းများစွာ ချို့ချို့တဲ့တဲ့ စားသောက်ခဲ့ကြရသည်ဖြစ်ရာ စားသောက်ဆိုင်၌ရှိသော အကောင်းဆုံး ဟင်းလျာများကို မှာကြားလိုက်ခြင်းဖြစ်လေသည်။

တခဏအတွင်းမှာပင် စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ၊ အရက်အိုးများနှင့် ပြည့်နှက်သွား၏။

မုဝမ်းက အားရပါးရ ပြုံးလိုက်သည်။

"ကဲ..စားကြပေတော့၊ နောက်သုံးရက်လောက်ဒီလိုကောင်းကောင်းကန်းကန်း စားရမှာ မဟုတ်ဘူး"

ဟု ပြောလိုက်သည်။

မုဝမ်း၏စကားကြောင့် ကျောက်ထိဖန်းနှင့်ရှားယုံတို့ ပြုံးလိုက်ကြသည်။

ယခု...

သူတို့သုံးယောက်သည် အယင်ကထက် ပို၍စည်းစည်းလုံးလုံးဖြစ်နေကြချေပြီ။

ကျောက်ထိဖန်းနှင့် ရှားယုံတို့နှစ်ယောက်စလုံး မုဝမ်းအားယုံကြည်အားကိုးနေကြပြီ ဖြစ်လေသည်။

မုဝမ်းပြောသည့်အတိုင်းဆိုလျှင် နောက်ထပ် သုံးရက်ခန့်



ခရီးပြင်းနှင်ပြီးလျှင် အန္တရာယ်ကင်းသည့်နေရာတစ်ခုသို့ ရောက်သွားလိမ့်မည်ဖြစ်ကြောင်း နားလည်လိုက်ကြသည်။

သူတို့ အားတက်သွား၏။

အန္တရာယ်ကင်းသည့်နေရာတစ်ခုတွင် ဖာတ်မြုပ်နေကြပြီး အခြေအနေအေးချမ်းငြိမ်သက်သွားမှ မြုပ်နှံထားခဲ့သည့် ရတနာများကိုတူးဖော်ကာ ချမ်းချမ်းသာသာ နေနိုင်ကြလိမ့်မည် ဖြစ်လေသည်။

ဝူးနယ်စားဂေဟာမှ ရတနာများ လုယက်ယူငင်ခြင်းခံရသည့်ကိစ္စသည် တာလိနယ်စား၏ ပုန်ကန်မှုဆိုသည့် အဖြစ်ဆိုးကြီးအောက်တွင် နစ်မြုပ်ပျောက်ကွယ်သွားလိမ့်မည် ဖြစ်သည်။

သူတို့သုံးယောက် အားပါးတရ စားသောက်လိုက်ကြလေသည်။

အစားအသောက်ကောင်း မစားရသည်မှာ ကြာပြီဖြစ်ရာ တခဏအတွင်းမှာပင် မှာကြားထားသမျှ စားသောက်ဖွယ်ရာများမှာ တက်တက်စင်အောင် ပြောင်သွားလေတော့သည်။

အရက်အိုးလည်း ကုန်သွား၏။

ဗိုက်ပြည့်သွားသောအခါ အိပ်ချင်စိတ်များ ဖြစ်ပေါ်လာသည်။

သုံးရက်သုံးညလုံးလုံး မြင်းပေါ်မှမဆင်းဘဲ ခရီးနှင်ခဲ့ကြရသည် မဟုတ်ပါလား။

ရှားယုံက...

"ကျုပ်တို့ ဒီမှာ ခဏနားကြယင် ကောင်းမယ်ထင်တယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်သည်။

ကျောက်ထိဖန်းကလည်း ခေါင်းညိတ်ကာ ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ ကန္တာရကို ဖြတ်ပြီး အခြေအနေကောင်းတဲ့အထိ ဇာတ်မြုပ်နေကြရမှာဆိုတော့ ကျုပ်တို့ ဘယ်လောက်ကြာကြာ ပျင်းနေရဦးမယ်ဆိုတာ မပြောနိုင်ဘူး၊ ဒါကြောင့် အချိန်ရခိုက် ဒီမှာ ခဏလောက်တော့ ပျော်ပျော်ပါးပါး နေလိုက်ဦးမယ်ဗျာ၊ ခင်ဗျားကကော ဘယ့်နှယ်လဲ"

ဟု မဝမ်းကိုကြည့်ကာ ပြန်မေးလိုက်သည်။

သူတို့နှစ်ယောက်၏ စကားကိုကြားလျှင် မဝမ်း စိတ်ပျက်သွားလေသည်။

ရှားယုံက လောင်းကစားလိုစိတ် ပြင်းထန်နေပြီး ကျောက်ထိဖန်းက အပျော်မယ်များနှင့် အပျော်ကျူးလိုကြောင်း ရိပ်မိလိုက်သည်။

ယခုအချိန်၌ သူတို့နှစ်ယောက်ကို ခွင့်ပြုရန် မသင့်ပါချေ။

ရသည့်အချိန်ကို အကျိုးရှိရှိ အသုံးချရန် လွန်စွာမှပင် လိုအပ်လေသည်။

ယခုအချိန်၌ ရိက္ခာခြောက်နှင့်ရေ အလုံအလောက်သယ်ဆောင်ကာ ခရီးဆက်သင့်ပေသည်။

သို့သော်...

သူတို့အား တားဆီး၍ရမည်မဟုတ်ကြောင်း နားလည်



သိုက်သည်။

မဝမ်း သက်ပြင်းချကာ...

"ကောင်းပြီ အခုအချိန်မှာ ကျုပ်က ခင်ဗျားတို့ကို တားချင်သမယ့် တားလို့မရဘူးဆိုတာ သိပါတယ်၊ အခုအချိန်ကစပြီး ခင်ဗျားတို့သွားချင်ရာသွားပါ ညနေစောင်းတာနဲ့ ဒီဆိုင်မှာပဲ ပြန်ဆုံကြတာပေါ့"

ဟုပြောလိုက်လေသည်။

ကျောက်ထိဖန်းနှင့်ရှားယုံတို့ သဘောကျစွာ ပြုံးလိုက်ကြသည်။

မဝမ်းကို ကြည့်ကာ...

"ခင်ဗျားကော ဘယ်သွားမလဲ"

ဟုပြိုင်တူ မေးလိုက်ကြလေသည်။

မဝမ်းက...

"ကျုပ်က ရှေ့ခရီးဆက်ယင် လိုလေသေးမရှိအောင် မုန့်အသားခြောက်၊ ရေနဲ့ အရက်စတဲ့ရိက္ခာတွေကို တစ်ပါတ်စာလောက် သယ်သွားနိုင်အောင် စီစဉ်ရဦးမယ်လေ"

ဟု ပြောလိုက်သည်။

ထိုစကားကြားလျှင် ကျောက်ထိဖန်းနှင့် ရှားယုံတို့မှာ မဝမ်းကို လေးစားသွားကြ၏။

မဝမ်းက...

"ကဲ ခင်ဗျားတို့သွားမယ်ဆိုယင် အချိန်ရှိတုန်း မြန်မြန်

www.burmeseclassic.com

www.burmeseclassic.com



သွားကြ၊ ညနေ ဒီမှာ ပြန်ဆုံမယ်၊အန္တရာယ်လည်း ကြည့်ရှောင်ကြဦး”

ဟု သတိပေးလိုက်၏။

ကျောက်ထိဖန်းနှင့် ရှားယုံတို့ ထိုင်ရာမှထလိုက်ကြလေသည်။

သူတို့က…

“စိတ်ချ ကျုပ်တို့ အမြန်ဆုံးပြန်လာခဲ့မယ်”

ဟု ကတိပေးလိုက်သည်။

ထို့နောက် ဆိုင်အပြင်သို့ ခပ်သုတ်သုတ် လှမ်းထွက်သွားကြလေတော့သည်။

* * *



## အကြိုသမား

နေမွန်းတည့်ပြီ ဖြစ်သည်။

နေခြစ်ခြစ် တောက် ပူပြင်းနေသည်။

စိမ်းလန်းသော တောအုပ်များ မှိုင်ညို့ညို့ တောင်တန်းများသည် အဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ရှေ့သို့မျှော်ကြည့်လိုက်လျှင် မျက်စိတဆုံး ကျယ်ပြန့်လှသော သဲပြင်ကြီးကို တွေ့မြင်ရမည်ဖြစ်ပေသည်။

သဲပြင်ကြီးသည် မည်ရွေ့မည်မျှ ကြီးမားကျယ်ပြန့်သည်ကို မသိနိုင်ပါ။

သို့သော်…

သဲပြင်ကြီးတစ်ဘက်တွင် စိမ်းလန်းစိုပြည်သော ကုန်းမြေမြင့်တစ်ခု ရှိနေသည်က သေချာလှ၏။

သဲပြင်ကြီးကို ဖြတ်သန်းဖို့ တော်ရုံတန်ရုံ မည်သူမျှ စဉ်းစားကြမည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် လူသူအရောက်အပေါက် အလွန်နည်းပါးပြီး ခေါင်လှသည်။

လူနေအိမ်ခြေ စိုးစဉ်းမျှ မရှိချေ။

သဲကန္တာရသို့ မရောက်မီ သုံးရာသီမြို့တော်သည် နောက်ဆုံးလူနေရပ်ရွာ ဖြစ်ပေသည်။

ကန္တာရကို ဖြတ်လျှင်ဖြတ် မဖြတ်လျှင် နောက်ကြောင်း ပြန်လှည့်သွားနိုင်သေး၏။

သို့သော်လည်း လုံကြိုးစိမ်းက နောက်ကြောင်းလှည့်ရန် မစဉ်းစားတော့ပါ။

နောက်ကြောင်းသာ ပြန်လှည့်သွားမည်ဆိုပါက များပြားလှသော အန္တရာယ်များနှင့် ရင်ဆိုင်တွေ့ရဦးမည် မဟုတ်ပါလား။

ယခု...

သူ၏နောက်သို့ တကောက်ကောက် လိုက်နေသူများသည် သုံးရာသီမြို့တော်သို့ပင် ရောက်ရှိလာနေကြချေပြီ ဖြစ်သည်။

ကန္တာရကို ဖြတ်ကျော်ပြီးသည့်တိုင် အန္တရာယ်အရိပ်ဆိုးမှ လွတ်မြောက်နိုင်ပါမည်လောဟု တွေးကာ စိတ်ဓာတ်ကျဆင်းနေခြင်း ဖြစ်တော့သည်။

သူ၏မြင်းပေါ်တွင် ရိက္ခာခြောက်အထုပ်နှင့် ရေဗူးများပါလာလေသည်။

သဲကန္တာရကို ဖြတ်ရန် သုံးရက်တိတိကြာမြင့်မည် ဖြစ်ပေသည်။



သူက ငါးရက်စာ ရိက္ခာယူလာခဲ့သည်။

သဲကန္တာရအတွင်းဝယ် မျက်စိလည်လမ်းပျောက်တတ်သောရာ ရိက္ခာနှင့် ရေအပိုရှိနေမှ ဖြစ်ပေလိမ့်မည်။

လုံကြိုးစိမ်းက သုံးရာသီမြို့ကလေးတည်ရှိရာဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

ထို့နောက် ချာခနဲလှည့်လိုက်ပြီး သဲကန္တာရအတွင်းသို့ မြင်းထိုးအောင်းနှင် ဝင်ရောက်သွားလေသည်။

သူက နောက်ကြောင်း လှည့်တော့မည် မဟုတ်ပါ။

ကန္တာရကို ဖြတ်ကျော်နိုင်လျှင် သူ့အတွက် လွတ်မြောက်ဆူနွယ်မြေသို့ ရောက်ပြီဟု စိတ်တုံးတုံးချလိုက်သည်။

* * *

နေပူရှိန်ကား ပြင်းထန်လှသည်။

ကန္တာရတွင် အရိပ်မရှိပါ။ နားခိုစရာနေရာ မမြင်ပါ။

နေပူရှိန်အောက်တွင် တသမတ်တည်း ခရီးနှင်သွားရမည် အဖြစ်ပေသေးသည်။

ကန္တာရကိုဖြတ်စဉ်က တက်တက်ကြွကြွ လန်းလန်းဆန်းဆန်းရှိခဲ့သည်။ သို့သော်...

တဖြည်းဖြည်း အပူရှိန်၏နှိပ်စက်မှုဒဏ် ခံစားလာရပေသည်။ နေမြင့်လာလေလေ နေပူရှိန်ပို၍ ပြင်းထန်လာသေးလေ

www.burmeseclassic.com

www.burmeseclassic.com



ပင် ဖြစ်သည်။

ချေးများ တစိမ့်စိမ့်စီးထွက်လာသော်လည်း တခဏအတွင်း ခြောက်ခန်းသွားလေသည်။

လေပူကြီးနှင့်အတူ လွင့်ပျံလာသော ဖုန်များ၊ သဲများက သူ၏နှာခေါင်းနှင့် ပါးစပ်အတွင်းသို့ပင် ဝင်ရောက်လာသည်။

နှုတ်ခမ်းများ ခြောက်သွေ့အက်ကွဲစပြုလာ၏။

ကြာသော် တံတွေးပင် မျိုမချနိုင်တော့ချေ။

လုံကြိုးစိမ်း မနေနိုင်တော့ဘဲ ရေဗူးကိုယူကာ မော့သောက်လိုက်၏။ ရေသောက်လိုက်ရမှ လုံကြိုးစိမ်းမှာ အနည်းငယ် နေသာထိုင်သာ ရှိသွားသည်။

သူက တဝကြီးသောက်ပစ် လိုက်ချင်ပါသော်လည်း ကန္တာရအတွင်း အသက်ရှင်နေနိုင်ရန် ရေရှိမှဖြစ်မည်ဟု နားလည်ထား၏။

ထို့ကြောင့် ရေကို အတတ်နိုင်ဆုံး ချွေတာရမည်ဖြစ်သည်။

လုံကြိုးစိမ်းက နေဝန်းကြီးကို မော့ကြည့်လိုက်သည်။

"ဟူး"

သက်ပြင်းတစ်ချက် ချလိုက်ပြီး သွားရမည့် ခရီးလမ်းကြောင်းကို တွက်ချက်လိုက်သည်။

ထို့နောက် ရှေ့ဆက် ခရီးနှင်သွားလေသည်။

လုံကြိုးစိမ်းသည် သဲကန္တာရကို ဖြတ်ကျော်သွားနိုင်ပါမည်လော။

* * *



ငွေအိုးစားသောက်ဆိုင်...။

ငွေအိုးစားသောက်ဆိုင်သည် သုံးရာသီမြို့တော်တွင် အသွန်နာမည်ကြီးပြီး စည်ကားလှပေသည်။

သို့သော်...

ငွေအိုးစားသောက်ဆိုင် နာမည်ကြီးသည်မှာ မကောင်းသောသတင်းနှင့်သာ ဖြစ်သည်။

အမြို့မြို့အရွာရွာတိုင်းတွင် သမ္မာအာဇီဝ ကောင်းသောလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသူများ ရှိကြသလို မကောင်းသော ဒုစရိုက်လုပ်ငန်းများနှင့် အသက်မွေးဝမ်းကြောင်းပြုလုပ်သူများလည်းရှိကြပေသည်။

ငွေအိုးစားသောက်ဆိုင်သည် ဟန်ပြဖွင့်လှစ်ထားသောစားသောက်ဆိုင်တစ်ဆိုင် ဖြစ်လေသည်။

လောင်းကစားသမားများ၊ အပျော်ကြူးလိုသူများသည် ငွေအိုးစားသောက်ဆိုင်သို့ပင် လာရောက်ကြလေသည်။

ထို့ကြောင့် ငွေအိုးစားသောက်ဆိုင်သည် နေ့ညမဟူ လူများ ခြွတ်တဲ စည်ကားနေပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ငွေအိုးစားသောက်ဆိုင်ရှေ့သို့ ကျောက်ထိဖန်းနှင့်ရှားယုံတို့ရောက်ရှိလာကြ၏။

ဆိုင်ရှေ့တွင် ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်ကိုကြည့်ကာ ရှားယုံ သဘောကျစွာ ပြုံးလိုက်သည်။

“တို့တွေအတွက် ရွေးပြီးနာမည်ပေးထားတာလို့တောင် ထင်ရတယ်၊ တို့ဟာ မကြာခင် ငွေထုပ်ပိုက်ရတော့မယ့်သူတွေပဲ”

ဟုပြောလိုက်သေးသည်။

ကျောက်ထိဖန်းက ရယ်မောလိုက်လေသည်။

သူက ရှားယုံ၏ပခုံးအား ပုတ်ကာ…

“မင်းကတော့ ပြောလည်းပြောတတ်တယ်၊ ကဲ ကြာတယ် ဆိုင်ထဲဝင်ရအောင်”

ဟုပြောလေသည်။

သူတို့နှစ်ယောက် ဆိုင်ထဲ လှမ်းဝင်လိုက်ကြ၏။

ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် လှပစွာ ဝတ်ဆင်ထားသည့် မိန်းကလေးများ ထွက်လာပြီး ကြိုဆိုလိုက်ကြလေသည်။

ကျောက်ထိဖန်းမှာ သဘောအကျကြီးကျသွား၏။

သူက အားလုံးကို ငေးကြည့်ကာ…

“အားလုံးဟာ နတ်သမီးလေးတွေ လိုပါပဲလား”

ပြောယင်း မိန်းကလေးများအနက် သူသဘောကျသည့်မိန်းကလေးတစ်ယောက်၏ခါးကို သိုင်းဖက်လိုက်သည်။

ပြီးနောက်…



“ကဲ..ရှားယုံ၊ ကျုပ်ကိုတော့ မနှောက်ယှက်ရဘူးနော် ဟဲဟဲ”

ရှားယုံအားပြောပြီး မိန်းကလေးကို သိုင်းဖက်ကာ ထွက်သွားလေသည်။ ကျောက်ထိဖန်း ထွက်သွားသည်နှင့်မိန်းကလေးများက ရှားယုံထံ ဝိုင်းလာကြလေတော့သည်။

ရှားယုံ ခေါင်းခါယမ်းလိုက်သည်။

ကပျာကယာ လက်ကာပြကာ…

“ကျုပ်ကိုတော့ ဆွဲဆောင်ဖို့ မကြိုးစားကြနဲ့၊ ကျုပ်က သူဌေးလောင်းဗျ၊ ကဲ ဘယ်သူက ငွေများများရမယ့်နေရာ ကျုပ်ကို ညွှန်ပြနိုင်မလဲ”

ဟုမေးလိုက်လေသည်။

ရှားယုံသည် ပျော်ပါးရန်လာခြင်းမဟုတ်ဘဲ လောင်းကစားရန်လာခြင်းဖြစ်ကြောင်း မိန်းကလေးများ နားလည်သွားကြ၏။

မိန်းကလေးတစ်ယောက်က….

“အစ်ကိုကြီး ကျွန်မနောက်ကို လိုက်ခဲ့ပါရှင်၊ သူဌေးလောင်းဖြစ်မှာ သေချာပါတယ်”

ချိုလွင်သာယာသောအသံဖြင့် ပြောလိုက်သည်။

သူမ၏စကားကြောင့် ရှားယုံ သဘောကျသွားသည်။

တဟားဟားရယ်မောယင်း နောက်မှလိုက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်ဈေး...။

မြို့လယ်ဈေးတွင် လူစည်ကား သိုက်မြိုက်နေလေသည်။

ဈေးဝယ်လာသူများ၊ ဈေးရောင်းသူများဖြင့် တိုးမပေါက်အောင်ရှိနေလေသည်။

မြို့လယ်ဈေးတွင် အလိုရှိသောပစ္စည်း မှန်သမျှ ဝယ်ယူရရှိနိုင်လေသည်။

မုဝမ်းသည် စားသောက်ဆိုင်မှ ထွက်လာပြီး မြို့လယ်ဈေးကလေးသို့ ရောက်လာလေသည်။

မြို့လယ်ဈေးတွင် သူတို့အတွက် အဓိကလိုအပ်သည့်ပစ္စည်းများကို ရှာဖွေရန် ရောက်ရှိလာခြင်း ဖြစ်ပေသည်။

တဖြည်းဖြည်း မြို့လည်ဈေးအစွန်ရှိ ကြက်၊ ဘဲများ၊ ဆိတ်များ၊ သိုးများ ရောင်းချသည့်နေရာသို့ ရောက်ရှိလာ၏။

မုဝမ်းက ထိုဆိုင်သို့ ခပ်သွက်သွက် လှမ်းဝင်လိုက်လေသည်။

ဆိုင်ရှင်အဘိုးအိုက ဆီးကြိုနှုတ်ဆက်လေသည်။

"မိတ်ဆွေလေး ဘာများ အလိုရှိပါသလဲ၊ အမိန့်ရှိပါခင်ဗျာ"

ဟု မေးလေသည်။

မုဝမ်းက ပြုံးလိုက်သည်။

ဆိုင်ရှင်အဘိုးအိုအား ကြည့်ကာ...

"မြင်းသုံးကောင်လောက် လိုချင်ပါတယ်၊ ရနိုင်မလား"

ဟု မေးလိုက်လေသည်။



အဘိုးအို မျက်မှောင်ကြုတ်သွားသည်။

"မိတ်ဆွေလေးကသဲကန္တာရကို ဖြတ်သွားမလို့လား"

ဟု မေးလိုက်လေသည်။

မုဝမ်း၏မျက်နှာ တင်းမာသွားသည်။

ဆိုင်ရှင်အဘိုးအိုအား စိုက်ကြည့်လိုက်လေသည်။

အဘိုးအိုက မုဝမ်း၏အကြည့်ကို ရင်မဆိုင်ရဲပါ။

မျက်လွှာချလိုက်ပြီး...

"ကျုပ်က ကန္တာရကိုဖြတ်မယ်ဆိုယင် မြင်းထက် ကုလားအုတ်က ပိုပြီးအသုံးဝင်တယ်လို့ ပြောမလို့ပါ"

ဟုပြောလိုက်၏။

မုဝမ်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ကုလားအုတ်တစ်ကောင် ဘယ်လောက်လဲ"

ဟုမေးလိုက်သည်။

အဘိုးအိုက လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်ပြီး...

"တစ်ထောင်"

မုဝမ်းက...

"ကျုပ်သုံးကောင်ယူမယ်၊ ကျန်းမာသန်စွမ်းတဲ့ ကုလားအုတ်တွေပဲ ဖြစ်ရမယ်နော်၊ အိုနာကျိုးကန်းတွေ မလိုချင်ဘူး"

ပြောပြောဆိုဆို ငွေသုံးထောင်နှင့် ညီမျှသည့် ရွှေတုံးသုံးတုံးထုတ်ပေးလိုက်လေသည်။

အဘိုးအို ဝမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်းအား အံ့ဩသလိုကြည့်လိုက်သည်။

သူ၏တစ်သက်တာတွင် ဈေးမဆစ်ဘဲ ချက်ချင်းငွေချေကာ ဝယ်ယူသူကို ပထမဆုံးအကြိမ် တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

မုဝမ်းအား တစ်ချက်ကြည့်လိုက်ပြီး ငွေတုံးများကို သိမ်းဆည်းလိုက်သည်။

"အခုယူသွားမှာလား၊ ကျုပ်ရဲ့ကုလားအုတ်တွေဟာ သဲကန္တာရကိုဖြတ်ဖို့ အကောင်းဆုံးဆိုတာ တွေ့ရမှာပါ"

ဟုပြောလိုက်လေသည်။

မုဝမ်းက လက်ကာပြလိုက်ပြီး..

"အခုမယူသေးဘူး၊ ဒါထက် သဲကန္တာရခရီးအတွက် သုံးရက်စာ ရေနဲ့စားသောက်စရာ အလုံအလောက်စီစဉ်ပေးနိုင်မလား"

ဟုမေးလိုက်၏။

အဘိုးအို သဘောကျစွာ ပြုံးလိုက်သည်။

"အို သိပ်ရတာပေါ့၊ ကျုပ်က ခရီးသည်တွေအတွက် စီစဉ်ပေးနေကျပဲ၊ ဒီမြို့ကလေးမှာ အကောင်းဆုံး စားခဲ့ရသလို သဲကန္တာရမှာလဲ အကောင်းဆုံးစားရအောင် စီစဉ်ပေးနိုင်တယ်၊ ရွက်ဖျင်တဲလို့ တယ်ဆိုယင်လည်း ရမယ်"

ဟုပြောလိုက်သည်။

မုဝမ်း စဉ်းစားလိုက်၏။

ပြီးနောက်...

"ရွက်ဖျင်တဲတစ်ခုပါ ထည့်လိုက်ပါ၊ အားလုံး ဘယ်လောက်



ကျမလဲ"

ဟု မေးလိုက်သည်။

အဘိုးအိုသည် အနည်းငယ် စဉ်းစားတွက်ချက်ပြီး...

"သုံးရက်အတွက် လူတစ်ယောက်စာဆိုယင် ငွေနှစ်ထောင်တော့ အနည်းဆုံးကျမယ်"

သူက ပိုပြောထားမှန်း မုဝမ်း တွက်မိလေသည်။

သို့သော် ဈေးမဆစ်တော့ဘဲ။

"လူသုံးယောက်စာ ပြင်ဆင်ထားလိုက်ပါ၊ ရော့ ဟောဒီမှာ ငွေခြောက်ထောင်နဲ့ညီတဲ့ ငွေတုံးခြောက်တုံး"

ဟုပြောကာ ပစ်ပေးလိုက်သည်။

အဘိုးအိုက ငွေတုံးခြောက်တုံးကို လက်ခံထားလိုက်ပြန်သည်။

"ကျုပ်ကို ခဏတော့စောင့်ပါ"

ဟုပြော၏။

မုဝမ်းက...

"ကိစ္စမရှိဘူး၊ ညနေစောင်းမှပဲ ကျုပ်လာယူမယ်၊ အဆင်သင့်လုပ်ထားပါ"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟာ..ပိုကောင်းတာပေါ့ဗျာ၊ ကျုပ်က လိုလေသေးမရှိအောင် စီစဉ်ပေးနိုင်တာပေါ့"

မုဝမ်းက ခါးဒွိချိတ်ဆွဲထားသောဓားကို ငုံ့ကြည့်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးလျှင် အဘိုးအိုကို ကြည့်လိုက်ပြီး...

"ခင်ဗျားတောင်းတဲ့ဈေးအတိုင်း ကျုပ်ပေးခဲ့တယ်၊ ဒါကြောင့် ခင်ဗျားဘက်ကလည်း တာဝန်ကျေပါစေ၊ ပြောသလိုလုပ်ပါ"

ဟုပြောလိုက်သည်။

ထိုစကားကြားလျှင် အဘိုးအို၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်သွားပြီး ကြောက်ရွံ့ထိတ်လန့်သွားသောအကြည့်ဖြင့် ငေးကြည့်နေသည်။

မုဆိုးက...

"ကျုပ်ပြောတာ ခင်ဗျား ကြားပါတယ်နော်"

ဟုမေးလိုက်သည်။

အဘိုးအိုက ကပျာကယာ ခေါင်းညိတ်လိုက်သည်။

"ကြား..ကြားပါတယ်ဗျာ"

"ကောင်းပြီ ကျုပ်သွားမယ်၊ ညနေစောင်းသွားယင် ကျုပ်ပြန်လာခဲ့မယ်၊ အဆင်သင့်ဖြစ်နေပါစေ"

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွား၏။

အဘိုးအို ငိုင်လျက် ကျန်ရစ်ခဲ့သည်။

မုဆိုးမှာ ကြောက်စရာကောင်းသူတစ်ဦးဖြစ်ကြောင်း သိလိုက်လေတော့သည်။

* * *



မုဆိုး ဆိုင်အပြင်ဘက်သို့ ရောက်ရှိလာ၏။

မုဆိုး အပြင်ဘက်သို့ရောက်လျှင် ဘေးဘီဝဲယာသို့ အကဲခတ်ကြည့်လိုက်၏။

ထိုစဉ်...

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မုဆိုး၏ခန္ဓာကိုယ် တုန်ခါသွားသည်။

မြင်းခွာသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ဤတွင် မုဆိုး၏မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်သော အမူအရာများ ထွက်ပေါ်လာ၏။

အကြောင်းမှာ ဈေးဆိုင်များ၏ အနောက်ဘက်ကျောက်ခင်းလမ်းပေါ်တွင် မြင်းစီးသမားတစ်စု ဖြတ်သွားသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

မုဆိုး နောက်ဆုတ်ကာ ဆိုင်ထဲ ပြန်ဝင်လိုက်သည်။

"ရွှေဓားတပ်ဖွဲ့က လူတွေပါလား"

ဟုလည်း လွှတ်ခနဲ ရေရွတ်လိုက်၏။

မှန်ပေသည်။

ယန်ကွမ်းဦးဆောင်သည့်လူစုသည် သုံးရာသီမြို့ကလေးသို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

"မဖြစ်ဘူး ငါတို့ ဒီမြို့က အမြန်ဆုံးထွက်သွားမှ ဖြစ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်း တွေးတောကာ ဆိုင်ထဲမှ လှမ်းထွက်လိုက်၏။

ထို့နောက် ယန်ကွမ်းတို့လူစုနှင့် ဆန့်ကျင်ဘက်အရပ်ဆီသို့ ခပ်သွက်သွက် ပြေးထွက်သွားလေတော့သည်။

သို့သော်...

မုဝမ်းတို့လူစုသည် ယန်ကွမ်း၏လက်မှ လွတ်မြောက်နိုင်ပါမည်လော။

* * *

ဆူဆူညံညံအသံများ ထွက်ပေါ်နေသည်။

လောင်းကစားဝိုင်းတွင် လူအများ ဝိုင်းအုံနေကြ၏။

ရှားယုံက ထိုင်ခုံတစ်လုံးတွင် အကျအနထိုင်နေ၏။

အရက်တစ်အိုးလည်း သူ၏ရှေ့တွင် ရှိနေသည်။

ရှားယုံက အရက်ဇိမ်ခံသောက်ယင်း အန်စာတုံးကလေးများကို ကြည့်နေသည်။

လောင်းကစားဒိုင်သည် အန်စာတုံးကလေးများကို ကောက်ယူကာ သစ်သားဖြင့် ပြုလုပ်ထားသော ခွက်ကလေးထဲ ထည့်လိုက်သည်။

ထို့နောက် လက်ဝါးဖြင့်အုပ်ကာ တဂျောက်ဂျောက်မြည်အောင် လှုပ်ယမ်းလိုက်၏။

ပြီးနောက် ထိုးသားများကို တစ်ချက်ငေ့ကြည့်လိုက်သည်။



ပြီးမှ စားပွဲပေါ် မှောက်ချလိုက်သည်။

လက်ပြန်ရုပ်လိုက်ပြီးလျှင်...

"ကဲ..ကြိုက်သလောက် ထိုးကြပေတော့"

ဟု ဝင့်ကြွားစွာ ပြောလိုက်လေသည်။

ဝိုင်းကြည့်နေသူများသည် ငွေစများထုတ်ယူကာ မိမိနှစ်သက်ရာ ထိုးကြလေသည်။

ရှားယုံက အရက်ခွက်ကို စားပွဲပေါ် ချလိုက်၏။

ထို့နောက် ရွှေတုံး လက်တစ်ဆုပ်နှိုက်ယူကာ စားပွဲပေါ်၌ ခြစ်ရေးဆွဲထားသည့် အကွက်များအနက် ဖားရုပ်ရေးဆွဲထားသည့်အကွက်ပေါ်၌ ပုံချလိုက်သည်။

ဒိုင်လုပ်သူသာမက အခြားသော လောင်းကစားသူများပါ သူ့အား တအံ့တသြ ဝိုင်းကြည့်ကြ၏။

သူထိုးချလိုက်သည့် ရွှေတုံးလေးများ၏ တန်ဖိုးမှာ အလွန်များပြားနေသည် မဟုတ်ပါလား။

ဒိုင်လုပ်သူက ရှားယုံအား ကြည့်လိုက်ပြီး...

"ခင်ဗျား သေချာတယ်နော်"

ဟု မေးလိုက်လေသည်။

ရှားယုံက ပြုံးလိုက်သည်။

"ကျုပ် နှစ်ခါ မပြောင်းလဲဘူး"

ဒိုင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ကဲ လက်ရှောင် ပေါက်တောင်ဖွင့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်လိုက်၏။

ဆူဆူညံညံအသံများ တခဏအတွင်း တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အားလုံးသည် ဒိုင်လုပ်သူ၏လက်ကို ဝိုင်းကြည့်နေကြလေသည်။

ဒိုင်လုပ်သူက သစ်သားခွက်ကို တဖြည်းဖြည်းချင်း မ,ကာဖွင့်လိုက်လေသည်။

ထိုအခါ...

"ဖားဟေ့..ဖား"

တစ်ယောက်တစ်ပေါက် ထအော်သည်။

မကြာပါချေ။

အခန်းတွင်း၌ ဆူဆူညံညံအသံများ ဖြစ်သွားလေတော့သည်။

ပေါက်ကောင်မှာ ဖားဖြစ်နေသည်။

ထို့ကြောင့် ဖားထိုးထားသည့် ရှားယုံမှာ ဆယ်ဆထိ အလျော်ရမည် ဖြစ်လေသည်။

ဒိုင်လုပ်သူ မျက်နှာပျက်သွားသည်။

ရှားယုံ ထိုးထားသည့်ငွေမှာ များပြားလွန်းလှသည် မဟုတ်ပါလား။

ဒိုင်လုပ်သူက...

"ဘယ်သူက ဖားလို့ပြောတာလဲ"



ဟုအော်လိုက်၏။

သူ၏အသံကြောင့် အားလုံးကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

ထိုတဒင်္ဂအချိန်လေးအတွင်းမှာပင် ဒိုင်လုပ်သူက အံစာတုံးကို တစ်ဘက်သို့ လှစ်ခနဲ လှန်လိုက်သည်။

ထိုအခါ အံစာတုံးမှာ ဖားရုပ်အစား မြွေရုပ်ပေါ်လာလေသည်။ ဒိုင်လုပ်သူက...

"သေသေချာချာလည်း ကြည့်ကြစမ်းပါ။ ဖားလား မြွေလား ဆိုတာ"

ဟု အော်ပြောလိုက်သည်။

ထိုးသားများက အံစာတုံးကို ဝိုင်းကြည့်လိုက်ကြသည်။

"ဟင်..မြွေပါလား"

ရွှတ်ခနဲ ရေရွတ်သံ ထွက်ပေါ်လာပြီး မရေးမနှောင်းတွင် ချိုမြသောစကားသံများ ဆက်တိုက်ထွက်ပေါ်လာသည်။

ဒိုင်လုပ်သူ ဖြောင်လိမ်သည်ကို ရိပ်မိကြသော်လည်း မည်သူမှ မပြောဝံ့ကြချေ။

အားလုံးက ရှားယုံကို လှမ်းကြည့်လိုက်ကြလေသည်။

ရှားယုံသည် ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်သည်။

သူ၏မျက်နှာမှာ ဒေါသကြောင့် ရဲရဲနီနေလေသည်။

သူက အံစာတုံးကလေးကို ကောက်ယူလိုက်ပြီး တစ်ဘက်သို့ ပစ်လွှင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဖားရုပ်ပုံ ထွက်ပေါ်လာသည်။ ရှားယုံက…

"ဒါ ဖားမဟုတ်လို့ ဘာလဲ"

ဟု ခပ်မာမာ ပြောလိုက်သည်။

ဒိုင်လုပ်သူက….

"ဟေ့လူ..ခင်ဗျား ဘာလုပ်တာလဲ၊ အံစာကို မကိုင်ရဘူးဆိုတာ မသိဘူးလား"

ဟု ဒေါသတကြီး အော်ပြောလိုက်သည်။

ရှားယုံ မျက်နှာရှုံ့မဲ့လိုက်သည်။

ဒိုင်လုပ်သူအား စိုက်ကြည့်လိုက်ပြီး..

"အပိုတွေ ပြောမနေနဲ့၊ ကျုပ်ကို အလျော်ပေးမလား၊ မပေးဘူးလား"

ဟုပြောလိုက်သည်။

ရှားယုံကလည်း အလျော့မပေးဘဲ ခပ်ပြတ်ပြတ်ပြောလိုက်ခြင်း ဖြစ်သည်။ ဒိုင်က မဲ့ပြုံးပြုံးလိုက်သည်။

"ဘာဖြစ်လို့ အလျော်ပေးရမှာလဲ၊ ပေါ်တဲ့ကောင်ကမြွေ၊ ခင်ဗျားထိုးတာက ဖား၊ ဒါကြောင့် ခင်ဗျားထိုးတဲ့ငွေကိုစားတယ်"

ပြောပြောဆိုဆို ရှားယုံ၏ရွှေတုံးလေးများဆီသို့ လက်လှမ်းလိုက်သည်။ ရှားယုံ ပြုံးလိုက်သည်။

"မင်းက ဒီလိုလား"

ပြောပြီး သူ၏လက်တစ်ဘက် ခပ်သွက်သွက် လှုပ်ရှားလိုက်သည်။ ဤတွင်…



"ဒုတ်"

"အား"

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

မားမြောင်တစ်ချောင်းမှာ ဒိုင်လုပ်သူ၏လက်ဝါးပြင်ကို ထိုးဖောက်ကာ စားပွဲခုံစိုက်ဝင်သွား၏။

ဒိုင်လုပ်သူက ငယ်သံပါအောင် အော်ဟစ်လိုက်လေသည်။

ချက်ချင်းပင် လောင်းကစားဝိုင်းမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေတော့သည်။

လောင်းကစားဒိုင်၏တပည့် လူမိုက်များသည် လက်နက်ကိုယ်စီဆွဲကိုင်ကာ ရှားယုံထံ ပြေးဝင်တိုက်ခိုက်ကြလေသည်။

ရှားယုံ မဲ့ပြုံးပြုံးလိုက်သည်။

"ခင်းတို့ သေချင်ပြီထင်တယ်"

ပြောယင်း ခါးမှဓားကို ဆွဲထုတ်ကာ တိုက်ခိုက်လိုက်လေတော့သည်။ ဓားရောင်များ ထွက်ပေါ်လာသည်။

ခဏမနှောင်းတွင်…

"အား"

"အွန့်"

"အမယ်လေး"

ဟူသော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## သေပြေးရှင်ပြေး

"ဝုန်း"

"အား"

"အမယ်လေး"

ငွေအိုးစားသောက်ဆိုင်ထဲတွင် ပြင်းထန်သော တိုက်ပွဲတစ်ပွဲ ဖြစ်ပေါ်နေသည်။

ရှားယုံသည် သူ့အား ဝိုင်းရံတိုက်ခိုက်နေသူများကို ပြန်လည်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လောင်းကစားဒိုင်မှ လူများသည် ရှားယုံ၏တိုက်ခိုက်မှုကို မခံနိုင်ဘဲ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်၏။

လောင်းကစားသမားများလည်း ကြောက်လန့်တကြား အော်ဟစ်ကာ ဆိုင်အပြင်ဘက်သို့ ထွက်ပြေးကြလေသည်။



ဆူဆူညံညံအသံများ၊ ဝရုန်းသုန်းကား ပြေးလွှားနေသူများ ကြောင့် လမ်းသွားလမ်းလာများပင်လျှင် ငွေအိုးစားသောက်ဆိုင်ကို ဘာဖြစ်တာပါလိမ့် ဟူသောအကြည့်ဖြင့် လှမ်းကြည့်ကြ၏။

တိုက်တိုက်ဆိုင်ဆိုင် ထိုအချိန်တွင် ယန်ကွမ်းတို့လူစုသည် ရွှေမှဖြတ်သွားချိန်နှင့် ကြုံကြိုက်နေလေတော့သည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာလေ သည်။

ငွေအိုးစားသောက်ဆိုင်မှ လူအများ ဝရုန်းသုန်းကား ပြေး ထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ယန်ကွမ်း မျက်မှောင်ကြုတ်သွား၏။

မြင်းဇက်ကြိုးတင်းတင်းဆွဲကာ ရပ်တန့်လိုက်သည်။

လက်တစ်ဘက်ကိုလည်း အပေါ်သို့ မြှောက်ပြလိုက်၏။

ထိုအခါ…

သူ၏နောက်မှ လိုက်လာကြသည့် လက်ရွေးစင်ဆယ် ယောက်လည်း ရပ်တန့်သွားကြလေသည်။

စားသောက်ဆိုင်အတွင်းမှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်နေဆဲပင်။

ယန်ကွမ်း ပို၍စိတ်ဝင်စားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အတွင်း၌ အဘယ်ကြောင့် တိုက်ပွဲဖြစ်ပွားနေရပါသနည်း။

ယန်ကွမ်းက…

“စားသောက်ဆိုင်ထဲမှာ ဘာဖြစ်နေတာလဲ၊ သွားကြည့်လိုက်စမ်း”

ဟု အမိန့်ပေးလိုက်သည်။

ထိုအခါ လက်ရွေးစင်သိုင်းသမား တစ်ယောက်သည် မြင်းပေါ်မှခုန်ဆင်းလိုက်ပြီး စားသောက်ဆိုင်သို့ ပြေးလွှားသွားလေသည်။

ယန်ကွမ်းတို့လူစုက ရှေ့ဆက်မသွားဘဲ ရပ်တန့်ကာ အခြေအနေစောင့်ကြည့်နေကြ၏။

မမျှော်လင့်ဘဲ သုံးရာသီမြို့ကလေးတွင် မုဝမ်းတို့ အခက်ကြုံရပြီ ဖြစ်လေသည်။

ယခု…

ငွေအိုးစားသောက်ဆိုင်အတွင်း၌ ရှားယုံသည် စိတ်ရှိလက်ရှိ ထင်တိုင်းကျဲနေလေသည်။

သူ့အား အလျော်မပေးဘဲ ကလိန်ကျသည့် လောင်းကစားဒိုင်နှင့် တပည့်တပန်းများကိုသာမက ပတ်သက်နေသည့် စားသောက်ဆိုင်ပိုင်ရှင်ပါ ဒုက္ခရောက်စေရန် စားပွဲကုလားထိုင်များကို ရိုက်ချိုးဖျက်ဆီးပစ်သည်။

မည်းမည်းမြင်သမျှ တိုက်ခိုက်ချိုးဖွဲ့ပစ်ခြင်း ဖြစ်ပေတော့သည်။



ရှားယုံ၏လက်ချက်ကြောင့် လောင်းကစားဒိုင်နှင့် တပည့်တပန်းများမှာ ကြမ်းပြင်ပေါ် ဖရိုဖရဲလဲကျကုန်ပြီ ဖြစ်လေသည်။

စားသောက်နေသူများ၊ လောင်းကစားသမားများမှာ [illegible] ကြောက်ရွံ့ထိတ်လန့်ကာ ဆိုင်အပြင်သို့ထွက်ပြေးသွားကြပြီဖြစ်သည်။

ယန်ကွမ်း၏တပည့်လက်ရွေးစင် သိုင်းသမားသည် စားသောက်ဆိုင်ထဲ ရောက်သည်နှင့် ရှားယုံ သောင်းကျန်းနေသည်ကို တွေ့ရလေသည်။

ယန်ကွမ်း၏တပည့်သည် အခြေအနေကို သဘောပေါက်သွားပြီး—

“ရပ်လိုက်စမ်း”

ဟု အော်ပြောလိုက်သည်။

ရှားယုံသည် အသံလာရာဆီသို့ လှမ်းကြည့်လိုက်၏။

ယန်ကွမ်း၏တပည့်အား တွေ့လျှင် မျက်မှောင်ကြုတ်သွားပြီး—

“ခင်းက ဘာကောင်လဲ”

ဟု ဘုဆတ်ဆတ် မေးလိုက်၏။

ယန်ကွမ်း၏တပည့်က…

“ခေတ်ရှားသောင်းကျန်းနေတဲ့ မင်းကို ဆုံးမမဲ့သူပဲ”

ရှားယုံ မဲ့ပြုံးပြုံးလိုက်သည်။

“ခင်းက လောင်းကစားဒိုင်ရဲ့ လက်ကိုင်တုတ်ထင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းလို မလောက်လေးမလောက်စားက ငါ့ကို ဆုံးမမှာလား၊ ငါကပဲ မင်းကို ဆုံးမမှာလားဆိုတာ ကြည့်ကြသေးတာပေါ့"

ယန်ကွမ်း၏တပည့်က ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား...မင်းက သေချင်နေပြီကိုး၊ ကဲ သတိသာထားပေတော့"

ပြောယင်း ရှားယုံအား ဓားဝှေ့ယမ်းကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ရှားယုံသည် ထိုလူမှာ ဓားသိုင်းပညာကို သေသေချာချာ လေ့ကျင့်ထားသူဖြစ်ကြောင်း ရိပ်မိလိုက်၏။

ထို့ကြောင့် မပေါ့ဆဝံ့တော့ချေ။

သူက ဓားဆွဲထုတ်ကာ ပြန်လည်ခုခံတိုက်ခိုက်လိုက်လေသည်။ သူတို့နှစ်ယောက် ရင်ဆိုင်တိုက်ခိုက်မိသည်နှင့်...

"ခွမ်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

ယန်ကွမ်း၏တပည့် နောက်ဆုတ်လိုက်ရ၏။

ရှားယုံ ပြုံးလိုက်သည်။

"မင်း ဘယ်ဆိုးလို့တုန်း၊ ဒီတစ်ခါ ငါ့အလှည့်ပဲ"

ပြောယင်း ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ယန်ကွမ်း၏တပည့် အံတင်းတင်းကြိတ်ကာ ခုခံတိုက်ခိုက်လိုက်လေသည်။



ယခုတစ်ကြိမ် ရှားယုံက သူ၏ထက်မြက်သော သိုင်းကွက်များ ထုတ်ဖော်အသုံးပြုလိုက်ရာ...

"ခွမ်း"

"အား"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

ယန်ကွမ်း၏တပည့်သည် လက်ထဲမှဓား လွတ်ကျသွားပြီး နောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်သွားရလေသည်။

သူ၏ရင်ဝ၌ သွေးချင်းချင်းနီရဲနေ၏။

ယန်ကွမ်း၏တပည့်က ရှားယုံအား မယုံကြည်နိုင်စွာကြည့်သည်။

"မင်း...မင်း"

စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

ရှားယုံက ရင်ကော့လိုက်ပြီး...

"မင်းမသေခင် မြဲမြဲမှတ်သွား၊ ရှားယုံဆိုတာ ငါပဲ"

ဟုပြောလိုက်လေသည်။

ယန်ကွမ်း၏တပည့် မျက်လုံးပြူးကျယ်သွားပြီး...

"မင်း...မင်းက ရှားယုံ၊ ငါ...ငါ"

စကားဆုံးအောင် မပြောနိုင်ခဲ့ချေ။

"ဟား...ဟား...ဟား"

ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

"ဟား...ဟား...ဟား"

www.burmeseclassic.com

www.burmeseclassic.com



ရှားယုံ သဘောကျစွာ ရယ်မောလိုက်လေသည်။

လက်ထဲမှဓားကို ဓားအိမ်ထဲ ပြန်လည်ထိုးသွင်းထားရန် ဟန်ပြင်လိုက်၏။ ထိုစဉ်...

"အတော်ပဲ၊ ငါကလည်း မင်းကို တွေ့ချင်နေတာ"

အေးစက်စက်စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ရှားယုံ၏ခန္ဓာကိုယ် ဆတ်ခနဲ တောင့်တင်းသွား၏။

စကားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ တံခါးဝ၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူကို မြင်လျှင် ရှားယုံ မျက်နှာကွက်ခနဲ ပျက်သွားပြီး

"ယန်ကွမ်း"

ဟု လွှတ်ခနဲ ခေါ်လိုက်လေတော့သည်။

ပထမပိုင်းပြီး၏။

ဒု–ဓာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၁၈၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၈၀၁၀၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်တင်း (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

## မီးခိုးကြွက်လျှောက်

လေဝှေ့ယမ်း တိုက်ခတ်လာသည်။

လေနှင့်အတူ ငွေအိုးလောင်းကစားခန်းမအတွင်းမှ ဆူညံသော အသံများသည် လမ်းမပေါ်သို့တိုင် လွင့်ပျံ့နေ၏။

ဆိုင်ရှေ့ဝယ် မြင်းစီးသမားတစ်စု ရှိနေသည်။

ယန်ကွမ်း ဦးဆောင်သော ခွေးမားအဖွဲ့ပင် ဖြစ်သည်။

မကြာပါချေ။

ဆူဆူညံညံ အသံများ တိတ်ဆိတ်ငြိမ်သက်သွားသည်။

ဆိုင်ထဲမှ အခြေအနေကို သူ၏တပည့်က ကောင်းစွာ ထိန်းချုပ်ထားနိုင်လိုက်ပြီဟု တွေးကာ ယန်ကွမ်း သဘောကျစွာ ပြုံးလိုက်လေသည်။

သို့သော် ကြာကြာမပြုံးလိုက်ရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



စူးရှစွာ အော်ဟစ်လိုက်သော သူ၏တပည့် အသံကို ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

"ဟင်"

ယန်ကွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ခြေနင်းကွင်းကို အားပြုယင်း မြင်းပေါ်မှ ခုန်ထွက်သွား၏။

သူ၏ခန္ဓာကိုယ်သည် ပေါ့ပါးစွာဖြင့် ဆိုင်အပေါက်ဝသို့ ရောက်ရှိသွား၏။

ဤတွင်...

မမျှော်လင့်ဘဲ ပင်ပန်းကြီးစွာ လိုက်လံရှာဖွေခဲ့ရသည့် မုဝမ်းတို့သုံးယောက်အနက်မှ တစ်ယောက်အပါအဝင် ဖြစ်သော ရှားယုံကို တွေ့လိုက်ရခြင်း ဖြစ်ပေတော့သည်။

မိမိ လိုက်ရှာနေသူများထဲမှ တစ်ယောက်အား ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရခြင်းကြောင့် အံ့သြသွားသလို အလွန်ပင် ဝမ်းသာသွားမိသည်။

ရှားယုံအဖို့ကား အံ့သြထိတ်လန့်သွားရသည်။

"ယန်ကွမ်း"

လွှတ်ခနဲ ခေါ်လိုက်မိသည်။

မျက်စိမျက်နှာ ပျက်သွားပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိ၏။

တစ်နေ့မဟုတ်တစ်နေ့ ယန်ကွမ်းနှင့် ထိပ်တိုက်ရင်ဆိုင်ရမည် ဖြစ်ကြောင်း နားလည်ထားပါသည်။



သို့သော်...

ယခုလောက် မြန်မြန်ဆန်ဆန်ကြီး ဆုံတွေ့ရမည်ဟု မထင်မိခဲ့ပါချေ။

ဖြုန်းစားကြီး တွေ့မြင်လိုက်ရခြင်းကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မည်သို့ဆိုစေ ယန်ကွမ်းသည် သူတို့အတွက် သေမင်းကိုဖိတ်ခေါ်လာသူ ဖြစ်ကြောင်း နားလည်ထားသည်။

ယန်ကွမ်းအား ရင်ဆိုင်ဖို့ မလွယ်မှန်းလည်း နားလည်ထားပေသည်။

အကောင်းဆုံးသော နည်းလမ်းမှာ ရှောင်တိမ်းသွားခြင်း ဖြစ်ပေသည်။

ရှားယုံက နောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်လိုက်ပြန်သည်။

ယန်ကွမ်း ခေါင်းခါယမ်းလိုက်သည်။

"အခုမှ မင်းထွက်ပြေးလို့ မရတော့ပါဘူးကွာ၊ ပြေးရလွန်းလို့ မင်းမောနေပါပြီ"

ဟုပြောလိုက်လေသည်။

ရှားယုံ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ဓားရိုးကိုလည်း တင်းကျပ်စွာ ဆုပ်ကိုင်မိသည်။

ရှောင်ပတိမ်းသွားနိုင်ခြင်း မရှိလျှင် သူသေကိုယ်သေ ရင်ဆိုင်ရမည်သာ ဖြစ်လေသည်။

အန္တရာယ်နှင့် ကြုံတွေ့လာရသောအခါ ကျော[illegible]နှင့်

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်းကို သတိရလာသည်။

သုံးယောက်ပေါင်းပြီး ရင်ဆိုင်လျှင် ယန်ကွမ်းအား ရင်ဆိုင်နိုင်မည်ဟု ယုံကြည်လာ၏။

အပျော်ကျူးနေသည့် ကျောက်ထိဖန်းသည် ဤမျှ ဆူဆူညံညံ အသံများ ထွက်ပေါ်နေသည့်တိုင် အဘယ်ကြောင့် ထွက်မလာသည်ကို စဉ်းစားမရဘဲ ဖြစ်နေ၏။

ကျောက်ထိဖန်းကို လှမ်းပြီး အကူအညီ တောင်းလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထိုစဉ်...

ယန်ကွမ်းထံမှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ရတနာတွေ ဘယ်မှာလဲ"

တုံးတိတိ မေးခွန်းသည် ထိရောက်မှု ရှိလှပေသည်။

ရှားယုံ မျက်နှာပျက်သွားသည်။

ယန်ကွမ်းကို အထိတ်တလန့် ကြည့်ကာ...

"ခင်ဗျား ဘာတွေ ပြောနေတာလဲဗျ"

ဟု အကြောင်းရိုက်လိုက်လေသည်။

ယန်ကွမ်း ခေါင်းခါယမ်းလိုက်သည်။

"ရှားယုံ၊ မင်းဟာ ကျောက်ထိဖန်းနဲ့အတူ မုဝမ်းအတွက် အလုပ်လုပ်ခဲ့ကြတယ်ဆိုတာ ငါစုံစမ်းပြီးပြီ၊ ငါ့ကို တစ်ပတ်ရိုက်ဖို့ မစဉ်းစားနဲ့"



"ဘာဗျ"

"ရတနာတွေ ဘယ်မှာလဲ"

"ကျုပ် မသိဘူး"

ယန်ကွမ်း သက်ပြင်းချလိုက်သည်။

ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

ရှားယုံက သုံးလှမ်းမျှ ဆုတ်လိုက်လေသည်။

ယန်ကွမ်းက...

"မင်းဖွင့်ပြောယင် သက်သာမယ်"

အေးတိအေးစက် ပြောလိုက်သည်။

သူ့စကားလုံး နောက်ကွယ်တွင် ရက်စက်ကြမ်းကြုတ်သော ခြိမ်းခြောက်မှုများ ရှိနေပါသည်။

ရှားယုံ ခေါင်းယမ်းလိုက်သည်။

"ခင်ဗျား ဘာတွေ ပြောနေတာလဲ၊ ကျုပ် ဘာမှ မသိဘူးဗျ"

"မင်းသေချင်ပြီ ထင်တယ်"

စကားဆုံးလျှင် ယန်ကွမ်းသည် ရှားယုံ၏ရှေ့သို့ ရိပ်ခနဲ ရောက်ရှိလာလေတော့သည်။

ရှားယုံ မျက်နှာပျက်သွားသည်။

လက်ထဲမှ ဓားကို ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

ဓားရောင် ဝင်းခနဲ လက်သွားသည်။

သို့သော် တခဏအတွင်း ဓားရောင် ပြန်လည်ပျောက်ကွယ်

www.burmeseclassic.com

www.burmeseclassic.com



သွား၏။ အကြောင်းမှာ…

ယန်ကွမ်းက လက်တစ်ဖက် ဆန့်ထုတ်ကာ ရှားယုံ၏ဓားကို လုယူထားလိုက်ခြင်းကြောင့် ဖြစ်လေသည်။

လက်ထဲမှဓား အလုခံလိုက်ရသောအခါ ရှားယုံ ပို၍ချောက်ချားသွားလေတော့သည်။

ယန်ကွမ်းက လုယူထားလိုက်သည့် ဓားကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ပြီး…

“ရှားယုံ၊ ငါနဲ့ ပူးပေါင်းမယ်ဆိုယင် မင်းအတွက် အခွင့်အရေးရမယ်ဆိုတာ နားလည်စမ်းပါ”

ဟုပြောလိုက်လေသည်။

ရှားယုံ၏မျက်လုံးများ အရောင်ဝင်းလက်သွားသည်။

ယန်ကွမ်းသည် အပင်ပန်းခံကာ တကောက်ကောက် လိုက်နေသည်မှာ ရတနာများအတွက် ဖြစ်ပေသည်။

သူတို့၏အသက်ထက် ရတနာများ ရရှိရေးကို ပို၍ တန်ဖိုးထားကြောင်း ထင်ရှားပေသည်။

ရတနာများ ဝှက်ထားသည့် နေရာကို လောကပေါ်၌ သိထားသူသုံးယောက်သာ ရှိပေသည်။

ထိုလူသုံးယောက်အနက် သူလည်း တစ်ယောက်အပါအဝင် ဖြစ်နေသည် မဟုတ်ပါလား။

ရှားယုံ၏ရင်ထဲ ခွန်အားတစ်ရပ် ဝင်လာသည်။

ယန်ကွမ်းက ရွှေဒင်္ဂါးများကြောင့် သူ့အား လက်ဖျားနှင့်



မတို့ရဲဟူသော အတွေးဝင်လာသောကြောင့် ဖြစ်လေသည်။

ယန်ကွမ်းကို စေ့စေ့ကြည့်ယင်း…

“ခင်ဗျား ဘာတွေ ပြောနေတာလဲ၊ ဘယ်က ရတနာတွေလဲ၊ ကျုပ်နားမလည်ပါလား”

ဟုပြောလိုက်လေသည်။

ယန်ကွမ်း မျက်နှာညိုသွား၏။

ရှားယုံ ခေါင်းမာနေခြင်းကြောင့် ဒေါပွသွားပုံရလေသည်။

သူ၏မျက်နှာထား ပြောင်းလဲသွားသလို စကားသံလည်း ပြောင်းလဲသွားလေသည်။

“ရှားယုံ၊ ငါမေးမယ်၊ ရတနာတွေ ဘယ်မှာလဲ ပြောစမ်း။ ငါစိတ်မရှည်တော့ဘူး”

“ကျုပ် မသိဘူး”

“ဝုန်း”

“အား”

ရှားယုံ၏စကားအဆုံးတွင် စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ယန်ကွမ်းသည် ရုတ်ဖြည်းရှေ့တိုးကာ ခြေထောက်တစ်ဖက် ဆန့်ထုတ်လိုက်သည်နှင့် ရှားယုံမှာ မြောက်တက်သွားပြီးနောက် ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားသည် မဟုတ်ပါလား။

ရှားယုံ လူးလိမ့်ထလိုက်၏။

ပြေးပေါက်ရှာလိုက်သော်လည်း ယန်ကွမ်းသည် ရှေ့၌ နီး

www.burmeseclassic.com

www.burmeseclassic.com



တပ်စွာ မားမားမတ်မတ် ရှိနေလေသည်။

"ခင်..ခင်ဗျား"

ရှားယုံမှာ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

ယန်ကွမ်းက...

"ရတနာတွေ ဘယ်မှာလဲ"

ဟုမေးလိုက်သည်။

"ကျုပ် မသိ.."

"ဝုန်း"

"အား"

ယန်ကွမ်း၏ခြေထောက်တစ်ဖက် အပေါ်မြှောက်တက်သွားပြန်သည်။

ရှားယုံမှာ အနောက်ဘက်သို့ အရှိန်ပြင်းစွာ လွင့်စဥ်သွားပြီး နံရံနှင့် ဝင်တိုက်မိကာ ကြမ်းပြင်ပေါ် ခွေခနဲ ကျသွား၏။

ရှားယုံ အတော်ကလေး နာသွားပြီ ဖြစ်သည်။

အားတင်းကြိုးစားမှ ပြန်ထလာနိုင်သည်။

ယန်ကွမ်းအား ထိထိရောက်ရောက် ရင်ဆိုင်တိုက်ခိုက်ရခြင်း မရှိဘဲ ယန်ကွမ်း ပြုသမျှ နရတော့မည့်ဘဝ ရောက်နေချေပြီ။

ယန်ကွမ်းက...

"ရတနာတွေ ဘယ်မှာလဲ"

ဟု မေးလိုက်ပြန်သည်။



ရှားယုံက စကားပြောရန် ပြင်လိုက်သည်။

ထိုစဉ် ယန်ကွမ်း၏ခြေတစ်ဖက် မြှောက်တက်လာပြန်သည်။

"မလုပ်နဲ့"

ရှားယုံ အော်ဟစ်ဟန့်တားလိုက်သည်။

သို့ပါသော်လည်း ယန်ကွမ်း၏ခြေထောက်ကန်ချက်က သူ၏ဝဲဘက် နံကြားသို့ ကန်ချမိလိုက်သည်။

"အမယ်လေး"

ရှားယုံ၏မျက်နှာ ရှုံ့မဲ့သွားသည်။

တအီးအီး ညည်းညူယင်း ကြမ်းပြင်ပေါ်သို့ ဒူးထောက်ကျသွားလေသည်။

ယန်ကွမ်းမှာ သူ၏မေးခွန်းကို ဖြေဆိုမည့် စကားမှအပ အခြားမည်သည့် စကားမျှ အပြောမခံကြောင်း သိလိုက်ရချေပြီ။

ယန်ကွမ်းက...

"ရတနာတွေ ဘယ်မှာလဲ"

ဟုမေးလိုက်ပြန်သည်။

သူသည် လွန်စွာမှ ရက်စက်ကြမ်းကြုတ်သူတစ်ယောက် ဖြစ်ပေသည်။

ယခုလို အကြိမ်ကြိမ် မေးနေသည်မှာ စိတ်ရှည်လှ၍ မဟုတ်ပါ။

ရတနာများအတွက် သူ၏စိတ်ကို အတတ်နိုင်ဆုံး ချုပ်ထိန်း

www.burmeseclassic.com

www.burmeseclassic.com



ထားရကြောင်း သိသာနိုင်လေသည်။

သူက မေးပြီး အဖြေစကားကိုသာ လိုလားသည်။

မေးသည်နှင့် ဖြေရမည် ဖြစ်ပေသည်။

ဆင်ခြေတက်မည်၊ အချိန်ဆွဲမည်၊ ငြင်းပယ်မည်ဆိုလျှင် ယခုတစ်ကြိမ် ယာဘက်မှ နံရိုးများ ကျိုးကုန်မည် ဖြစ်သည်။

ရှားယုံ စိတ်ဓာတ်ကျဆင်းသွားသည်။

ယန်ကွမ်းအား ကြောက်ရွံ့လာပြီး...

"မုဝမ်းဆီမှာ.."

ပြောမိပြောရာ ပြောချလိုက်သည်။

သူ၏စကားကြောင့် ယန်ကွမ်း မျက်မှောင်ကြုတ်သွားသည်။

သူက တွေးတောစဉ်းစားနေသည့် အချိန်ကလေးတွင် ရှားယုံမှာ အနှိပ်စက်ခံရမည့်ဘေးမှ ကင်းလွတ်ချမ်းသာခဲ့ရလေသည်။

သို့သော်...

အချိန်ကြာမြင့်လှသည်တော့ မဟုတ်ပါ။

ယန်ကွမ်းက သူ့အား စိုက်ကြည့်လိုက်ပြီး...

"မုဝမ်း ဘယ်မှာလဲ"

ဟုမေးလေသည်။

ရှားယုံ ခေါင်းယမ်းလိုက်သည်။

"ကျုပ် မသိဘူး"

ပြောယင်း နောက်သို့ ကပျာကယာ နောက်ဆုတ်လိုက်လေ



သည်။ သို့မဟုတ်လျှင် ယန်ကွမ်း၏ခြေထောက်ကန်ချက်ကြောင့် သူ၏ခန္ဓာကိုယ်မှ အစိတ်အပိုင်း တစ်ခုခု ကျိုးပဲ့သွားဦးမည် မဟုတ်ပါလား။

ယန်ကွမ်းက တိုက်ခိုက်လာခြင်း မရှိချေ။

စိုက်ကြည့်မြဲ စိုက်ကြည့်နေပြီး...

"မုဝမ်း ဘယ်မှာလဲ"

ဟုမေးလေသည်။

ရှားယုံက...

"ကျုပ် မသိဘူး"

"မင်းသေချင်ပြီလား"

ယန်ကွမ်းက သွားကြားလေသံဖြင့် မေး၏။

ရေခဲတောင်မှ ထွက်ပေါ်လာသလို အေးတိအေးစက် ဖြစ်နေသည်။

ရှားယုံ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

"ကျုပ်..ကျုပ် မသိလို့ပါဗျာ"

"မင်းက ဘာကြောင့် ငါနဲ့ မပူးပေါင်းချင်ရတာလဲ"

ရှားယုံ ပါးစပ်ပိတ်ထားလိုက်သည်။

ယန်ကွမ်းက...

"မင်းက ငါနဲ့ ပူးပေါင်းမယ်ဆိုယင် မင်းအတွက် ဝေစုရမယ်လို့ ငါကတိပေးတယ်၊ ဘယ့်နှယ်လဲ"

ရှားယုံ၏ခန္ဓာကိုယ် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်းနှင့် ပေါင်းလျှင်လည်း ဝေစုရမည်။

ယန်ကွမ်းနှင့် ပူးပေါင်းလျှင်လည်း ဝေစုရနိုင်မည် ဖြစ်သည်။

ရတနာများကို သူတစ်ယောက်တည်း ရနိုင်မည်တော့ မဟုတ်ပါ။

မည်သူနှင့် ပေါင်းစေကာမူ သူ့အတွက် ထိုက်သင့်သော ဝေစုရမည်သာ ဖြစ်သည်။

မုဝမ်းနှင့် ပူးပေါင်းခြင်းက သေပြေးရှင်ပြေး ပြေးနေခဲ့ရ၏။

ယန်ကွမ်းနှင့် ပူးပေါင်းလျှင်မူ ပြေးစရာလိုတော့မည် မဟုတ်ပါချေ။

သို့သော် ရှားယုံသည် ယန်ကွမ်းအား မည်သို့မျှ မယုံကြည်နိုင်ဘဲ ဖြစ်နေလေတော့သည်။

ယန်ကွမ်းက...

"မင်း ဘယ်လိုသဘောရသလဲ"

ဟုမေးလိုက်၏။

သူ၏လေသံ ပျော့ပျောင်းလာသည်။

ရှားယုံက...

"ရတနာတွေ မုဝမ်းဆီမှာ..."

ဟုထပ်ပြောလိုက်၏။

ရုတ်တရက် ယန်ကွမ်း လှုပ်ရှားလာသည်။

ရှေ့သို့ လျှပ်တပြက်တိုးကာ ခြေလက်များ ခပ်သွက်သွက်



လှုပ်ရှားတိုက်ခိုက်လိုက်လေသည်။

ရှားယုံ တတ်နိုင်သမျှ ကြိုးစားခုခံပါသော်လည်း...

"ဗုန်း"

"အား"

ရှားယုံမှာ ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျသွားလေသည်။

သူ၏လက်တစ်ဘက် သွင်သွင်ကျိုးသွားပြီ ဖြစ်သည်။

မျက်နှာတစ်ခုလုံး ဖူးရောင်ကာ နှာခေါင်းရိုးကျိုးပြီး သွေးများ စီးကျလာ၏။

သွားသုံးချောင်း ကျိုးသွားသလို နှုတ်ခမ်းများလည်း ပေါက်ပြဲကုန်သည်။

ယန်ကွမ်း၏ရက်စက်ကြမ်းကြုတ်မှု ဓာတ်ပြလာပြီတည်း။

ယန်ကွမ်းက စိတ်ရှိလက်ရှိ ထိုးကြိတ်ကန်ကျောက်ပြီးမှ နောက်ဆုတ်လိုက်၏။

ရှားယုံမှာ တအင်းအင်း ညည်းညူနေပြီး ကြမ်းပြင်ပေါ်မှ မထနိုင်တော့ချေ။

သူသည် ယန်ကွမ်းအား အကြီးအကျယ် ကြောက်ရွံ့နေပြီ ဖြစ်သည်။

သို့သော် မုန်းတီးစက်ဆုပ်မှုနှင့်အတူ တယ်သောအခါမှ ပူးပေါင်းခြင်း မပြုရန်လည်း ဆုံးဖြတ်လိုက်၏။

သူက ပူးပေါင်းပြီး ရတနာများ ဝှက်ထားသော နေရာကို

www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်လျှင် ယန်ကွမ်းက သူ့အား ချက်ချင်းသုတ်သင်ရှင်းလင်းပစ်မည်သာ ဖြစ်သည်။

ယန်ကွမ်းက သူ့အား စိတ်ရှိတိုင်း နှိပ်စက်နိုင်ပေသည်။

သို့သော်...

ရတနာများနှင့် ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ မသိရသေးသမျှ သတ်ပစ်ဝံ့မည် မဟုတ်ချေ။

ရှားယုံ ခေါင်းမာနေသည်ကို မြင်လျှင် ယန်ကွမ်း ဒေါသခြောင်းခြောင်း ထွက်လာသည်။

လက်ဝါးတစ်ချက်တည်းဖြင့် သုတ်သင်ပစ်လိုစိတ်များပင် ဖြစ်ပေါ်လာလေသည်။

ရှားယုံ တွက်ဆထားသလို ရတနာများနှင့် ပတ်သက်ပြီး ဘာမှ မသိရသေးသဖြင့် သတ်ပစ်ရန် မဝံ့ဘဲ ဖြစ်နေ၏။

ရှားယုံကို စိုက်ကြည့်ယင်း...

"ရှားယုံ၊ ငါက မုဝမ်းကို တွေ့အောင် မရှာနိုင်ဘူး ထင်ယင် မင်းမှားသွားမယ်၊ မင်းတောင် ငါ့လက်ထဲ ရောက်လာသေးတာပဲ၊ မုဝမ်း ရောက်မလာဘူးလို့ ပြောနိုင်မလား၊ အနာမခံချင်စမ်းပါနဲ့ကွာ"

ဟုပြောလိုက်လေသည်။

ရှားယုံမှာ ကြမ်းပြင်ပေါ်မှ ထရပ်နိုင်စွမ်းပင် မရှိတော့ပါ။

လူးလိမ့်ယင်း နံရံကို မှီကာ ထိုင်နေရ၏။

ယန်ကွမ်း၏နှိပ်စက်မှုကို မည်မျှကြာကြာ ခံနိုင်ရည် ရှိမည်နည်းဟု ကိုယ့်ကိုကိုယ် မေးခွန်းထုတ်နေမိသည်။



ယန်ကွမ်း ထပ်၍ နှိပ်စက်နေမည်ဆိုလျှင် သူ့ထံမှ ရတနာများ၏လျှို့ဝှက်ချက်ကို မသိရသေးမီ သူအသက်ထွက်သွားပေလိမ့်မည်။

ယန်ကွမ်းက ချော့တစ်ခါ ချောက်တစ်လှည့် မေးနေသည်ကို အရေးမစိုက်တော့ပါချေ။

နံရံကို ကျောမှီယင်း အသက်ပြင်းပြင်း ရှူရှိုက်နေ၏။

ယန်ကွမ်းက...

"ရှားယုံ၊ မင်းက ဘာမှမပြောဘဲ နေယင် ငါက ရှင်းမပစ်ရဲဘူးလို့ ထင်နေတယ် မဟုတ်လား၊ ကောင်းပြီ၊ မင်းထက် သိမှာတဲ့ ကျောက်ထိဖန်းကိုပဲ ငါက အခွင့်အရေးပေးတော့မှာပေါ့"

ဟုပြောလိုက်၏။

ထိုစကားကြားလျှင် ရှားယုံ ထိတ်လန့်သွားသည်။

ချက်ချင်း မျက်လုံးဖွင့်ကြည့်လိုက်လေသည်။

ထိုအခါ...

စကြိုလမ်းထိပ်ဝယ် ကျောက်ထိဖန်း ကြောင်အမ်းအမ်းဖြင့် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ရှားယုံ အသက်ရှူကျပ်သွား၏။ ထိုစဉ်မှာပင်...

ယန်ကွမ်းက ကျောက်ထိဖန်းဘက်လှည့်ကာ...

"ကျောက်ထိဖန်း လာပါဦးကွ"

လက်ယပ်ပြီး ခေါ်လိုက်သံကို ကြားလိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကျောက်ထိဖန်း ကြားလေသည်။

သို့သော် သူ၏ရင်ခွင်ထဲမှ မိန်းကလေးကို ခွာထုတ်မပစ်နိုင်ခဲ့ပါ။

ရှားယုံသည် လောင်းကစားဝိုင်းတိုင်းတွင် ရန်ဖြစ်လေ့ရှိကြောင်း နားလည်ထား၏။

ယခု ထွက်ပေါ်နေသည့် အသံများသည် ရှားယုံနှင့် လောင်းကစားဝိုင်းမှ လူများ ရန်ဖြစ်ရာမှ ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း သူက ရိပ်စားမိထားသည်။

ရှားယုံအား သူကသွားပြီး ကူညီသင့်ကြောင်း နားလည်ထားသည်။

သို့သော်လည်း ရှားယုံထက် သူ၏ရင်ခွင်တွင်းမှ မိန်းကလေးသည် ပို၍ အရေးပါနေသည် မဟုတ်လား။

ရှားယုံ ကောင်းစွာ ရင်ဆိုင်နိုင်မည်ဟုလည်း ယုံကြည်သည်။

ထို့ကြောင့် ဂရုမစိုက်ဘဲ နေလိုက်၏။

ရှားယုံက လောင်းကစားမှုဖြင့် ပျော်ရွှင်မှု ရှာသလို၊ သူကလည်း မိန်းကလေးများနှင့် ပျော်ရွှင်မှု ရှာသည် မဟုတ်လား။

မိမိ၏လွတ်လပ်မှုကို မိမိဘာသာ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ပေါ်ပေါက်လာ



သည့် အကျိုးတရားကို ကိုယ့်ဘာသာ ခံစားရမည် ဖြစ်သည်။

ထို့ကြောင့် ကျောက်ထိဖန်းက မထွက်တော့ဘဲ မိန်းကလေးနှင့် အချိန်ဖြုန်းလိုက်သည်။

အတော်ကလေးကြာမှ အပြင်ဘက် ထွက်လာခဲ့လေသည်။

ထိုအချိန်ဝယ် အပြင်ဘက်မှ ဆူဆူညံညံ အသံများ တိတ်ဆိတ်ကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

ရှားယုံသည် လောင်းကစားဝိုင်းမှ လူများကို ဆုံးမလိုက်ပြီဟု ယုံကြည်မိ၏။

စကြံလမ်းကို ဖြတ်ကာ ခန်းမကျယ်အတွင်းသို့ လှမ်းဝင်မိသည်နှင့် သူလုံးဝ မမျှော်လင့်သည့် မြင်ကွင်းကို တွေ့မြင်လိုက်ရလေတော့သည်။

ကျောက်ထိဖန်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ရှေ့ဆက် မလှမ်းနိုင်တော့ဘဲ တောင့်တောင့်ကြီး ရပ်သွားလေသည်။

ရှားယုံသည် ဒဏ်ရာဗရပွဖြင့် နံရံကို မှီကာ ထိုင်နေ၏။

သူ၏ရှေ့၌ ယန်ကွမ်းက ရပ်နေသည်။

ကျောက်ထိဖန်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတော့သည်။

ထိုစဉ် ယန်ကွမ်းက သူ့ဘက် လှည့်လာပြီး...

"ကျောက်ထိဖန်း ဒီကို လာစမ်းပါဦးကွ"

ဟု လက်ယပ်ခေါ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထိဖန်း မျက်လုံးပြူးသွား၏။

သူတို့သည် ယန်ကွမ်း၏လက်မှ လွတ်အောင် နေ့မနား ညမနား ပြေးခဲ့ကြပါသော်လည်း ယခုတော့ ယန်ကွမ်းသည် သူတို့ ရှေ့သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

"ခင်..ခင်ဗျား"

"ကျောက်ထိဖန်း၊ မင်း ဘာငိုင်နေတာလဲ၊ ရှားယုံက ငါနဲ့ မပူးပေါင်းဘူးလို့ ပြောနေတယ်၊ တော်တော်ခေါင်းမာတာပဲ၊ ဝိုင်းပြီး ဖြောစမ်းပါဦးကွ"

ယန်ကွမ်းက ရယ်ရယ်မောမောဖြင့် ပြောလိုက်ခြင်း ဖြစ်လေသည်။

ကျောက်ထိဖန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ယန်ကွမ်းသည် သူ့အား တရင်းတနှီး ပြောလာသည် မဟုတ်ပါလား။

သူငိုင်နေစဉ် ယန်ကွမ်း၏စကားသံ ထွက်ပေါ်လာပြန်သည်ကို ကြားလိုက်ရလေသည်။

"ကျောက်ထိဖန်း၊ တို့က ရတနာတွေ ဝေယူကြမယ်၊ ဘယ့်နှယ်လဲ ငါပြောတာ မင်းသဘောကျတယ် မဟုတ်လား"

ကျောက်ထိဖန်း မျက်နှာပျက်သွား၏။

ရုတ်ခြည်းပင် သူ၏ဦးခေါင်းထဲ အတွေးတစ်ခု ဝင်လာ၏။

သူနှင့် ရှားယုံ ဤနေရာ၌ ရှိသည်ကို ယန်ကွမ်းက အဘယ်ကြောင့် သိသွားရပါသနည်း။



မုဝမ်းက တစ်ဘက်လှည့်ဖြင့် သတင်းပေးလိုက်ခြင်း ဖြစ်နိုင်ပေသည်။

မုဝမ်းက သူတို့နှစ်ယောက်အား ရှင်းပစ်ကာ ရတနာများကို အပိုင်စီးလို၍ ဖြစ်မည်ဟု တွေးမိလာခြင်း ဖြစ်ပေသည်။

ထို့ကြောင့်...

"ကျုပ်တို့ ဒီမှာ ရှိတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ် သိတာလဲ"

ဟုမေးလိုက်လေသည်။

သူက အကြောင်းရှိ၍ မေးမှန်း အကင်းပါးသည့် ယန်ကွမ်း ရိပ်မိလေသည်။

အကောက်ဉာဏ်ရှိသူပီပီ...

"မုဝမ်း ပြောလိုက်တာပေါ့"

ဟုပြောချလိုက်၏။

မုဝမ်း၊ ရှားယုံနှင့် ကျောက်ထိဖန်းတို့ အချင်းချင်း သွေးကွဲသွားအောင် ဖန်တီးခြင်းဖြင့် သူ၏ဆန္ဒ ပြည့်ဝနိုင်ကြောင်း တွေးမိလေသည်။

"တောက်"

ကျောက်ထိဖန်း တက်ခေါက်လိုက်လေသည်။

ယန်ကွမ်း ပြုံးလိုက်သည်။

"သူက တစ်ယောက်တည်း အပိုင်စီးချင်နေတာကွ"

ဟုမီးလောင်ရာ လေပင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထိဖန်းက…

"သူတစ်ယောက်ထဲ လိုချင်လို့ ရမလား"

ဟုဒေါသတကြီး ပြောလိုက်လေသည်။

ယန်ကွမ်းက…

"စိတ်ချ၊ သူ ဘယ်တော့မှ မရစေရဘူးလို့ ငါအာမခံတယ်၊ အင်း တစ်ခုတော့ ရှိတယ်၊ မင်းကို ငါကတော့ တစ်ဝက် ခွဲပေးချင်တယ်၊ မင်းလက်ခံနိုင်ပါ့မလား၊ မင်းအတွက် နည်းမယ်လို့တော့ မထင်ပါဘူး"

ဟုပြောလေသည်။

ကျောက်ထိဖန်း ခေါင်းညိတ်လိုက်သည်။

"တစ်ဝက်ဆိုတာ ဘယ်လိုလုပ်နည်းမှာလဲဗျာ"

သူသည် ယန်ကွမ်း၏ထောင်ချောက်အတွင်းသို့ သက်ဆင်းစ ပြုနေပြီတည်း။

ယန်ကွမ်းသည် ကျောက်ထိဖန်းအား စည်းရုံးသိမ်းသွင်းနိုင်တော့မည်ဟု တွေးကာ ဝမ်းသာနေလေသည်။

ဝေဒနာခံစားနေရသည့် ရှားယုံမှာလည်း သူတို့နှစ်ယောက်ပြောနေသည့် စကားများကို ကောင်းစွာ ကြားနေရပါသည်။

ထို့ကြောင့် မနေနိုင်တော့ဘဲ…

"ကျောက်ထိဖန်း၊ မင်းပြောလိုက်တာနဲ့ သေရမှာပဲ၊ သူက လိမ်ပြောနေတာကွ၊ တို့ ဒီမှာ ရှိတာ မုဝမ်းက ပြောပါ့မလား၊ တို့လဲ ရတနာတွေ အကြောင်း သိနေတာပဲ မဟုတ်လား"



ဟုအော်ပြောလိုက်လေသည်။

ထိုစကားကြားလျှင် ကျောက်ထိဖန်း မျက်နှာပျက်သွားလေသည်။

ယန်ကွမ်း၏ထောင်ချောက်ကိုလည်း သတိပြုမိသွား၏။

မုဝမ်းက သူတို့အကြောင်း ပြောပြသည်ဆိုခြင်းမှာ လုံးဝ မဖြစ်နိုင်ပါချေ။

သူတို့သည် ရတနာများ ဝှက်ထားသည့် နေရာကို သိထားကြသည် မဟုတ်ပါလား။

ယန်ကွမ်းက သူတို့အား ရသွားလျှင် ရတနာ ရှိသည့် နေရာကို မရမက စစ်မေးတော့မည် ဖြစ်သည်။

သူတို့သည် ယန်ကွမ်းကို ယှဉ်နိုင်မည် မဟုတ်ပါ။

ဤသို့ဆိုလျှင် မခံနိုင်သည့်အဆုံး ဖွင့်ပြောလိုက်ခြင်းဖြင့် ရတနာများ မည်သည့်နေရာ၌ ရှိနေသည်ကို ယန်ကွမ်း သိမည်သာ ဖြစ်၏။

မုဝမ်းက တစ်ယောက်တည်း ဝှက်ဝါမြို့သို့ အရောက် ပြန်သွားပြီး ရတနာအားလုံး တူးဖော်ယူရန်လည်း ဖြစ်နိုင်မည် မဟုတ်ပါ။

ယန်ကွမ်းက သူ့အား အငိုက်ဖမ်းပြီး ထောင်ချောက်ဆင်လိုက်ခြင်းသာ ဖြစ်ပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ယား"

ညာသံပေးသံတစ်ချက် ထွက်ပေါ်လာသည်။

ကျောက်ထိဖန်းက ယန်ကွမ်းအား ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ယန်ကွမ်း ဒေါပွသွားသည်။

ရှားယုံကြောင့် ကျောက်ထိဖန်းကို လက်လွှတ်ဆုံးရှုံးလိုက်ရခြင်း မဟုတ်လား။

ရှားယုံအား ရှင်းပစ်ရန် ဆုံးဖြတ်လိုက်သည်။

ယန်ကွမ်းက နှာခေါင်းရှုံ့လိုက်ပြီး...

"မင်း ဘာဖြစ်နိုင်မှာလဲ"

ပြောယင်း လက်ဝှေ့ယမ်းလိုက်သည်။

ကျောက်ထိဖန်းသည် ယန်ကွမ်းအား ရင်ဆိုင်နိုင်မည် မဟုတ်ကြောင်း ကောင်းစွာ နားလည်နေသည်။

ရှားယုံ၏အဖြစ်က သက်သေခံနေသည် မဟုတ်ပါလား။

သူက ယန်ကွမ်းအား အနိုင်တိုက်ခိုက်ရန် စိတ်ကူးထားသည် မဟုတ်ချေ။

ယန်ကွမ်း၏တုန့်ပြန်မှုအပေါ် အခွင့်အရေးယူကာ ရှောင်ထွက်သွားရန် ကြိုးစားလိုက်ခြင်း ဖြစ်သည်။

ယန်ကွမ်းက လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်နှင့်...

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။



ကျောက်ထိဖန်း အနောက်ဘက်သို့ လွင့်စဉ်သွားလေသည်။

ဤတွင်...

သူက သတိလက်လွတ်မခံဘဲ လေထဲ ကျွမ်းပစ်ကာ တံခါးပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက်လိုက်လေသည်။

ယန်ကွမ်းက လေချွန်သံတစ်ချက် ပြုလိုက်၏။

"ရွှီ"

သူ၏လေချွန်သံကြားလျှင် အပြင်ဘက်တွင် စောင့်နေကြသည့် သူ၏တပည့်များသည် ကျောက်ထိဖန်းကို အလွတ်ပေးကြတော့မည် မဟုတ်ချေ။

ပြေး၍ မရနိုင်သည့် ကျောက်ထိဖန်းကို ဒုတိယလူအဖြစ် ယန်ကွမ်းက သတ်မှတ်လိုက်သည်။

ပထမဦးစွာ ရှင်းပစ်ရမည့်သူမှာ ရှားယုံ မဟုတ်ပါလား။

ယန်ကွမ်းက ရှားယုံ အနီးသို့ လှမ်းသွား၏။

ရှားယုံ မျက်နှာပျက်သွားလေသည်။

နံရံကို မှီကာ ထိုင်နေရာမှ ထရန် ကြိုးစားလိုက်သည်။

သို့သော်...

ထရပ်ခြင်း မပြုနိုင်မီမှာပင် ယန်ကွမ်းသည် သူ၏အနီးသို့ ရောက်ရှိလာပြီ ဖြစ်သည်။

ယန်ကွမ်းက...

"ရှားယုံ၊ မင်းဟာ ကိုယ့်လမ်းကိုယ်ရွေးခဲ့တာပဲ၊ အများကြီး သက်သာသွားတယ် မှတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးလျှင် လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ရှားယုံက ရှိသမျှ အင်အားကို ဖျစ်ညှစ်ထုတ်ကာ ခုခံရန် ကြိုးစားလေသည်။

သို့ပါသော်လည်း သူ၏လက်နှစ်ဖက်စလုံး သွင်သွင်ကျိုးနေပြီ ဖြစ်ရာ မည်သို့မျှ မခုခံနိုင်ပါတော့ချေ။

ယန်ကွမ်း၏လက်ဝါးသည် သူ၏ဦးခေါင်းပေါ် တည့်တည့်မတ်မတ် ကျရောက်လာလေတော့သည်။

"ခွပ်"

မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

ရှားယုံမှာ အသံပင် မထွက်နိုင်တော့ဘဲ ကြမ်းပြင်ပေါ် လဲကျသေဆုံးသွားလေတော့သည်။

* * *



## သုံးပွင့်ဆိုင်

ကျန်းစုထင်း ခြေလှမ်း တုန့်ခနဲ ရပ်သွား၏။

သူ၏မျက်ခုံးမွေးအစုံ နဖူးပေါ် မြင့်တက်သွားသည်။

အရှေ့ဘက်တည့်တည့်သို့ စိုက်ကြည့်လိုက်လေသည်။

မြို့လယ် မင်းလမ်းမပေါ်ဝယ် မြင်းစီးသမားတစ်ဟု ခရီးနှင်လာကြသည်။

ထိုမြင်းစီးသမားများသည် ခရီးဝေးမှ လာခဲ့ကြသူများ ဖြစ်ဟန် ရှိသည်။

ကျန်းစုထင်းက သူတို့ မည်သည့်နေရာမှ လာသည်၊ မည်သည့်နေရာသို့ သွားမည်ဆိုသည်ကို စိတ်ဝင်စားခြင်း မဟုတ်ပါ။

သူစိတ်ဝင်စားသည်မှာ ထိုလူများ၏ အဝတ်အစားများပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေဓားအဖွဲ့က လူတွေပါလား"

ဟုလွှတ်ခနဲ ရေရွတ်မိသည်။

ထိုလူများသည် သူ့အား ဒုက္ခပေးခဲ့ဖူးသည့် ယန်ကွမ်း၏ ရွှေဓားအဖွဲ့မှ လူများပင် ဖြစ်သည်။

ရွှေဓားအဖွဲ့ဝင်များသည်လည်းကောင်း၊ ယန်ကွမ်းသည်လည်းကောင်း အဘယ်ကြောင့် သူ့အား သုတ်သင်ရှင်းလင်းပစ်လိုကြပါသနည်း။

တစ်နေ့နေ့တွင် ယန်ကွမ်းနှင့် မျက်နှာချင်းဆိုင် ဖြေရှင်းရမည်ဟု ဆုံးဖြတ်ထားခဲ့၏။

ယခု ရင်ဆိုင်ဖြေရှင်းရန် အချိန်ကျရောက်လာပြီလော။

ကျန်းစုထင်း ခေါင်းယမ်းလိုက်သည်။

"မဖြစ်သေးဘူး။ လုံကြုံးစိမ်းရဲ့ကိစ္စ မပြတ်သေးဘူး။ လုံကြုံးစိမ်းဟာ ဒီမြို့ပတ်ဝန်းကျင်မှာပဲ ရှိနေလိမ့်မယ်၊ သူ့ကို တွေ့အောင်ရှာဖို့ အရေးကြီးတယ်"

ဟုစိတ်ထဲကျိတ်ပြီး တွေးလိုက်လေသည်။

ထို့နောက်...

မြင်းစီးသမားများကို ကျောခိုင်းထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်...

မြင်းစီးသမားများသည် စားသောက်ဆိုင်တစ်ခုရှေ့ဝယ် ရပ်တန့်သွားကြသည်ကို တွေ့မြင်လိုက်ရ၏။



စားသောက်ဆိုင်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်

သည်ကိုလည်း ကြားလိုက်ရလေသည်။

"ဘာဖြစ်တာပါလိမ့်"

ကျန်းစုထင်း စိတ်ဝင်စားသွားလေသည်။

မြင်းစီးသမားများကိုတစ်လှည့်၊ စားသောက်ဆိုင်ကို

လှည့် ကြည့်လိုက်၏။

စားသောက်ဆိုင်မှ ဆူဆူညံညံ အသံများနှင့်အတူ လူအ

ပြေးထွက်လာကြသည်ကို တွေ့ရ၏။

တဆက်တည်းပင် အမိန့်ပေးသံနှင့်အတူ မြင်းစီးသမား

ယောက် စားသောက်ဆိုင်အတွင်း ပြေးဝင်သွားသည်ကို တွေ့ရ

အမိန့်ပေးသူကို သတိပြုကြည့်မိသောအခါ...

"ဟင် ယန်ကွမ်းပါလား"

လွှတ်ခနဲ ရေရွတ်မိလိုက်သည်။

မှန်ပေသည်။

ရွှေဓားအဖွဲ့ခေါင်းဆောင် ယန်ကွမ်းကိုယ်တိုင် ဦးဆော

လာခြင်း ဖြစ်နေသည် မဟုတ်ပါလား။

ကျန်းစုထင်း စိတ်များ လှုပ်ရှားလာသည်။

ယန်ကွမ်းနှင့် ပြေး၍ မျက်နှာချင်းဆိုင်လိုစိတ်များ ဖြစ်

လာ၏။

သို့သော် တခဏအတွင်းပင် သူ၏စိတ်ကို ပြန်လည်

တည်းနိုင်ခဲ့လေသည်။

www.burmeseclassic.com

"သူတို့ဟာ အကြောင်းတစ်ခုခုကြောင့် ဂူးနယ်နဲ့ အလွန်ဝေးတဲ့ ဒီနေရာမျိုးကို ရောက်လာကြတာပဲ၊ ယန်ကွမ်းကိုယ်တိုင် လိုက်လာတယ်ဆိုတော့ အရေးကြီးတဲ့ ကိစ္စတစ်ခုခု ရှိနေလို့ ဖြစ်ရမယ်"

သူသည် လမ်းခရီး၌ ဂူးနယ်စားထံမှ ရတနာများ လုယက်ခြင်း ခံရသည့် ကိစ္စကို ကြားသိခဲ့ရ၏။

သူအကဲခတ်ကြည့်နေစဉ်မှာပင် ယန်ကွမ်းသည် မြင်းပေါ်မှ ခုန်ထွက်ကာ စားသောက်ဆိုင်အတွင်းသို့ ဝင်သွားသည်ကို တွေ့လိုက်ရလေတော့သည်။

* * *

မုဝမ်း၏ရင်ထဲ တထိတ်ထိတ် ခုန်နေလေသည်။

ယန်ကွမ်းတို့လူစုသည် သူ့အား လုံးဝသတိမပြုမိဘဲ ဖြတ်ကျော်သွားကြ၏။

သူ့အား လိုက်ရှာယင်း ဤမြို့ကလေးသို့ ရောက်လာရုံမှတပါး အခြားအကြောင်းကိစ္စ မရှိပြီ။

ယန်ကွမ်းတို့လူစုသည် သူတို့နောက်သို့ ယခုလို လျင်လျင်မြန်မြန် လိုက်လာနိုင်သည်ကို အံ့ဩမိသည်။

သူသည် မြင်းလှည်းကို တောင်ပေါ်လမ်းသို့တိုင် အပင်ပန်းခံကာ သယ်ဆောင်လာခဲ့သည်။

တောင်ပေါ်ရောက်လျှင် ယန်ကွမ်းတို့လူစုအား လမ်းလွှဲနိုင်



ရန် မြင်းလှည်းကို ချောက်ထဲ တွန်းချထားခဲ့ပေသည်။

ယန်ကွမ်းအား လွယ်လွယ်နှင့် လှည့်စား၍ မရသည်မှာ ထင်ရှားပေါ်လွင်နေလေသည်။

ယန်ကွမ်းတို့လူစု ရောက်လာပြီဖြစ်ရာ ဤမြို့ကလေး၌ ဆက်ပြီး နေ၍ မဖြစ်နိုင်ပါတော့ချေ။

"အမြန်ဆုံး ထွက်သွားမှပဲ"

ထိုသို့ တွေးတောစဉ်းစားပြီး လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် သူရပ်နေသည့် နေရာဘက်သို့ ဦးတည်ကာ လူတစ်ယောက် ခပ်သုတ်သုတ် ပြေးလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မုဝမ်း ရင်ထိတ်သွား၏။

ကြက်များ၊ ဘဲများ ရောင်းသည့် ဆိုင်တစ်ဆိုင်အတွင်းသို့ လှမ်းဝင်ပြီး ကိုယ်ရောင်ဖျောက်ရန် တွေးမိလိုက်သည်။

သို့သော် ပြေးလာနေသူမှာ ရွှေဓားအဖွဲ့မှ လူတစ်ဦး မဟုတ်သည်ကို တွေ့ရသဖြင့် ရှောင်မသွားဖြစ်တော့ချေ။

စိတ်လည်း အေးသွားသည်။

တဆက်တည်းပင် မရှင်းမလင်း ဖြစ်နေသည့် ကိစ္စကို စုံစမ်းကြည့်ရန် စိတ်ကူးပေါ်လာလေသည်။

ပြေးလာသူ၏ရှေ့သို့ ခပ်သွက်သွက် လှမ်းသွားပြီး ငေး စိတ်ရှုပ်လိုက်လေသည်။

www.burmeseclassic.com



ပြေးလာသူမှာ ဗြုန်းစားကြီး လူတစ်ယောက်က လမ်းပိတ်ရပ်လာခြင်းကြောင့် ထိတ်လန့်ကြောက်ရွံ့သွားလေသည်။

"အမယ်လေးဗျ"

ဟုလည်း လွှတ်ခနဲအော်ကာ နောက်လှည့်ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

မုဝမ်းက...

"ဟေ့လူ၊ ကျုပ် ဘာမှ မလုပ်ပါဘူးဗျ"

ပြောယင်း ထိုလူ၏လည်ကုပ်အင်္ကျီစကို လှမ်းဆွဲထားလိုက်လေသည်။

ထိုလူမှာ ယက်ကန်ယက်ကန် ဖြစ်သွားပြီး ပြေး၍ မရတော့ချေ။

မုဝမ်းအား မျက်လုံးပြူး၍ ကြည့်လာသည်။

မုဝမ်းက သူ့အား ပြုံးပြလိုက်ပြီး...

"မကြောက်ပါနဲ့ဗျာ၊ ကျုပ်က ဒုက္ခမပေးပါဘူး"

ဟုထပ်ပြောလိုက်၏။

သူ၏မျက်နှာထားကြောင့် ထိုလူ အကြောက်ပြေသွား၏။

မုဝမ်းက သူ၏အင်္ကျီစကို လွှတ်ပေးလိုက်သည်။

ပြီးလျှင်...

"စားသောက်ဆိုင်ထဲမှာ ဘာတွေ ဖြစ်တာလဲ ပြောစမ်းပါဦး"

ဟုမေးလိုက်သည်။



ထိုလူက...

"ဟာ ဘာဖြစ်ရမလဲ၊ လောင်းကစားဒိုင်က မျက်နှာစိမ်းတစ်ယောက်ကို အလျော်ပေးရမှာ၊ မလျော်ဘဲ ညစ်လို့ ဟိုလူက သောင်းကျန်းနေတာ၊ တော်တော်ကြောက်စရာကောင်းတဲ့ လူပဲဗျ၊ လောင်းကစားဒိုင်နဲ့ သူ့တပည့်တွေတော့ သေကုန်ပြီ"

ဟုပြောလိုက်လေသည်။

မုဝင်း ရင်ထဲ ထင့်ခနဲ ဖြစ်သွား၏။

စားသောက်ဆိုင်ဘက် တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ခင်ဗျားပြောတဲ့ မျက်နှာစိမ်းဆိုတဲ့လူက.."

သူက ရှားယုံ၏ပုံပန်းသဏ္ဌာန်ကို ပြောပြလိုက်လေသည်။

ထိုလူ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်..ဟုတ်တယ်၊ ခင်ဗျားက အဲဒီ လူနဲ့ သိလို့လား"

ဟုပြန်မေးလေသည်။

မုဝမ်း သက်ပြင်းချလိုက်လေသည်။

"မသိပါဘူးဗျာ၊ သူ့ကို ကျုပ်တွေ့မိလိုက်လို့ပါ"

ထိုလူက...

"ကျုပ်သွားမယ်၊ အခြေအနေက သိပ်မကောင်းဘူး၊ တော်ကြာ ဆိုင်အပြင်ဘက် ရောက်လာယင် တိုက်ပွဲဆက်နေလိမ့်ဦးမယ်"

ပြောပြောဆိုဆို ပြေးထွက်သွားလေသည်။

မုဝမ်းက ထိုလူအား အရေးမစိုက်တော့ပါချေ။

စည်းခိုခန်းဘက်သို့ ပြန်လှည့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှားယုံသည် လောင်းကစားဝိုင်း၌ ရန်ဖြစ်ယင်း ယန်ကွမ်းတို့လူစု ရောက်လာသောအခါ အတွင်းဘက်ဝယ် ပိတ်မိနေပြီ ဖြစ်လေသည်။

ကျောက်ထိဖန်းတစ်ယောက်ကော ဘယ်နေရာ၌ ရောက်ရှိနေပါသနည်း။

ရှားယုံနှင့် ကျောက်ထိဖန်းကို ယန်ကွမ်း ရသွားပါလျှင်...

အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေသည့် ရတနာများကို မျက်စိထဲ မြင်ယောင်လာလေသည်။

ဤအတိုင်းဆိုလျှင် ရတနာများကို လက်လွှတ်လိုက်ရပေတော့မည်။

မုဝမ်း ရင်ထဲ လှုပ်ရှားလာသည်။

ရတနာများကို သူက ဘယ်သောအခါမှ လက်လွှတ်နိုင်မည် မဟုတ်ပါချေ။

"ငါရှောင်သွားယင်-ငါ့လောက် မိုက်မဲတဲ့လူ ရှိတော့မှာ မဟုတ်ဘူး၊ ရှားယုံတို့ အခြေအနေ ဘယ်လို ရှိသလဲဆိုတာ သိရအောင် စောင့်ကြည့်ရမယ်"

သူသည် လမ်းဘေးသစ်ပင်တစ်ပင် နောက်ကွယ်သို့ ဝင်ကာ အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

* * *



အခြေအနေ စောင့်ကြည့်နေသူနှစ်ယောက် ရှိနေပြီ ဖြစ်သည်။

ထိုလူနှစ်ယောက်မှာ မုဝမ်းနှင့် ကျန်းစုထင်းတို့ ဖြစ်ကြလေသည်။

သူတို့ စောင့်ကြည့်နေစဉ် အဖြစ်အပျက်များမှာ တစ်ခုပြီး တစ်ခု လျှင်မြန်စွာ ဖြစ်ပေါ်လာလေသည်။

ယန်ကွမ်း၏လက်ချက်ကြောင့် ရှားယုံ သေဆုံးသွားပြီ ဖြစ်လေသည်။

ကျောက်ထိဖန်းသည် ယန်ကွမ်းအား ရင်မဆိုင်ဘဲ အပြင်ဘက်သို့ ခုန်ထွက်လာသည်။

အပြင်ဘက်ရောက်လျှင် ယန်ကွမ်း၏အချက်ပေးသံကြောင့် လက်ရွေးစင်သိုင်းသမားကိုးယောက်က သူ့အား ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြလေတော့သည်။

ကျောက်ထိဖန်း မျက်နှာပျက်သွား၏။

ရွှေဓားအဖွဲ့၏ရက်စက်ကြမ်းကြုတ်မှုကို ကောင်းစွာ ကြားဖူးခဲ့ပေသည်။

သိုင်းလောက၌ ကျင်လည်ကျက်စားစဉ်ကပင် ရွှေဓားအဖွဲ့ကို ဝေးဝေးမှ ရှောင်ခဲ့လေသည်။

ယခုလို ရတနာများနှင့် ပတ်သက်မိသောအခါ ပို၍ပင် ဝေးဝေးမှရှောင်ရန် ဆုံးဖြတ်ခဲ့၏။

ညည်သို့ဆိုပေ ရှောင်တိမ်းကာမှ ဆိုက်ဆိုက်မြိုက်မြိုက် ရင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တိုးမိပြီ ဖြစ်သည်။

ရှားယုံသည် ရတနာများနှင့် ပတ်သက်ပြီး ပြောပြနိုင်တော့မည် မဟုတ်ပါ။

ယန်ကွမ်း၏လက်ချက်ဖြင့် သေဆုံးသွားပြီ ဖြစ်ကြောင်း နားလည်ထား၏။

အချိန်ရခိုက် သူကလည်း လွတ်အောင် ပြေးရမည် ဖြစ်သည်။

ယန်ကွမ်း လက်ထဲရောက်သွားလျှင် လူမဆန်စွာ နှိပ်စက်ညှဉ်းပမ်းခြင်း ခံရမည်မှာ သေချာလှသည်။

ယန်ကွမ်းသည် ရတနာများ ဝှက်ထားသည့် နေရာကို မသိရမချင်း ကျေနပ်မည် မဟုတ်ချေ။

သိသွားရပြီး နောက်ပိုင်းမှာ သုတ်သင်ရှင်းလင်းပစ်မည်မှာ သေချာလှသည်။

ယန်ကွမ်း၏လက်မှ လွတ်အောင် ပြေးနိုင်လျှင်ပြေး၊ မပြေးနိုင်လျှင် သေဖို့သာ ရှိပေသည်။

ကျောက်ထိဖန်း အံတင်းတင်း ကြိတ်လိုက်သည်။

ခါး၌ ချိတ်ဆွဲထားသည့် ဓားကို ဆွဲထုတ်လိုက်ပြီး...

"ဘေးဖယ်လိုက်ကြစမ်း"

အော်ငေါက်ကာ ပိုင်းရံထားသူများအား တရကြမ်း တိုက်ခိုက်လိုက်လေသည်။

အသက်အန္တရာယ်နှင့် ကြုံနေရခြင်းကြောင့် သူ၏တိုက်ခိုက်



မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေလေတော့သည်။

ယန်ကွမ်း၏လူများသည်လည်း ဓားကိုယ်စီဖြင့် ဝိုင်းရံတိုက်ခိုက်ကြ၏။

သူတို့သည် ယန်ကွမ်း၏အချက်ပေးသံ ကြားသည်နှင့် ကျောက်ထိဖန်းအား အလွတ်ပေး၍ မဖြစ်ကြောင်း နားလည်ထား၏။

စားသောက်ဆိုင်ရှေ့ လမ်းမပေါ်ဝယ် ပြင်းထန်သော တိုက်ပွဲတစ်ခု ရုတ်ခြည်း ဖြစ်ပေါ်လာလေတော့သည်။

* * *

"ဝုန်း"

"အား"

"ခြွမ်း"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

လက်ရွေးစင်ရွှေဓားအဖွဲ့သားများသည် ရန်သူနှင့် တိုက်ခိုက်ရန် အထူးလေ့ကျင့်ထားသူများ ဖြစ်ပေသည်။

သူတို့သည် ကျောက်ထိဖန်းအား တစ်ယောက်ဝင် တစ်ယောက်ထွက် စနစ်တကျ တိုက်ခိုက်ကြလေသည်။

ကျောက်ထိဖန်းကား လွတ်မြောက်လိုဇောဖြင့် ဓားရှည်ထိုး တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်…

လက်ရွေးစင်သိုင်းသမားတစ်ယောက် ခံလိုက်ရသလို ကျောက်ထိဖန်း၏ကိုယ်ပေါ်၌လည်း ဓားချက်သုံးချက် မိသွား၏။

ကျောက်ထိဖန်း၏လက်ချက်မိသွားသော သိုင်းသမားမှာ မြေပေါ်လဲကျသွားပြီး ပြန်မထနိုင်တော့ပါချေ။

ထိုနည်းတူ ကျောက်ထိဖန်းသည်လည်း ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရလေသည်။

"ယား"

လက်ရွေးစင်သိုင်းသမားများက ညာသံပေးကာ ကျောက်ထိဖန်းအား ထပ်မံတိုက်ခိုက်လိုက်ကြ၏။

ကျောက်ထိဖန်းကလည်း အံတင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ်…

ကျောက်ထိဖန်းသည် ဓားရိုးကို လက်နှစ်ဖက်နှင့် တင်းကြပ်စွာ ဆုပ်ကိုင်ယင်း ရှိသမျှအားကုန် ထုတ်ဖော်ကာ တရကြမ်း တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ယန်ကွမ်း၏လက်ထဲဝယ် အနိုင်စက်ခံပြီး သေရမည်ထက် တိုက်ခိုက်ယင်း အသက်စွန့်ရသည်က ပိုကောင်းသေးသည် မဟုတ်ပါလား။

သူ၏တိုက်ခိုက်မှုကြောင့် လက်ရွေးစင်သိုင်းသမားများသည် လူများသော်လည်း ထိပ်တိုက်ရင်မဆိုင်နိုင်ဘဲ ဖရိုဖရဲ ဖြစ်သွား



ကြလေတော့သည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ကျောက်ထိဖန်း၏လက်ထဲမှ ဓားလွတ်ကျသွားပြီး နောက်ဆုတ်သွား၏။

သူ၏အဝတ်အစားများ စုတ်ပြဲကုန်ပြီး တစ်ကိုယ်လုံး သွေးခြင်းခြင်း နီရဲနေပြီ ဖြစ်လေသည်။

သူက ခံလိုက်ရသလို သူ၏လက်ချက်ကြောင့် လက်ရွေးစင်သိုင်းသမားနှစ်ယောက် ထပ်မံလဲကျသွားပြန်လေသည်။

ကျောက်ထိဖန်းမှာ ဆက်ပြီး တိုက်ခိုက်နိုင်စွမ်း မရှိတော့ပါချေ။

မြေပေါ်ရပ်တည်နေနိုင်အောင် မနည်းကြိုးစားနေရလေသည်။

လက်ရွေးစက်သိုင်းသမားများသည် ကျောက်ထိဖန်းအား အပြတ်ရှင်းရန် ရှေ့သို့ တဖြည်းဖြည်း တိုးလာကြလေသည်။

ကျောက်ထိဖန်းကား ခုခံနိုင်ခြင်း မရှိတော့ပါ။

လက်ရွေးစင်သိုင်းသမားများ၏လက်ချက်ဖြင့် သေဆုံးသွားဖို့သာလျှင် ရှိပေတော့သည်။

ထိုစဉ်မှာပင်…

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်လိုက်"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

လက်ရွေးစင်သိုင်းသမားများသည် လူသတ်လိုသော အကြည့်ဖြင့် ကြည့်ကာ ရှေ့တိုးလာကြ၏။

သူတို့၏လက်ထဲ ကိုင်ဆောင်ထားသည့် ဓားများမှာ နေရောင်အောက်ဝယ် အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေလေသည်။

သူတို့သည် မြေပေါ်လဲကျသွားသည့် အဖော်များအတွက် ကျောက်ထိဖန်းကို စိစိညက်ညက် ချေမှုန်းပစ်ကြလိမ့်မည် ဖြစ်ပေသည်။

ကျောက်ထိဖန်းမှာ ဝေဒနာခံစားနေရသည့်ကြားမှ သဘောကျစွာ ပြုံးလိုက်လေသည်။

ယန်ကွမ်းသည် သူ့အား အသက်ရှင်လျက် ရနိုင်တော့မည် မဟုတ်ပါ။

ရတနာများ၏လျှို့ဝှက်ချက်ကိုလည်း ဘယ်သောအခါမှ သိရှိနိုင်တော့မည် မဟုတ်ပါ။

လက်ရွေးစင်သိုင်းသမားများ၏ဓားချက် မြန်မြန်ကျရောက်



လာပါစေတော့ဟု ဆုတောင်းနေမိလေသည်။

ထိုစဉ်မှာပင် 'ရုပ်လိုက်'ဟူသော ဟန့်တားသံ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

ကျောက်ထိဖန်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ဟန့်တားလိုက်သည့် အသံရှင်မှာ ယန်ကွမ်း ဖြစ်ကြောင်း ရိပ်မိလေသည်။

ယန်ကွမ်းမှာ ရှားယုံအား သုတ်သင်ရှင်းလင်းပြီးနောက် အပြင်ဘက် ထွက်လာပြီ ဖြစ်သည်။

ကျောက်ထိဖန်း၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

ယန်ကွမ်း၏လက်ထဲ သက်ဆင်းရမည့်အစား အသေခံရန် ဆုံးဖြတ်ထားသည့်အတိုင်း...

"ယား"

ညာသံပေးယင်း အနီးဆုံးရှိ လက်ရွေးစင်သိုင်းသမားတစ်ယောက်ထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ထိုလက်ရွေးစင်သိုင်းသမားကလည်း ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"သူ့ကို မတိုက်ခိုက်နဲ့ အသက်ရှင်လျက် ငါလိုချင်တယ်"

ယန်ကွမ်း၏အော်ငေါက်သံ ထွက်ပေါ်လာသည်။

လက်ရွေးစင်သိုင်းသမား ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ယန်ကွမ်း၏စကားကို တသဝေမတိမ်း နာခံရမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သဘောပိုက်ထားသည့်အလျောက် ခုန်ဝင်လာသည့် ကျောက်ထိဖန်းကို တိုက်ခိုက်ခြင်း မပြုတော့ဘဲ ငြိမ်နေလိုက်၏။

ကျောက်ထိဖန်းက ထိုလူ၏လက်ထဲမှ ဓားကို လုယူကာ ထိုလူ၏ရင်ဝကို ပြန်လည်စိုက်သွင်းလိုက်လေသည်။

"အင့်"

ထိုလူ မသဲမကွဲ ညည်းညူလိုက်သည်။

သူ၏ရင်ဝ၌ သွေးချင်းချင်း နီရဲသွားသည်။

မြေပေါ် တအိအိ လဲပြိုကျသွားလေသည်။

ကျောက်ထိဖန်းက ထိုလူ့ထံမှ လုယူထားသည့် ဓားဖြင့် သူ၏ရင်ဝကို ပြန်လည်ထိုးစိုက်ချလိုက်လေတော့သည်။

* * *

"ဒီလို ရမလား"

ယန်ကွမ်း၏အော်ငေါက်သံ ထွက်ပေါ်လာသည်။

ကျောက်ထိဖန်းရှေ့သို့ ရိပ်ခနဲ ရောက်ရှိသွားပြီး လက်ထဲမှ ဓားကို လုယူကာ တွန်းထုတ်ပစ်လိုက်သည်။

ကျောက်ထိဖန်းမှာ ဓားကို လက်လွှတ်လိုက်ရပြီး မြေပေါ် ဘိုင်းခနဲ လဲကျသွား၏။

ယန်ကွမ်းက သူ၏ရင်ဝကို ခြေထောက်ဖြင့် ဖိနင်းထားလိုက်လေသည်။



ကျောက်ထိဖန်း အသက်ရှူကြပ်သွားပြီး မျက်လုံးများ ပြူးထွက်လာသည်။

ယန်ကွမ်းက တင်းမာသော မျက်နှာထားဖြင့်...

"မင်းက သေချင်တယ်ဆို သေရမယ်၊ ဒါပေမယ့် ငါ့လက်ချက်ကြောင့် ဖြစ်ရလိမ့်မယ်"

ဟုပြောလိုက်လေသည်။

ဖိနင်းထားသော ခြေထောက်ကို ရုပ်သိမ်းကာ နောက်ဆုတ်လိုက်၏။

ထိုအခါမှ ကျောက်ထိဖန်း အသက်ရှူနိုင်တော့သည်။

ယန်ကွမ်းက...

"ပြောစမ်း၊ ရတနာတွေ ဘယ်မှာလဲ"

ဟုမေးလိုက်သည်။

ကျောက်ထိဖန်းက...

"ကျုပ်ကို သတ်ပစ်လိုက်"

ဟုပြန်လည်အော်ငေါက်လိုက်လေသည်။

ယန်ကွမ်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ဘယ်လောက် ခေါင်းမာနိုင်မှာလဲ"

ပြောယင်း သူ၏တပည့်များဘက်သို့ လှည့်ကာ ခေါင်းညိတ်ပြလိုက်လေသည်။

သူ၏တပည့်ဆယ်ယောက်အနက် ငါးယောက် ကျဆုံးသွားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရှိနေသေးသည့် ငါးယောက်က ကျောက်ထိဖန်း အနီးသို့ ချဉ်းကပ်သွားခြင်း ဖြစ်သည်။

သူတို့ လက်ထဲဝယ် ဓားမြှောင်တစ်လက်စီ ကိုင်ဆောင်ထားကြလေသည်။

ကျောက်ထိဖန်း ထိတ်လန့်လာသည်။

ယန်ကွမ်း၏လူများသည် သူ့အား ရက်ရက်စက်စက် နှိပ်စက်ကြတော့မည် ဖြစ်သည်။

"မလုပ်နဲ့"

အထိတ်တလန့် အော်ဟစ်လိုက်၏။

သို့သော် ယန်ကွမ်း၏လူများသည် သူ၏အနီးသို့ ရောက်ရှိလာကြပြီ ဖြစ်သည်။

သုံးယောက်က သူ၏ခြေလက်များ မလှုပ်နိုင်အောင် လျင်မြန်စွာ ချုပ်ကိုင်လိုက်ကြ၏။

ကျန်နှစ်ယောက်က ရှေ့တိုးလိုက်ကြလေသည်။

ကျောက်ထိဖန်းက...

"ယန်ကွမ်း၊ ခင်ဗျားလူတွေကို မတားတော့ဘူးလား"

ကြောက်လန့်တကြား အော်ပြောလိုက်၏။

ယန်ကွမ်း၏အမိန့်ရလျှင် ထိုလူများ နောက်ဆုတ်သွားကြမည်ဖြစ်ကြောင်း နားလည်ထားလေသည်။

ယန်ကွမ်းက...

"မင်းကို ဆုံးမဖို့ လိုနေတယ် မဟုတ်လား"



ဟုပြောလိုက်လေသည်။

ကျောက်ထိဖန်း၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားတော့သည်။

အနှိပ်စက်ခံရမည်ကို ကြောက်၍ ကာ...

"ကျုပ်...ကျုပ်ပြောမယ်"

ဟုအော်ပြောလိုက်၏။

ယန်ကွမ်း ပြုံးလိုက်သည်။

"မင်းက ဘာပြောမှာလဲ"

"ရတနာတွေ ဘယ်မှာ ဝှက်ထားတယ်ဆိုတာ ကျုပ်ပြောပြမယ်"

ယန်ကွမ်း ကျေနပ်သွားသည်။

ဦးခေါင်းဆတ်ခနဲ ညိတ်လိုက်သည်။

ထိုအခါ...

သူ၏တပည့်များ လက်လွှတ်ကာ နောက်ဆုတ်လိုက်ကြလေသည်။

ယန်ကွမ်းက ကျောက်ထိဖန်းအား စိုက်ကြည့်ကာ...

"ကဲ...ပြော"

ကျောက်ထိဖန်း အသက်ပြင်းပြင်း ရှူရှိုက်လိုက်သည်။

ရတနာများကို မက်မောတွယ်တာစိတ် မရှိတော့ပါ။

ယခုအချိန်ဝယ် သူအတောင့်တဆုံး အရာမှာ ဓားတစ်ချက်သာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကွမ်းကို စိုက်ကြည့်ယင်း...

"ရတနာတွေဟာ.. အား"

သူစကားဆုံးအောင် မပြောလိုက်ရပါချေ။

ဓားမြှောင်တစ်ချောင်းသည် လှစ်ခနဲ ပစ်လွှင့်လာပြီး သူ၏ ရင်ဝ၌ စိုက်ဝင်သွားသည်။

ကျောက်ထိဖန်း နာကျင်စွာ အော်ဟစ်ကာ တစ်ချက်လူး လွန့်ယင်း ငြိမ်သက်သွားလေတော့သည်။

* * *

တိုက်ပွဲ ပြင်းထန်နေ၏။

ကျောက်ထိဖန်း၏လက်ချက်ကြောင့် ယန်ကွမ်း၏လူလေး ယောက် လဲကျသွားပြီ ဖြစ်သည်။

ထိုနည်းတူ ကျောက်ထိဖန်းလည်း မသက်သာပါ။

ဒဏ်ရာဗရပွ ရရှိထားပြီ ဖြစ်သည်။

ဆက်လက်တိုက်ခိုက်နိုင်စွမ်းလည်း မရှိတော့ပါ။

တိတ်တဆိတ် ချောင်းကြည့်နေသည့် မုဝမ်း စိတ်မကောင်း ဖြစ်သွားလေသည်။

ကျောက်ထိဖန်းသည် သူ၏မိတ်ဆွေ ဖြစ်သည်။

သူနှင့်အတူ လက်တွဲခဲ့သူ ဖြစ်သည်။

ယခုတော့ ရန်သူများအလယ်တွင် ဒုက္ခတွေ့နေရပြီ ဖြစ်ပေ



သည်။ ကျောက်ထိဖန်းက ရန်သူလေးယောက်အား သုတ်သင်ရှင်း လင်းပစ်နိုင်ခဲ့သည်မှာ အားရစရာ ကောင်းလှသည်။

သူလည်း ပါဝင်ကူညီတိုက်ခိုက်မည်ဆိုလျှင် ဒဏ်ရာရသည် ထားဦး ယန်ကွမ်း၏တပည့်များကို အနိုင်တိုက်ခိုက်နိုင်လိမ့်မည် ဖြစ် သည်။

သို့သော်...

ယန်ကွမ်းကိုမူ မည်သို့မျှ ရင်ဆိုင်နိုင်လိမ့်မည် မဟုတ်ပါ။

ယန်ကွမ်းအား သုတ်သင်ရှင်းလင်းခြင်း မပြုနိုင်ဘဲ ပါဝင် တိုက်ခိုက်ခြင်းသည် အဓိပ္ပါယ်မရှိဟု နားလည်ထား၏။

ထို့ကြောင့် ကျောက်ထိဖန်း ဒုက္ခရောက်နေသည်ကို တွေ့ သော်လည်း မတတ်သာဘဲ လက်ပိုက်ကြည့်နေခဲ့ရလေသည်။

ယန်ကွမ်း ထွက်လာသည်ကိုလည်းကောင်း၊ ကျောက်ထိ ဖန်းက နှိပ်စက်ခြင်း ခံရမည်ကို ကြောက်ရွံ့ကာ လျှို့ဝှက်ချက် ဖော် ထုတ်ပြောဆိုရန် ဟန်ပြင်သည်ကိုလည်းကောင်း တွေ့မြင်ရလေ သည်။

မုဝမ်း မနေနိုင်တော့ပါ။

ကျောက်ထိဖန်းနှင့် ရှားယုံတို့အား ဆုံးရှုံးလိုက်ရပြီ ဖြစ် သည်။

ရတနာများကို ထပ်မံ၍ ဆုံးရှုံးမခံနိုင်တော့ပါ။

ယန်ကွမ်းသည် ရတနာများ ဝှက်ထားသည့် နေရာကို သိရှိ ပြီးနောက် ကျောက်ထိဖန်းအား ချမ်းသာပေးမည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထိဖန်းအတွက် မျှော်လင့်ချက် မရှိတော့သည့် အတူတူ ရတနာ ဝှက်ထားသည့် နေရာကို အသိမခံနိုင်တော့ပါ။

မုဝမ်း ပုန်းကွယ်ရာမှ ထွက်လိုက်သည်။

ထို့နောက်...

ဖွင့်ပြောရန် ဟန်ပြင်နေသည့် ကျောက်ထိဖန်းအား ဓား မြှောင်ဖြင့် ပစ်ပေါက်ကာ နှုတ်ပိတ်လိုက်သည်။

မုဝမ်း၏အကြံအစည် အောင်မြင်သွားလေသည်။

ကျောက်ထိဖန်း စူးရှစွာ အော်ဟစ်ယင်း ငြိမ်သက်သွားပြီ ဖြစ်လေသည်။

ယန်ကွမ်းသည် အမြဲတမ်း သတိမပြတ် ရှိနေခဲ့သူ ဖြစ်၏။

များပြားလှသော ရတနာများနှင့် ပတ်သက်လာမှ သတိ လစ်ဟင်းမှု မကြာခဏ ဖြစ်ရလေတော့သည်။

ယခုလည်း ကျောက်ထိဖန်းက ပြောပြတော့မည် ဖြစ် ကြောင်း နားလည်ထား၏။

ရင်ထဲ လှုပ်ရှားနေပြီ ကျောက်ထိဖန်း၏စကားကို နားစွင့် နေစဉ်မှာပင် ရုတ်တရက် ဓားမြှောင်တစ်ချောင်း ပစ်လွှင့်လာပြီး ကျောက်ထိဖန်း၏ရင်ဝ စိုက်ဝင်သွား၏။

ကျောက်ထိဖန်း နှုတ်ပိတ်ခံလိုက်ရခြင်း ဖြစ်ပေသည်။

ယန်ကွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ဓားမြှောင်ပစ်လွှင့်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ...



လူတစ်ယောက် လှစ်ခနဲ ထွက်ပြေးသွားသည်ကို တွေ့မြင် လိုက်ရတော့သည်။

"မပြေးနဲ့"

ယန်ကွမ်း ဒေါသတကြီး အော်ဝေါက်လိုက်သည်။

ထို့နောက်...

ခြေပေါ် ခြေဆောင့်ကာ ခုန်ထွက်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် မြှားတစ်စင်းပညာ ရှေ့သို့ တိုးထွက် သွားပြီးလျှင် ထွက်ပြေးသွားသည့် မုဝမ်း၏ဦးခေါင်းပေါ်မှ ကျော် ဖြတ်ကာ ရှေ့ဘက်သို့ ကျသွား၏။

မုဝမ်းက ဆက်မပြေးနိုင်တော့ချေ။

မုဝမ်း၏ခြေလှမ်းများ တုန့်ခနဲ ရပ်သွားသည်။

ထို့နောက် ချာခနဲ နောက်ကြောင်းလှည့်ပြေးလေသည်။

"ဟင်"

ယန်ကွမ်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုစဉ် နောက်မှ ပြေးလိုက်လာသည့် ယန်ကွမ်း၏တပည့် ငါးယောက်က ပိတ်ဆို့ဟန့်တားလိုက်ကြလေသည်။

မုဝမ်းက တုန့်ဆိုင်းမနေဘဲ ဓားဆွဲထုတ်ကာ တိုက်ခိုက် လိုက်လေသည်။

"ဝုန်း"

"အား"

"ခွမ်း"

www.burmeseclassic.com

www.burmeseclassic.com



စူးရှကျယ်လောင်သော အသံများ ဆက်တိုက် ထွက်ပေါ်လာ၏။

လက်ရွေးစင်သိုင်းသမားငါးယောက် နောက်ဆုတ်ပေးလိုက်ကြရသည်။

တစ်ယောက်ကား မုဝမ်း၏ဓားချက်မိကာ လဲကျသွား၏။

သူတို့သည် မုဝမ်း၏ပခုံးပေါ်တွင် ဓားတစ်ချက် ရှပ်၍ ခုတ်မိရုံသာ တိုက်ခိုက်နိုင်ခဲ့ကြသည်။

သို့သော်...

မုဝမ်း ဆက်ပြီး ပြေးမသွားနိုင်ရန် ထိရောက်စွာ ဟန့်တားနိုင်ခဲ့ကြလေသည်။

မုဝမ်းက ထိုလူများ နောက်ဆုတ်လိုက်ရသည်နှင့် ဆက်ပြီး ပြေးထွက်သွားရန် ဟန်ပြင်လိုက်၏။

"မင်းပြေးလို့ မရပါဘူးကွာ"

ယန်ကွမ်း၏စကားသံ ထွက်ပေါ်လာသည်။

မုဝမ်း ရင်ထိတ်သွား၏။

ပြေးရန် ဟန်ပြင်နေသည့် ခြေလှမ်းများလည်း တန့်ခနဲ ရပ်သွားလေသည်။

ယန်ကွမ်းသည် သူ၏နောက်ကျောဘက်သို့ ရောက်ရှိ တိုက်ခိုက်လာနေပြီ မဟုတ်ပါလား။

ချာခနဲလှည့်ကာ ပြန်လည်ခုခံ တိုက်ခိုက်ရလေသည်။

"ဝုန်း"



ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

မုဝမ်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရ၏။

ယန်ကွမ်းက ဆက်၍ တိုက်ခိုက်ခြင်း မပြုဘဲ ရပ်လိုက်လေသည်။

မုဝမ်း ပြေးမလွတ်တော့ကြောင်း နားလည်ထားသည် မဟုတ်ပါလား။

လက်ရွေးစင်သိုင်းသမားလေးယောက်က မုဝမ်း၏နောက်ကျောဘက်မှ ဝိုင်းရံထားကြပါသည်။

ယန်ကွမ်းက...

"မုဝမ်း၊ မင်းပြေးလို့ မလွတ်ပါဘူး"

ဟုပြောလိုက်လေသည်။

မုဝမ်း မျက်နှာပျက်သွား၏။

ရှားယုံနှင့် ကျောက်ထိဖန်းတို့ သေဆုံးသွားကြချေပြီ။

သူသည်လည်း ယန်ကွမ်း၏လက်ချက်ဖြင့် သေဆုံးသွားတော့မည်လော။

ရတနာများနှင့် ပတ်သက်ပြီး အသက်ရှင်နေမှ ဖြစ်ပေလိမ့်မည်။

ယန်ကွမ်းကို စိုက်ကြည့်ကာ...

"ခင်ဗျားက ကျုပ်ကို ဘယ်တော့မှ မရနိုင်ပါဘူးဗျာ"

ဟုပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကွမ်း ခေါင်းညိတ်လိုက်သည်။

"ငါနားလည်တယ်၊ ဒါပေမယ့် ငါက မင်းကို လိုချင်တာမှ မဟုတ်ဘဲ"

"ရတနာတွေကိုလဲ ခင်ဗျား မရနိုင်ဘူးဗျ"

"ဒါဆို မင်းမှားသွားပြီ၊ ရှားယုံနဲ့ ကျောက်ထိဖန်းတို့က ငါ့ကို ဖွင့်ပြောသွားပြီးပြီကွ"

"ဟား..ဟား..ဟား"

မုဝမ်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ယန်ကွမ်းက သူ့အား စိုက်ကြည့်နေလိုက်၏။

မုဝမ်း ရယ်မောလိုက်ပြီးမှ...

"သူတို့က ဖွင့်ပြောလိုက်ပြီ ဟုတ်လား၊ သူတို့က ဘာများ သိထားလို့လဲဗျာ၊ ခင်ဗျားကို သူတို့က အရှုးလုပ်ခဲ့ကြတာပဲ ဖြစ်မှာပေါ့"

ဟုပြောလိုက်၏။

ယန်ကွမ်းက မကျေမနပ် ဖြစ်သွားသည်။

မည်သို့ဆိုစေ မုဝမ်းထံမှ ရတနာများ ဝှက်ထားသည့် နေရာကို သိရမှ ဖြစ်ပေမည်။

"သူတို့က အရှုးလုပ်ခဲ့ကြတယ်ဆိုရင်တော့ မင်းက ငါ့ကို အမှန်အတိုင်း ပြောပြရလိမ့်မယ်"

ဟုခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

မုဝမ်း ခေါင်းခါယမ်းလိုက်သည်။



"ကျုပ်ပြောပြမယ်ထင်ရင် ခင်ဗျားမှားသွားမှာပေါ့ဗျာ"

ယန်ကွမ်း ခံပြင်းသွား၏။

သို့သော်...

မုဝမ်းအား သုတ်သင်ရှင်းလင်းပစ်၍ မဖြစ်ကြောင်း နားလည်ထားလေသည်။

မုဝမ်း သေဆုံးသွားသည်နှင့် ရတနာများလည်း ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ပါလား။

ဒေါသစိတ်ကို ထိန်းယင်း...

"မင်းအတွက် ငါက အာမခံချက်ပေးမယ်ဆိုယင်ကော"

ဟုပြောလိုက်၏။

မုဝမ်း မျက်မှောင်ကြုတ်သွားလေသည်။

ယန်ကွမ်းအား စိုက်ကြည့်ကာ...

"အာမခံချက်ပေးမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘယ်လိုအာမခံချက်ပေးမှာလဲ"

ယန်ကွမ်းက တည်ကြည်သော မျက်နှာထားဖြင့်...

"မင်းရဲ့အသက် လုံခြုံမှု ရှိရမယ်၊ ရတနာတစ်ဝက်ဟာ မင်းအတွက် ဖြစ်ရမယ်"

ဟုပြောလိုက်သည်။

ထိုစကားကြားလျှင် မုဝမ်းက လေတစ်ချက် ချွန်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကွမ်း၏အာမခံချက်သည် မက်မောစရာကောင်းလှသည် မဟုတ်ပါလား။

ရှားယုံနှင့် ကျောက်ထိဖန်းတို့ ရှိစဉ်ကဆိုလျှင် သုံးယောက်အညီအမျှ ဝေယူကြရမည် ဖြစ်ပေသည်။

ယခု ယန်ကွမ်းနှင့် အပေးအယူလုပ်ကာ ဝေယူမည်ဆိုလျှင် ဝေစုပင် ပိုရနိုင်သေး၏။

သို့သော်...

သူက ယန်ကွမ်းကို မယုံပါ။

ယန်ကွမ်းသည် မြေခွေးတစ်ကောင်ထက်ပင် ဉာဏ်များသေးသည် မဟုတ်ပါလား။

သူက တွေးတောစဉ်းစားနေစဉ်မှာပင် ယန်ကွမ်း၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *

"မင်းအတွက် တစ်ဝက်တိတိရမယ် ဘယ့်နှယ်လဲ"

မုဝမ်း သက်ပြင်းချလိုက်သည်။

"ကျုပ်က ခင်ဗျားကို ဘယ်လိုလုပ်ယုံရမှာလဲ၊ ဂူးချိန်မြို့မှာ ဖြစ်ခဲ့တဲ့ ကိစ္စက သက်သေခံနေတယ် မဟုတ်လား"

"ဘာကွ"

"ခင်ဗျားက သစ္စာဖောက်ပြီး ကျုပ်တို့ကို ရောင်းစားဖို့ ကြိုး



စားခဲ့တာ၊ ကျုပ် မမေ့နိုင်ပါဘူးဗျာ"

"မင်း...မင်း"

ယန်ကွမ်းက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

ယန်ကွမ်း ငေးငိုင်သွားသည်ကို အခွင့်ကောင်းယူကာ မုဝမ်းက ခပ်သွက်သွက် လှုပ်ရှားလိုက်သည်။

သူက ချာခနဲလှည့်ကာ တပည့်များကို တိုက်ခိုက်လိုက်လေသည်။

ရုတ်တရက်မို့ ယန်ကွမ်း၏တပည့်များလည်း ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

မုဝမ်းက ဓားဝှေ့ယမ်းတိုက်ခိုက်လိုက်လျှင်...

"ဝုန်း"

"အား"

ယန်ကွမ်း၏တပည့်တစ်ယောက် မြေပေါ် လဲကျသွားလေသည်။

ပထမဆုံး သတိဝင်လာသူမှာ ယန်ကွမ်း ဖြစ်လေသည်။

ယန်ကွမ်းက...

"မပြေးနဲ့"

အော်ငေါက်ရင်း လက်ဝှေ့ယမ်းလိုက်၏။

ထိုအခါ...

ဝင်းလက်သောအရောင် ထွက်ပေါ်လာပြီး ဓားမြှောင်တစ်လက်သည် မုဝမ်း၏နောက်ကျောဆီသို့ ပစ်လွှင့်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မုဝမ်းသည် အန္တရာယ်ကို မမှုမိဘဲ မြင်းပေါ် ခုန်တက်လိုက်လေသည်။

သူက ယန်ကွမ်း၏တပည့်များ စီးနင်းလာခဲ့ကြသည့် မြင်းတစ်ကောင်ပေါ်သို့ ခုန်တက်လိုက်ခြင်းပင် ဖြစ်လေသည်။

မြင်းပေါ်သို့ ထိုင်ချလိုက်မိစဉ်မှာပင် ယန်ကွမ်း၏ပစ်ပေါက်လိုက်သည့် ဓားမြှောင်သည် သူ၏နောက်ကျောသို့ စိုက်ဝင်သွားလေတော့သည်။

"အား"

မုဝမ်း စူးရှစွာ အော်ဟစ်လိုက်လေသည်။

ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး ရှေ့သို့ ငိုက်ကျသွား၏။

ရှည်လျားစွာ ဟီလိုက်ပြီး ကဆုန်ပေါက်ကာ ဒုန်းစိုင်းပြေးထွက်သွားလေတော့သည်။

"မလွှတ်စေနဲ့"

ယန်ကွမ်း အော်ပြောလိုက်၏။

ကျန်နေသေးသည့် သိုင်းသမားသုံးယောက်က ဓားရှည်ကြီးများ ဝှေ့ယမ်းကာ ဟန့်တားလိုက်ကြလေသည်။

သူတို့သည် ဒုန်းစိုင်းပြေးသွားသည့် မြင်းကြီးအား ဓားဖြင့် ခုတ်ချရန် ကြိုးစားလိုက်ကြခြင်းပင် ဖြစ်လေသည်။

ထိုစဉ်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာပြန်လေတော့သည်။

* * *



ကျန်းစုထင်းက တိုက်ပွဲကို အကဲခတ်ကြည့်နေ၏။

ယန်ကွမ်း၏လူများ လက်ချက်ကြောင့် ကျောက်ထိဖန်း မရှုမလှ ရှုံးနိမ့်သွား၏။

ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

"ယန်ကွမ်းက အထူးတပ်ဖွဲ့ကို သူ့ကိုယ်ကျိုးအတွက် အသုံးချနေတာပဲ"

ဟုညည်းညူမိလိုက်လေသည်။

ထိုစဉ်...

"အား"

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာပြီး ကျောက်ထိဖန်း လဲကျသွားသည်ကို တွေ့မြင်ရပြန်လေသည်။

"ဘယ်လိုဖြစ်တာပါလိမ့်"

သူတွေးတောစဉ်းစားနေစဉ် ယန်ကွမ်းနှင့် မုဝမ်းတို့ တိုက်ခိုက်နေကြသည်ကို တွေ့မြင်ရပြန်သည်။

"နောက်တစ်ယောက်ပါလား"

ကျန်းစုထင်း ရေရွတ်မိပြန်သည်။

ယန်ကွမ်းတို့လူစုသည် လူအင်အားဖြင့် အနိုင်ကျင့်သည်ဟု ထင်မြင်မိလေသည်။ ထို့ကြောင့်...

မုဝမ်းဘက်မှ ပါဝင်ကူညီရန် ဆုံးဖြတ်လိုက်လေသည်။

မုဝမ်းသည် မည်သို့သော လူစား ဖြစ်သည်ကို သူ မသိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကွမ်းအား မကျေမနပ် ဖြစ်နေသလို တစ်ယောက်နှင့် အများ တိုက်ခိုက်နေသည်မှာ မျှတမှု မရှိဟု ယူဆထားလေ၏။

အကယ်၍ မုဝမ်းမှာ လူဆိုးတစ်ယောက် ဖြစ်နေသည်ဆို လျှင်ပင် သူက မှုမည်မဟုတ်ပါ။

ယန်ကွမ်းတို့လူစုသည်လည်း ဆိုးညစ်သော ကိစ္စများစွာ ပြုလုပ်ခဲ့ကြသူများ မဟုတ်ပါလား။

မုဝမ်းဘက်မှ ပါဝင်ကူညီရန် ဆုံးဖြတ်လိုက်ချိန်တွင် မုဝမ်း သည် ထွက်ပြေးသွားပြီး မြင်းပေါ် ခုန်တက်လိုက်လေသည်။

ယန်ကွမ်း ပစ်ပေါက်လိုက်သည့်ဓား ထိမှန်သွားသည်။

ထိုအဖြစ်အပျက်များသည် ဆက်တိုက် ဖြစ်ပေါ်လာခြင်း တည်း။

ကျန်းစုထင်း မကျေမနပ် ဖြစ်သွားသည်။

သူတွေးတောစဉ်းစားနေမိသဖြင့် မုဝမ်း ခံလိုက်ရပြီ မဟုတ် ပါလား။

သူက လက်နှစ်ဖက် ခပ်သွက်သွက် ဝှေ့ယမ်းလိုက်လေ သည်။

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မုဝမ်း စီးသွားသော မြင်းကြီးအား ဓားဖြင့် ခုတ်ရန် ကြံရွယ် နေသူများ မြေပေါ် ဖရိုဖရဲ လဲကျသွားကြသည်။



ယန်ကွမ်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ချက်ချင်းလှည့်ကြည့်လိုက်၏။

ထိုအခါ ကျန်းစုထင်းက ကျောခိုင်းထားလိုက်လေသည်။

ယန်ကွမ်း မျက်မှောင်ကြုတ်သွားသည်။

မုဝမ်းမှာ ထွက်ပြေးလွတ်မြောက်သွားပြီ ဖြစ်၏။

သို့သော်...

ဒဏ်ရာရသွားခြင်းကြောင့် ဝေးဝေးပြေးနိုင်တော့မည် မဟုတ်ပါချေ။

အခုလောလောဆယ် သူ ဂရုစိုက်ရမည်မှာ...

ယန်ကွမ်း၏မျက်နှာ တည်သွားသည်။

ကျန်းစုထင်းဘက်သို့ မျက်နှာမူကာ...

"ဘယ်က မိတ်ဆွေလဲဗျာ"

ဟုမေးလိုက်လေသည်။

ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

သူက ယန်ကွမ်းနှင့် မျက်နှာချင်းဆိုင်ရပေတော့မည်။

ယန်ကွမ်းဘက်သို့ လှည့်လိုက်၏။

သူ၏မျက်နှာကို ယန်ကွမ်း၏မျက်လုံးအစုံ ပြူးကျယ်သွား လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"မင်း...မင်း ကျန်းစုထင်း"

ယန်ကွမ်း လွှတ်ခနဲ ရေရွတ်လိုက်သည်။

ကျန်းစုထင်းကို သူကောင်းစွာ မှတ်မိထားပါ၏။

ကျန်းစုထင်းသည် လူဆိုးဖမ်းပြီး ဆုငွေထုတ်နေသူ ဖြစ်လေရာ ရတနာများ လုယက်ရန် ကြံစည်သောအခါ အန္တရာယ်ပြုနိုင်သူတစ်ယောက်ဟု သတ်မှတ်ပြီး သတ်ဖြတ်ခဲ့သည်။

ယန်ကွမ်း ကြောက်ရွံ့ထိတ်လန့်သွား၏။

"မ,မကောင်းဆိုးဝါးများလား"

ဟုတီးတိုးရေရွတ်မိလိုက်လေသည်။

ကျန်းစုထင်းကို ပြုံးကျယ်သော မျက်လုံးများဖြင့် ကြည့်မိသည်။

ကျန်းစုထင်း သဘောကျစွာ ပြုံးလိုက်ပြီး...

"ရွှေမားအဖွဲ့ခေါင်းဆောင်ကြီး ကျုပ်ကို မမှတ်မိတော့ဘူးလားဗျ၊ ကျုပ်က ရွှေမားအဖွဲ့ခေါင်းဆောင်ကြီးတို့ကို တစ်ဘက်တစ်လမ်းက အကျိုးပြုနေတဲ့လူပါပဲဗျာ"

ဟုပြောလိုက်လေသည်။

သူက ယန်ကွမ်း၏အကောက်ကြံမှုကို ထုတ်ဖော်မပြောဘဲ နေလိုက်၏။

ယန်ကွမ်း ငိုင်သွားသည်။

သူသည် မကောင်းဆိုးဝါးဆိုသည်ကို လက်ခံယုံကြည်သူ မဟုတ်ပါချေ။



ကျန်းစုထင်း အသက်ရှင်နေသည်မှာ တစ်စုံတစ်ခုသော အကြောင်း ရှိရမည်ဟု တွေးမိသည်။

ကျန်းစုထင်းက လုပ်ကြံခံရသည့် ကိစ္စကို မပြောဘဲ နေခြင်းကြောင့် သူကလည်း မသိဟန်ဆောင်နေလိုက်လေသည်။

မည်သို့ဆိုစေ ကျန်းစုထင်းကို သတိထားရတော့မည် ဖြစ်ကြောင်း နားလည်လေသည်။

ကျန်းစုထင်းသည် သတ်၍မသေသူ ဖြစ်နေရကား သူ့အတွက် ကြီးမားသော အန္တရာယ်တစ်ခု ဖြစ်လာပြီတည်း။

* * *

စိတ်ထဲ မကျေမနပ် ဖြစ်နေသော်လည်း မျက်နှာကို ပြုံးရွှင်အောင် ထားရင်း...

"လက်စသတ်တော့ မင်းကိုး၊ မင်းက ဘယ်လိုလုပ်ပြီး သည်နေရာကို ရောက်လာတာလဲကွ"

ဟုမေးလိုက်လေသည်။

ကျန်းစုထင်းက...

"လူဆိုးတစ်ယောက်ကို လိုက်ဖမ်းရင်း ရောက်လာတာပါဗျာ"

"လူဆိုး ဟုတ်လား"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဂူးနယ်စားဂေဟာကို လူဆိုးတွေ ဝင်ပြီး တိုက်ခိုက်ကြတယ်၊ ယုဖုံးလဲ သေသွားတယ်၊ သည်သတင်းကို မင်း မကြားမိဘူးလား"

ကျန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ကြားပါတယ်"

"မင်းက ယုဖုံးအတွက် ဆက်ပြီး အလုပ်လုပ်ပေးတုန်းပဲလား"

ကျန်းစုထင်းက…

"ယုဖုံးက လုံကြိုးစိမ်းကို ဖမ်းဆီးပေးဖို့ ကျုပ်ကို တာဝန်ပေးခဲ့တယ်လေ၊ ဒါကြောင့် သူသေသွားပေမယ့် လုံကြိုးစိမ်းကို ဖမ်းဆီးဖို့ ကျုပ်မှာ တာဝန်ရှိနေသေးတာပဲပေါ့"

"မင်းက ဖမ်းလို့ ရပါပြီတဲ့၊ လုံကြိုးစိမ်းအတွက် ဘယ်သူက ဆုငွေထုတ်ပေးမှာလဲ"

ပြောရင်း ယန်ကွမ်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

ကျန်းစုထင်းက…

"လုံကြိုးစိမ်းအတွက် ဆုငွေကို သူ့ကိုယ်ပိုင် ငွေထဲက ပေးမှာပါ၊ သူက ငွေတိုက်တစ်ခုမှာ အပ်ခဲ့တယ်၊ သူ မရှိတော့ပေမယ့် လုံကြိုးစိမ်းကို ဖမ်းမိတယ်ဆိုရင် ထုတ်ယူနိုင်အောင် သူက ကြိုတင်စီစဉ်ခဲ့ပါတယ်ဗျာ"

"လက်စသတ်တော့ သည်လိုကိုး၊ မင်းက လုံကြိုးစိမ်း



နောက်ကို လိုက်နေတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ယန်ကွမ်း လက်ခေါ့ယမ်းပြလိုက်သည်။

"ငါကလဲ လူဆိုးတစ်ချို့ကို လိုက်နေတာ၊ သူထွက်ပြေးသွားတာ မင်းလဲ အမြင်ပဲ၊ ကဲ ငါလိုက်သွားဦးမယ်"

စကားဆုံးလျှင် သူသည် မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

သူ၏လူများကို ကျန်းစုထင်းက တိုက်ခိုက်ခဲ့သော်လည်း သူက ဘာမှမပြောပါချေ။

ထိုကိစ္စကို မသိချင် ဟန်ဆောင်နေလိုက်သည်။

ကျန်းစုထင်း လုပ်ကြံခံရသည့် ကိစ္စကို မပြောဆိုသဖြင့် သူက ကျန်းစုထင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရမည့် ကိစ္စကို မပြောဘဲ လျစ်လျူရှုထားလိုက်ခြင်း ဖြစ်ပေသည်။

ကျန်းစုထင်းက သူ့အား တားဆီးခြင်း မပြုတော့ပါချေ။

အကြောင်းကား မုဝမ်းသည် မြင်ကွင်းမှ ကွယ်ပျောက်သွားခြင်းကြောင့် ဖြစ်ပေသည်။

ယန်ကွမ်း လိုက်သွားမည်ဆိုလျှင် အပြင်းအထန် လိုက်လံရှာဖွေရတော့မည် ဖြစ်ပေသည်။

ယန်ကွမ်းက မြင်းဒုန်းစိုင်းနှင်သွားလျှင် သူ၏တပည့်နှစ်ယောက်လည်း မြင်းပေါ်ခုန်တက်ကာ နောက်မှ လိုက်သွားကြ၏။

ကျန်းစုထင်းက သူတို့ ဒရောသောပါး ထွက်သွားကြသည်

www.burmeseclassic.com

www.burmeseclassic.com



ကို သဘောကျစွာ ပြုံးရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

နေပူရှိန်ကား ပြင်းထန်လှသည်။

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းတစ်ကောင်သည် သုံးရာသီမြို့တော်၏ တောင်ဘက်သို့ ဦးတည်ကာ ပြေးလွှားသွားနေ၏။

မြင်းပေါ်ဝယ် လူတစ်ယောက် မှောက်လျက် လိုက်ပါလာလေသည်။

ထိုလူမှာ မုဝမ်း ဖြစ်သည်။

မုဝမ်း၏ကျောပြင်တွင် သွေးများ စွန်းထင်းပေကျံကာ ဓားမြှောင်တစ်လက် စိုက်ဝင်နေသည်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

ဓားမြှောင်သည် အသက်သေနိုင်လောက်သည့် သေကွင်းသေကွက်ကို ထိမှန်သွားခြင်း မဟုတ်ပါ။

သို့သော်...

ဒဏ်ရာအပြင်းအထန် ရသွားစေသည်က အမှန်ပင် ဖြစ်လေသည်။

မုဝမ်းသည် ဒဏ်ရာများကြောင့် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေသည်။



သူက ယန်ကွမ်း၏လက်မှ လွတ်အောင် ပြေးရမည်ဆိုသည်ကိုမူ မမေ့ပါချေ။

ထို့ကြောင့် မြင်း၏လည်ပင်းကို သိုင်းဖက်ရင်း မြင်းလည်ဆံမွေးကို ဖိဆွဲကာ မြင်းကို နှင်နေခြင်း ဖြစ်သည်။

သုံးရာသီမြို့တော်သည် တဖြည်းဖြည်း အဝေး၌ ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

သုံးရာသီမြို့နှင့် ဝေးလာသောအခါ သူ၏စိတ်ထဲ သက်သာမှု ရလာသည်။

သို့ပါသော်လည်း နေမွန်းတည့်ချိန်သို့ ရောက်လျှင် စိုးရိမ်ပူပန်မှုတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

သူ၏စိုးရိမ်မှုကား အခြားမဟုတ်ပါ။

စားသောက်ဖွယ်ရာ ရိက္ခာနှင့် ရေအတွက် ဖြစ်သည်။

သူ၏မြင်းသည် သဲကန္တာရဆီသို့ ဦးတည်ကာ ပြေးလွှားသွားနေပြီ မဟုတ်ပါလား။

မုဝမ်းက မြင်းကို နောက်ပြန်လှည့်လိုစိတ် ဖြစ်ပေါ်လာလေသည်။

သူ့တွင် ခွန်အား မရှိပါ။

ထို့ကြောင့်...

မြင်းကို မထိန်းနိုင်ဘဲ ပြေးလိုရာ ပြေးစေတော့ဟု လွှတ်ပေးထားလိုက်ရသည်။

ကံကောင်းထောက်မလျှင် သဲကန္တာရကို ဖြတ်ကျော်ပြီး လွတ်

www.burmeseclassic.com

www.burmeseclassic.com



မြောက်ရာ နယ်မြေသို့ ရောက်ရှိသွားမည် မဟုတ်ပါလား။

မုဝမ်းသည် မြင်းကို ဖက်လျက် လိုက်ပါသွားလေ၏။

နေအပူရှိန်ကို တဖြည်းဖြည်း စတင်ခံစားလာရသည်။

ပူလောင်ခြောက်သွေ့မှုသည် သူ၏ခန္ဓာကိုယ်အတွင်းသို့ အတားအဆီးမရှိ အလုံးအရင်းနှင့် ဝင်ရောက်လာသည်။

မုဝမ်းမှာ ကြာကြာခံနိုင်ရည် မရှိတော့ပါ။

အပူရှိန်ဒဏ်ကြောင့် အားအင်ကုန်ခမ်းကာ တဖြည်းဖြည်း သတိလစ်သွား၏။

မြင်းပေါ်၌ မှောက်လျက် မြင်းသွားရာနောက်သို့ လိုက်ပါသွားရလေသည်။

ဂူနယ်စားဂေဟာမှ ရတနာများ ပုက်ထားသည့် နေရာကို သိရှိထားသည့် မုဝမ်းသည် မမျှော်လင့်ဘဲ သဲကန္တာရသို့ ရောက်ရှိလာပြီ ဖြစ်သည်။

* * *



## ထိပ်တိုက်

မြို့ထဲဝယ် ပြန်လည်၍ စည်စည်ကားကား ဖြစ်လာသည်။

တာလိနယ်စား၏ပုန်ကန်မှု ပေါ်ပေါက်လာပြီးသည့်နောက်ပိုင်းဝယ် နေ့စဉ်နှင့်အမျှ တိုက်ပွဲများ တွေ့မြင်ခဲ့ရသည် မဟုတ်ပါလား။

ထို့ကြောင့်…

သုံးရာသီမြို့တော်မှ လူများသည် တိုက်ပွဲများကို အဆန်းတကြယ် ဂရုစိုက်နေခြင်း မရှိတော့ချေ။

တိုက်ပွဲ ပြီးဆုံးသွားသည်နှင့် အသွားအလာမပျက် ပြန်လည် စည်ကားသိုက်မြိုက်လာပြန်လေတော့သည်။

ကျုန်းစုလင်းက ယန်ကွမ်းတို့ ထွက်သွားကြပြီးလျှင် စားသောက်ဆိုင်တစ်ဆိုင်ဆီသို့ လှမ်းလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လည်စာ စားသောက်ချိန် ကျရောက်နေပြီ မဟုတ်ပါလား။

ဆိုင်ထဲရောက်လျှင် ဟင်းလျာအချို့နှင့် အရက်တစ်အိုး မှာလိုက်သည်။

စားသောက်ဖွယ်ရာများ ရောက်ရှိလာသောအခါ ခပ်သွက်သွက် စားသောက်လိုက်သည်။

သို့သော်...

သူ၏ပါးစပ်ထဲဝယ် အရသာ မတွေ့နိုင်ဘဲ ဖြစ်နေလေသည်။

အကြောင်းကား ယန်ကွမ်းနှင့် လုံကြုံးစိမ်းသည် သူ့အား စိတ်အနှောင့်အယှက် ပေးနေကြသည် မဟုတ်ပါလား။

ယန်ကွမ်းကော လုံကြုံးစိမ်းပါ ဤမြို့ကလေးသို့ ရောက်ရှိလာခဲ့ကြပေသည်။

သူက ရှာမတွေ့မီ လုံကြုံးစိမ်းက သူ့အား ရှာတွေ့သွားခဲ့ပေသည်။

လုံကြုံးစိမ်းက သူ့အား ထောင်ချောက်ဆင်ခဲ့သည်။

သို့သော်...

သူက ထောင်ချောက်ကို လွတ်အောင် ရှောင်နိုင်ခဲ့လေသည်။

လုံကြုံးစိမ်း ပျောက်ချင်းမလှ ပျောက်သွားပြီတည်း။

သတ္တိရှိလျှင် ကန္တာရအတွင်း လိုက်ခဲ့ဟုလည်း စိန်ခေါ်သွားလေ၏။ လုံကြုံးစိမ်းသည် ကန္တာရအတွင်းသို့ အမှန်တကယ် သွားမည်လော။



ကျန်းစုထင်းက အရက်တစ်ခွက် ငှဲ့သောက်လိုက်သည်။

သူက လုံကြုံးစိမ်းကို လက်ရဖမ်းရမည်သာ ဖြစ်ပေသည်။

လုံကြုံးစိမ်းအား မည်သည့်နေရာ၌ လိုက်လံရှာဖွေရမည်နည်း။

ကျန်းစုထင်း တွေးတောစဉ်းစားနေစဉ်မှာပင် စကားကျယ်လောင်ကျယ်လောင် ပြောကာ လူနှစ်ယောက် ဆိုင်ထဲ ဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူနှစ်ယောက်သည် ကျန်းစုထင်း အနီးရှိ စားပွဲတစ်လုံးတွင် ထိုင်ချလိုက်၏။

ထို့နောက်...

စားသောက်ဖွယ်ရာများ မှာကြားလိုက်ကြလေတော့သည်။

စားသောက်ဖွယ်ရာများ ရောက်ရှိလာပြီး စားသောက်နေကြသည့်တိုင် စကားပြောမပြတ် ပြောဆိုနေကြဆဲပင်။

ကျန်းစုထင်း အတွေးပျက်သွားသည်။

အစားအသောက်ကို ခပ်သွက်သွက် လက်စဖြတ်လိုက်သည်။

ထို့နောက် ထိုင်ရာမှ ထရန် ဟန်ပြင်လိုက်သည်။

ခေါင်းအေးအေးထားကာ စဉ်းစားရမည့် အချိန်တွင် နားညည်းမခံနိုင်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ထရန် ဟန်ပြင်လိုက်မှ ထိုလူနှစ်ယောက်၏ ပြောစကား တစ်ခွန်းတစ်စ ကြားသွားလေသည်။

"မင်းကတော့ အချောင်ပွသွားတာပဲ၊ ကန္တာရမြေပုံဟာ တကယ်ဆိုရင် ငွေတစ်ဆယ်လောက်ပဲ တန်တာ၊ မင်းက ငါးရာနဲ့ ရောင်းလိုက်ရတယ် မဟုတ်လား"

တစ်ယောက်က ပြောလိုက်လျှင် ကျန်တစ်ယောက်က သဘောကျစွာ ရယ်မောလိုက်ပြီး...

"ဟား...ဟား...ဟား၊ သဲကန္တာရ လမ်းကြောင်းတွေဟာ နေ့စဉ်နဲ့အမျှ အနေအထား ပြောင်းလဲနေတာကွ၊ မြေပုံကို ကြည့်လို့လဲ မထူးဘူး၊ နေဝင်နေထွက် အရပ်ကိုကြည့်၊ ညဘက် နက္ခတ်တာရာတွေကိုကြည့်၊ ဒါဆိုရင် ဘယ်သွားလို့ ဘယ်အရပ်ရောက်မယ်ဆိုတာ သိနိုင်မယ်၊ သည်ထက်ပိုပြီး ဘယ်လိုမြေပုံကမှ မှန်အောင် မပြောနိုင်ဘူး"

"အေးလေ၊ ဘာမှမဟုတ်တဲ့ မြေပုံကို မင်းကငါးရာနဲ့ ရောင်းနိုင်ခဲ့တာ မင်းတော်လို့ပေါ့"

"ဟာ ငါတော်တာ မဟုတ်ပါဘူးကွာ၊ သူက ကန္တာရကို ဖြတ်သွားဖို့ သိပ်ကို အရေးကြီးနေပုံရတယ်၊ ရိက္ခာလဲ ငါးရက်စာ ဝယ်သွားသေးတယ်၊ အရေးကြီးတဲ့ကိစ္စ ရှိနေတဲ့သူဟာ ငွေပိုပေးရမှာကို ဘယ်နှမျောပါ့မလဲကွ"

"သည်လူက လူကောင်းတစ်ယောက်မှ ဟုတ်ပါ့မလား"

"မပြောနိုင်ဘူး၊ သူ့ရဲ့မျက်လုံးတွေကို ကြည့်ရတာ လူသတ်



သမားတစ်ယောက် ကျနေတာပဲ၊ သူ့လည်ပင်းမှာ ရစ်ခွေထားတဲ့ ကျစ်ဆံမြီးကြောင့် သူ့ရဲ့ပုံပန်းသဏ္ဌာန်က ပိုပြီး ထူးခြားနေတာပေါ့၊ ငါ့အထင်တော့ သည်လူဟာ မဟုတ်မဟတ် လုပ်ခဲ့ပြီး ထွက်ပြေးနေတဲ့လူပဲ ဖြစ်မယ်"

"သည်လိုလူမျိုးကို ကန္တာရဖြတ်ဖို့ လိုအပ်တဲ့ ပစ္စည်းတွေ ရောင်းလိုက်တဲ့ မင်းတို့ ငါတို့ ဘယ်လိုမှတော့ ပြဿနာ မဖြစ်နိုင်ပါဘူးနော်"

"မဖြစ်နိုင်ပါဘူးကွာ၊ ကဲ ဒါကို မေ့ထားလိုက်ကြရအောင်၊ သည်မနက် အမြတ်များများရတဲ့ အထိမ်းအမှတ်နဲ့ ကောင်းကောင်း စားသောက်လိုက်ကြရအောင်"

"ဒါပဲ ကောင်းပါတယ်ကွာ"

သူတို့နှစ်ယောက် စကားစဖြတ်ကာ အားရပါးရ စားသောက်လိုက်ကြလေသည်။

သို့သော်...

သူတို့ဆက်၍ စကားပြောစရာအကြောင်း ပေါ်ပေါက်လာပါသည်။

ကျန်းစုထင်းက သူတို့ရှေ့သို့ ရောက်ရှိလာသည် မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ယောက် ခေါင်းမော့ကြည့်လိုက်ကြလေသည်။

ကျန်းစုထင်းက သူတို့အား ပြုံးပြလိုက်သည်။

ထို့နောက်...

လက်ထဲကိုင်ထားသည့် ကြော်ငြာစာရွက်ကို မြှောက်ပြရင်း

"ခင်ဗျားတို့ ပစ္စည်းရောင်းချလိုက်တဲ့ လူဟာ သည်လူလားဗျာ"

ဟုမေးလိုက်လေသည်။

ထိုလူနှစ်ယောက် ကျန်းစုထင်းကို ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်ကြသည်။

ကျန်းစုထင်း ပြသည့် ဆုငွေကြော်ငြာပုံကိုလည်း ဝိုင်းကြည့်လိုက်ကြ၏။

ကြော်ငြာထဲမှ လုံကြိုးစိမ်း၏ရုပ်ပုံကို မြင်လျှင် မျက်လုံးပြူးကျယ်သွားလေတော့သည်။

"ဟင်"

"ဟာ"

လွှတ်ခနဲ ရေရွတ်လိုက်ကြ၏။

ကျန်းစုထင်းက...

"ခင်ဗျားတို့ ပစ္စည်းရောင်းလိုက်တဲ့လူဟာ သည်လူ မဟုတ်လားဗျ"

ဟုထပ်မေးလိုက်၏။ ထိုလူနှစ်ယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။



"ဟုတ်ပါတယ်"

ဟုလည်း သံပြိုင်ဖြေလိုက်ကြသည်။

ကျန်းစုထင်း၏ရင်ထဲ လှုပ်ရှားသွားသည်။

လုံကြိုးစိမ်းအား မမျှော်လင့်ဘဲ ခြေရာခံမိပြီ ဖြစ်လေသည်။

ထိုလူနှစ်ယောက်ကို ဝေ့ကြည့်လိုက်ပြီး...

"ခင်ဗျားတို့က သူ့ကို ဘယ်လိုပစ္စည်းတွေများ ရောင်းချလိုက်တာလဲဗျာ"

ဟုမေးလိုက်၏။

ကြော်ငြာစာရွက်ကို ကြည့်ကာ ထိုလူနှစ်ယောက် မျက်စိမျက်နှာ ပျက်နေကြလေသည်။

ဆုငွေကြော်ငြာ ဖြစ်နေရာ သူတို့ ပစ္စည်းရောင်းချလိုက်သူသည် လူဆိုးကြီးတစ်ယောက် ဖြစ်နေသည်ကို ဆင်ခြင်မိသွားကြသည်။

ကျန်းစုထင်းကိုလည်း နန်းတွင်းမှ အမှုထမ်းတစ်ယောက် ဖြစ်ရမည်ဟု မှတ်ထင်သွားကြလေသည်။

သူတို့သည် ကျန်းစုထင်းကို ကြောက်ရွံ့သွားကြလေတော့သည်။

တစ်ယောက်က...

"ကျုပ်...ကျုပ်က ရိက္ခာခြောက်နဲ့ ရေအိတ်တွေ ရောင်းလိုက်တာပါဗျာ၊ သူ...သူဟာ လူဆိုးကြီးတစ်ယောက် ဖြစ်နေတယ်ဆိုတာကို မသိပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေသည်။

ကျွန်တစ်ယောက်ကလည်း…

"ကျုပ်…ကျုပ်က လမ်းညွှန်မြေပုံ ရောင်းလိုက်တာပါ၊ မြေပုံ အညွှန်းတွေ ကျိန်းသေမှန်တယ်၊ မမှန်ဘူးဆိုတာ ကျုပ်လဲ မပြောနိုင်ဘူး၊ အနီးစပ်ဆုံးတော့ မှန်ပါလိမ့်မယ်၊ မြေပုံရှိတော့ သဲကန္တာရထဲ သွားရတာ တစ်ပန်းသာတာပေါ့ဗျာ"

ဟုပြောလေသည်။

သူတို့နှစ်ယောက်၏စကားအရ လုံကြိုးစိမ်းသည် အမှန်တကယ်ပင် ကန္တာရအတွင်းသို့ ဝင်သွားမည် ဖြစ်ကြောင်း သိနိုင်၏။

ကျွန်းစုထင်းက ထိုလူနှစ်ယောက်အား ငေ့ကြည့်လိုက်ပြီး…

"သူ ဘယ်တုန်းက လာဝယ်သွားတာလဲ"

ဟုမေးလိုက်၏။

လူတစ်ယောက်က…

"မနက်ကပါ"

"အခုအချိန်ဆို သူ ဘယ်မှာ ရှိနိုင်မလဲ"

ထိုလူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ပြီးမှ ကျွန်းစုထင်းဘက်သို့ လှည့်ကာ…

"ကန္တာရထဲ ရောက်နေလောက်ပြီ"

ဟုဖြိုင်တူ ပြောလိုက်ကြလေသည်။

ကျွန်းစုထင်းက ပြုံးလိုက်သည်။



လုံကြိုးစိမ်းက ရေပြည်သို့ သွားမည်ဆိုလျှင် သူကလည်း လိုက်သွားရမည်သာ ဖြစ်လေသည်။

ထိုလူနှစ်ယောက်ကို ကြည့်ကာ…

"သဲကန္တာရထဲသွားဖို့ လိုအပ်တဲ့ ပစ္စည်းတွေ ကျုပ်ကို ရောင်းပါ၊ ခင်ဗျားတို့ လုံကြိုးစိမ်းကို ရောင်းလိုက်တဲ့ ဈေးအတိုင်း ကျုပ်ပေးမယ်"

ဟုပြောလိုက်၏။

သူ၏စကားကြားလျှင် ထိုလူနှစ်ယောက် ဆတ်ခနဲ ထရပ်လိုက်ကြလေတော့သည်။

* * *

"တောက်"

ယန်ကွမ်း တက်ခေါက်လိုက်သည်။

မုဝမ်းသည် ဒဏ်ရာရသွားပြီးနောက် သူ၏လက်မှ လွတ်အောင် ထွက်ပြေးနိုင်တော့မည် မဟုတ်ဟု ယုံကြည်ထား၏။

သို့ပါသော်လည်း အထင်နှင့်အမြင် တက်တက်စင် လွဲမှားသွားရသည်။

မြို့ပြင်သို့ ရောက်လာသည့်တိုင် မုဝမ်း၏အရိပ်အယောင်ကို မတွေ့မြင်ရဘဲ ဖြစ်နေရသည် မဟုတ်လား။

ယန်ကွမ်းက မြင်းဇက်ကြိုးတင်းတင်းဆွဲကာ ရပ်တန့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

နောက်မှ လိုက်လာသည့် တပည့်နှစ်ယောက်လည်း ရပ်လိုက်ကြသည်။

ယန်ကွမ်း ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်၏။

မြို့ပြင်တွင် လူသူ ကင်းရှင်းနေ၏။

ယန်ကွမ်း ဒေါပွသွား၏။

"တောက် သည်ကောင် ဒဏ်ရာရထားတာတောင် ပြေးနိုင်သေးတုန်းပဲလား"

ဟုမကျေမနပ် ရေရွတ်လိုက်သည်။

ထိုစဉ်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လှမ်းကြည့်လိုက်သောအခါ ခရီးသွားကုန်သည်တစ်စု ဝန်စည်စလွယ်များ သယ်ဆောင်ရင်း မြို့ကလေးဆီသို့ ဦးတည်ခရီးနှင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယန်ကွမ်း၏မျက်လုံးများသည် အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

ချက်ချင်းပင် လက်ဝှေ့ယမ်းပြလိုက်ပြီး...

"ရပ်လိုက်ကြစမ်း"

ဟုအော်ပြောလိုက်လေသည်။



သူက လမ်းပိတ်ဟန့်တားလိုက်သည်နှင့် ကုန်သည်တစ်စုမှာ ရပ်တန့်သွားကြသည်။

ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ရှေ့သို့ လှမ်းထွက်လာပြီး...

"ဘယ်လိုကိစ္စများ ရှိနေလို့လဲဗျာ"

ဟုမေးလေသည်။

ယန်ကွမ်းက...

"ခင်ဗျားတို့ ကန္တာရကို ဖြတ်ပြီး လာခဲ့ကြတာ မဟုတ်လား"

ဟုပြန်မေးလိုက်၏။

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ကောင်းပြီ၊ ခင်ဗျားတို့ လာရင်းနဲ့ မြင်းစီးသမားတစ်ယောက် မတွေ့ခဲ့ဘူးလား"

ယန်ကွမ်းက မေးလိုက်ပြန်သည်။

ထိုလူက...

"မြင်းစီးသမားတစ်ယောက် ဟုတ်လား"

"ဟုတ်တယ်"

"မြင်းစီးသမားတွေ၊ ခရီးသွားတွေ မကြာခဏ တွေ့ခဲ့ရတာပဲဗျ"

"ကျုပ်ပြောတာက သည်မြို့ကို ရောက်ကာနီး အချိန်လောက်မှာပါ"

ထိုလူက ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ဟုတ်ပြီ၊ မကြာသေးခင်က မြင်းတစ်ကောင် ဒုန်းစိုင်းဖြတ်သွားတာ တွေ့တယ်၊ မြင်းပေါ်မှာ လူတစ်ယောက် မှောက်ပြီး လိုက်သွားတယ်၊ ထူးခြားတယ်ထင်လို့ ကျုပ်တို့က လှမ်းခေါ်သေးတယ်၊ သူက မထူးဘူးဗျ၊ ကန္တာရဘက်ကို ဦးတည်ပြီး မြင်းဒုန်းစိုင်းသွားတာနဲ့ ကျုပ်တို့လဲ လိုက်မသွားတော့ဘဲ ကိုယ့်လမ်းကိုယ် ဆက်လာခဲ့ကြတာ"

ဟုပြောပြလေသည်။

ယန်ကွမ်း၏ရင်ထဲ လှုပ်ရှားသွားသည်။

ထိုလူ ပြောပြသည့် မြင်းစီးသမားမှာ မုဝမ်း ဖြစ်ရမည်ဟု နားလည်မိသည်။

မုဝမ်း သေဆုံးသွားပါလျှင် ရတနာများ ပြန်လည်ရရှိနိုင်တော့မည် မဟုတ်ပါ။

သူသည် မဖြစ်မနေ မုဝမ်းနောက်သို့ လိုက်ရပေလိမ့်မည်။

လက်ဝှေ့ယမ်းပြလိုက်ပြီး...

"အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားတို့ သွားနိုင်ပါပြီ"

ဟုပြောလိုက်သည်။

ကန္တာရကုန်သည်များလည်း ယန်ကွမ်းကို နှုတ်ဆက်ကာ မြို့တွင်း ဝင်ရောက်သွားကြလေသည်။

ထိုလူများ ထွက်ခွာသွားပြီး ယန်ကွမ်းက သူ၏တပည့်နှစ်ယောက်ဘက် လှည့်လိုက်သည်။



"တို့တစ်တွေ ကန္တာရထဲ ဝင်သွားကြမယ်"

ယန်ကွမ်းက...

"ငါသွားနှင့်မယ်၊ မင်းတို့နှစ်ယောက်က ရိက္ခာနဲ့ ရေ သယ်ပြီး လိုက်ခဲ့ကြပေတော့၊ မြန်မြန်လုပ်ကြ"

သူ၏တပည့်နှစ်ယောက်သည် ဦးညွှတ်အရိုအသေ ပြုလိုက်ကြသည်။

ထို့နောက်...

မြင်းကို အပြင်းမောင်းနှင်ကာ မြို့တွင်းသို့ ပြန်ဝင်သွားကြလေသည်။

ယန်ကွမ်းသည်လည်း ကန္တာရဘက်သို့ ဦးတည်ကာ ထွက်လာခဲ့လေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်သို့ တိမ်းစောင်းသွားပြီ ဖြစ်လေသည်။

နေခြည်လျော့ကျသွားသော်လည်း တစ်နေ့လုံး ကျရောက်ခဲ့သည့် အပူရှိန်ကို စုပ်ယူထားခဲ့သည့် သဲပြင်ကြီးကား ခြစ်ခြစ်တောက်ပူလောင်နေဆဲ။

အပူလှိုင်းများ တရှိန်ရှိန် ထနေ၏။

မုဝမ်းသည် မြင်းပေါ်ဝယ် မှောက်လျက် အနေအထားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာလေသည်။

သူသည် သတိမရတစ်ချက်၊ ရတစ်ချက် ဖြစ်နေသည်။

သူ၏နှုတ်မှ…

"ရေ…ရေပေးပါ"

ဟုတတွတ်တွတ် တောင်းဆိုနေလေသည်။

ကန္တာရအလယ်တွင် မည်သူက သူ့အား ရေပေးနိုင်မည်နည်း။

ပူလောင်မှုနှင့် ရေငတ်ခြင်းက အခြားသော ဝေဒနာများကို မေ့လျော့သွားစေသည့်

မုဝမ်း အားယူ၍ ထိုင်လိုက်၏။

ထိုအခါမှ ရီဝေနေသော သူ၏မျက်လုံးများသည် အရှေ့ဘက် မလှမ်းမကမ်း၌ မြင်းလှည်းတစ်စီး ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မုဝမ်း ဝမ်းသာသွားသည်။

"ငါ…ငါ မသေနိုင်တော့ဘူး"

ကိုယ့်ကိုယ်ကို အားပေးလိုက်သည်။

ထို့နောက်…

မြင်းလှည်း ရှိရာသို့ ဦးတည်ကာ မြင်းကို မောင်းနှင်သွားလေသည်။

မြင်းလှည်းကား မောင်းနှင်သွားနေသော မြင်းလှည်းတစ်စီး မဟုတ်ပါ။



ထိုမြင်းလှည်းသည် ပျက်စီးနေပြီး လူသူ စွန့်ပစ်ထားသည့် မြင်းလှည်းတစ်စီး ဖြစ်နေတော့သည်။

မြင်းလှည်းအနီးတွင် လူသူတစ်စုံတစ်ယောက်မှ ရှိမနေပါချေ။

မုဝမ်း စိတ်ဓာတ်ကျဆင်းသွား၏။

မြင်းကို ရပ်ကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

သဲပြင်ပေါ် ခြေချမိလျှင် မဟန်နိုင်ဘဲ ဒူးထောက်လျက် လဲကျသွား၏။

ဤတွင်…

"ဟီး…ဟီး…ဟီး"

မြင်းကြီးသည် ရှည်လျားစွာ ဟီကာ ပြေးထွက်သွားလေသည်။

မုဝမ်း ထိတ်လန့်တုန်လှုပ်သွား၏။

"ဟေ့…ဟေ့၊ မပြေးနဲ့၊ ပြန်လာခဲ့"

အော်ဟစ်ခေါ်လိုက်လေသည်။

သို့သော်…

မြင်းကြီးကား ဒုန်းစိုင်းထွက်ပြေးသွားပြီ ဖြစ်လေသည်။

မြင်းမရှိဘဲ သဲကန္တာရအတွင်း မည်သို့ ခရီးဆက်ရပါမည်နည်း။

မြင်းမရှိ၊ စားစရာမရှိ၊ ရေမရှိ စိတ်ပျက်စရာ ကောင်းလှပေတော့သည်။

www.burmeseclassic.com



မဝမ်း ခေါင်းငိုက်စိုက်ကျသွား၏။

"သည်တစ်ခါတော့ ငါ့အတွက် ပြန်လမ်း မရှိတော့ပါဘူး"

ညည်းညူရင်း မြင်းလှည်းပျက်ကို ကျောမှီလိုက်၏။

မြင်းလှည်းသည် ဘေးတိုက် အနေအထား လဲကျကာ ပျက်စီးနေခြင်း ဖြစ်ပေသည်။

မြင်းလှည်းဘီးနှစ်ဘီးသည် သဲထဲ နစ်မြုပ်နေပြီး ကျန်နှစ်ဘီးမှာ မိုးပေါ် ထောင်နေ၏။

မဝမ်းက မြင်းလှည်းအိမ်ကို မှီကာ အတန်ကြာသည်အထိ မျက်လုံးစုံမှိတ်ကာ အနားယူလိုက်၏။

အတော်ကလေးကြာမှ မျက်လုံးဖွင့်ကြည့်လိုက်၏။

လူတစ်ယောက်သည် အသက်ဘေးနှင့် ကြုံလာသည့်အခါ ထူးခြားသော ခွန်အားသတ္တိများ ဖြစ်ပေါ်လာတတ်သည် မဟုတ်ပါလား။

ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်လျှင် သဲပြင်ပေါ်၌ ပြန့်ကျဲနေသော အရိုးစုများကို တွေ့ရ၏။

တစ်ချိန်က ဤနေရာ၌ တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း သိနိုင်ပေသည်။

မဝမ်း ထိုင်ရာမှထကာ မြင်းလှည်းအတွင်းသို့ ကြည့်လိုက်၏။

မြင်းလှည်းအိမ်ထဲဝယ် ကျိုးပဲ့ပျက်စီးနေသည့် ပစ္စည်းပစ္စယများကို တွေ့မြင်နေရပါသည်။



မဝမ်းသည် ဦးတည်ရာမဲ့စွာဖြင့် မြင်းလှည်းအိမ်ထဲသို့ ပြတင်းပေါက်မှတစ်ဆင့် ကျော်ဝင်လိုက်လေ၏။

မည်သို့ဆိုစေ တစ်ညတာ အိပ်စက်အနားယူစရာ နေရာတော့ ရပြီ ဖြစ်သည်။

မဝမ်းက အပျက်အစီးများကို ဖယ်ရှားပြီး အိပ်စက်နိုင်ရန် နေရာတစ်နေရာရအောင် ပြုပြင်လိုက်၏။

ထိုစဉ်...

* * *

"ခြွင်"

မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဘာပါလိမ့်"

မဝမ်း မျက်မှောင်ကြုတ်သွားသည်။

သဲပြင်ထဲသို့ လက်ဖြင့် ယက်ကာ ရှာဖွေကြည့်လိုက်၏။

မကြာပါချေ။

သဲထဲ နစ်မြုပ်နေသည့် သေတ္တာတစ်လုံးနှင့် အိုးသုံးလုံးကို တွေ့လိုက်ရလေသည်။

မဝမ်းသည် အိုးတစ်လုံးကို ချက်ချင်း ဖောက်လိုက်၏။

ထိုအခါ...

www.burmeseclassic.com

www.burmeseclassic.com



အိုးထဲ၌ အရက်ချိုများ ရှိနေသည်ကို တွေ့ရလေ၏။

မုဝမ်း ဖော်မပြနိုင်အောင် ဝမ်းသာသွားသည်။

"ငါး..ငါ မသေနိုင်တော့ဘူး"

သူက အရက်ချိုများကို အငမ်းမရ မော့သောက်လိုက်လေသည်။

အာခေါင်များ ခြောက်ကပ်နေပြီး လည်ချောင်း ကျဉ်းနေသည် ဖြစ်ရာ...

"အဟွတ်..အဟွတ်"

အရက်သည်းသွား၏။

သူက အရက်ချိုအိုးကို ချကာ အတန်ကြာ အမောဖြေနေလိုက်ရသည်။

အိုးသုံးလုံးမှာ အရက်ချိုနှစ်အိုး၊ ရေတစ်အိုး ဖြစ်ပေသည်။

ချွေချွေတာတာ သုံးမည်ဆိုလျှင် ငါးရက်ခန့် လုံလောက်ပေသည်။

ရေအတွက် မပူရတော့ချေ။

မုဝမ်းက သေတ္တာကို ဖွင့်လိုက်၏။

သေတ္တာအဖုံးမှာ သဲများ ဝင်နေသဖြင့် ကျပ်နေရာ ထုလိုက်မှ ပွင့်သွားသည်။

သေတ္တာအဖုံး ပွင့်သွားလျှင် မုဝမ်း ထခုန်မိမတတ် ဝမ်းသာပျော်ရွှင်သွားလေတော့သည်။

သေတ္တာထဲဝယ် အသားခြောက်များ၊ မုန့်ခြောက်များ ရှိနေ



သည် မဟုတ်ပါလား။

"ကံကောင်းလိုက်တာ၊ ငါ့ကို သည်မြင်းလှည်းပျက်ထဲ ဝင်ပုန်းနေမယ်လို့ ဘယ်သူထင်မှာလဲ၊ ငါ သည်မှာ ပုန်းနေမယ်၊ လေးငါးရက် နေပြီးမှ သုံးရာသီမြို့တော်ဘက် ပြန်သွားမယ်"

ဟုဆုံးဖြတ်ချက်ချလိုက်သည်။

ထို့နောက် ကျောကုန်း၌ စိုက်ဝင်နေသည့် မားမြှောင်ကို ဆွဲနှုတ်ကာ အသင့်ဆောင်ထားသည့် အသက်ကယ်ဆေးဖြင့် ဒဏ်ရာကို ဆေးထည့်လိုက်၏။

အစားအစာ၊ စားသောက်လိုက်ရသည့်အပြင် ဆေးထည့်လိုက်ရပြီ ဖြစ်၍ မုဝမ်း နေသာထိုင်သာ ရှိသွားလေ၏။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားပြီ ဖြစ်သည်။

မုဝမ်းက မြင်းလှည်းနံရံကို မှီကာ အိပ်စက်လိုက်ရာ တစ်ခဏအတွင်းပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားပြီ ဖြစ်သည်။

နေရောင်ခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုက အစားထိုး ဝင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အပူရှိန် လျော့ကျသွားပြီ ဖြစ်သည်။

လုံကြိုးစိမ်းက မြင်းကို အရှိန်လျှော့ချလိုက်၏။

မှောင်မှောင်မည်းမည်း ဖြစ်လာသည်မို့ ခရီးဆက်၍ မလွယ်တော့မှန်း နားလည်၏။

အမှန်ဆိုလျှင် ကန္တာရ၌ ခရီးသွားသူအများစုသည် ည အချိန်ကို အားပြုကာ ခရီးနှင်ကြလေ့ ရှိပေသည်။

ညဘက်တွင် အပူရှိန် သက်သာသည် မဟုတ်ပါလား။

သို့သော်...

ကန္တာရ၏ထူးခြားချက်တစ်ခုမှာ နေ့ဘက်ဝယ် မီးထ တောက်မတတ် ပူလောင်လှသလို ညဘက်ရောက်လျှင် အရိုးကွဲ မတတ် ချမ်းအေးလှခြင်း ဖြစ်ပေသည်။

မည်သို့ဆိုစေ ချမ်းအေးခြင်းကို ကာကွယ်နိုင်ရန် နည်းလမ်း များစွာ ရှိသည်။

ဥပမာ အဝတ်ထူထူဝတ်မည်။

အရက်ပြင်းပြင်းသောက်မည်။

စသည်ဖြင့် အနည်းအကျဉ်း ကာကွယ်နိုင်ပေသည်။

နေ့ဘက် အရိပ်မရှိသော အပူရှိန်ကို ကာကွယ်ရန်ကား မလွယ်လှချေ။

ထို့ကြောင့်...

ညဘက်ကို အားပြုကာ သွားကြခြင်း ဖြစ်ပေသည်။

ညဘက် ခရီးသွားကြသူများသည် လမ်းခရီးနှင့် နက္ခတ်တာ ရာ ကျွမ်းကျင်သူများ ဖြစ်ကြပေသည်။



လုံကြိုးစိမ်းမှာ လမ်းခရီး ကျွမ်းကျင်သူ မဟုတ်ပါ။

နက္ခတ်တာရာများနှင့် ပတ်သက်၍လည်း ကြားဖူးရုံမျှသာ ရှိသူ ဖြစ်ပေသည်။

ထို့ကြောင့် ညဘက်တွင် ရပ်နားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ် ပေသည်။

သူက တစ်ညလုံး ရပ်နားမည်ကား မဟုတ်ချေ။

ညဉ့်နက်၍ လထွက်လာလျှင် လရောင်ကို အားပြုကာ ရှေ့ သို့ ခရီးဆက်ရန် ကြံရွယ်ထားလေသည်။

လုံကြိုးစိမ်းက မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ခါးမှဓားကို ထုတ်ယူကာ သဲပြင်ထဲ ထိုးစိုက်လိုက်ပြီး မြင်း ဇက်ကြိုးကို ချည်နှောင်ထားလိုက်သည်။

မြင်းထွက်ပြေးသွားလျှင် သဲကန္တာရထဲဝယ် အသက်ဆုံးရှုံး ရလိမ့်မည် ဖြစ်သည်ကို သူ မမေ့ချေ။

ပြီးမှ သဲပြင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ယူလာ သည့် အသားခြောက်များနှင့် အရက်ကို ဘေး၌ ချလိုက်သည်။

အသားခြောက်တစ်ဖွဲ့ စားလိုက်၊ အရက်တစ်ခွက် သောက် လိုက်ဖြင့် ဟန်ကျနေ၏။

ပူလောင်နေသော သဲပြင်မှာ တဖြည်းဖြည်း အေးမြလာ လေသည်။

လုံကြိုးစိမ်း ဝါးကနဲ တစ်ချက်သမ်းဝေလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အချိန်ရှိတုန်း တစ်ရေးလောက် အိပ်ထားလိုက်ဦးမှပဲ"

ဟုရေရွတ်လိုက်၏။

ထို့နောက်...

လုံကြိုးစိမ်းက အထုပ်ထဲမှ စောင်တစ်ထည် ထုပ်ယူကာ သဲပြင်ပေါ် ဖြန့်ခင်းလိုက်၏။

သူသည် အထုပ်ကို ခေါင်းအုံးကာ စောင်ပေါ် လဲလျောင်းလိုက်လေသည်။

* * *

အေးမြသော ညလေများက တစိမ့်စိမ့် တိုက်ခတ်နေလေသည်။

ကောင်းကင်ပေါ်ဝယ် ကြယ်ကလေးများ ဝင်းလက်တောက်ပနေသည်။

လုံကြိုးစိမ်းသည် လဲလျောင်းအနားယူနေလေသည်။

"ငါ ဘယ်အထိ ပြေးနေရဦးမှာလဲ"

ရုတ်တရက် သူသည် မိမိ၏အဖြစ်ကို တွေးတောမိလာလေသည်။

သူသည် တွေးတောနေရင်းမှ တစ်ဆက်တည်းပင် ကျန်းစုထင်းဆိုသည့် လူရွယ်၏မျက်နှာအား ပြန်လည်၍ မြင်ယောင်လာ၏။

ကျန်းစုထင်းကား ခေသူ မဟုတ်ပါ။



သူ့အား လှည့်စား၍လည်း ရနိုင်မည် မဟုတ်ပါချေ။

ဤသည်ကိုလည်း လုံကြိုးစိမ်းက နားလည်ထားပါ၏။

ကျန်းစုထင်းသည် သဘောကောင်းသည်။

ဒုက္ခရောက်နေသူများအပေါ် ညှာတာသနားစိတ် ရှိပေသည်။

ကျန်းစုထင်းသည် လူကောင်းတစ်ယောက် ဖြစ်ကြောင်းမှာလည်း သူ၏လုပ်ရပ်ကို ကြည့်သည်နှင့် ထင်ရှားနေပေသည်။

လုံကြိုးစိမ်း စိတ်ထဲမှ ညည်းညူလိုက်မိလေသည်။

ကျန်းစုထင်းသာ သူ၏နောက်သို့ လိုက်မနေလျှင် သူ့အနေဖြင့် သုံးရာသီမြို့ကလေး၌ပင် ဖာတ်မြုပ်နေထိုင်မိမည် ဖြစ်သည်။

ယခုတော့ သူသည် ကန္တာရကို ဖြတ်ကျော်ကာ မွန်ဂိုဒေသသို့ ပြေးရတော့မည် ဖြစ်သည် မဟုတ်ပါလား။

အကယ်၍ ကျန်းစုထင်းအား သူက သုတ်သင်ရှင်းလင်းပစ်နိုင်ပါလျှင်...

လုံကြိုးစိမ်း သက်ပြင်းချလိုက်သည်။

လုံကြိုးစိမ်း ဆက်မတွေးတော့ပါ။

သူက မသက်မသာဖြင့်...

"စိတ်မကောင်းပါဘူးကွာ၊ ငါက မင်းကို သုတ်သင်ရှင်းလင်းပစ်ရမှာပဲ"

ဟုရေရွတ်လိုက်သည်။

သူသည် ကျန်းစုထင်းအား သုတ်သင်ရှင်းလင်းပစ်ရန် ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်ပြီ ဖြစ်သည်။

ထို့ကြောင့်...

သူ၏ရင်ထဲ ပေါ့ပါသွားသည်။

သူသည် မျက်လုံးအား မှိတ်ထားလိုက်လေသည်။

ထိုအခါ တခဏအတွင်းမှာပင် အိပ်ပျော်သွားလေတော့သည်။

* * *

ကျန်းစုထင်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

အရပ်လေးမျက်နှာတွင် သဲပင်လယ်ကြီးက ဖြစ်ပေါ်နေ၏။

အရိပ်အာဝါသ မရှိ။

နားခိုစရာနေရာ မရှိ။

လူနေအိမ်ခြေ မရှိ။

တကယ့် လွင်တီးခေါင် ကန္တာရကြီးပင် ဖြစ်ပေတော့သည်။

ကန္တာရအား ဖြတ်သွားသူတိုင်းသည် တောင်ဘက်စူးစူးရှိ မွန်ဂိုဒေသသို့ ဦးတည်သွားကြလေ့ ရှိပေသည်။

မွန်ဂိုဒေသသို့ ရောက်ပြီးမှ မိမိ သွားလိုရာ ခရီးကို ဆက်သွားလေ့ ရှိကြရပေသည်။

ထို့ကြောင့်...



လုံကြီးစိမ်းသည် ကန္တာရကို ဖြတ်ကျော်ကာ မွန်ဂိုဒေသသို့ အရင်ဆုံးသွားလိမ့်မည် ဖြစ်သည်။

သူက မွန်ဂိုဒေသတွင် လုံကြီးစိမ်းကို အမိမဖမ်းနိုင်လျှင် နောက်နောင် ဘယ်သောအခါမှ လုံကြီးစိမ်းအား လိုက်လံရှာဖွေ၍ ရတော့မည် မဟုတ်ပါချေ။

သူသည် လုံကြီးစိမ်းအား အလွတ်မပေးနိုင်ပါချေ။

ကျန်းစုထင်းသည် ကန္တာရခရီးသွားများအတွက် လိုအပ်သည့်ပစ္စည်းများ ရောင်းချသည့်ဆိုင်မှ လိုအပ်သည့် ပစ္စည်းများကို ဆယ်ရက်စာမျှ ဝယ်ယူလိုက်လေသည်။

အခြားသော အသုံးအဆောင်များလည်း ဝယ်ယူလိုက်လေသည်။

ထို့နောက်...

မြို့ပြင်ကို ထွက်လာခဲ့ခြင်းတည်း။

ဆိုင်ရှင်နှစ်ယောက်သည် ကန္တာရအတွင်း သဲမုန်တိုင်းများ ကျရောက်တတ်ပုံ၊ သဲထောင်ချောက်ကျင်းကြီးများ ရှိပုံ၊ ကန္တာရ၏ နေအပူရှိန်နှင့် ညအအေးဒဏ်၊ အန္တရာယ် ရှိသော တာလီနယ်စား၏ တပ်ဖွဲ့မှ တပ်ပျက်ကာ ထွက်ပြေးနေသူများ စသည်ဖြင့် စိတ်ပျက်ဖွယ်ရာများကို မမောမပမ်း ပြောကြလေသည်။

ကန္တာရထဲသို့ တစ်ယောက်တည်း မသွားရန် အတန်တန် တားဆီးကြလေသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းက အရေးမစိုက်ဘဲ ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

နေမွန်းတည့်ချိန်သို့ ရောက်လျှင် ကန္တာရ၏ဓာတ်ရုပ်ကို ကျန်းစုထင်း ကောင်းစွာ သိလိုက်ရတော့လေ၏။

အသားအရေများ ခြောက်ခန်းသွားတော့မည်ဟု ခံစားရ၏။

အပြားကြီးလှသော ခမောက်တစ်လုံး ဝယ်လာမိ၍သာ တော်ပေသေးသည်။

လေပူကြီးကလည်း အဆက်မပြတ်ပင် တိုက်ခတ်နေလေသည်။

လေနှင့်အတူ ပါလာသည့် သဲမှုန်များက အသားကို စပ်ဖျဉ်းဖျဉ်း ဖြစ်လာစေသည်။

ကန္တာရအတွင်းသို့ ဆယ်မိုင်ခန့် တိုးဖောက်ဝင်လာမိသည်နှင့် ကျန်းစုထင်းက စိတ်ပျက်လာလေတော့သည်။

"ဒုက္ခပဲ၊ သည်အတိုင်းဆိုရင် လုံကြိုးစိမ်းကို ဖမ်းလို့ မမိခင် ငါဒုက္ခရောက်သွားနိုင်တယ်"

ဟုကျိတ်ပြီး ညည်းညူမိလေသည်။

မည်သို့ဆိုစေ သူက နောက်ဆုတ်နိုင်တော့မည် မဟုတ်ပါ။

ပင့်သက်တစ်ချက် ရှိုက်လိုက်ပြီး မြင်းကို ရှေ့ဆက်မောင်းနှင်လိုက်လေသည်။

ကန္တာရ ဖြစ်သည်မို့ မြင်းခွာသံ ကျယ်လောင်စွာ ထွက်ပေါ်



လာခြင်း မရှိပါ။

အပူရှိန်ကြောင့် တံလျှပ်များ ထနေသည်မို့ သူ့လိုပင် သဲကန္တာရထဲ ခရီးသွားနေသည့် အခြားခရီးသည်များ ရှိနေသည်ကိုလည်း မမြင်တွေ့မိပါ။

လုံကြိုးစိမ်း၊ ကျန်းစုထင်း၊ မုဝမ်းနှင့် ယန်ကွမ်းတို့သည် ရှည်ရှက်ချက်ကိုယ်စီဖြင့် ကန္တာရအတွင်း ခရီးနှင်နေကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ရန်သူခရီးသွား

အမှောင်ထုသည် ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံသွားပြီ ဖြစ်လေသည်။

ကောင်းကင်ပေါ်ဝယ် ကြယ်ကလေးများ ရှိနေ၏။

နေရောင် ကွယ်ပျောက်သွားပြီး အတော်ကြီးကြာမှ ကောင်းကင်ပေါ်ဝယ် လခြမ်းပဲ့ကလေး ထွက်ပေါ်လာသည်။

လုံကြိုးစိမ်းက လခြမ်းပဲ့ကလေးကို မော့ကြည့်လိုက်သည်။

ထို့နောက်...

သူ၏မျက်နှာ ရှုံ့မဲ့သွားသည်။

"သည်လရောင်ကလေးနဲ့ ငါ ဘယ်လိုလုပ် ဆက်သွားရမှာလဲ"



ဟုညည်းညူလိုက်လေသည်။

လရောင်သည် မှုန်ဝါးဝါး အလင်းရောင်သာ ရှိပေသည်။

ညသည် အေးမြလှသည်။

ညဘက် ခရီးဆက်မည်လော။

သို့တည်းမဟုတ် အနားယူကာ နေ့ဘက်ရောက်မှ ဆက်သွားမည်လော။

ရုတ်တရက် ဝေခွဲမရဘဲ ဖြစ်သွားလေသည်။

မည်သို့ဆိုစေ မွန်ဂိုဒေသသို့ ရောက်ဖို့ အရေးအကြီးဆုံး ဖြစ်ပေသည်။

"မထူးပါဘူး၊ သွားစရာရှိတာ သွားမှပဲ"

ဟုတွေးကာ မြင်းပေါ် ခုန်တက်လိုက်၏။

ထို့နောက်...

လခြမ်းပဲ့ကလေးနှင့် မူဝံကြယ်ကို ကြည့်ကာ တောင်ဘက်သို့ ခရီးနှင်နေလေသည်။

သဲပြင်ကြီးသည် လရောင်အောက်ဝယ် ဝပ်စင်းလျက် ရှိပါ၏။

သဲများသည် ပင်လယ်ရေလှိုင်းများပမာ လှိုင်းတွန့်ကလေးများပမာ ဖြစ်နေလေသည်။

နေ့ဘက် ခရီးသွားသည်ထက်စာလျှင် တော်ပေးသေးသည်ဟု ထင်မှတ်မိသည်။

အတော်ကလေးကြာအောင် ခရီးဆက်လာမိခဲ့လျှင် ရုတ်

www.burmeseclassic.com

www.burmeseclassic.com



တရက် ဝဲဘက်တစ်နေရာမှ မီးရောင်အချို့က လင်းလက်ထွက်ပေါ် လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"မီးရောင်ပါလား"

လုံကြိုးစိမ်း လွှတ်ခနဲ ထ၍ ရေရွတ်လိုက်မိလေသည်။

သဲကန္တာရထဲဝယ် အဘယ်ကြောင့် မီးရောင်ထွက်ပေါ်နေရပါသနည်း။

မီးရောင်ရှိလျှင် လူရှိရမည် ဖြစ်သည်။

ညကြီး အချိန်မတော် သဲကန္တာရထဲ ရောက်ရှိနေသူမှာ မည်သို့သော လူစား ဖြစ်နေပါမည်နည်း။

လုံကြိုးစိမ်း တွေးလာရင်း ရင်ထဲ လှုပ်ရှားလာလေသည်။

မီးရောင် ထွက်ပေါ်နေသည့် နေရာသို့ သွားကာ ကြည့်ရှုလိုစိတ်များလည်း ဖြစ်ပေါ်လာလေသည်။

ချက်ချင်းပင် အဘိုးအိုတစ်ယောက်အသွင် ရုပ်ဖျက်လိုက်လေသည်။

ထို့နောက်...

မီးရောင် ထွက်ပေါ်နေသည့် နေရာဆီသို့ ဦးတည်ကာ မြင်းကို ခပ်သွက်သွက် မောင်းနှင်သွား၏။

မီးရောင် တွေ့ရသည်မှာ မဝေးလှဟု ထင်ရသည်။

သို့သော် တကယ်တမ်းသွားမှ အတော်ကလေး အလှမ်းကွာဝေးနေကြောင်း သတိပြုမိလေသည်။

တစိုက်မတ်မတ် မြင်းကို မောင်းနှင်သွားရာ အတော်က



လေးကြာလျှင် မီးရောင် ထွက်ပေါ်နေသည့် နေရာအနီးသို့ ရောက်ရှိလာလေသည်။

မီးရောင်မှာ မီးပုံတစ်ခုမှ ထွက်ပေါ်လာနေခြင်း ဖြစ်လေသည်။

မီးပုံဘေးဝယ် မြင်းတစ်ကောင်နှင့် လူတစ်ယောက် ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူကို မြင်လျှင် လုံကြိုးစိမ်း မျက်လုံးပြူးကျယ်သွား၏။

"ဟင် ကျန်းစုထင်း"

ဟုလွှတ်ခနဲ ခေါ်လိုက်သည်။

မှန်ပေသည်။

မီးပုံဘေး၌ ထိုင်နေသူမှာ ကျန်းစုထင်း ဖြစ်နေလေတော့သည်။

* * *

ကျန်းစုထင်းသည် နေစောင်းသွားသည်နှင့် ခေတ္တအနားယူရန် လိုအပ်နေပြီ ဖြစ်ကြောင်း သဘောပေါက်မိ၏။

လူကိုယ်တိုင်သာမက သူ၏မြင်းကိုလည်း ကောင်းစွာ အနားပေးရမည် ဖြစ်ပေသည်။

လူကော မြင်းပါ အားအင်ပြည့်ဖြိုးကာ လန်းလန်းဆန်းဆန်း ဖြစ်နေမှ ခရီးဝေးဆက်နိုင်မည် ဖြစ်သလို ရန်သူကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ ရင်ဆိုင်နိုင်မည် ဖြစ်ပေသည်။

သဘာဝဘေးရန်နှင့် အခြားသော ရန်အမျိုးမျိုးသည် အချိန်အခါမရွေး ကျရောက်လာနိုင်ကြောင်း နားလည်ထားလေသည်။

မိုးချုပ်သည်နှင့် အနားယူရန် သင့်လျော်မည့် နေရာ ရှာဖွေလိုက်ရာ သဲပြင်ပေါ်ဝယ် သစ်ငုတ်တိုကြီးများ ထိုးထိုးထောင်ထောင်ရှိနေသည့် နေရာတစ်ခုကို တွေ့မြင်လိုက်ရသည်။

သစ်ငုတ်တိုကြီးများကား အပူဒဏ်ကြောင့် ခြောက်သယောင်းနေကြပြီ ဖြစ်လေသည်။

ကျန်းစုထင်းက သစ်ငုတ်တိုကြီးများ အနီး၌ အားယူရန် ဆုံးဖြတ်လိုက်သည်။

လေကွယ်ရာအရပ်ကိုရမည် ဖြစ်သလို အလင်းရောင်အတွက် မီးပုံတစ်ခု ရနိုင်သည် မဟုတ်ပါလား။

ကန္တာရ၏ထူးခြားသော သဘာဝအရ အလင်းရောင် ကွယ်ပျောက်သွားသည်နှင့် အပူရှိန် သိသိသာသာကြီး လျော့ကျသွား၏။

အေးမြမှုသည် ချက်ချင်းပင် ကြီးစိုးလာလေတော့သည်။

နေ့ဘက်ဝယ် ပူလောင်ခြောက်သွေ့ပြီး ဖုန်မှုန့်သဲမှုန့်များ သယ်ဆောင်တိုက်ခိုက်လာသည့် လေသည် ညဘက်တွင် အရိုးကွဲမတတ် အေးမြသော ချမ်းစိမ့်မှုကို သယ်ဆောင်လာလေသည်။

ကျန်းစုထင်းက မီးပုံဝယ် အသားခြောက်များကို မီးကင်လိုက်၏။

ထို့နောက် အရက်တစ်အိုးဖြင့် အေးအေးဆေးဆေး ထိုင်



ကာ စားသောက်နေလိုက်သည်။

ထိုစဉ်…

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *

မြင်းခွာသံ ထွက်ပေါ်လာလျှင် ကျန်းစုထင်း မျက်မှောင်ကြုတ်သွား၏။

"ဘယ်သူများပါလိမ့်"

တွေးရင်း သတိထား စောင့်ကြည့်နေလိုက်လေသည်။

သဲကန္တာရအတွင်းဝယ် ဓားပြများ၊ တာလီနယ်စား၏တပ်ဖွဲ့မှ ထွက်ပြေးနေကြသူများ၊ နယ်ခြားမှ တိတ်တဆိတ် ခိုးဝင်လာသည့် မွန်ဂိုများ ကျင်လည်ကျက်စားနေကြသည် မဟုတ်ပါလား။

သူက မျက်တောင်မခတ် အကဲခတ်ကြည့်နေစဉ်မှာပင် မြင်းစီးသမားသည် တဖြည်းဖြည်း အနီးသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

မီးရောင်နှင့် လရောင်ကြောင့် မြင်းစီးသမားမှာ အဘိုးအိုတစ်ယောက် ဖြစ်ကြောင်း ကျန်းစုထင်း သတိပြုမိသွားသည်။

ထိုစဉ် အဘိုးအိုက မြင်းပေါ်မှ ခုန်ဆင်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသမား မြင်းပေါ်မှ ခုန်ဆင်းလိုက်ပုံမှာ ကိုယ်ဖော့ပညာထူးချွန်စွာ တတ်မြောက်ထားသူတစ်ယောက်၏ အသွင်မျိုးနှင့် တူညီနေသည်။

ကျန်းစုထင်း အံ့သြသွား၏။

ထိုအခိုက်မှာပင် အဘိုးအို၏မျက်နှာကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရလေသည်။

"ဟင်...ဘဘလုကြိုး"

ကျန်းစုထင်း လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

မှန်ပေသည်။ မြင်းပေါ်မှ ဆင်းလာသူမှာ သုံးရာသီမြို့ကလေး၌ လမ်းခွဲထွက်သွားသည့် လုကြိုး ဖြစ်နေသည် မဟုတ်ပါလား။

လုကြိုးမှာ ကျန်းစုထင်းကို တွေ့မြင်လိုက်ရခြင်းကြောင့် အံ့သြသွားပုံရလေသည်။

"ဟင် ကျန်းစုထင်း"

လွှတ်ခနဲခေါ်ကာ မလှုပ်မယှက် တောင့်တောင့်ကြီး ရပ်လိုက်လေသည်။

ကျန်းစုထင်း ဝမ်းသာသွား၏။

ပြန်လည်ဆုံတွေ့ရန် မရှိတော့ပြီဟု ထင်မှတ်ထားသည့် လုံကြိုးနှင့် မမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရပြီ မဟုတ်ပါလား။

"ဟာ ဘဘလုကြိုး၊ ဘယ်လိုလုပ် ဒီကို ရောက်လာတာလဲ"

ဟုမေးလိုက်သည်။

လုကြိုး သက်ပြင်းချလိုက်သည်။



"ငါလဲ မင်းကို တွေ့ရမယ်လို့ မထင်ဘူး၊ အတော့်ကို အံ့သြသွားတယ်၊ ပြောစမ်းပါဦး၊ မင်းက ဘယ်လိုလုပ် ဒီနေရာကို ရောက်နေရတာလဲ"

ကျန်းစုထင်း ခေါင်းယမ်းလိုက်သည်။

"ကျွန်တော်က မေးရမှာပါဗျာ၊ ကျွန်တော်က ခြေသလုံးအိမ်တိုင်သမားပဲ၊ လူတစ်ယောက်ကို လိုက်ရှာရင်း ဒီကို ရောက်လာတာပေါ့၊ ဦးကသာ အိမ်ပြန်မယ်ဆိုပြီး ဘယ်လိုလုပ် ဒီကို ရောက်လာရတယ်ဆိုတာ ရှင်းပြဦး"

လုကြိုး ပခုံးတွန့်လိုက်သည်။

"ဘယ်လိုလုပ် ဒီကို ရောက်လာရသလဲ ဟုတ်လား၊ ပြောတောင် မပြောချင်တော့ပါဘူးကွာ"

"ဘာဖြစ်ရမှာလဲ၊ ငါတို့ ရွာကလေး ပျက်စီးသွားပြီလေကွာ၊ ရှိသမျှ လူအားလုံး ရွာကို စွန့်ပြီး ထွက်ပြေးသွားကြတယ်၊ ငါ့မိသားစုလဲ မွန်ဂိုဒေသကို ထွက်ပြေးသွားကြတယ်ဆိုလို့ ငါက မွန်ဂိုဒေသကို လိုက်သွားမလို့ကွ"

"ဦးရဲ့ဒုက္ခကလဲ မသေးပါလား"

ကျန်းစုထင်းက ကရုဏာသက်စွာ ပြောလိုက်လေသည်။

တာလိနယ်စား၏တပ်ဖွဲ့များသည် ပြည်မသို့တိုင် ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ပြီးမှ တဖြည်းဖြည်း ပြန်လည်ရှုံးနိမ့် ဆုတ်ခွာကြရလေသည်။

နန်းတွင်းမှ တပ်ဖွဲ့များနှင့် မျိုးချစ်သိုင်းသမားများ စုပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မှုကြောင့် သိမ်းပိုက်ထားခဲ့သော နယ်မြေအသီးသီးကို လက်လွှတ်ဆုံးရှုံးကာ မရှုမလှ ထွက်ပြေးကြရလေသည်။

နန်းတွင်းမှ တပ်ဖွဲ့များသည် တာလိနယ်သို့တိုင် ချဉ်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်သည်။

တာလိနယ်စားမှာ သူ့အား မြှောက်ပင့်ပေးခဲ့သည့် မွန်ဂိုများထံ ခိုလှုံရန် ထွက်ပြေးသွားပြီ ဖြစ်လေသည်။

တာလိနယ်စား၏အရှိန်အဝါဖြင့် မြင့်မားခဲ့စဉ်က လက်မထောင်ခဲ့ကြသူများသည် ယခုတော့ အသက်ဘေးအန္တရာယ် စိုးရွံ့ကြောက်ရွံ့ကာ အိုးအိမ်ပစ်ပြီး ထွက်ပြေးကုန်ကြ၏။

တာလိနယ်တစ်ခုလုံး ဖရိုဖရဲ ဖြစ်နေလေတော့သည်။

လုကြိုးက... -

"ငါ့မိသားစုနဲ့ ပြန်တွေ့ရမှ ငါလဲ စိတ်ချမ်းသာရာရတော့မှာပဲ၊ သူတို့ကို မတွေ့တွေ့အောင် ရှာရမှာပဲကွ၊ ဒါထက် မင်းကော၊ မင်းလိုက်ရှာနေတဲ့ လုံကြိုးစိမ်းဆိုတဲ့လူကို တွေ့ပြီလား"

ဟုမေးလိုက်လေသည်။

ကျန်းစုထင်း ခေါင်းယမ်းလိုက်သည်။

"မတွေ့သေးပါဘူး"

"နေပါဦး၊ လုံကြိုးစိမ်းက သဲကန္တာရထဲ ပြေးလာလို့လား"

"ဟုတ်ပါတယ်၊ သူက မွန်ဂိုဒေသကို ပြေးမယ်လို့ သိရပါတယ်"

"ဒါဆို မင်းက မွန်ဂိုဒေသကို သွားမယ်ပေါ့ ဟုတ်လားကွ"



"ဟုတ်ပါတယ်"

လုကြိုး ဝမ်းသာသွားလေသည်။

"ဟာ ဒါဆို အတော်ပဲ၊ တို့နှစ်ယောက် အတူတူ မွန်ဂိုဒေသကို သွားကြတာပေါ့၊ ကန္တာရထဲမှာ လူဆိုးဓားပြတွေ၊ တာလိနယ်စားရဲ့တပ်ဖွဲ့က ထွက်ပြေးတဲ့လူတွေ ကျင်လည်ကျက်စားနေတယ်လို့ သတင်းကြားတယ်၊ မင်းနဲ့အတူ သွားရမယ်ဆိုယင် ငါ့အတွက် သိပ်ကောင်းတာပေါ့"

ဟုပြောလိုက်လေသည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

"ကန္တာရကို ဖြတ်တဲ့အချိန်မှာ အတူတူ သွားလို့တော့ ဖြစ်ပါတယ်၊ ဒါပေမယ့် မွန်ဂိုကို ရောက်ယင် ကိုယ့်လမ်းကိုယ်သွားမှ ဖြစ်မယ်"

လုကြိုး မျက်မှောင်ကြုတ်သွား၏။

ကျန်းစုထင်းကို နားမလည်နိုင်စွာ ကြည့်ကာ...

"ဘာဖြစ်လို့လဲကွ"

ဟုမေးလေသည်။

ကျန်းစုထင်းက...

"မွန်ဂိုရောက်ယင် ကျွန်တော်က လုံကြိုးစိမ်းကို လိုက်ရှာမှာပါ၊ သူဟာ ကြောက်စရာကောင်းတဲ့ လူဆိုးကြီးတစ်ယောက်ပါ၊ သိုင်းပညာလဲ တော်တယ်၊ ကျွန်တော်နဲ့အတူနေယင် ဦးပါ အန္တရာယ် ဖြစ်နိုင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟုရှင်းပြလိုက်လေသည်။

လုကြီး သက်ပြင်းချလိုက်၏။

ကျန်းစုထင်းသည် သူ့အတွက် စိုးရိမ်ပူပန်ကာ မွန်ဂိုရောက်လျှင် လမ်းခွဲရန် ပြောနေခြင်း မဟုတ်ပါလား။

"ကောင်းပြီလေ၊ မွန်ဂိုရောက်ယင် တို့နှစ်ယောက် လမ်းခွဲကြတာပေါ့၊ မင်းက လုံကြီးစိမ်းကို ဖမ်းမိပါစေလို့ ငါဆုတောင်းပါတယ်ကွာ"

ဟုပြောလိုက်လေသည်။

"ကဲ စားလိုက်ပါဦးဗျာ"

ကျန်းစုထင်းက မီးကင်ထားသော အမဲခြောက်များ ပေးလိုက်သည်။

လုကြီးက ကျေးဇူးတင်ကြောင်း ပြောပြီး စားသောက်လိုက်လေသည်။

သူတို့ စားသောက်နေကြစဉ်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျန်းစုထင်းနှင့် လုကြီးတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

မြင်းခွာသံများ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြလေသည်။



ထိုအခါ အရှေ့ဘက် အမှောင်ထုအတွင်းမှ မြင်းစီးသမားတစ်စု ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရ၏။

မြင်းစီးသမားများသည် ဖြုန်းစားကြီး ထွက်ပေါ်လာခြင်းဖြစ်သည်။

ကျယ်လောင်သော ခြာသံပေးရင်း ကျန်းစုထင်းတို့ထံ တစ်ဟုန်ထိုး စီးနင်းလာကြလေတော့သည်။

* * *

"ကန္တာရဓားပြတွေ"

လုကြီး လွှတ်ခနဲ အော်လိုက်သည်။

ကျန်းစုထင်းက...

"ဦး ဒီမှာပဲ ထိုင်နေ၊ သူတို့ကို ကျွန်တော်ရင်ဆိုင်ပါ့မယ်"

ပြောပြီး ထလိုက်လေသည်။

မြင်းစီးသမားများသည် သူတို့ အနီးသို့ ရောက်ရှိလာကြပြီဖြစ်လေသည်။

ထိုလူများမှာ ဆယ်ယောက်ခန့် ရှိပြီး အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြလေသည်။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြပြီး ပါးစပ်မှ အသံသေး အသံကြောင်ဖြင့် ဆူဆူညံညံ အော်ဟစ်နေကြ၏။

ထိုလူများသည် မီးပုံနံဘေးရှိ ကျန်းစုထင်းနှင့် လုကြီးတို့

www.burmeseclassic.com

www.burmeseclassic.com



အား ဝိုင်းရံထားလိုက်ကြပြီး မြင်းကို လှည့်ပတ်စီးနင်းနေကြလေသည်။

ကျန်းစုထင်းက ကြည့်ရင်းကြည့်ရင်း မျက်စိနောက်လာလေသည်။

မြေပေါ်မှ သစ်ကိုင်းခြောက်တစ်ခုကို ခြေထောက်ဖြင့် ကော်တင်လိုက်ပြီး ပစ်ပေါက်ရန် ဟန်ပြင်လိုက်လေ၏။

"မလုပ်နဲ့"

လုကြိုးက သူ၏လက်ကို ဆွဲထားလိုက်လေသည်။

ကျန်းစုထင်းက...

"မကြောက်ပါနဲ့ ဦးရယ်၊ သူတို့ကို ကျွန်တော်ဂရုမစိုက်ပါဘူး"

ဟုပြောလိုက်သည်။

လုကြိုး၏ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်နေ၏။

မျက်စိမျက်နှာပျက်ကာ...

"တို့..တို့ ထွက်ပြေးကြရအောင်"

ဟုတတွတ်တွတ် ပြောနေလေတော့သည်။

ကျန်းစုထင်း စိတ်ပျက်သွား၏။

သို့သော် လုကြိုးအား ထိခိုက်ခြင်း မရှိရလေအောင် စောင့်ရှောက်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ်...

မြင်းစီးသမားများသည် သူတို့အား ပစောက်ပုံ ဝိုင်းရံထား



ကာ ရပ်တန့်သွားကြလေသည်။

ထိုလူစုမှ ခေါင်းဆောင်ဖြစ်ဟန် ရှိသည့် လူထွားကြီးက မြင်းဖြင့် ရှေ့သို့ တိုးထွက်လာသည်။

ဆူဆူညံညံ အော်ဟစ်သံများကား တိတ်ဆိတ်သွားချေပြီ။

လူထွားကြီးက...

"ကန္တာရကို ငါပိုင်တယ်၊ ဖြတ်သန်းလာတဲ့လူ မှန်သမျှ ပါလာတဲ့ ပစ္စည်းတစ်ဝက်ကို ငါ့အတွက် ပေးခဲ့ကြရတယ်၊ ကဲ မင်းတို့မှာ ဘာပါလာသလဲ၊ ငါ့အတွက် ယူလာခဲ့စမ်း"

ဟုခပ်ထန်ထန် ပြောလိုက်လေသည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

ခါး၌ ချိတ်ဆွဲထားသည့် ဓားကို ဆွဲထုတ်လိုက်ပြီး...

"ကျုပ်မှာ ဒါပဲပါတယ်ဗျ"

ဟုပြောလိုက်လေသည်။

"ဘာကွ"

လူထွားကြီး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကျန်းစုထင်း ဘာကိုဆိုလိုသည်ကို ရိပ်မိလိုက်လေသည်။

မြေပေါ် ထွီခနဲ တံတွေးထွေးချလိုက်ပြီး...

"ခွေးကောင်လေး၊ မင်းက သေချင်ပြီ ထင်တယ်"

ပြောရင်း လက်ဝှေ့ယမ်းပြလိုက်လေသည်။

ထိုအခါ သူ၏လူနှစ်ယောက် ဓားကိုယ်စီဖြင့် မြင်းပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ခုန်ဆင်းလာကြလေသည်။

"ကျန်းစုထင်း၊ တို့ ပြေး..ပြေးကြရအောင်"

လုကြီးက ကျန်းစုထင်း၏လက်ကို ဆွဲကာ ပြောလိုက်လေသည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

"ကျွန်တော့်အတွက် ဘာမှ မစိုးရိမ်ပါနဲ့ ဦးရယ်၊ သူတို့ ဘာမှ မတတ်နိုင်ပါဘူး"

စကားဆုံးလျှင် သူက ရှေ့သို့ လှမ်းထွက်လိုက်၏။

မြင်းပေါ်မှ ဆင်းလာသူနှစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိလေသည်။

မြင်းပေါ်မှ ဆင်းလာသူနှစ်ယောက်သည် ကျန်းစုထင်းက ပမာမခန့် ပြောနေသည်ကို မကျေမနပ် ဖြစ်သွားကြလေသည်။

ထို့ကြောင့်...

"သေပေတော့"

အော်ငေါက်ရင်း ကျန်းစုထင်းထံ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

ကန္တာရဝယ် ခရီးသွားများအား လုယက်နေသည့် ဓားပြများကို ဆုံးမလိုက်မည်ဟု ဆုံးဖြတ်လိုက်၏။

ဓားပြနှစ်ယောက် ပြေးဝင်လာသည်နှင့် ရှေ့သို့ လျှပ်တပြက် ထိုးလိုက်ပြီး ဓားကို ဝှေ့ယမ်းလိုက်လေသည်။



ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင်...

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ဓားပြနှစ်ယောက်မှာ ကျန်းစုထင်း၏ဓားချက်မိကာ သဲပြင်ပေါ် ခွေခနဲ လဲကျသွားလေသည်။

"ဟာ"

မြင်းပေါ်မှ ဓားပြများ၏ အထိတ်တလန့် အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ခေါင်းဆောင်လူထွားကြီးက...

"တိုက်ကြဟေ့"

အမိန့်ပေးပြီး ကိုယ်တိုင် ဓားဝှေ့ယမ်းကာ မြင်းကို ဒုန်းစိုင်းနှင်ရင်း ဝင်ရောက်လာလေသည်။

ကျန်ဓားပြများလည်း မြင်းကိုယ်စီ ဒုန်းစိုင်းနှင်ကာ တရကြမ်း တိုက်ခိုက်ကြလေသည်။

"ခွပ်ခွပ်..ခွပ်ခွပ်"

"ဟီး..ဟီး..ဟီး"

"ယား"

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံ၊ မြင်းဟီသံ၊ ငြာသံပေးသံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ဓားပြများသည် ကျန်းစုထင်းအား ဝိုင်းရံတိုက်ခိုက်လိုက်ကြသည်။

ကျန်းစုထင်းမှာ မြေပေါ်၌ ရှိနေသဖြင့် တစ်ပန်းနိမ့်နေသည် ထင်ရ၏။

သို့သော် မည်သူမျှ သူ၏အင်္ကျီစကို ထိအောင်ပင် တိုက်ခိုက်ခြင်း မပြုနိုင်ကြပါချေ။

"ယား"

ကျန်းစုထင်းက အပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက် ဓားကို ခပ်သွက်သွက်ကလေး လွှဲယမ်းခုတ်ချလိုက်၏။

ဓားရောင်များ ထွက်ပေါ်လာပြီးလျှင်...

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာလေသည်။

ဓားပြသုံးယောက်မှာ ကျန်းစုထင်း၏ဓားချက်မိကာ မြင်းပေါ်မှ ခြေကားရားလက်ကားရားဖြင့် ပြုတ်ကျသွားကြလေတော့သည်။



ဓားပြခေါင်းဆောင်လူထွားကြီး မျက်နှာပျက်သွား၏။

ကြောက်စရာကောင်းသည့် ဓားသမားတစ်ယောက်နှင့် ရင်ဆိုင်နေရပြီ ဖြစ်ကြောင်း နားလည်လိုက်၏။

သူ၏တပည့်များသည် အခြေအနေကို မရိပ်မိကြဘဲ ကျန်းစုထင်းအား တရကြမ်း တိုက်ခိုက်နေကြပါသည်။

သို့သော် တိုးဝင်တိုက်ခိုက်လိုက်သူတိုင်း ကျန်းစုထင်း၏ဓားချက်မိကာ မြင်းပေါ်မှ ပြုတ်ကျသွားလေသည်။

ခေါင်းဆောင်ဖြစ်သူက ဆက်၍ တိုက်ခိုက်ရန် စိတ်မကူးတော့ပါချေ။

"ဆုတ်ကြစမ်း"

အော်ပြောလိုက်ပြီး မြင်းကို လှည့်ကာ မောင်းနှင်ထွက်ပြေးသွားလေသည်။

သူ၏တပည့်များ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

ခေါင်းဆောင်ကိုယ်တိုင် ထွက်ပြေးသွားပြီ ဖြစ်ရာ မနေဝံ့တော့ဘဲ ဒရောသောပါး ထွက်ပြေးကုန်ကြတော့သည်။

တိုက်ပွဲမှာ တစ်ခဏအတွင်း ပြီးဆုံးသွား၏။

ဓားပြများသည် အမှောင်ထုထဲ တိုးဝင်ကွယ်ပျောက်သွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်း ပြုံးလိုက်သည်။

လုကြိုးဘက် လှည့်လိုက်၏။

ထိုစဉ် သစ်ကိုင်းခြောက်တစ်ခုသည် သူ၏ဦးခေါင်းဆီသို့ ရိုက်ချလာသည်ကို သတိပြုမိလိုက်လေသည်။

ကျန်းစုထင်း ရင်ထိတ်သွားသည်။

အတွင်းအားစုစည်းလိုက်ပြီး လက်တစ်ဖက် အပေါ်မြှောက်ကာ ခုခံပေးလိုက်ရလေသည်။

"ဖျောင်း"

ကျယ်လောင်သော အသံ ထွက်ပေါ်လာသည်။

သစ်ကိုင်းထက်ပိုင်းကျိုးသွား၏။

"ဟာ ငါလူမှားသွားပြီ"

လုကြိုး၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျန်းစုထင်းက သစ်ကိုင်းခြောက်ကို တွေ့လိုက်ရတည်းက သူ့အား တိုက်ခိုက်လိုက်သူမှာ လုကြိုး ဖြစ်ကြောင်း နားလည်ထား၏။

"ဦး ဘယ်လို ဖြစ်တာလဲ"

ဟုမေးလိုက်သည်။

လုကြိုးက ကပျာကယာ လက်ကာပြရင်း...

"ငါ့..ငါ့ကို စိတ်မဆိုးပါနဲ့ကွာ၊ ငါက လူမှားပြီး ကြောက်အားလန့်အားနဲ့..."



သူ၏စကားမဆုံးမီ ကျန်းစုထင်းက ကြားဖြတ်ပြောလိုက်လေသည်။

"ကိစ္စမရှိပါဘူးဗျာ"

လုကြိုးက...

"မင်း..မင်း ဘယ်နာသွားသေးလဲ"

ဟုမေးလိုက်လေသည်။

ကျန်းစုထင်း ခေါင်းယမ်းလိုက်သည်။

"ကျွန်တော့်အတွက် ဘာမှ မပူပါနဲ့၊ ကဲ ကျွန်တော်တို့ အချိန်ရှိတုန်း ခရီးဆက်ကြရအောင် ညဘက်သွားတာ ပိုပြီး ခရီးတွင်လိမ့်မယ်"

သူက ပစ္စည်းပစ္စယများ ထုပ်ပိုးသိမ်းဆည်းလိုက်လေသည်။ လုကြိုးကား ငူငူကြီး ဖြစ်နေ၏။

ကျန်းစုထင်းက ပစ္စည်းများ သိမ်းဆည်းပြီးလျှင် မြင်းပေါ် ခုန်တက်ကာ...

"သွားကြစို့"

ဟုပြောလိုက်လေသည်။

လုကြိုးလည်း မြင်းပေါ် တက်လိုက်ရလေသည်။

သူတို့နှစ်ယောက် မြင်းကို ယှဉ်စီးနင်းရင်း အနားယူခဲ့သည့် နေရာကလေးကို ကျောခိုင်းကာ ထွက်သွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အစစ်အမှန်

အရှေ့ဘက်ဆီတွင် ရောင်နီများ ပို၍အန်လာပြီ ဖြစ်လေသည်။

မကြာမီ မိုးလင်းလာပေတော့သည်။

ကျန်းစုထင်းနှင့် လုကြိုးတို့သည် သဲကန္တာရအတွင်း၌ ခရီးနှင်လျက် ရှိနေကြသေး၏။

လုကြိုးသည် နက္ခတ်တာရာများအကြောင်း ကောင်းစွာ နားလည်ထားသည်ဟု ဆိုလေသည်။

သူကပင် ကန္တာရကို ဖြတ်ကျော်ရန် လမ်းပြလေသည်။

ကျန်းစုထင်းလည်း ယုံယုံကြည်ကြည်ဖြင့် သူ၏နောက်သို့ လိုက်သွား၏။



တစ်ညလုံး ခရီးနှင်ခဲ့ကြပြီး ရောင်နီများ ပို၍အန်လာချိန်ဝယ် ခေတ္တရပ်နားရန် ကျန်းစုထင်းက ပြောလိုက်လေသည်။

"ကျုပ်တို့ ခဏနားကြတာပေါ့"

လုကြိုး သဘောတူလိုက်သည်။

သူတို့နှစ်ယောက် သဲပြင်ပေါ်ဝယ် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

လုကြိုးက...

"စားပါဦးကွ"

သူ့ထံ၌ ပါလာသည့် မုန့်ခြောက် အနည်းငယ်ကို ထုတ်ပေးလေသည်။

ကျန်းစုထင်းက ကျေးဇူးတင်ကြောင်း ပြောပြီး အနည်းငယ် ယူစားလိုက်လေသည်။

လုကြိုးက...

"မွန်ဂိုကို ရောက်အောင် သုံးရက်လောက်တော့ ခရီးပြင်းနှင်ရလိမ့်မယ်ကွ"

ဟုပြောပြလေသည်။

ကျန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သုံးရာသီမြို့ကလေးမှာ ကျွန်တော် မေးမြန်းခဲ့တော့လဲ သူတို့က သုံးရက်လောက်တော့ ခရီးပြင်းနှင်သွားရလိမ့်မယ်လို့ ပြောခဲ့ကြတယ်"

"ဒါပေါ့ကွာ၊ မွန်ဂိုရောက်ရင် မင်းကို ငါကူညီပါ့မယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မင်းလိုက်ရှာနေတဲ့လူကို ငါလဲ ကူရှာပေးမယ်လေ"

"ဟာ နေပါစေဗျာ၊ ကျွန်တော့်ဘာသာ လိုက်ရှာပါ့မယ်"

"အို မဟုတ်တာ၊ မင်းက ငါ့ကို ကူညီနေတာများပါပြီ၊ မင်းကို ငါက တစ်လှည့်ပြန်ပြီး ကူညီပါရစေကွာ"

ကျန်းစုထင်း သက်ပြင်းချလိုက်လေသည်။

သူက လုကြိုးကို သေသေချာချာ ကြည့်လိုက်သည်။

လုကြိုးသည် ခင်မင်စရာကောင်းသူဟု စိတ်ထဲ ထင်မှတ်မိလေသည်။

သို့သော် ယခုတစ်ကြိမ် လုကြိုးကို စိုက်ကြည့်မိသည်နှင့် သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

အကြောင်းကား လုကြိုး၏မျက်နှာမှ အသားအရေနှင့် လည်ပင်းမှ အသားအရေသည် အရောင်အဆင်းချင်း မတူညီဘဲ ကွဲပြားနေသည်ကို တွေ့မြင်ရသည် မဟုတ်ပါလား။

ကျန်းစုထင်း မျက်မှောင်ကြုတ်သွားသည်။

လုကြိုးအား သေသေချာချာ အကဲခတ်ကြည့်လိုက်ပြန်လေသည်။

မှန်ပေသည်။ လုကြိုး၏မျက်နှာသည် လူတစ်ယောက်၏ မျက်နှာနှင့် မတူဘဲ ဟန်မူရာ ကင်းမဲ့သည့် အရုပ်တစ်ခုနှင့် တူနေလေသည်။

"သူက မျက်နှာဖုံးစွပ်ထားတာပါလား"



ရင်ထဲမှ မှတ်ချက်ချမိသည်။

လုကြိုးနှင့် ပတ်သက်ပြီး ပထမဆုံးအကြိမ် ရင်ထဲ သံသယစိတ်များ ဖြစ်ပေါ်လာခြင်းတည်း။

တဆက်တည်းပင် သုံးရာသီမြို့ကလေး၌ ကြုံတွေ့ခဲ့သည့် ထူးခြားသည့် အဖြစ်အပျက်များကို ပြန်လည်သတိရလာလေသည်။

* * *

သုံးရာသီမြို့ဝယ် သူ့အား သိသူတစ်ယောက်တစ်လေမျှပင် မရှိခဲ့ပါချေ။

သို့ပါလျက် သူက သုံးရာသီမြို့သို့ ရောက်လာသည်ကို လုံကြိုးစိမ်းက သတိရှိသွားလေသည်။

ထို့အပြင် ကျိရှောင်ကို ရုပ်ဖျက်ကာ သူ့ထံ စေလွှတ်ခဲ့သည်။

တစ်စုံတစ်ယောက်သည် သူက လုံကြိုးစိမ်းအား လိုက်လံရှာဖွေနေသည်ကို ကောင်းစွာ သိရှိထားပေလိမ့်မည်။

ထိုလူသည် လုံကြိုးစိမ်းထံ သတင်းပို့ခဲ့ခြင်း ဖြစ်ပေမည်။

ယန်ကွမ်းတော့ မဖြစ်နိုင်ပါ။

ယန်ကွမ်းသည် လုံကြိုးစိမ်းကို တွေ့လျှင် သုတ်သင်ရှင်းလင်းပစ်မည့်သူ ဖြစ်ပေသည်။

လုံကြိုးစိမ်းထံ သတင်းပို့သူမှာ မည်သူ ဖြစ်နိုင်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

တတိယအကြိမ်အဖြစ် လုကြီးကို စိုက်ကြည့်လိုက်မိပြန်သည်။

ယခုတစ်ကြိမ်တွင် လုကြီးသည် အဘိုးအိုအစစ်အမှန် မဟုတ်ဘဲ လူလတ်ပိုင်းတစ်ယောက်က အဘိုးအိုအဖြစ် ရုပ်ဖျက်ထားခြင်း ဖြစ်ကြောင်း ရိပ်မိလာလေတော့သည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

သူက ဒုက္ခပေးမည့်သူနှင့် ဘယ်သောအခါမှ လက်တွဲနေမည် မဟုတ်ပါချေ။

"လက်စသတ်တော့ ခင်ဗျားကိုး"

ဟုပြောလိုက်၏။

သူ၏စကားကြောင့် လုကြီး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ကျန်းစုထင်းကို နားမလည်နိုင်စွာ ကြည့်ကာ...

"မင်း ဘာပြောတာလဲ"

ဟုမေးလေသည်။

ကျန်းစုထင်းက...

"ကဲ ပြောစမ်းပါဦး၊ ခင်ဗျား ဘာကြောင့် ရုပ်ဖျက်ပြီး ကျုပ်ကို လှည့်စားဖို့ ကြံစည်ခဲ့ရတာလဲ ပြောစမ်း"

"မင်း..."

ရုတ်တရက် လုကြီး ခုန်ထလိုက်သည်။



အဘိုးအိုတစ်ယောက်၏အသွင်သဏ္ဍာန်မျိုး မရှိတော့ချေ။

ကျားပေါက်တစ်ကောင်ပမာ လျင်မြန်သွက်လက်သည့် ခွန်အားပိုင်ရှင်လူတစ်ယောက်၏ အသွင်သဏ္ဍာန်မျိုး ဖြစ်နေပေတော့သည်။

ကျန်းစုထင်း သဘောကျစွာ ရယ်မောလိုက်သည်။

"နောက်ဆုံးတော့လဲ ခင်ဗျားရဲ့ ဇာတိရုပ် ပေါ်လာရတာပဲ မဟုတ်လားဗျ"

ဟုပြောလိုက်လေသည်။

လုကြီးက ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား၊ မင်းက ရိပ်မိသွားပြီကိုး၊ မင်းကို ကြာကြာလှည့်စားလို့ မရဘူးဆိုတာ ငါသိပါတယ်ကွာ"

ကျန်းစုထင်း ဒေါပွသွား၏။

"ခင်ဗျား ဘာကြောင့် ကျုပ်ကို လှည့်စားရတာလဲ"

လုကြီးက...

"ဘာကြောင့်လဲ ဟုတ်လား"

"ဟုတ်တယ်"

"မင်း အခု သိရမှာပေါ့"

စကားဆုံးလျှင် လုကြီးက စတင်တိုက်ခိုက်လိုက်လေသည်။

ကျန်းစုထင်း နောက်ဆုတ်လိုက်သည်။

လက်နှစ်ဖက်တွင် အတွင်းအားစုစည်းကာ ခပ်သွက်သွက် တွန်းထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်…

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

နှစ်ယောက်သား နောက်သို့ ခြေတစ်လှမ်းစီ ပြိုင်တူ ဆုတ်လိုက်ကြရလေသည်။

"ဟား..ဟား..ဟား၊ မဆိုးဘူးဟေ့"

လုကြီးကို စိုက်ကြည့်ရင်း…

"ခင်ဗျားက ကျုပ်ရဲ့စေတနာကို အခွင့်ကောင်းယူပြီး လှည့်စားခဲ့တာ၊ ကျုပ်ခွင့်မလွှတ်နိုင်ဘူး"

ဟုပြောလိုက်သည်။

လုကြီး ခေါင်းညိတ်လိုက်သည်။

"ငါကလည်း ခွင့်လွှတ်ပါလို့ မပြောပါဘူး၊ ဘာကြောင့်လဲဆိုတော့ မင်းကို ဆုံးမချင်လို့ လှည့်စားခဲ့တာပေါ့ကွာ"

စကားဆုံးလျှင် လက်ငါးချောင်းကို စွန်ကုပ်လက်သည်းပုံသဏ္ဌာန်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ကျန်းစုထင်း မပေါ့ဆရဲပါချေ။

လုကြီး၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေလေရာ တစ်ချက်ကလေး သတိလစ်သွားသည်နှင့် ဒုက္ခရောက်ရမည် ဖြစ်ကြောင်း နားလည်ထားလေသည်။

အံတင်းတင်းကြိတ်ကာ ပြန်လည်ခုခံလိုက်လေသည်။

"ဝုန်း"



ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

သူတို့နှစ်ယောက် နောက်သို့ ပြိုင်တူ ဆုတ်လိုက်ကြရပြန်လေသည်။

လုကြီးက…

"မင်းက ငါ့ကို ဒုက္ခပေးဖို့ လိုက်ရှာနေတာ ဆိုးတယ်၊ နို့မဟုတ်ရင်တော့ တို့နှစ်ယောက် မိတ်ဆွေ ဖြစ်နိုင်တယ်"

ဟုပြောလိုက်လေသည်။

ကျန်းစုထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လုကြီးကို ငေးကြည့်ကာ…

"ခင်..ခင်ဗျားက.."

"ဟုတ်တယ်၊ ငါက မင်းလိုက်ရှာနေတဲ့ လုံကြိုးစိမ်းပါပဲ"

ဟုပြောပြီး မျက်နှာပေါ်မှ စွပ်ထားသည့် မျက်နှာဖုံးတုကို ချွတ်ပစ်လိုက်လေသည်။

အခါမလပ် ကြည့်ခဲ့မှတ်ခဲ့ရသော မျက်နှာကို ကျန်းစုထင်း တွေ့လိုက်ရလေသည်။

"လုံကြိုးစိမ်း"

ဟုလွှတ်ခနဲ ခေါ်လိုက်သည်။

လုကြီး(ဝါ)လုံကြိုးစိမ်း၏မျက်နှာမှာ တည်ကြည်နေသည်။

ကျန်းစုထင်း သက်ပြင်းချလိုက်လေသည်။

သူက လုံကြိုးစိမ်းနောက်သို့ နေ့ပေါင်းရက်ပေါင်း များစွာ လိုက်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မမျှော်လင့်ဘဲ ဆုံတွေ့လိုက်ရပြီ ဖြစ်သည်။

လုံကြိုးစိမ်းအား အလွတ်မပေးဟု သန္နိဋ္ဌာန် ချထားသည် မဟုတ်ပါလား။

လုံကြိုးစိမ်းကို စိုက်ကြည့်လိုက်သည်။

လုံကြိုးစိမ်းက...

"ငါက လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့တာ အမှန်ပဲ၊ ဒါပေမယ့် အခုတော့ နောင်တရနေပြီလေကွာ၊ ဘယ်သူ့ကိုမှလဲ ဒုက္ခမပေးချင်တော့ဘူး၊ ဘယ်သူနဲ့မှလဲ မပတ်သက်ချင်တော့ဘူး၊ ဒါကြောင့် အေးအေးဆေးဆေး ဇာတ်မြှုပ်နေဖို့ ကြိုးစားခဲ့တယ်၊ ဒီလို နေဖို့ဆိုတာလဲ ငွေလိုတယ်လေ၊ ငါ ဘာလုပ်ရမလဲ၊ နောက်ဆုံးတော့ ငါဟာ လူဆိုးကြီးတစ်ယောက်ပဲ ပြန်ဖြစ်ရတာပေါ့၊ တစ်ခုတော့ ရှိတယ်၊ ငါ့ကို ဒုက္ခပေးယင်၊ ငါက ဘယ်တော့မှ ခေါင်းငုံ့မနေတတ်ဘူးဆိုတာ မှတ်ထားပါ"

ဟုရှည်လျားစွာ ပြောလိုက်လေသည်။

သူ၏စကားများကို အခြားသူတစ်ယောက်သာ ကြားမည်ဆိုလျှင် သူ့အပေါ် သနားဂရုဏာသက်မိမည် ဖြစ်သည်။

သို့သော်...

လုံကြိုးစိမ်းမှာ ဉာဏ်များသူတစ်ယောက် ဖြစ်သည်ဟု ကျန်းစုထင်း သိထားရသည်ကား။

ကျန်းစုထင်းက ပြုံးကာ...

"ကောင်းပြီလေ၊ ခင်ဗျား အေးအေးဆေးဆေး နေချင်တယ်ဆိုယင် ကျုပ်ကူညီပါ့မယ်ဗျာ၊ ကျုပ်နောက်ကိုသာ အေးအေးဆေးဆေး လိုက်ခဲ့ပါ"



ဟုပြောလိုက်သည်။

ကျန်းစုထင်း၏စကားကြောင့် လုံကြိုးစိမ်း ဒေါပွသွားသည်။

"ချေးကောင်လေး၊ မင်းက ငါ့ကို ဖမ်းခေါ်သွားမယ်ပေါ့ ဟုတ်လား၊ ဘယ်တော့မှ မရဘူးဆိုတာ မှတ်ထားပါ"

ကျန်းစုထင်းက...

"ကျုပ်က မတိုက်ခိုက်ချင်လို့ ခင်ဗျားကို သည်းခံနေတာပါ၊ ခင်ဗျား အေးအေးဆေးဆေး လိုက်ခဲ့ပါ"

ဟုထပ်ပြောလိုက်၏။

လုံကြိုးစိမ်းက...

"ကျုပ်က မင်းနောက်တော့ မလိုက်နိုင်ဘူး၊ မင်းကိုပဲ ရှင်းပစ်မယ်"

ဟုပြောယင်း ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ် ကျန်းစုထင်းက နောက်ဆုတ်ရှောင်တိမ်းလိုက်လေသည်။

လုံကြိုးစိမ်း အားတက်သွားသည်။

"မင်း ဘယ်ပြေးမလဲ၊ ငါ့လက်က လွတ်မယ်များ ထင်သလား"

အော်ငေါက်ယင်း ကျန်းစုထင်း နောက်သို့ ထပ်ကြပ်မကွာ လိုက်လံတိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းက ပြန်လည်တိုက်ခိုက်ခြင်း မပြုပါချေ။

နောက်သို့ ခပ်သွက်သွက်ဆုတ်ယင်း ရှောင်တိမ်းလိုက်သည်။

"ယား"

ရုတ်တရက် လုံကြိုးစိမ်းက ဩသံပေးကာ အပေါ်သို့ ခုန်တက်လိုက်လေသည်။

တဆက်တည်းပင် ကျန်းစုထင်း၏ဦးခေါင်းပေါ်သို့ လက်ဝါးဖြင့် တအား ရိုက်ချလိုက်လေသည်။

ကျန်းစုထင်း ခြေလှမ်းရပ်လိုက်သည်။

လက်တစ်ဖက်ကို အပေါ်ပင့်တင်ကာ လုံကြိုးစိမ်း၏တိုက်ခိုက်မှုကို ခုခံရန် ဟန်ပြင်လိုက်၏။

တစ်ကယ်တမ်းဝယ် ထိုသို့ ခုခံခြင်း မပြုဘဲ ရှေ့သို့ လျှပ်တပြက် ပြေးဝင်ကာ လုံကြိုးစိမ်းနှင့် လူချင်း ပူးကပ်လိုက်လေသည်။

တဆက်တည်းပင် သူ၏လက်တစ်ဖက်သည် လုံကြိုးစိမ်း၏ဝမ်းဗိုက်ဆီသို့ တိုးဝင်သွားလေသည်။

လုံကြိုးစိမ်း ရင်ထိတ်သွားသည်။

ကျန်းစုထင်းက နောက်ဆုတ်မည်ဟု ပရိယာယ်ဆင်ပြီးမှ ပြန်လည်တိုက်ခိုက်လိုက်ခြင်း ဖြစ်ကြောင်း လုံကြိုးစိမ်း ရိပ်မိလိုက်လေသည်။

သူက ဝမ်းဗိုက်ကို ရှုံ့သွင်းလိုက်သည်။

ခြေထောက်နှစ်ဘက်ကိုလည်း ခပ်သွက်သွက် ကန်ထုတ်



လိုက်လေသည်။

ကျန်းစုထင်း ရှောင်လျှင်ရှောင်၊ မရှောင်လျှင် ပြင်းထန်သော ခြေထောက်ကန်ချက်ကြောင့် ဒဏ်ရာရမည် ဖြစ်ပေ၏။

ကျန်းစုထင်း ရှောင်တိမ်းသွားမည်ဟု လုံကြိုးစိမ်းက ယုံကြည်ထားလေသည်။

ကျန်းစုထင်း ရှောင်လိုက်သည်နှင့် သူက ဦးခေါင်းယမ်းကာ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ဦးခေါင်းယမ်းလိုက်ခြင်းသည် သူ၏အထက်မြက်ဆုံး လျှို့ဝှက်ချက်ကို ဖော်ထုတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

သို့သော်...

သူထင်သလို ဖြစ်ပေါ်လာခြင်း မရှိသဖြင့် လုံကြိုးစိမ်းမှာ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခြင်း မရှိပါချေ။

ကျန်းစုထင်းသည် ခြေထောက်ကန်ချက်ကို မရှောင်ဘဲ တောင့်ခံလိုက်သည်။

သူ၏လက်နှစ်ဖက်ကို ရှေ့သို့ တအားတွန်းထုတ်လိုက်လေ၏။

လုံကြိုးစိမ်း၏ခြေထောက်ကန်ချက်သည် ကျန်းစုထင်း၏ ကိုယ်ပေါ် ထိရောက်သွားသလို ကျန်းစုထင်း၏လက်ဝါးရိုက်ချက်သည်လည်း လုံကြိုးစိမ်းအား တည့်တည့်မတ်မတ် ထိမှန်သွားလေတော့သည်။

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



"အား"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ကျန်းစုထင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်၏။

လုံကြုံးစိမ်းကား ဒယီးဒယိုင်ဖြင့် နောက်ဘက်သို့ လွင့်စဉ်သွားပြီး မြေပေါ်၌ ဒလိမ့်ကောက်ကွေး လိမ့်သွားလေတော့သည်။

ကျန်းစုထင်း အံကြိတ်လိုက်သည်။

တစ်ကိုယ်လုံး နာကျင်သွားသော်လည်း လုံကြုံးစိမ်းအား သူက အလွတ်မပေးနိုင်ပါချေ။

အခွင့်အရေးရခိုက် တိုက်ခိုက်အနိုင်ယူခြင်း မပြုလိုက်လျှင် လုံကြုံးစိမ်းအား ဘယ်သောအခါမှ လက်ရဖမ်းနိုင်တော့မည် မဟုတ်ပါချေ။

ရှေ့သို့ ခပ်သွက်သွက်ပြေးသွားပြီး လုံကြုံးစိမ်း မြေပေါ်မှ မထနိုင်မီ တိုက်ခိုက်လိုက်ပြန်လေသည်။

လုံကြုံးစိမ်းကလည်း ခေသူ မဟုတ်ပါ။

မြေပေါ် လိမ့်သွားသည်နှင့် အရှိန်ဖြင့် ခုန်ထလိုက်လေသည်။

သူ၏ခြေထောက်နှစ်ဖက်သည်လည်း ပြေးဝင်လာသည့် ကျန်းစုထင်းအား ကန်ကျောက်လိုက်လေသည်။

ကျန်းစုထင်းက ခုန်ထွက်လိုက်သည်။

သူက ရေထဲ ခုန်ဆင်းလိုက်သကဲ့သို့ ရှေ့သို့ ဝမ်းလျားထိုး



လိုက်လေသည်။

လုံကြုံးစိမ်း၏ခြေထောက် အပေါ်ဘက်မှ ပွတ်ကာသီကာ ရှောင်လိုက်သလို သူ၏လက်နှစ်ဘက်ကလည်း လုံကြုံးစိမ်း၏ဝမ်းဗိုက်ကို ထိုးသွင်းလိုက်လေသည်။

ကျန်းစုထင်း၏ခြေထောက်ကန်ချက်ကို လွတ်အောင် ရှောင်ပြီး တိုက်ခိုက်သည် ဖြစ်ရာ လုံကြုံးစိမ်း မျက်လုံးပြူးသွားသည်။

ပြန်လည်ခုခံရန် အချိန်မရတော့ပါချေ။

"ခုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

လုံကြုံးစိမ်းမှာ မြေပေါ်သို့ အရုပ်ကြိုးပြတ် ပြုတ်ကျသွားလေ၏။

ကျန်းစုထင်းက သူ့အနီးသို့ ရောက်ရှိသွားပြီး...

"မလှုပ်နဲ့"

ဟုငေါက်လိုက်၏။

သူ၏လက်ထဲ၌ ဓားတစ်လက် ရောက်ရှိလာ၏။

ဓားဖြင့် လုံကြုံးစိမ်း၏ရင်ဝသို့ ထောက်ထားလိုက်လေသည်။

လုံကြုံးစိမ်း မျက်နှာပျက်သွားသည်။

"ငါရှုံးပါပြီကွာ"

ဟု ကပျာကယာ ပြောလိုက်လေသည်။

သူက ဝန်ခံလိုက်ခြင်းဖြင့် ကျန်းစုထင်းက သူ့အား ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



အဆုံးစီရင်တော့မည် မဟုတ်ချေ။

အသက်ရှင်နေလျှင် လွတ်မြောက်ရန် ကြိုးစားနိုင်သည်။

ကျန်းစုထင်းအား အနိုင်ယူဖို့ နည်းလမ်းရှာနိုင်သည် မဟုတ်ပါလား။

ကျန်းစုထင်းက ဆက်၍ တိုက်ခိုက်ခြင်း မပြုပါတော့ချေ။

"ခင်ဗျားအသက် မသေချင်ယင်တော့ ကျုပ်စကား နားထောင်မှ ဖြစ်မယ်"

ဟုပြောလိုက်လေသည်။

လုံကြိုးစိမ်း ခေါင်းညိတ်လိုက်သည်။

"ငါ နားထောင်ပါ့မယ်ကွာ"

လုံကြိုးစိမ်းသည် လွန်စွာမှပင် ဉာဏ်များသူတစ်ယောက် ဖြစ်ကြောင်း ကျန်းစုထင်း နားလည်ထားပါ၏။

လုံကြိုးစိမ်းကို စိုက်ကြည့်ယင်း…

"ခင်ဗျားဉာဏ်များမယ်တော့ မကြံနဲ့၊ ကျုပ်က ချမ်းသာ ပေးမှာ မဟုတ်ဘူး"

"စိတ်ချပါကွာ၊ ငါဉာဏ်မများပါဘူး"

"ကောင်းပြီ၊ ခင်ဗျား သည်အတိုင်းပဲ ထိုင်နေပါ"

ကျန်းစုထင်းသည် လုံကြိုးစိမ်း အကောက်ကြံမည်ကို စိုးရိမ် ပါသည်။

ထို့ကြောင့်…

ခါးစည်းကြိုးကို ဖြုတ်လိုက်ပြီး…



"ကဲ သည်ခါးစည်းကြိုးနဲ့ ခင်ဗျားရဲ့လက်ကို ချည်လိုက်ပါ"

လုံကြိုးစိမ်းသည် ကျန်းစုထင်း ပြောသမျှ လုပ်လိုက်ရလေ သည်။

မလုပ်လျှင် ကျန်းစုထင်း၏ဓားသည် သူ၏ရင်ဝကို ဖောက် ထွင်းစိုက်ဝင်သွားမည် မဟုတ်ပါလား။

ကျန်းစုထင်းက ကြိုးချည်နေသည်ကို ကြည့်ရင်း…

"ငြိမ်ငြိမ်နေစမ်း"

ကျန်းစုထင်းက ငေါက်လိုက်သည်။

လုံကြိုးစိမ်း၏ကျောပြင်ကို ခြေထောက်ဖြင့် လျှပ်တစ်ပြက် ကန်ကျောက်လိုက်လေသည်။

"ဝုန်း"

အငိုက်မိသွားသဖြင့် လုံကြိုးစိမ်းမှာ ရှေ့သို့ မှောက်လျက် လဲကျသွားလေတော့သည်။

ကျန်းစုထင်းက သူ၏ကျောပြင်ကို ခြေထောက်ဖြင့် ဖိနင်း လိုက်သည်။

ထို့နောက်…

လုံကြိုးစိမ်း၏လက်နှစ်ဖက်ကို ကြိုးဖြင့် မြဲမြံစွာ ချည်နှောင် လိုက်လေသည်။

ခါးစည်းကြိုးကို ဓားဖြင့်မဖြတ်မချင်း ပြုတ်သွားမည်မဟုတ် ပါချေ။

လုံကြိုးစိမ်း၏လက်နှစ်ဘက်ကို လက်ပြန်ကြိုးချည်နှောင်

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ နောက်ထပ် ကြိုးရှည်တစ်ချောင်း ထုတ်ယူကာ လုံကြိုးစိမ်းအား တုပ်နှောင်လိုက်၏။

လုံကြိုးစိမ်းသည် မည်မျှပင် အတွင်းအားကောင်းသည် ဖြစ်စေ ကြိုးများကို ဖြတ်တောက်နိုင်တော့မည် မဟုတ်ပါ။

ကျန်းစုထင်းက ကြိုး၏တစ်ဖက်အစကို သူ၏မြင်းကုန်းနှီး ဝယ် ချည်နှောင်လိုက်၏။

သူ၏မျက်နှာ ပြုံးရွှင်နေ၏။

ခေါင်းနှစ်လုံးမြွေခွေးလုံကြိုးစိမ်းအား သူက လက်ရဖမ်းဆီး နိုင်ခဲ့ပြီ မဟုတ်ပါလား။

ဆုငွေဆယ်သိန်းသည် သူနှင့် လက်တစ်ကမ်းအကွာ၌ ရှိနေ ပြီး မကြာမီ သူ၏လက်ထဲ ရောက်လာပေတော့မည်။

လုံကြိုးစိမ်းအား ဖမ်းမိချိန်ဝယ် နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်လေသည်။

ကျန်းစုထင်းက မြင်းပေါ် ခုန်တက်လိုက်သည်။

လုံကြိုးစိမ်းဘက်လှည့်ကာ ပြုံးပြလိုက်ပြီး...

"ကဲ သွားကြစို့"

ဟုပြောလိုက်၏။

ထို့နောက်...

မြင်းကို စတင်မောင်းနှင်လိုက်၏။

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်။



ကျန်းစုထင်းသည် မြင်းမောင်းနှင်ကာ ထွက်သွား၏။

လုံကြိုးစိမ်းသည် ကြိုးတန်းလန်းဖြင့် နောက်မှ ပြေးလိုက် သွားရလေတော့သည်။

* * *

နေခြစ်ခြစ်တောက်ပူပြင်းနေ၏။

လုံကြိုးစိမ်း၏တစ်ကိုယ်လုံး ခြောက်ကပ်သွားတော့မည် ထင်ရသည်။

သူ့အတွက် အရိပ်အာဝါသ မရှိသလို အနားယူခွင့်လည်း မရှိပါ။

ရေနှင့် အစားအစာလည်း မရပါ။

သူ၏အကောက်ဉာဏ်ကို ထိတ်လန့်သဖြင့် ကျန်းစုထင်းက တမင် ဒုက္ခပေးနေခြင်း ဖြစ်ပေသည်။

လုံကြိုးစိမ်း အင်အားကုန်ခမ်းနွမ်းနယ်သွားမှ၊ လူမမာတစ် ယောက်ပမာ ဖြစ်သွားမှ ဝေးလံလှသည့် ဂူးချိန်မြို့သို့ ရောက်သည် အထိ ခေါ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

လုံကြိုးစိမ်းအား အခွင့်အရေး အနည်းငယ်ပေးလိုက်သည် နှင့် သူ့အား တန်ပြန်ဒုက္ခပေးလာလိမ့်မည် ဖြစ်ပေသည်။

လုံကြိုးစိမ်းကို သူက သနားငဲ့ညှာမိပါသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



အကောက်ဉာဏ်ကို ကြောက်ရွံ့ကာ မတတ်သာဘဲ နှိပ်စက်ရခြင်း ဖြစ်ပေတော့သည်။

"ခွေးကောင်လေး၊ တစ်နေ့ မင်း ငါ့အကြောင်း သိစေရမယ်"

လုံကြိုးစိမ်းမှာ သဲပြင်ဝယ် ဒုက္ခရောက်နေသည့်တိုင် အလျှော့မပေးဘဲ အော်ငေါက်နေလေသည်။

ကျန်းစုထင်းက သူ့အား လုံးဝလှည့်မကြည့်ပါချေ။

မြင်းအရှိန်ကိုမူ လျှော့ချလိုက်သည်။

မြင်းကို ဒုန်စိုင်းနှင်နေလျှင် လုံကြိုးစိမ်း ဆက်၍ ပြေးလိုက်နိုင်တော့မည် မဟုတ်ဘဲ သဲပြင်ပေါ် လဲကျသွားတော့မည် ဖြစ်ပေသည်။

လုံကြိုးစိမ်းသည် ပြေးလိုက်လာနိုင်စွမ်းလည်း မရှိတော့ပါချေ။

တစ်လှမ်းချင်း လျှောက်လိုက်လာရသည့်တိုင် သူ၏ခြေလှမ်းများ ဒယီးဒယိုင် ဖြစ်နေသည်။

နေဝန်းနီမှာ ကောင်းကင်ပေါ် တစ်စထက်တစ်စ မြင့်တက်လာလေသည်။

မြင်းပေါ်မှ ကျန်းစုထင်းပင် ချွေးပြန်လာလေ၏။

လမ်းလျှောက်လိုက်လာရသည့် လုံကြိုးစိမ်းမှာ ပေါင်းအိုးကြီးတစ်ခုအတွင်းသို့ အရှင်လတ်လတ် ရောက်နေသည်ဟု ခံစားရမည်မှာ သေချာလှပေတော့သည်။

"ခွေးကောင်လေး"



သူက ကျန်းစုထင်း မခံနိုင်အောင် အမျိုးမျိုး ဆဲဆိုနေ၏။

ကျန်းစုထင်းက လှည့်မကြည့်ပါ။

ကျန်းစုထင်းသည် သုံးရာသီမြို့တော်ဆီသို့ ဦးတည်ကာ နောက်ကြောင်းပြန်နှင်နေခြင်း ဖြစ်ပေသည်။

ရုတ်တရက်...

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ကျန်းစုထင်း ရင်ထိတ်သွားပြီး ချာခနဲ လှည့်ကြည့်လိုက်လေ၏။

ထိုအခါ...

လုံကြိုးစိမ်းမှာ မဟန်နိုင်တော့ဘဲ သဲပြင်ပေါ် လဲကျသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

မြင်းကို ရပ်တန့်လိုက်ပြီး ခုန်ဆင်းလိုက်သည်။

လုံကြိုးစိမ်း အနီးသို့ သွားကာ အကဲခတ်ကြည့်လိုက်လေသည်။

လုံကြိုးစိမ်း၏တစ်ကိုယ်လုံးမှာ ဖုန်အလူးလူး သဲအလူးလူး ဖြစ်နေ၏။

အသားအရေများ ခြောက်ကပ်ကာ နှုတ်ခမ်းများ အက်ကွဲနေ၏။

"ရေ..ရေပေးပါ"

မျက်လုံးစုံမှိတ်ထားပြီး နှုတ်ခမ်းလှုပ်ရုံမျှ တိုးညှင်းသော အသံဖြင့် ရေတောင်းနေသည်။

ကန္တာရအပူဒဏ်ကို လုံကြိုးစိမ်း ကောင်းစွာ ခံစားလိုက်ရပြီ ဖြစ်လေသည်။

အစာရေစာ မပေးလျှင် လုံကြိုးစိမ်း သေဆုံးသွားမည်ဟု နားလည်ထားလေသည်။

ထို့ကြောင့်...

"ကောင်းပြီ၊ ခင်ဗျားအတွက် ရေနဲ့ စားစရာနည်းနည်းရမယ်"

ဟုပြောလိုက်၏။

ချက်ချင်းပင် မြင်းပေါ်၌ ပါလာသော အထုပ်ထဲမှ အသားခြောက်အနည်းငယ်နှင့် ရေဘူးကို သွားယူလိုက်၏။



လုံကြိုးစိမ်းသည် သဲပြင်ပေါ်ဝယ် စန့်စန့်ကြီး လဲကျနေ၏။

ကျန်းစုထင်းက...

"ကဲ ရေသောက်လိုက်ပါဦး"

ရေဘူးကို ပစ်ချပေးယင်း ပြောလိုက်၏။

လုံကြိုးစိမ်း မျက်လုံးများ ပွင့်လာသည်။

သူက ရေဘူးကို လက်လှမ်းယူရန် ဟန်ပြင်လိုက်၏။

သို့သော်...

သူ၏လက်များ တုန်တုန်ယင်ယင် ဖြစ်နေပြီး ရေဘူးကို မကိုင်နိုင်ပါချေ။

ကျန်းစုထင်း စိတ်မကောင်း ဖြစ်သွား၏။

"ဒီလောက် နှိပ်စက်ရယင် တော်လောက်ပြီ ထင်တယ်"

ဟုတွေးကာ...

"ခင်ဗျားက ကျုပ်နောက်ကို အေးအေးဆေးဆေး လိုက်မယ်ဆိုယင် ခင်ဗျား ဘာမှ မဖြစ်စေရဘူးလို့ ကျုပ်တာဝန်ယူတယ်"

ပြောယင်း လုံကြိုးစိမ်းကို ရေတိုက်ရန် ပွေ့ထူလိုက်၏။

လုံကြိုးစိမ်းသည် သူ၏လက်ထဲဝယ် ပျော့ခွေနေ၏။

နှုတ်ခမ်းများ ခြောက်သွေ့အက်ကွဲနေပြီး မျက်နှာမှာ ညိုမည်းနေသည်။

နေ့ဝက်မျှ ဒဏ်ခံလိုက်ရသည်နှင့် ယူပစ်သလို ကျသွား၏။

သုံးရာသီမြို့ကလေးသို့ ရောက်သည်အထိ ခြောကျင်ခေါ်သွားလျှင် လုံကြိုးစိမ်း အသက်ပါလာတော့မည် မဟုတ်ဟု တွက်ဆ

www.burmeseclassic.com

www.burmeseclassic.com



မိ၏။

ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

"ကဲ ရေသောက်လိုက်ပါ။ ခင်ဗျား အေးအေးဆေးဆေး လိုက်ခဲ့မယ်ဆိုယင် နောက်ထပ် ဒုက္ခမရောက်စေရဘူးလို့ ကျုပ် ကတိပေးတယ်"

ဟုပြောလိုက်လေသည်။

လုံကြိုးစိမ်းသည် ဘာမျှ မပြောနိုင်ဘဲ ရေကိုသာ တကျိုက်ကျိုက် သောက်နေလေသည်။

အငမ်းမရ သောက်လိုက်သဖြင့် ရေသီးသွားပြီး ချောင်း တဟွပ်ဟွပ် ဆိုးလာလေသည်။

"ဖြည်းဖြည်း သောက်မှပေါ့"

ပြောယင်း လုံကြိုးစိမ်း၏ကျောပြင်ကို အသာထုပေးလိုက်၏။

လုံကြိုးစိမ်းကား လူမမာကြီးတစ်ယောက်ပမာ ဖြစ်နေပြီတည်း။

ကျန်းစုထင်းက မြင်းပေါ်တင်ယင်း ပွေ့ထူလိုက်သည်။

ဤတွင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာလေတော့သည်။

လုံကြိုးစိမ်းသည် ရုတ်ခြည်း လှုပ်ရှားလာသည်။

သူ၏လက်သည် ကျန်းစုထင်း နောက်ကျောသို့ လျှပ်တပြက် ရိုက်ချလာသည်။



"ဟင်"

ကျန်းစုထင်း ရင်ထိတ်သွား၏။

လုံကြိုးစိမ်းအား လွှတ်ချလိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် သူနောက်ကျသွားချေပြီ။

"အင့်"

မသဲမကွဲ ညည်းညူသံ ထွက်ပေါ်လာလေသည်။

ကျန်းစုထင်း ရှေ့သို့ ငိုက်ကျသွား၏။

လုံကြိုးစိမ်းက သူ့အား သွေးကြောပိတ်လိုက်ပြီ ဖြစ်၏။

"ဟား..ဟား..ဟား"

လုံကြိုးစိမ်း သဘောကျစွာ ရယ်မောလိုက်လေသည်။

သဲသောင်ပြင်ပေါ်ဝယ် လဲလျောင်းရာမှ ခုန်ထလိုက်၏။

မလှုပ်မယှက် ဖြစ်နေသည့် ကျန်းစုထင်းကို ကြည့်ကာ...

"မင်း ဘာတတ်နိုင်သေးလဲ"

ဟုဝင့်ကြွားစွာ ပြောလိုက်လေသည်။

ကျန်းစုထင်း မည်သို့မျှ မတတ်နိုင်တော့ချေ။

လုံကြိုးစိမ်းသည် လွန်စွာမှပင် ဉာဏ်များသူ ဖြစ်ကြောင်း နားလည်ထားပါသော်လည်း ကရုဏာသက်မိသည့် တခဏတာ အချိန်အတွင်း ဒုက္ခရောက်ခဲ့ရပြီ ဖြစ်လေသည်။

လုံကြိုးစိမ်းက လက်ပြန်ချည်ထားခြင်း ခံရသည့် လက်နှစ်ဖက်ကို ကွေးကာ ခန္ဓာကိုယ်တပတ် လှို့ဝင်ပြီး ရှေ့သို့ တိုးထွက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်သည် ကြိုးချည်လျက် အနေအထားဖြင့် ရှေ့ဘက်သို့ ရောက်လာသည်။

ကျန်းစုထင်း၏မြင်းအနီးသို့ လှမ်းသွားပြီး မြင်းပေါ်၌ ချိတ်ထားသည့် ဓားတစ်လက်ကို ဆွဲထုတ်လိုက်လေသည်။

ဓားရသွားပြီး တခဏအတွင်းဝယ် လုံကြိုးစိမ်း၏လက်နှစ်ဖက်စလုံး လွတ်လပ်စွာ လှုပ်ရှားလာနိုင်လေတော့သည်။

လုံကြိုးစိမ်း အားရပါးရ ပြုံးလိုက်သည်။

ရေဖြင့် မျက်နှာသစ်ကာ ကိုယ်လက်သန့်စင်လိုက်၏။

ကျန်းစုထင်းကား တောင့်တောင့်ကြီး ဖြစ်နေဆဲ...

လုံကြိုးစိမ်းက စကားပြောနိုင်သော သွေးကြောဖွင့်ပေးလိုက်ပြီး လက်နှစ်ဖက်အား ကြိုးဖြင့် ချည်နှောင်ထားလိုက်သည်။

ကျန်းစုထင်း ဒေါသခြောင်းခြောင်း ထွက်နေ၏။

"ခင်ဗျား လူယုတ်မာပဲ"

အော်ငေါက်ယင်း ခြေဆန့်ကာ တိုက်ခိုက်လိုက်၏။

လုံကြိုးစိမ်း ခေါင်းယမ်းလိုက်သည်။

"မင်း ငါ့နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ယင်ကောင်းမယ်"

သူက ကျန်းစုထင်း၏တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်လေသည်။

ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားကာ မြင်းပေါ် ခုန်တက်လိုက်လေသည်။



မြင်းပေါ် ရောက်သည်နှင့်...

"ကဲ ပြေးလိုက်စမ်းပေ့"

အော်ငေါက်ယင်း မြင်းဒုန်းစိုင်း မောင်းနှင်လိုက်၏။

"ဟီး...ဟီး...ဟီး"

မြင်းကြီးမှာ ရှည်လျားစွာ ဟီလိုက်ပြီး သဲမှုန်များ တဖွားဖွား လွင့်စဉ်သွားအောင်ပင် ဒုန်းစိုင်းပြေးသွားလေတော့သည်။

"မလုပ်နဲ့"

ကျန်းစုထင်း လွှတ်ခနဲ အော်လိုက်၏။

သို့သော် မြင်းပြေးသွားသည့် အရှိန်ကြောင့် သူ၏ခန္ဓာကိုယ်အပေါ်သို့ ဖွေ့ကနဲ မြောက်တက်သွားလေရာ ဆက်ပြီး မအော်နိုင်တော့ချေ။

ခြေထောက်နှစ်ဖက် ခပ်သွက်သွက် လှုပ်ရှားကာ ပြေးလိုက်သွားရ၏။

သို့သော်...

မည်သူသည် မြင်းနှင့်အပြိုင် ကြာကြာပြေးနိုင်ပါမည်နည်း။

အတော်ဝေးဝေးသို့ ပြေးမိသည်နှင့် ကျန်းစုထင်း၏ခြေလှမ်းအရှိန်လျော့ကျသွား၏။

ဤတွင် မြင်းနှင့် တဆက်တည်း တွဲကာ ချည်နှောင်ထားသည့် ကြိုးက သူ့အား ဆောင့်ဆွဲလိုက်သလို ဖြစ်သွား၏။

ကျန်းစုထင်းက ကြိုးစားပြီး ထိန်းသိမ်းနေသည့် ကြားမှပင်

www.burmeseclassic.com

www.burmeseclassic.com



အရှိန်မသတ်နိုင်တော့ဘဲ ကျွမ်းထိုးမှောက်ခုံဖြစ်ကာ သဲပြင်ပေါ် လဲကျသွား၏။

"ဟား..ဟား..ဟား"

လုံကြိုးစိမ်းက သဘောကျစွာ ရယ်မောယင်း မြင်းကို ဆက်၍ ဒုန်းစိုင်းနှင်သွားလေရာ သဲပြင်ပေါ်ဝယ် ဒရွတ်တိုက် ပါသွားလေတော့သည်။

လုံကြိုးစိမ်းသည် သူ့အား ကျွန်းစုထင်းက နှိပ်စက်ခဲ့သည်ထက် နှစ်ဆပိုကာ ပြန်လည်နှိပ်စက်ရန် ဆုံးဖြတ်ထားလေတော့သည်။



နေခြစ်ခြစ်တောက် ပူပြင်းနေသည်။

သဲလွင်ပြင်မှာ မီးထတောက်တော့မည် ထင်ရလောက်အောင် အလျှံညီးညီး ရှိနေ၏။

မြင်းလှည်းပျက်အတွင်း၌ နေရသည်မှာ ပေါင်းအိုးကြီးတစ်ခုအတွင်း၌ နေရသည်ဟုပင် မုဝမ်း ခံစားလာရ၏။

အပြင်ဘက် ထွက်မည်ဆိုလျှင် ယခုထက် ပိုပြီး ဒုက္ခခံစားရမည် ဖြစ်ကြောင်း နားလည်ထားသည်။

ထို့ကြောင့်...

မြင်းလှည်းပျက်အတွင်းဝယ် ခွေခွေကလေး လဲလျောင်းနေလိုက်၏။

ယန်ကွမ်းသည် သူ၏နောက်သို့ တကောက်ကောက်လိုက်နေမည် ဖြစ်သည်။

သူက ကန္တာရထဲ ပြေးလာသည်ကိုသိလျှင် ကျိန်းသေ လိုက်လာမည်သာ ဖြစ်လေသည်။

ကန္တာရထဲဝယ် မည်သူက ကြာကြာလိုက်ရှာနိုင်အံ့နည်း။

ယန်ကွမ်းသည် ကန္တာရထဲဝယ် တဝဲလည်လည် ဒုက္ခရောက်နေမည်သာ ဖြစ်သည်။

သူက ငါးရက်ခြောက်ရက်ခန့် ပုန်းနေနိုင်လျှင် ယန်ကွမ်း၏လက်မှ လွတ်မြောက်တော့မည် ဖြစ်သည်။

ကျောပြင်မှ ဒဏ်ရာသည် သက်သာစ ပြုလာပြီဖြစ်သည်။

သူက ကြာကြာဒုက္ခခံရတော့မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်းက ရေတစ်ငုံ သောက်လိုက်သည်။

ရေနှင့် စားစရာ ရှိသည်ကပင် သူ့အတွက် ကံကောင်းနေခြင်း ဖြစ်၏။

သို့မဟုတ်လျှင် သဲကန္တာရအတွင်းဝယ် မလွဲမသွေ သေဆုံးသွားရမည်သာ ဖြစ်ပေသည်။

မုဝမ်းက မြင်းလှည်းပျက်မှ ထွက်သွားနိုင်မည့် အချိန်ကို တွေးတောစဉ်းစားနေစဉ်မှာပင်...

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မုဝမ်း ရင်ထိတ်သွား၏။

"ဟင် မြင်းခွာသံတွေပါလား၊ ယန်ကွမ်းတို့လူစု လိုက်လာကြပြီ ထင်တယ်"

လွှတ်ခနဲ ရေရွတ်လိုက်၏။

မြင်းလှည်းပျက်၏အပေါက်တစ်ခုကြားမှ အပြင်ဘက်သို့ ချောင်းကြည့်လိုက်လေသည်။

ထိုအခါ...

မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူများသည် အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြ၏။



ထိုလူများသည် တာလိနယ်စား၏တပ်ဖွဲ့မှ တပ်ပျက်ကာ ထွက်ပြေးနေကြသူများ ဖြစ်သည်။

သူတို့သွားရာ လမ်းတလျှောက်ဝယ် တွေ့မြင်သမျှ တိုက်ခိုက်လုယက် ဖျက်ဆီးသွားတတ်သူများလည်း ဖြစ်လေသည်။

မုဝမ်းသည် သိုင်းလောကၖ ကျင်လည်ကျက်စားခဲ့စဉ်က ရက်ရက်စက်စက် ကြမ်းကြုတ်သူတစ်ယောက်အဖြစ် ထင်ရှားခဲ့ပေသည်။

ယခု သူ့ထက် ရက်စက်ကြမ်းကြုတ်သူများကို တွေ့လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွား၏။

"ဒုက္ခပဲ၊ ငါ့ကို တွေ့သွားယင် သတ်ပစ်ကြတော့မှာပဲ"

တွေးယင်း ချွေးစေးများ ထွက်လာတော့သည်။

ထိုစဉ် မြင်းစီးသမားများသည် မြင်းလှည်းပျက်အနီးသို့ ရောက်ရှိလာကြပြီ ဖြစ်သည်။

"ငါ့ကို မတွေ့ကြပါစေနဲ့၊ သတိမပြုမိဘဲ ဖြတ်ကျော်သွားကြပါစေ"

ဟုကျိတ်ပြီး ဆုတောင်းနေမိ၏။

သို့သော် သူ၏ဆုတောင်းကား မပြည့်ခဲ့ပါချေ။

မြင်းစီးသမားများသည် မြင်းလှည်းအနီးသို့ ရောက်ရှိလာသည်နှင့်...

"မြင်းလှည်းပျက်တစ်စီးပါလား၊ ဘာလေးညာလေး တွေ့ရမလား ရှာကြည့်ကြစို့"

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏အော်ပြောသံ ထွက်ပေါ်လာသည်။

မြင်းစီးသမားများသည် ချက်ချင်းပင် မြင်းလှည်းပျက်ဆီသို့ ဦးတည်လာကြတော့သည်။

မုဝမ်း ထိတ်လန့်နေသည်။

ဓားမြှောင်ကို လက်ထဲကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ယင်း တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

မြင်းစီးသမားအချို့သည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြပြီး မြင်းလှည်းပျက်ဆီသို့ ပြေးလာကြသည်။

မုဝမ်းသည် မြင်းလှည်းပျက်ထောင့်သို့ တိုးကပ်နိုင်သမျှ တိုးကပ်နေလိုက်လေသည်။

မည်သို့ဆိုစေ...

လွတ်မြောက်နိုင်ခြင်း မရှိတော့ပါ။

မြင်းလှည်းပျက်အတွင်း ခေါင်းပြူကြည့်လာသည့် မြင်းစီးသမားတစ်ယောက်သည် သူ့အား တွေ့မြင်သွားလေတော့သည်။

"ဟာ ဒီမှာ လူတစ်ယောက်ဟေ့"

"အား"

ထိုလူသည် မုဝမ်းအား မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရခြင်းကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုအချိန်ဝယ် မုဝမ်းက လျှပ်တပြက် တိုက်ခိုက်လာခြင်း ဖြစ်သည်။

ထိုမြင်းစီးသမား မည်သို့မျှ မရှောင်တိမ်းနိုင်တော့ချေ။



ရှူးရှနာကျင်စွာ အော်ဟစ်လိုက်ပြီးနောက် သဲပြင်ပေါ် ခွေခနဲ လဲကျသွားလေသည်။

အဖြစ်အပျက်ကား မြန်ဆန်လွန်းလှပေသည်။

"ဟာ"

"ဘယ်လိုဖြစ်တာလဲ"

မြင်းစီးသမားများက တအံ့တသြ ဖြစ်သွားကြသည်။

တစ်ယောက်တစ်ပေါက် ရေရွတ်ယင်း ဝိုင်းအုံလာကြလေသည်။

"ယား"

မုဝမ်းက ညာသံပေးလိုက်သည်။

မြင်းလှည်းပျက်အတွင်းမှ ခုန်ထွက်ကာ တရကြမ်း တိုက်ခိုက်လိုက်သည်။

သူသည် မြင်းစီးသမားများ၏အန္တရာယ်ကို ကြောက်ရွံ့နေသည် ဖြစ်ရကား အပြင်းအထန် တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

သူ၏တိုက်ခိုက်မှုကြောင့် တအံ့တသြ ဖြစ်နေကြသည့် မြင်းစီးသမားသုံးယောက် ခံလိုက်ကြရပြန်လေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

ရှူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မြင်းစီးသမားသုံးယောက် မြေပေါ် လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ကျန်မြင်းစီးသမားများ သတိဝင်လာကြတော့သည်။

"တိုက်ကြဟေ့"

တစ်ယောက်က အော်ပြောလိုက်လျှင် အားလုံး လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြပြီး မုဝမ်းအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

မုဝမ်းသည် ခြေလက်များ အသုံးပြုကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

မြင်းစီးသမားသုံးယောက် နောက်ထပ် လဲကျသွား၏။

ထိုနည်းတူ...

မုဝမ်း၏ခန္ဓာကိုယ်ပေါ်၌လည်း ဒဏ်ရာသုံးလေးချက် ရရှိသွားတော့သည်။

မုဝမ်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်သည်။

"ယား"

မြင်းစီးသမားများသည် ဘုမသိဘမသိ တိုက်ခိုက်ခြင်း ခံရပြီး သူတို့၏အဖော်များမှာ ကျဆုံးသွားသည်ကို မြင်လျှင် ဒေါသ



ခြောင်းခြောင်း ထွက်သွားကြ၏။

မုဝမ်းတွင် အဖော်များ ရှိနေမည်လားဟု ရှာဖွေကြည့်ရာ အဖော် မရှိသည်ကို တွေ့ရလျှင် သဲကြီးမဲကြီး ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

မုဝမ်းသည် ကြိုးစားပမ်းစား ပြန်လည်တိုက်ခိုက်ပါသော်လည်း အများနှင့်တစ်ယောက် ဖြစ်နေရာ...

"ဝုန်း"

"အား"

တခဏအတွင်းဝယ် အရေးနိမ့်သွားလေသည်။

စူးရှစွာ အော်ဟစ်ယင်း သဲပြင်ပေါ်ဝယ် လဲကျသွားလေသည်။

"သေပေတော့"

မြင်းစီးသမားများက သုတ်သင်ရှင်းလင်းပစ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် လက်နက်ကိုယ်စီ မြှောက်ကိုင်ကာ ရှေ့သို့ တိုးလာကြ၏။

မုဝမ်းအတွက် လွတ်မြောက်နိုင်မည့်လမ်း မမြင်တော့ချေ။

ထိုစဉ်မှာပင်...

"တူ..တူ"

စူးရှသော ခရာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မြင်းစီးသမားများ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ခရာသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ…

မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

တစ်ယောက်က…

"နန်းတွင်းက တပ်ဖွဲ့တွေဟေ့"

ဟုလွှတ်ခနဲ အော်လိုက်၏။

ထိုအသံကြားလျှင် ကျန်လူများ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

မှဝမ်းကို အရေးမစိုက်နိုင်ကြတော့ဘဲ မြင်းများပေါ်သို့ ခုန်တက်ကာ ထွက်ပြေးသွားကြ၏။

"ခွပ်ခွပ်…ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သဲဖုန်များက တထောင်းထောင်း ထသွား၏။

မှဝမ်းက ယခုမှပင် အသက်ရှူနိုင်တော့၏။

သို့သော်…

မြေပေါ်မှ မထနိုင်သေးပါချေ။

သူ၏ဘေး၌ မြင်းစီးသမားအချို့ ဖရိုဖရဲ လဲကျနေပေသည်။

အဝေးမှ ကြည့်လျှင် အားလုံး သေဆုံးသွားပြီဟု ထင်မှတ်ရမည် ဖြစ်ပေသည်။

ထိုသို့ ထင်မှတ်ခြင်းသည်ပင် မှဝမ်းအတွက် ကံကောင်းသွားခြင်း ဖြစ်ပေတော့သည်။



ရုတ်တရက် ထွက်ပေါ်လာသည့် မြင်းစီးသမားများသည် မှဝမ်းထံ မလာကြတော့ဘဲ ထွက်ပြေးသွားကြသည့် မြင်းစီးသမားများနောက်သို့ တရကြမ်း လိုက်သွားကြတော့သည်။

ထိုလူများ ဖြတ်ကျော်သွားမှ မှဝမ်းက သေသေချာချာ အကဲခတ် ကြည့်လိုက်၏။

ထိုလူများသည် ယန်ကွမ်း၏ရွှေဓားအဖွဲ့မှ လူများ ဖြစ်ကြောင်း တွေ့မြင်လိုက်ရလေသည်။

မှဝမ်းမှာ ဒဏ်ရာကို အမှုမထားနိုင်တော့ပါ။

ယန်ကွမ်း၏လူများသည် သဲကန္တာရအတွင်းသို့ပင် ရောက်ရှိလာကြပြီ ဖြစ်လေသည်။

အားလုံး ကျော်ဖြတ်သွားပြီးသည်နှင့် အားယူ၍ ထရပ်လိုက်သည်။ ထို့နောက်…

မလှမ်းမကမ်း၌ ရှိနေသေးသည့် မြင်းတစ်ကောင်အနီးသို့ လှမ်းသွားပြီး ခုန်တက်လိုက်သည်။

သူက မြင်းကို မောင်းနှင်လိုက်ပြီး မကြာမီ ဝေဒနာကြောင့်လည်းကောင်း၊ ပြင်းထန်သော အပူဒဏ်ကြောင့်လည်းကောင်း သတိလစ် မေ့မြောသွား၏။

မြင်းကျောကုန်းပေါ်ဝယ် မှောက်ခုံကြီး ဖြစ်သွားပြီး မြင်းခေါ်ဆောင်ရာ နောက်သို့ လိုက်ပါသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ယန်ကွမ်း တက်ခေါက်လိုက်သည်။

ကန္တာရအတွင်းသို့ အစာရေစာ မပါဘဲ ထွက်လာမိသည်မှာ မှားယွင်းနေပြီ ဖြစ်ကြောင်း သတိပြုမိလာသည်။

ဒဏ်ရာရသွားသည့် မုဝမ်းသည် ဝေးဝေးပြေးနိုင်မည် မဟုတ်ဟု ယုံကြည်ထားသည်။

ထို့ကြောင့်...

ရေနှင့် ရိက္ခာသယ်၍ လိုက်ခဲ့ရန် သူ၏တပည့်နှစ်ယောက်ကို မှာကြားလိုက်ပြီး သူကိုယ်တိုင်မူ ကန္တာရအတွင်းသို့ ဦးစွာ မောင်းနှင်ဝင်ရောက်ခဲ့လေသည်။

မုဝမ်းအား တွေ့လိမ့်နိုးဖြင့် ခရီးပြင်းနှင်ခဲ့ရာ သဲကန္တာရအတွင်းသို့ မိုင်ပေါင်းအတော်များများ ထိုးဖောက်ဝင်ရောက်မိသော်လည်း သူမျှော်လင့်ထားသလို မုဝမ်းကို မတွေ့ရပါချေ။

မုဝမ်းကား ပျောက်ချင်းမလှ ကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

ဤတွင်...

ယန်ကွမ်းမှာ ဒုက္ခရောက်ရလေတော့သည်။

စိတ်ဓာတ်ကျဆင်းသည်က တစ်ကြောင်း၊ ပူပြင်းလှသော နေဒဏ်က တစ်ကြောင်း၊ ရေငတ်ခြင်း၊ ဆာလောင်ခြင်း၊ ဝေဒနာများ ဖြစ်ပေါ်လာသည်က တစ်ကြောင်းမို့ မုဝမ်း နောက်သို့ ဆက်၍ လိုက်လိုစိတ်ပင် ကုန်ခမ်းသွားရလေသည်။



မျက်စိတစ်ဆုံး မြင်တွေ့ရသည့် အပြောကျယ်လှသော သဲကန္တာရကြီးကို မျှော်ကြည့်လိုက်သည်။

သဲကန္တာရထဲဝယ် လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါ။

"သူက ကြာကြာပြေးနိုင်မှာ မဟုတ်ပါဘူး၊ ကန္တာရထဲမှာ လူကောင်းတစ်ယောက်တောင် ရိက္ခာနဲ့ ရေမပါဘဲ ခရီးသွားဖို့ မလွယ်တာ၊ သူ့လို ဒဏ်ရာရတဲ့လူက ဘယ်လိုလုပ် ဖြတ်သွားနိုင်မှာလဲ၊ သူက သုံးရာသီမြို့တော်ဘက်ကို ပြန်လှည့်လာရမှာပဲ"

ဟုတွေးလိုက်သည်။

မုဝမ်းသည် မည်သည့်နည်းနှင့်မျှ ကန္တာရကို ဖြတ်ကျော်သွားနိုင်မည် မဟုတ်ရကား အပင်ပန်းခံပြီး လိုက်စရာ မလိုတော့ဟု တွေးလိုက်သည်။

ထို့နောက်...

သုံးရာသီမြို့ဘက်သို့ ဦးလှည့်ကာ မြင်းကို ပြန်လည်မောင်းနှင်သွားလေသည်။

သူက သုံးရာသီမြို့၌ သုံးရက်တိတိ စောင့်နေပါသော်လည်း မုဝမ်း ရောက်မလာပါချေ။

ဤတွင်...

ယန်ကွမ်း နေမထိ ထိုင်မသာ ဖြစ်လာလေတော့သည်။

တောင်ပေါ်၌ ကျန်ရစ်ခဲ့သည့် ရွှေဓားတပ်ဖွဲ့ဝင်များသည် အချိန်တန်၍ ယန်ကွမ်း ပြန်ရောက်မလာလျှင် စိုးရိမ်ပူပန်ကာ လိုက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ခွေးအဖွဲ့ဝင်များ သုံးရာသီမြို့သို့ ရောက်ရှိလာသောအခါ ယန်ကွမ်း ဝမ်းသာသွားလေသည်။

ခွေးအဖွဲ့ဝင်များကို အဖွဲ့ငါးဖွဲ့ ခွဲပြီး ကန္တာရထဲ စေလွှတ်ကာ မုဝမ်းအား ရှာဖွေခိုင်းလိုက်သည်။

သူကိုယ်တိုင်မူ တပည့်ငါးဆယ်ခန့်နှင့်အတူ သုံးရာသီမြို့၌ နေရစ်ခဲ့လေသည်။

မုဝမ်းအား တိုက်ခိုက်နေသည့် မြင်းစီးဓားပြများနောက်သို့ လိုက်သွားကြသူများမှာ ယန်ကွမ်း၏လူများ ဖြစ်ကြပေသည်။

သူတို့သည် မုဝမ်းကို တွေ့ရပါလျက် သတိမမူမိကြသဖြင့် မုဝမ်း လွတ်မြောက်သွားရပြန်ခြင်း ဖြစ်ပေတော့သည်။

* * *



## လျှို့ဝှက်ချက်

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားပြီ ဖြစ်သည်။

နေရောင်ခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုက အအေးဓာတ်ကို အဖော်ပြုကာ ဝင်ရောက်လာလေတော့သည်။

သဲပြင်ပေါ်ဝယ် မီးပုံတစ်ခု ရှိနေ၏။

မီးပုံဘေးဝယ် လုံကြုံးစိမ်းက ထိုင်ကာ အရက်သောက်နေပေသည်။

မီးပုံဝယ် အသားခြောက်များ မီးကင်ထားပြီး သင်းပျံ့မွှေးကြိုင်သော ရနံ့များ ထွက်ပေါ်နေသည်။

လုံကြုံးစိမ်းသည် အရက်တစ်ငုံသောက်လိုက်ပြီးနောက် အသားကင်တစ်ခုယူကာ စားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တဲ့ အရက်၊ ကောင်းလိုက်တဲ့ အသားကင်"

ဟူ၍ သဘောကျစွာ ပြောလိုက်လေသည်။

သူက ပလုတ်ပလောင်းစားလိုက်ပြီးမှ...

"မင်းကော အရက်သောက်ဦးမလား"

ဟုတစ်ဘက်သို့ လှည့်ကာ မေးလိုက်သည်။

တစ်ဘက်တွင် သဲမြေပေါ်၌ ခွေခွေကလေး လဲနေသည့် ကျွန်းစုထင်း ရှိနေ၏။

ကျွန်းစုထင်း၏တစ်ကိုယ်လုံး ညစ်ပတ်ပေကျံ၍ နေလေသည်။

နှုတ်ခမ်းများ ခြောက်သွေ့အက်ကွဲနေသည်။

မျက်စိ၊ နှာခေါင်း၊ ပါးစပ်ထဲ ဖုန်များ၊ သဲများ ဝင်နေသည်။

သူ၏အဝတ်အစားများလည်း စုတ်ပြဲနေလေသည်။

ကန္တာရအပူဒဏ်ကို ကောင်းကောင်းကြီး ခံလိုက်ရပြီ ဖြစ်လေသည်။

လုံကြိုးစိမ်း ရယ်မောလိုက်သည်။

"မင်းအရက်သောက်ချင်တယ်ဆို ငါတိုက်မှာပါကွာ"

ဟုထပ်ပြောလာလေသည်။

ကျွန်းစုထင်း လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

ကြိုးစားအားယူပြီး ပါးစပ်ဟလိုက်လေသည်။

"ဟား...ဟား...ဟား"

လုံကြိုးစိမ်းက အားရပါးရ ရယ်မောယင်း ထိုင်ရာမှ ထလာ



သည်။ လက်ထဲ၌ အရက်အိုးဆွဲလာပြီး ကျွန်းစုထင်း အနီးသို့ လျှောက်လာသည်။

ကျွန်းစုထင်းကား ထရပ်ဖို့ပင် ခွန်အားမရှိသလောက် ဖြစ်နေ၏။

လုံကြိုးစိမ်းက...

"မင်းက သောက်ချင်တယ်ဆိုယင် ငါတိုက်ပါ့မယ်ကွာ၊ မပူပါနဲ့"

ပြောပြောဆိုဆို လက်ထဲမှ အရက်အိုးကို ကျွန်းစုထင်း၏ ဦးခေါင်းပေါ် သွန်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား..ဟား..ဟား"

လုံကြိုးစိမ်း၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျွန်းစုထင်းမှာ အစာလည်းဝေ၊ ရေလည်းဝေ နေသည်ဖြစ်ရာ လုံကြိုးစိမ်းက အရက်တိုက်မည်ဟု ထင်မှတ်မိလေသည်။

သူ၏ခေါင်းပေါ် လောင်းချလိုက်သည်ကို တွေ့ရလျှင် ခံပြင်းဒေါသထွက်သွားလေသည်။

သို့သော်...

သူက ဘာမျှတတ်နိုင်ပါမည်နည်း။

အရက်များ မျက်လုံးထဲ ဝင်ကုန်ရာ မျက်လုံးစပ်သွားလေသည်။

သူက မျက်လုံးမှိတ်ထားလိုက်ပြီး နှုတ်ခမ်းပေါ် စီးကျလာသည့် အရက်များကို လျှာဖြင့် သိမ်းကာ လျက်လိုက်၏။

လုံကြိုးစိမ်း သဘောကျစွာ ရယ်မောနေဆဲ။

ထိုစဉ်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ဟီး..ဟီး..ဟီး"

အဝေးမှ မြင်းဟီသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုံကြိုးစိမ်း၏ရယ်မောမှု ရပ်တန့်သွား၏။

မျက်နှာပေါ်မှ အပြုံးရိပ်များလည်း ချက်ချင်းကွယ်ပျောက်



သွားလေသည်။

မြင်းဟီသံ၊ မြင်းခွာသံ ထွက်ပေါ်လာရာဆီသို့လည်း လှမ်းကြည့်လိုက်လေသည်။

ထိုအခါ...

မြင်းခွာသံများနှင့်အတူ အမှောင်ထုထဲမှ မြင်းတစ်ကောင်ဘွားခနဲ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဘယ်သူလဲ"

လုံကြိုးစိမ်း ရင်ထိတ်သွားပြီး အော်မေးလိုက်သည်။

တိုက်ခိုက်ရန်လည်း အသင့်ပြင်ထားလိုက်လေသည်။

သို့သော်...

မီးရောင်ကြောင့် မြင်းပေါ်၌ လိုက်ပါလာသူကို မြင်လျှင် အန္တရာယ် မဖြစ်နိုင်ကြောင်း နားလည်သွားလေသည်။

မြင်းပေါ်ဝယ် လူတစ်ယောက် မှောက်ခုံကြီး လိုက်ပါလာသည် မဟုတ်ပါလား။

"ရပ်လိုက်"

လုံကြိုးစိမ်းက အော်ငေါက်ကာ ရှေ့သို့ ခုန်ထွက်လိုက်ပြီး မြင်းဇက်ကြိုးကို တင်းတင်းဆွဲထားလိုက်လေသည်။

ထိုအခါ...

မြင်းကြီးမှာ ရှေ့ဆက်မပြေးနိုင်တော့ဘဲ ရပ်တန့်သွားလေတော့သည်။

အရှိန်ဖြင့် ပြေးလာသည့် မြင်းကြီး ရပ်တန့်သွားသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်၌ မှောက်လျက် ပါလာသူမှာ သဲပြင်ပေါ် ဝုန်းခနဲ ပြုတ်ကျသွားလေသည်။

လုံကြိုးစိမ်း ပြေး၍ ကြည့်လိုက်သည်။

ထိုအခါ ဒဏ်ရာဗရပွရထားသူတစ်ယောက် ဖြစ်နေသည်ကို တွေ့ရ၏။

လုံကြိုးစိမ်း တွေ့လိုက်ရသူမှာ မုဝမ်း ဖြစ်လေသည်။

မုဝမ်းသည် သဲပြင်ပေါ် ပြုတ်ကျသွားပြီး မကြာမီ သတိရလာလေသည်။

သို့သော်...

ဒဏ်ရာပြင်းထန်စွာ ရထားပြီ ဖြစ်ရာ လှုပ်ပင် မလှုပ်နိုင်တော့ပါချေ။

"ရေ..ရေပေးပါ"

တအင်းအင်းညည်းနေ၏။

လုံကြိုးစိမ်း ခေါင်းယမ်းလိုက်သည်။

"ကြံကြံဖန်ဖန် ဒုက္ခသည်နဲ့ လာတွေ့တတ်တယ်"

သူက မုဝမ်းအား လျစ်လျူရှုထားရန် ဆုံးဖြတ်လိုက်၏။

ကျောခိုင်းလှည့်ထွက်ရန် ဟန်ပြင်လိုက်စဉ် သူ၏ရင်ထဲ အတွေးတစ်ခု ဝင်ရောက်လာသည်။

မုဝမ်း စီးလာခဲ့သည့် မြင်းကြီးကို သတိပြုမိသွားခြင်း ဖြစ်သည်။

"ကျန်းစုထင်းကို ဒီအတိုင်း ခေါ်သွားမယ့်အစား သူ့ကို စိတ်



ရှိလက်ရှိ နှိပ်စက်ပြီး မြင်းပေါ်တင်လိုက်မယ်၊ သဲကန္တာရထဲကို မောင်းထုတ်လိုက်မယ်ဆိုယင်"

ကျန်းစုထင်းသည် လောကရဲ ခံစားရမည် ဖြစ်ကြောင်း တွေးမိလိုက်လေသည်။

သူ့အား ဖမ်းဆီးကာ ဆုငွေထုတ်ရန် ကြိုးစားသည့် ကျန်းစုထင်းကို ခွင့်လွှတ်နိုင်မည် မဟုတ်ပါ။

ရန်သူတစ်ယောက်အား သူက မည်သို့မည်ပုံ လက်တုန့်ပြန်တတ်သည်ဆိုခြင်းကို ကျန်းစုထင်း ကောင်းစွာ နားလည်သဘောပေါက်သွားစေရမည်ဟု စိတ်ထဲတေးမှတ်ထား၏။

မုဝမ်းကို ကြည့်ကာ...

"မင်းက မြင်းတစ်ကောင်ပေးလို့ မင်းကို ရေတစ်ခွက်လောက် တိုက်ရတာ တန်ပါတယ်ကွာ"

ဟုပြောလိုက်သည်။

ထိုစဉ်...

မုဝမ်း၏နှုတ်ခမ်းများ တလှုပ်လှုပ် ဖြစ်လာပြီး...

"ရှားယုံ၊ ကျောက်ထိဖန်း၊ ဂူးနယ်စားရဲ့ ရတနာတွေ ဘယ်မှာ ဝှက်ထားတယ်ဆိုတာ မပြောနဲ့"

ဟု ပြောလာသည်။

အမှန်တော့ သူသည် ကြောက်အားလန့်အားဖြင့် ပြေးလာခဲ့သော်လည်း ရရှိသော ဒဏ်ရာများကြောင့် ခံနိုင်ရည် မရှိတော့ပြီး ကန္တာရအပူဒဏ်ကြောင့် သေအံ့မူးမူး ဖြစ်နေပြီသည်။

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်းသည် အသိစိတ်ကွယ်ပျောက်ကာ ကယောင်ကတမ်း ပြောဆိုနေပြီတည်း။

ကြားရသော စကားကြောင့် လုံကြုံးစိမ်း၏မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

"ဘာ..ဘာပြောတယ်"

လုံကြုံးစိမ်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ မုဝမ်းကိုလည်း ချက်ချင်း စိတ်ဝင်စားသွားတော့သည်။

မုဝမ်း ဘေးဝယ် ဒူးထောက်ချလိုက်ပြီး...

"ပြောစမ်း၊ ပူးနယ်စားဂေဟာက ရတနာတွေ ဟုတ်လား ပြောစမ်း"

ဟုအငမ်းမရ မေးလိုက်သည်။

ပူးနယ်စားဂေဟာမှ ရတနာများ လုယက်ခံလိုက်ရသည့် သတင်းများမှာ ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့သည် မဟုတ်ပါလား။

ထိုသတင်းကို လုံကြုံးစိမ်း ကောင်းစွာ ကြားသိထားပေသည်။

မုဝမ်းသည် ရတနာများ လုယက်ရာ၌ ပါဝင်ခဲ့သူတစ်ယောက် ဖြစ်ကြောင်းလည်း ဆင်ခြင်လာမိလေသည်။

သူက အငမ်းမရ မေးလိုက်လျှင်...

"ရှားယုံ၊ ကျောက်ထိဖန်း၊ ယန်ကွမ်းကို သတိထား၊ သူက ငါတို့ကို ရှင်းပြီး ရတနာတွေကို အပိုင်စီးလိမ့်မယ်"

ဟု မုဝမ်းက ပြောလာပြန်သည်။



လုံကြုံးစိမ်း စိတ်ပျက်သွား၏။

သို့သော်...

ဉာဏ်များသူပီပီ...

"အေးပါကွ၊ ငါ ရှားယုံပါ၊ ငါ့ကို ယုံကြည်စမ်းပါ၊ ရတနာတွေ ဘယ်မှာ ဝှက်ထားသလဲ"

ဟုမလိမ့်တပတ် မေးလိုက်လေသည်။

မုဝမ်း မျက်လုံးမဖွင့်တော့ချေ။

နှုတ်ခမ်းတလှုပ်လှုပ်ဖြင့်...

"မင်း..မင်း မေ့နေပြီလား၊ ဂုက်ဝါမြို့ပြင်က သချိုင်းထဲမှာလေ၊ ရေ..ရေငတ်လိုက်တာ"

ဟုပြောလာသည်။

လုံကြုံးစိမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ပူးနယ်စားဂေဟာမှ လုယက်ခံလိုက်ရသည့် ရတနာများ၏ တန်ဖိုးမှာ များပြားလှကြောင်း ကြားခဲ့ရလေသည်။

ရတနာသိုက်ကြီးတစ်ခုနှင့် မမျှော်လင့်ဘဲ ဝင်တိုးမိလိုက်ပြီ ဖြစ်သည်။

မုဝမ်းသည် ရတနာများ ဝှက်ထားသည့် နေရာကို အပ်ကျမတ်ကျ သိနေသူတည်း။

"ရမယ်..ရမယ်၊ မင်းကို ငါ ရေအဝ တိုက်မယ်"

လုံကြုံးစိမ်း ပျာပျာသလဲ ပြောလိုက်သည်။

ချက်ချင်းပင် မလှမ်းမကမ်း၌ ချည်နှောင်ထားသော မြင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ ပြေးလေသည်။

မြင်းပေါ်ဝယ် ရေဘူးနှင့် စားသောက်ဖွယ်ရာများ ထည့်ထားသည့် အထုပ် ရှိနေသည် မဟုတ်ပါလား။

မြင်းပေါ်မှ မချသည်မှာ အကြောင်း ရှိပေသည်။

အကယ်၍...

အနားယူနေချိန်ဝယ် တစ်စုံတစ်ခုသော ပြဿနာ ပေါ်ပေါက်လာလျှင် မြင်းပေါ်တက်ကာ ထွက်ပြေးနိုင်သည်။

ရေနှင့် ရိက္ခာ အဆင်သင့် ရှိပြီး ဖြစ်၍ ပူစရာ လိုတော့မည် မဟုတ်ပါချေ။

လုံကြိုးစိမ်းက မြင်းပေါ်မှ ရေဘူးတစ်ဘူး ဖြုတ်ယူလိုက်လေသည်။

ရေဘူးကြိုးမှာ မြင်းကုန်းနှီးနှင့် ငြိနေသဖြင့် လုံကြိုးစိမ်း ဒေါပွသွားပြီး ဆဲရေးလိုက်သေး၏။

ရေဘူး ဖြုတ်ယူ၍ ရလျှင် မုဝမ်း ရှိရာသို့ ချက်ချင်း ပြန်ပြေးလာခဲ့လေသည်။

မုဝမ်း အနီးသို့ ရောက်လျှင်...

"ဟင်"

လွှတ်ခနဲ ရေရွတ်ကာ ခြေလှမ်း တုန့်ခနဲရပ်သွား၏။

မုဝမ်းမှာ သဲပြင်ပေါ်ဝယ် ပက်လက်လန်နေ၏။

သူ၏ခန္ဓာကိုယ်မှာ မလှုပ်မယှက် တောင့်တောင့်ကြီး ဖြစ်နေပြီး မျက်ဖြူလန်နေ၏။



မုဝမ်းက ပြင်းထန်သာ ဝေဒနာများကို လက်မြှောက်အရှုံးပေးလိုက်ပြီ ဖြစ်လေသည်။

သေပြေးရှင်ပြေး ပြေးနေရသည့် ဘဝမှ လွတ်မြောက်သွားပြီတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



မုဝမ်း သေဆုံးနေပြီ ဖြစ်သည်ကို တွေ့ရလျှင် လုံကြုံးစိမ်း ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

မုဝမ်း၏အလောင်းကို ခြေထောက်ဖြင့် ကန်ကျောက်လိုက်ပြီး...

"ငါ့ကိုတောင် မစောင့်ဘူး"

ဟုအော်ငေါက်လိုက်၏။

ရေဘူးကို လွှင့်ပစ်လိုက်လေသည်။

သူက ဒေါသဖြစ်နေ၍ မုဝမ်း၏ဘေး၌ ရောက်ရှိနေသော ကျန်းစုထင်းကို ရုတ်တရက် သတိမပြုမိခဲ့ချေ။

ကျန်းစုထင်းက ရေဘူးကို ကောက်ယူကာ မော့သောက်ရန် ကြိုးပမ်းလိုက်မှ သတိပြုမိသွား၏။

အော်ငေါက်ယင်း ကျန်းစုထင်း၏လက်ထဲမှ ရေဘူးကို လုယူလိုက်၏။

ကျန်းစုထင်းက ရေဘူးတစ်ဝက်ခန့် သောက်လိုက်ရပြီ ဖြစ်လေသည်။

လုံကြုံးစိမ်းသည် ဒေါသကို ကျန်းစုထင်းအပေါ် ပုံချလိုက်လေသည်။

"ရတနာသိုက်ကြီး ငါ့လက်ထဲ ရောက်ကာနီးမှ လက်လွှတ်လိုက်ရပြီကွ၊ မင်းလဲ သေပေတော့"

အော်ငေါက်ယင်း ကျန်းစုထင်း၏ဦးခေါင်းပေါ် လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။



ဆိုသော်...

သူ၏လက်မှာ လမ်းတစ်ဝက်တွင် ရပ်တန့်သွားလေသည်။

ကျန်းစုထင်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေပြီး တစ်စုံတစ်ခုသော အမိပ္ပါယ်ဆောင်နေသည် မဟုတ်ပါလား။

လုံကြုံးစိမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"မင်း..မင်းက လူလည်ကျတာပေါ့ ဟုတ်လား"

မချင့်မရဲ ပြောလိုက်လေသည်။

ကျန်းစုထင်းမှာ ရေသောက်လိုက်ရသဖြင့် အနည်းငယ် လန်းလန်းဆန်းဆန်း ဖြစ်လာလေသည်။

သူက အားယူယင်း...

"ခင်ဗျားက မျက်နှာလိုမျက်နှာရ သိပ်လုပ်ချင်နေတာကိုး"

ဟုပြောလိုက်၏။

မုဝမ်းအတွက် ရေယူပေးသည်ကို ရည်ရွယ်ကာ ပြောလိုက်ခြင်း ဖြစ်ပေသည်။

လုံကြုံးစိမ်း ဒေါ်ပွသွားသည်။

ခြေတစ်ချက်ဆောင့်လိုက်ပြီး...

"မင်း..မင်းက သူပြောတဲ့ စကားကြားလိုက်တယ် ဟုတ်လား"

ဟုမကျေမနပ်ဖြင့် မေးလိုက်လေသည်။

ကျန်းစုထင်းက...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘာမှ မသိဘူး၊ သူက မြေပုံတစ်ခု နာမည်ပြော သွားတာပဲ"

"ဘာကွ"

လုံကြုံးစိမ်း ထခန်မတတ် စိတ်လှုပ်ရှားသွားသည်။

ရတနာများ ဝှက်ထားသည့် နေရာအား မုဝမ်းက မသေမီ ဖွင့်ပြောသွားခဲ့လေသည်။

သချိုင်းကို သိသော်လည်း ဝှက်ထားသည့် နေရာကို မသိရပါ။

ကျန်းစုထင်းကား ဝှက်ထားသည့် မြေပုံနေရာကို သိထားလေပြီ။

"ပြောစမ်း ဘယ်မှာ ဝှက်ထားတာလဲ"

လုံကြုံးစိမ်း ဒေါသတကြီး အော်ငေါက်ကာ မေးလိုက်လေသည်။

ကျန်းစုထင်းက သဲပြင်ပေါ် ဝယ် လဲလျောင်းနေ၏။

သူက ကောင်းကင်ပေါ်၌ မလင်းတလှည့် လင်းတလှည့် ဝင်းလက်တောက်ပနေသော ကြယ်ကလေးများကို မော့ကြည့်နေ၏။

လုံကြုံးစိမ်း၏အမေးစကား မဆိုထားနှင့် သူ၏ဘေး၌ လုံကြုံးစိမ်း ရှိနေသည်ဟုပင် မထင်သည့်အလား ငြိမ်နေ၏။

"မင်းသေချင်ပြီ ထင်တယ်"

လုံကြုံးစိမ်းက သွားကြားလေသံဖြင့် ပြောလေသည်။

ကျန်းစုထင်းကား တုတ်တုတ်မျှ မလှုပ်ချေ။



"မင်း..."

လုံကြုံးစိမ်းက ရှေ့တိုးလာသည်။

ထို့နောက် လက်ဝါးဖြင့် ရိုက်ချလိုက်ရန် ဟန်ပြင်လိုက်ပြန်သည်။

သို့သော်...

ယခုတစ်ကြိမ်လည်း တကယ်တမ်း မရိုက်ချဖြစ်ဘဲ နောက်ပြန်ဆုတ်လိုက်လေသည်။

ကျန်းစုထင်းအား သုတ်သင်၍ မဖြစ်နိုင်တော့ပါ။

ကျန်းစုထင်းသည် ရတနာများ မြှုပ်နှံထားသည့် နေရာကို သိထားပြီ မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



လုံကြိုးစိမ်း သက်ပြင်းချလိုက်သည်။

တင်းမာခက်ထန်သောအသွင် ရုတ်ခြည်းကွယ်ပျောက်သွားလေသည်။

သူ၏မျက်နှာပေါ်ဝယ် ချိုလွင်သော အပြုံးရိပ်များ ဖြစ်ပေါ်လာ၏။

"အင်း မင်းက ဘယ်လိုလုပ်ပြီး စကားပြောနိုင်မှာလဲ၊ ဘာမှ မစားသောက်ရသေးဘဲကိုး၊ မပူပါနဲ့ကွာ၊ ငါကျွေးပါ့မယ်၊ တို့နှစ်ယောက် မိတ်ဆွေ ဖြစ်နိုင်ပါတယ်ကွ"

စကားသံလည်း ပြောင်းလဲသွားချေပြီ။

ကျန်းစုထင်းက သူ့အား ကြည့်လိုက်သည်။

"ခင်ဗျား တကယ် ကျွေးမှာလား"

ဟုမေးလိုက်သည်။

"အိုး တကယ် ကျွေးမှာပေါ့"

ပြောပြောဆိုဆို အသားကင်များ၊ အရက်များ၊ ရေဘူးများ ယူလာပေးလေသည်။

ကျန်းစုထင်း ထထိုင်လိုက်၏။

ရေဘူးတစ်ဝက် သောက်လိုက်ရသည်နှင့် လန်းလန်းဆန်းဆန်း ဖြစ်လာလျှင် ဝဝလင်လင် စားသောက်လိုက်ရပါက ကုန်ခမ်းသွားသော အားအင်များ ပြန်လည်ပြည့်ဖြိုးလာမည် ဖြစ်သည့်အပြင် တစ်နေ့ခင်းလုံး ခံစားခဲ့ရသည့် အပူဒဏ်ကိုလည်း ခံနိုင်ရည် ရှိလာတော့မည် ဖြစ်လေသည်။



လုံကြိုးစိမ်းက…

"စားစမ်းပါ၊ အများကြီး ရှိတယ်၊ ဝအောင်စား"

ဟု တတွတ်တွတ် ပြောနေ၏။

အစားအစာများ ကျွေးမွေးပါသော်လည်း လုံကြိုးစိမ်းက လက်၌ ချည်နှောင်ထားသည့် ကြိုးများကိုမူ ဖြုတ်မပေးရဲချေ။

ကျန်းစုထင်းကလည်း ဖြုတ်ခိုင်းခြင်း မပြုပါ။

လက်နှစ်ဖက်ပူးဖြင့် အသားကင်များ ကောက်ယူစားသောက်သည်။

လုံကြိုးစိမ်းအား ယုံကြည်စိတ်ချရသည် မဟုတ်ပါ။

ထို့ကြောင့်…

အခွင့်အရေးရခိုက် သူက တဝကြီး စားပစ်လိုက်၏။

လုံကြိုးစိမ်းက…

"တော်ပြီလား၊ နောက်ထပ်ယူဦးမလား"

ဟုမေးနေ၏။

ကျန်းစုထင်း ခေါင်းယမ်းလိုက်သည်။

"တော်ပါပြီဗျာ၊ ကျုပ်ဗိုက်ဝပါပြီ"

ဟုပင် ပြောယူရလေသည်။

လုံကြိုးစိမ်းက…

"ကဲ ပြောစမ်းပါဦး၊ သူက ဘယ်မှာ ဝှက်ထားတာလဲ"

ဟုအငိုက်ဖမ်းကာ မေးလိုက်လေသည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြေပုံတစ်ခုမှာ မြှုပ်ထားတာပေါ့"

"မြေပုံတော့ ငါသိတာပေါ့၊ ဒါပေမယ့် ဘယ်သူ့ဘယ်ဝါရဲ့ မြေပုံဆိုတာ မသိရဘဲ၊ ဘယ်လိုလုပ် လိုက်ရှာရမှာလဲကွ"

လုံကြိုးစိမ်း မကျေမနပ် ပြောလာ၏။

ကျန်းစုထင်းက...

"သူက မြေပုံတစ်ခုရဲ့နာမည် ပြောသွားတယ်"

"ဟုတ်လား၊ ဘယ်သူ့မြေပုံလဲ"

"သူက.."

ကျန်းစုထင်း ပါးစပ်ပိတ်ထားလိုက်သည်။

လုံကြိုးစိမ်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ကျန်းစုထင်းကို ကြည့်ကာ...

"သူက ဘာပြောသလဲ"

"သူက အလိမ်ခံရမယ်လို့ ပြောတယ်"

"ဟေ"

လုံကြိုးစိမ်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

သို့သော်...

ချက်ချင်းပင် ကျန်းစုထင်း၏ဆိုလိုချက်ကို သဘောပေါက်နားလည်သွားတော့သည်။

"မင်း...မင်း..."

သူက လက်ဝါးကို အပေါ်သို့ မြှောက်ကာ ရိုက်ချရန် ဟန်ပြင်ယင်း အနီးသို့ တိုးကပ်လာ၏။



ကျန်းစုထင်း ပြုံးကာ...

"ကျုပ် မရှိတော့ဘူးဆိုယင် ခင်ဗျားဟာ မြေပုံတစ်ခုပြီးတစ်ခု တူးပြီး ရှာရလိမ့်မယ်၊ မြေပုံတွေက ရာထောင်ချီပြီး ရှိနေတာ၊ အားလုံး လျှောက်တူးယင် ကျိန်းသေပြဿနာပေါ်မှာပဲ"

ဟုပြောလိုက်၏။

လုံကြိုးစိမ်း ဒေါသထွက်နေသည်။

သူက အတတ်နိုင်ဆုံး စိတ်လျှော့ကာ...

"မင်း ဘာလိုချင်သလဲ"

ဟုမေးလိုက်၏။

ကျန်းစုထင်းက...

"ရတနာတွေ"

"မရဘူးကွ"

လုံကြိုးစိမ်းက ထခုန်ကာ အော်ငေါက်လိုက်၏။

ကျန်းစုထင်း ပါးစပ်ပိတ်ထားလိုက်သည်။

သိန်းပေါင်းငါးဆယ်မျှ တန်ဖိုးရှိသော ရတနာများကို သူက စိတ်ဝင်စားနေပြီ ဖြစ်သည်။

ထိုရတနာများသည် ယန်ကွမ်းထက်ရော လုံကြိုးစိမ်းထက်ပါ ပို၍ အရေးပါလေသည်။

ဒုက္ခသည်များအား သူ့ဆန္ဒ ပြည့်ဝသည်အထိ အောင်မြင်သွားအောင် ပံ့ပိုးနိုင်သည် မဟုတ်ပါလား။

သူက ရတနာများ ရရှိခဲ့မည်ဆိုလျှင်...

www.burmeseclassic.com

www.burmeseclassic.com



လုံကြိုးစိမ်းသည် သူ့အတွက် ပြဿနာကြီးတစ်ခု ဖြစ်နေသည်ဟု တွေးကာ ဖြေရှင်းနိုင်ရန် အကြံထုတ်နေလိုက်၏။

လုံကြိုးစိမ်းသည်လည်း ကျန်းစုထင်းအား ခြောက်ပြော၍ မရမှန်း နားလည်သွားကာ အကြံထုတ်နေ၏။

အတန်ကြာမှ သက်ပြင်းချကာ...

"မင်းနဲ့ငါ အပေးအယူလုပ်ယင် ကောင်းမယ်"

ဟုပြောလိုက်လေသည်။

ကျန်းစုထင်းက...

"ဘယ်လိုအပေးအယူမျိုးလဲ"

"ရတနာတွေနဲ့ ပတ်သက်လို့ပေါ့"

ကျန်းစုထင်းက...

"ရတနာတွေကို မြေပုံတစ်ခုမှာ ဝှက်ထားတယ်လို့ ပြောမြသွားတယ်ဗျ"

"ဘယ်မြေပုံမှာလဲ"

လုံကြိုးစိမ်းက အငိုက်ဖမ်းကာ မေးလိုက်၏။

ကျန်းစုထင်းက မဖြေပါ။

"အင်း ကျုပ်က မြေပုံတောင် ခပ်မှေ့မှေ့ ဖြစ်သွားပြီ"

"ဟေ့...ဟေ့ မမေ့နဲ့၊ မင်းမေ့လိုက်လို့ မဖြစ်ဘူး"

လုံကြိုးစိမ်းက အလောတကြီး ပြောလေသည်။

ချက်ချင်းပင် ကျန်းစုထင်း အနီး ချဉ်းကပ်လာပြီး...

"မင်းက မြေပုံနာမည် သိတယ်၊ ငါက သချိုင်းနာမည်သိတယ်၊ တို့နှစ်ယောက် ပေါင်းလိုက်ယင် သိန်းငါးဆယ်လောက် တန်ဖိုးရှိတဲ့ ရတနာတွေ ရမှာပဲ"



ဟုစည်းရုံးသိမ်းသွင်းရန် စကားစလိုက်သည်။

ကျန်းစုထင်းက ဘာမှမပြောဘဲ ငြိမ်နေ၏။

လုံကြိုးစိမ်းက...

"ရတနာတွေကို တို့နှစ်ယောက် တစ်ယောက်တစ်ဝက် ခွဲယူကြမယ်ကွာ၊ ဘယ့်နှယ်လဲ"

ဟုမေးလိုက်၏။

ကျန်းစုထင်းက...

"ခင်ဗျားက ဆုငွေ ထုတ်ထားခြင်း ခံရတဲ့ လူတစ်ဦးဆိုတာ မမေ့ပါနဲ့ဦး"

ဟုပြောလိုက်လေသည်။

"ဘာကွ"

"ခင်ဗျားဟာ လူဆိုးကြီးတစ်ယောက်၊ ဒါကြောင့် ရတနာတွေနဲ့ ဘယ်လိုမှ မသက်ဆိုင်ဘူးဆိုတာ မှတ်ထားပါ"

"သြော် မင်းက အခုထိ ငါ့ကို ဒုက္ခပေးချင်တုန်းပဲကိုး၊ မင်းကို ငါက ရှင်းပစ်လိုက်မယ်ဆိုယင် ဘာတတ်နိုင်မှာလဲ"

"ဒါတော့ ခင်ဗျားသဘောပဲ"

"မင်း..."

လုံကြိုးစိမ်း ဒေါပွနေသည်။

ကျန်းစုထင်းအား သုတ်သင်ရှင်းလင်းပစ်ရန် အကြံမကြံခ

www.burmeseclassic.com



စိတ်ကူးမိ၏။

သို့သော်လည်း သုတ်သင်ရှင်းလင်းပစ်ရန် မဝံ့မရဲဘဲ ဖြစ်နေလေတော့သည်။

လုံကြုံးစိမ်း ကြိတ်မခနိုင်ခဲမရ ဖြစ်နေစဉ်မှာပင်...

"ရတနာတွေနဲ့ ပတ်သက်ပြီး ကျုပ်က တစ်ချိန်လုံး ပင်ပန်းခဲ့ရပါတယ်ဗျာ၊ ဒါကြောင့် ကျုပ်လဲ ရထိုက်ပါတယ်"

အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို မမျှော်လင့်ဘဲ ကြားလိုက်ရလေသည်။

လုံကြုံးစိမ်းနှင့် ကျန်းစုထင်းတို့၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားကြသည်။

စကားသံ ထွက်ပေါ်လာရာဆီသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြလေသည်။

ထိုအခါ...

လူတစ်ယောက်က လက်နှစ်ဖက် နောက်ပစ်ယှင်း သူတို့ထံ လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူကို မြင်လျှင်...

"ယန်ကွမ်း"

ကျန်းစုထင်း လွတ်ခနဲ ရေရွတ်မိလိုက်လေတော့သည်။

* * *



လူတစ်ယောက် ရောက်ရှိလာသည်။

ထိုလူကား ယန်ကွမ်းပင် ဖြစ်သည်။

ယန်ကွမ်း၏နောက်ဝယ် ရွှေဓားအဖွဲ့ဝင်များ လိုက်ပါလာကြသည်။

လုံကြုံးစိမ်း ဆတ်ခနဲ ထရပ်လိုက်သည်။

သို့သော်...

တိုက်ခိုက်နိုင်ခွင့် ရတော့မည် မဟုတ်ကြောင်း ကောင်းစွာ နားလည်သဘောပေါက်ထား၏။

သူက တိုက်ခိုက်ခြင်းသည် မှားယွင်းခြင်းသာ ဖြစ်ကြောင်း နားလည်ထားလေသည်။

ယန်ကွမ်း၏ရွှေဓားအဖွဲ့လက်မှ လွတ်မြောက်ရန် လွယ်မည် မဟုတ်ချေ။

ကျန်းစုထင်းက မလှုပ်မယှက်ထိုင်နေဆဲ...

ပူးနယ်စားဂေဟာမှ ရတနာများနှင့် ပတ်သက်ပြီး မမျှော်လင့်ဘဲ ပါဝင်ပတ်သက်ခဲ့ရချေပြီ။

ကြောက်မက်ဖွယ်ကောင်းသည့် ရန်သူကြီးများ ဖြစ်ကြသည့် လုံကြုံးစိမ်း၊ ယန်ကွမ်းတို့နှင့်လည်း ထိပ်တိုက်ရင်ဆိုင်နေရပြီ ဖြစ်သည်။

ယန်ကွမ်းက လဲကျသေဆုံးနေသည့် မုဝမ်းကို တစ်ချက် ကြည့်လိုက်သည်။

ပြီးလျှင် ကျန်းစုထင်းနှင့် လုံကြုံးစိမ်းတို့ဘက် လှည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"သူက ကျုပ်ကို သစ္စာဖောက်သွားတယ်၊ နို့မဟုတ်ယင် အခုလို သေသွားမှာ မဟုတ်ဘူး၊ ကျုပ်နဲ့ ပူးပေါင်းမယ်ဆိုယင် တစ်သက်လုံး ချမ်းချမ်းသာသာနေရမှာပဲ"

ဟုပြောလိုက်၏။

သူ၏စကားဆိုလိုရင်း အဓိပ္ပါယ်ကို လုံကြိုးစိမ်းနှင့် ကျန်းစုထင်းတို့ ကောင်းစွာ နားလည်လိုက်ကြ၏။

လုံကြိုးစိမ်း၏မျက်နှာ ရှုံ့မဲ့နေ၏။

ယန်ကွမ်းက...

"ကဲ ကျုပ်က မိတ်ဆွေတို့ကို ကောင်းကောင်းမွန်မွန် ဧည့်ခံကျွေးမွေးချင်တယ်၊ ကျုပ်နောက် လိုက်ခဲ့ကြပါ"

လုံကြိုးစိမ်း သက်ပြင်းချလိုက်သည်။

ယန်ကွမ်း၏ဖိတ်ခေါ်ချက်ကို ငြင်းပယ်၍ ရမည် မဟုတ်ကြောင်း နားလည်လိုက်၏။

ငြင်းပယ်လိုက်သည်နှင့် တိုက်ပွဲ ဖြစ်ပေါ်လာမည်သာတည်း။

ထိုတိုက်ပွဲသည် လုံးဝအကျိုးမရှိသော တိုက်ပွဲသာ ဖြစ်ပေလိမ့်မည်။

ယန်ကွမ်းနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းထက် ပူးပေါင်းခြင်းက အကျိုးရှိဦးမည် မဟုတ်ပါလား။

"ကောင်းပြီလေ၊ ကျုပ်တို့လဲ အေးအေးဆေးဆေး အနားယူချင်တာနဲ့ အတော်ပဲ"



ဟုပြောလိုက်၏။

ယန်ကွမ်းက ကျန်းစုထင်းအား ကြည့်ကာ...

"မင်းကော"

ဟုပြောလိုက်၏။

ကျန်းစုထင်း ရယ်မောကာ...

"ကျုပ်ရဲ့မိတ်ဆွေ လိုက်မှတော့ ကျုပ်လဲ လိုက်မှာပေါ့"

ဟုပြောလိုက်၏။

"ဟား...ဟား...ဟား"

ယန်ကွမ်း သဘောကျစွာ ရယ်မောလိုက်၏။

ရတနာများကို လက်လွှတ်ဆုံးရှုံးရတော့မလို ဖြစ်သွားပြီးမှ သူ့ထံ ပြန်လည်ရောက်ရှိလာအောင် ကံကြမ္မာက လှည့်စားခဲ့လေပြီ။

ယခုတစ်ကြိမ် မည်သည့်နည်းနှင့်မျှ လက်လွှတ်မခံတော့ဟု ဆုံးဖြတ်လိုက်၏။

"ကဲ မြင်းပေါ်တက်ကြပါ"

ကျန်းစုထင်း၏လက်၌ ချည်နှောင်ထားသော ကြိုးများကို လုံကြိုးစိမ်းက ဖြုတ်ပေးလိုက်၏။

သူတို့နှစ်ယောက် မြင်းပေါ် တက်လိုက်ကြသည်။

ထို့နောက် ယန်ကွမ်း ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အပေးအယူ

ယန်ကွမ်း၏ကောက်ကျစ်စဉ်းလဲမှုနှင့် ရက်စက်ကြမ်းကြုတ်မှုကို ကျန်းစုထင်း သိထားသလို လုံကြုံးစိမ်းလည်း သိရှိထားလေသည်။

ယန်ကွမ်းအား ရင်ဆိုင်ဖို့ မလွယ်သည်ကိုလည်း နှစ်ယောက်စလုံး နားလည်သဘောပေါက်ထားကြ၏။

အခန်းတွင်းဝယ် စားပွဲဝိုင်းကြီး ရှိနေသည်။

ယန်ကွမ်း၊ ကျန်းစုထင်းနှင့် လုံကြုံးစိမ်းတို့သုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ၊ အရက်အိုးများ အလျှံအပယ် ရှိနေ၏။



သူတို့သည် သုံးရာသီ မြို့ကလေး၌ ပြန်လည်ရောက်ရှိနေခြင်း ဖြစ်ပေသည်။

ယန်ကွမ်းက လက်ဝှေ့ယမ်းပြလိုက်ပြီး…

"ကဲ မိတ်ဆွေတို့ အားရပါးရ စားကြပေတော့၊ ဘာမှ အားနာစရာ မလိုဘူး"

ဟုပြောလိုက်သည်။

ကျန်းစုထင်းကော လုံကြုံးစိမ်းပါ အစားသောက်များကို သက်ဖျားနှင့်ပင် မတို့ကြပါချေ။

ယန်ကွမ်း မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားတို့ ဘာကြောင့် မစားကြတာလဲ"

ဟုမေးလေသည်။

လုံကြုံးစိမ်းက…

"အစားမတော်တလုတ်၊ အသွားမတော်တစ်လှမ်းဆိုတဲ့ စကား ခင်ဗျားကြားဖူးမယ် ထင်တယ်"

ဟုပြန်မေးလိုက်၏။

ယန်ကွမ်း၏မျက်နှာ တည်သွားသည်။

"လက်စသတ်တော့ အစားအသောက်တွေထဲမှာ အဆိပ်ခတ်ထားမယ် ထင်နေတာကိုး"

သူက အစားအသောက်များကို အလျှင်ဦးစွာ ကိုယ်တိုင်စားသောက်ပြလိုက်၏။

ဟန်ပြစားသောက်ခြင်း မဟုတ်ဘဲ အားရပါးရ စားသောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်း ဖြစ်သည်။

ပြီးလျှင်…

"ကဲ စားနိုင်ကြပြီလား"

ဟုမေးလိုက်၏။

လုံကြိုးစိမ်းနှင့် ကျန်းစုထင်းတို့က လက်တွေ့ စားသောက်ပြလိုက်ခြင်းဖြင့် အဖြေပေးလိုက်ကြလေသည်။

ယန်ကွမ်းက သဘောကျသွား၏။

"ဒီလိုမှပေါ့ဗျာ၊ ရတနာတွေကို ရယူဖို့ ကြိုးစားခဲ့တာ ကျုပ်ပါ၊ ဒါပေမယ့် မုဝမ်းက သစ္စာဖောက်ပြီး အပိုင်စီးဖို့ ကြိုးစားခဲ့တယ်၊ နောက်ဆုံး သူသေသွားရတယ်"

ဟုပြောလိုက်လေသည်။

ကျန်းစုထင်းနှင့် လုံကြိုးစိမ်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ယန်ကွမ်းက ဆက်ပြောလိုက်သည်။

"ရတနာတွေဟာ သိန်းပေါင်းငါးဆယ်လောက် တန်ဖိုးရှိပါတယ်ဗျာ၊ ကျုပ်တစ်ယောက်တည်း သုံးလို့လဲ မကုန်နိုင်ပါဘူးဗျာ"

သူက စကားခေါ်လိုက်လေသည်။

လုံကြိုးစိမ်းက…

"ဟုတ်တယ်၊ နားလည်မှု ရှိမယ်ဆိုယင် ဘာမဆို အဆင်ပြေနိုင်ပါတယ်ဗျာ"

သူသည် အန္တရာယ်မှ လွတ်မြောက်လိုသူ ဖြစ်သည်။



သင့်တင့်လျောက်ပတ်သော ငွေကြေးရှိလျှင် သိုင်းလောကသို့ ခြေမချတော့ဘဲ အေးချမ်းစွာ ဇာတ်မြှုပ်နေတော့မည် ဖြစ်ပေသည်။

ထို့ကြောင့်…

ယန်ကွမ်းက သူ့အား ဝေစုပေးမည်ဆိုလျှင် ယန်ကွမ်းနှင့် ပူးပေါင်းမည် ဖြစ်ပေသည်။

သို့သော် ယန်ကွမ်းနှင့် ကျန်းစုထင်းနှစ်ယောက် ယှဉ်လိုက်လျှင် ယန်ကွမ်းသည် ပို၍ ရက်စက်ကြမ်းကြုတ်ပြီး ပို၍ ကောက်ကျစ်စဉ်းလဲကြောင်း နားလည်ထားပေတော့သည်။

လုံကြိုးစိမ်း သဘောတူသည့် စကားမျိုး ပြောလာသဖြင့် ယန်ကွမ်း ကျေနပ်သွားလေသည်။

ကျန်းစုထင်းကို ကြည့်ကာ…

"မင်းကော ဘယ်လိုသဘောရသလဲ"

ဟုမေးလိုက်လေသည်။ ကျန်းစုထင်းက…

"ဝေစုများများ ခွဲမယ်ဆိုယင်တော့ ဖြစ်မှာ မဟုတ်ဘူး၊ သုံးပုံလောက်ပဲ ခွဲမယ်ဆိုယင် ကျုပ်စိတ်ဝင်စားနိုင်ပါတယ်"

ဟုခပ်ပြတ်ပြတ် ပြောလိုက်သည်။

ရတနာများနှင့် ပတ်သက်ပြီး နောက်ပိုင်း၌ ထိပ်တိုက်ရင်ဆိုင်ရမည့် အခြေအနေ ပေါ်ပေါက်လာမည်ဆိုသည်ကို နားလည်ထား၏။ ထို့ကြောင့်…

ပထမအဆင့်အနေဖြင့် တစ်ယောက်နှင့်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သဘောတူညီမှုယူကာ ဤနေရာမှ ထွက်သွားနိုင်ဖို့ အရေးကြီးကြောင်း နားလည်ထား၏။

ရွှေစားအဖွဲ့ နောက်ခံရှိသော ယန်ကွမ်းအား ရင်ဆိုင်ရခြင်းထက် ယန်ကွမ်းတစ်ယောက်တည်းအား ရင်ဆိုင်ရခြင်းက ပို၍ သက်သာမည် မဟုတ်ပါလား။

ယန်ကွမ်း ပြုံးလိုက်သည်။

လုံကြိုးစိမ်းနှင့် ကျန်းစုထင်းသည် မုဝမ်းကဲ့သို့ ခေါင်းမာမနေဘဲ လိုလိုလားလား ပူးပေါင်းလာကြသဖြင့် ကျေနပ်သွား၏။

"ဒါဖြင့် တို့သုံးယောက် အညီအမျှ ဝေယူမယ်၊ ဘယ့်နှယ်လဲ"

ဟုမေးလိုက်၏။

ကျန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်သဘောတူတယ်"

လုံကြိုးစိမ်းက...

"ကျုပ်တို့ ရမယ့် ဝေစုကို ကျုပ်တို့ သဘောနဲ့ လွတ်လွတ်လပ်လပ် သုံးနိုင်ဖို့ အရေးကြီးတယ်"

ဟုပြောလိုက်၏။

ဝေစုခွဲဝေယူပြီးသည့် နောက်ပြီး အေးအေးဆေးဆေး ထွက်သွားနိုင်ရန် လိုကြောင်း အရိပ်အမြွက် ပြောလိုက်ခြင်း ဖြစ်ပေသည်။

ယန်ကွမ်း ရယ်မောလိုက်သည်။

"ခင်ဗျားတို့ ဘာသာ ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်၊ ဗျာ



မသုံးဘဲ လွှင့်ပစ်လိုက်ယင်လဲ ရပါတယ်၊ ခင်ဗျားတို့ သဘောပါပဲ"

ဟုပြောလိုက်၏။ လုံကြိုးစိမ်း ကျေနပ်သွား၏။

ယန်ကွမ်းက...

"ကျုပ်ရဲ့မိတ်ဆွေဆိုယင် ကျုပ်က ဘယ်တော့မှ ပစ်မထားတတ်ဘူးဆိုတာ ခင်ဗျားတို့ သိရမှာပါ"

ဟုပြောလိုက်လေသည်။

ယခုတစ်ကြိမ် လုံကြိုးစိမ်းက ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား၊ ကျုပ်ကလဲ ခင်ဗျားရဲ့ စေတနာကို ကောင်းကောင်းကြီး နားလည်သဘောပေါက်သွားပါပြီဗျာ"

ဟုပြောလေသည်။

ယန်ကွမ်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်လာသည်။ ရတနာများကို မြင်ယောင်လာသည်။

လုံကြိုးစိမ်းနှင့် ကျန်းစုထင်းကိုလည်း ချုပ်ထားမိသည်။

နောက်ဆုံး သူက ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

လုံကြိုးစိမ်းနှင့် ကျန်းစုထင်းတို့ကို ကြည့်ကာ...

"ကျုပ်တို့ ဒီမှာ အချိန်ဖြုန်းနေကြမယ့်အစား ရတနာတွေရှိတဲ့ နေရာကို သွားကြယင် မကောင်းဘူးလားဗျာ"

ဟုပြောလိုက်သည်။

လုံကြိုးစိမ်းနှင့် ကျန်းစုထင်းတို့ သဘောတူလိုက်ကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## သုံးပွင့်ဆိုင်ရတနာ

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာသည်။

ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေ၏။

အဝေးတွင် မီးလောင်ငုတ်တိုများဖြင့် ပျက်စီးယိုယွင်းနေသည့် မြို့ပျက်ကြီးတစ်ခုကို တွေ့ရမည် ဖြစ်ပေသည်။

ထိုမြို့ပျက်ကြီးမှာ ငှက်ဝါမြို့ ဖြစ်ပေသည်။

ငှက်ဝါမြို့သည် ပျက်စီးသွားပြီ ဖြစ်သလို မည်သူမျှ ပြန်လည်ပြုပြင် ထူထောင်ခြင်း မရှိကြသဖြင့် မြို့နေရာ ဆိတ်သုန်းကွယ်ပျောက်သွားလိမ့်မည် ဖြစ်ပေသည်။

ကျွန်းစုထင်၊ ယန်ကွမ်းနှင့် လုံကြုံးစိမ်းတို့သည် ငှက်ဝါမြို့နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြပြီ ဖြစ်သည်။



လုံကြုံးစိမ်းက ဦးဆောင်ခေါ်လာခြင်း ဖြစ်ပေသည်။

မြို့ပြင်တွင် တောင်ကုန်းတစ်ခု ရှိနေ၏။

တောင်ကုန်းပေါ်ဝယ် သင်္ချိုင်းမြေ ရှိနေသည် မဟုတ်ပါလား။

လုံကြုံးစိမ်းက...

"ရတနာတွေကို သင်္ချိုင်းထဲမှာ မြှုပ်ထားတယ်"

ဟုပြောလိုက်လေသည်။

ယန်ကွမ်း ဝမ်းသာနေ၏။

သူက ပင်ပန်းကြီးစွာ လိုက်ရှာရန် မလိုတော့ဘဲ ရတနာများ ဝှက်ထားသည့် နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတော့မည် မဟုတ်ပါလား။

လုံကြုံးစိမ်းတို့ ကျေနပ်စေရန် ရွှေဓားအဖွဲ့ဝင်များကို သူက လုံးဝ ခေါ်မလာခဲ့ပါချေ။

ရွှေဓားအဖွဲ့ဝင်များ ခေါ်လာလျှင် သူ၏လျှို့ဝှက်ချက် ပေါ်သွားနိုင်သည်။

ရတနာများကို ဝေစုခွဲပေးနေရဦးမည် ဖြစ်ပေသည်။

သူတို့သုံးယောက် မြင်းကို ခပ်သွက်သွက်ကလေး မောင်းနှင်လိုက်ကြရာ သင်္ချိုင်းမြေအတွင်းသို့ ရောက်ရှိလာကြလေတော့သည်။

လုံကြုံးစိမ်းက...

"ကျုပ်တာဝန်တော့ ကျေပြီ၊ သူက ဒီသင်္ချိုင်းထဲမှာ မြှုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်လို့ပဲ ပြောသွားတယ်"

ဟုပြောလိုက်၏။

သချိုင်းမြေ အတွင်းဝယ် များပြားလှသော မြေပုံမှတ်တိုင်များ ထိုးထိုးထောင်ထောင် ရှိနေလေသည်။

ရှိသမျှ မြေပုံမှတ်တိုင်များကို တူးဖော်ကြည့်ရမည်ဆိုပါက တစ်နှစ်ကြာလျှင်လည်း ပြီးမည် မဟုတ်ပါ။

ယန်ကွမ်းနှင့် လုံကြိုးစိမ်းတို့က ကျန်းစုထင်းကို လှမ်းကြည့်လိုက်၏။

ကျန်းစုထင်းက မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ယခုအချိန်တွင် သူသည် အဓိက အကျဆုံး ဖြစ်နေချေပြီ။

သူက ပြောမပြလျှင် မည်သူမျှ သိနိုင်တော့မည် မဟုတ်ပါ။

သို့သော် လုံကြိုးစိမ်းနှင့် ယန်ကွမ်းတို့က အပြုံးကြီးစွာထားကာ တိုက်ခိုက်လာကြလိမ့်မည် ဖြစ်လေသည်။

ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

"ယွမ်သခင်ရဲ့မြေပုံကို ရှာရလိမ့်မယ်"

ဟုပြောလိုက်လေသည်။

လုံကြိုးစိမ်းနှင့် ယန်ကွမ်းတို့ ဝမ်းသာသွားကြလေသည်။

လုံကြိုးစိမ်းက...

"လူခွဲပြီး ရှာယင် မြန်မြန်တွေ့မှာပေါ့"

ပြောပြီး မြင်းပေါ်မှ ဆင်းကာ သချိုင်းမြေထဲ ခပ်သွက်သွက် လှမ်းဝင်လိုက်လေသည်။



ယန်ကွမ်းလည်း မနေနိုင်တော့ပါချေ။

သူတို့သုံးယောက်စလုံး သချိုင်းမြေထဲ ဝင်ကာ ရှာဖွေကြလေသည်။

မြေပုံမှတ်တိုင်များကား များပြားလှပေသည်။

နံနက်စောစော အချိန်မှစ၍ ရှာဖွေလိုက်ကြရာ နေမွန်းတည့်ချိန်သို့ ရောက်လာတော့မှ....

"ဒီမှာ တွေ့ပြီ"

လုံကြိုးစိမ်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယွမ်သခင်"

မြေပုံမှတ်တိုင်က ထိုးထိုးထောင်ထောင် ရှိနေလေသည်။

မြေပုံမှတ်တိုင်ဘေးဝယ် လုံကြုံးစိမ်း၊ ယန်ကွမ်းနှင့် ကျန်းစုထင်းတို့ ရောက်ရှိနေကြလေသည်။

သူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

လုံကြုံးစိမ်းက...

"ဒီမြေပုံ ဟုတ်လား"

ဟုမေးလိုက်လေသည်။

ကျန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက 'ယွမ်သခင်'ရဲ့ မြေပုံလို့ ပြောသွားတာပဲ"

"ဒါဖြင့် တူးကြည့်ကြရအောင်"

ယန်ကွမ်းက ပြောလိုက်၏။

သူ၏လေသံကြောင့် စိတ်လှုပ်ရှားနေမှန်း သိနိုင်လေသည်။

လုံကြုံးစိမ်းက...

"ကျုပ်တူးမယ်"

သူက ကြိုတင်ယူလာသည့် ဂေါ်ပြားတစ်လက်ဖြင့် စတင်တူးဖော်လိုက်သည်။

မြေပုံမှတ်တိုင်ကား ဘေးသို့ လွင့်ပစ်ခြင်း ခံလိုက်ရပြီ ဖြစ်လေသည်။



ကျန်းစုထင်းနှင့် ယန်ကွမ်းတို့ ဘေးမှ ရပ်ကြည့်နေကြ၏။

တစ်ယောက်ကိုတစ်ယောက် သင်္ကာမကင်း ဖြစ်ခြင်း၊ ရတနာများ အပိုင်စီးလိုခြင်း စသည့်စိတ်များ တဒင်္ဂအားဖြင့် ကွယ်ပျောက်နေကြလေသည်။

လုံကြုံးစိမ်းက ကျင်းကို အတော်ကလေးနက်အောင် တူးလိုက်ပြီး အပေါ်သို့ ပြန်လည်ခုန်တက်လာသည်။

ယန်ကွမ်းက...

"ဘာဖြစ်လို့လဲ"

ဇဝေဇဝါဖြင့် မေးလိုက်သည်။

လုံကြုံးစိမ်းက နဖူးပေါ်မှ ချွေးများကို သုတ်ပစ်လိုက်သည်။

လက်ထဲမှ ဂေါ်ပြားကို မြေပေါ်ပစ်ချလိုက်ပြီး...

"ခင်ဗျားတူးဖို့ အလှည့်ကျလို့"

ဟုပြောလိုက်လေသည်။

ယန်ကွမ်း မျက်နှာပျက်သွားလေသည်။

မြေကျင်းလည်း အတော်ကလေး နက်လာပြီ ဖြစ်လေသည်။

ကျင်းထဲ ရောက်နေစဉ် အပေါ်ဘက်မှ တိုက်ခိုက်လာပါက ဆိုးနိုးသေ ဒုက္ခရောက်ရမည် ဖြစ်လေသည်။

ထို့ကြောင့်...

"ကျုပ်က ကျင်းတူးနေတုန်း ခင်ဗျားတို့က သချိုင်းအပြင်ဘက်မှာ အခြေအနေ သွားကြည့်နေကြယင် ကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



ယန်ကွမ်းက ပြောလိုက်သည်။

လုံကြုံးစိမ်း မျက်မှောင်ကုပ်သွား၏။

"ဘာဖြစ်လို့လဲ"

ယန်ကွမ်း တစ်ချက်ပြုံးကာ...

"တစ်ယောက်ယောက် ရောက်လာယင် ဝေစုထပ်ပြီး ခွဲပေးရမှာ စိုးလို့ပါ"

ထိုစကားကြားလျှင် လုံကြုံးစိမ်းက ကျန်းစုထင်းကို ကြည့်လိုက်သည်။

ရတနာများသည် များပြားလှရကား တစ်ယောက်တည်း ယူပြေးနိုင်မည် မဟုတ်ချေ။

ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားက ဒီမှာကူလုပ်ပေးလိုက်ပါ၊ ကျုပ်က လှူသွားကြည့်မယ်"

ပြောပြီး ခပ်သွက်သွက် လှမ်းထွက်သွားလေတော့သည်။

* * *



မြေကျင်းအနီးဝယ် ယန်ကွမ်းနှင့် လုံကြုံးစိမ်းတို့သာလျှင် ကျန်ရစ်ခဲ့ပေတော့သည်။

ကျန်းစုထင်း ထွက်သွားလျှင် ယန်ကွမ်း သဘောကျစွာ ပြုံးလိုက်လေသည်။

လုံကြုံးစိမ်းကို ကြည့်ကာ...

"ရတနာတွေ အများကြီးပဲ"

ဟုပြောလိုက်လေသည်။

လုံကြုံးစိမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"မင်းမြင်ဖူးလို့လား"

လုံကြုံးစိမ်း ခေါင်းယမ်းလိုက်လေသည်။

ယန်ကွမ်းက...

"ငါက မျက်စိနဲ့ တပ်အပ်တွေ့ခဲ့ရတာကွ"

"ကျုပ်လဲ မြင်ရတော့မှာပါဗျာ"

လုံကြုံးစိမ်းက အားကျမခံ ပြောလေသည်။

ယန်ကွမ်းက...

"ကျုပ်က ရွှေဓားအဖွဲ့ခေါင်းဆောင်တစ်ယောက်ဆိုတာ [illegible]သိတယ် မဟုတ်လား"

"သိသားပဲ"

"ကျုပ်က မင်းကို အကူအညီ အများကြီးပေးနိုင်တယ်၊ [illegible] ခေါင်းနှစ်လုံးမြွေခွေးဆိုတဲ့ လူဆိုးကြီးကို ဖမ်းပေးဖို့ ထုတ်ထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကြော်ငြာတွေကို ပြန်ပြီး ရုပ်သိမ်းနိုင်တယ်၊ ခေါင်းနှစ်လုံးမြွေဆိုး လုံကြိုးစိမ်းကို လွတ်ငြိမ်းချမ်းသာခွင့်ပြုပါတယ်လို့ အမိန့်ထုတ်နိုင်တယ်"

ထိုစကားကြားလျှင် လုံကြိုးစိမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တောင့်တင်းသွား၏။

ယန်ကွမ်းကို မယုံကြည်နိုင်စွာ ကြည့်ကာ...

"ခင်...ခင်ဗျား ဘာတွေ ပြောနေတာလဲ"

ဟုမေးလိုက်လေသည်။

ယန်ကွမ်း ပြုံးလိုက်သည်။

"ကျုပ် တကယ် ပြောနေတာ"

"ခင်...ခင်ဗျားက..."

"ကျုပ်က မိတ်ဆွေ အပေါင်းအသင်းကို ဘယ်တော့မှ ပစ်မထားတတ်ဘူးဆိုတာ မှတ်ထားစမ်းပါဗျာ၊ ခင်ဗျားစိတ်ပါမယ်ဆိုယင် ရွှေဓားအဖွဲ့မှာ နေရာတစ်နေရာရအောင်တောင် ကျုပ်က ဖန်တီးပေးနိုင်လိမ့်မယ်"

လုံကြိုးစိမ်း စိတ်လှုပ်ရှားသွားလေသည်။

ယန်ကွမ်း ပြောပြသည့် အစီအစဉ်မှာ ကောင်းလွန်းလှသည် မဟုတ်ပါလား။

သူ့အတွက် ရတနာများ ရမည့်အပြင် မည်သူ့ကိုမျှ မှီခို မလိုသည့် ဘဝမျိုးကို ပိုင်ဆိုင်ရလိမ့်မည် ဖြစ်ပေသည်။

ယန်ကွမ်းနှင့် ပူးပေါင်းလိုစိတ်များ ဖြစ်ပေါ်လာခဲ့လေသော



သည်။ ထိုစဉ် ယန်ကွမ်း၏စကားလမ်းကြောင်း ပြောင်းလဲသွား၏။

"ဒါထက် ကျန်းစုထင်းဟာ လူဆိုးတွေကို လိုက်ဖမ်းပြီး ဆုငွေထုတ်ယူနေတဲ့လူဆိုတာ မင်းသိလား"

ဟုမေးလာ၏။

လုံကြိုးစိမ်း ခေါင်းညိတ်လိုက်၏။

"သိတယ်"

"သူက မင်းကို လိုက်ဖမ်းနေတယ် မဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို သူ့ကို သတိထားရလိမ့်မယ်"

ကျန်းစုထင်းနှင့် ရန်တိုက်ပေးလိုက်ခြင်း ဖြစ်ကြောင်း လုံကြိုးစိမ်း နားလည်လိုက်လေသည်။

မည်သို့ဆိုစေ...

ယန်ကွမ်း ပြောသည့် စကားများ မှန်ကန်နေသည် မဟုတ်ပါလား။

ကျန်းစုထင်းသည် ဝေစုခွဲယူပြီးနောက် သူ့အား လွှတ်ပေးမည်၊ မလွှတ်ပေးမည်မှာ မသေချာလှပါချေ။

ကျန်းစုထင်းနှင့် ရင်ဆိုင်ရဦးမည်ဟု နားလည်ထားသည်။

လုံကြိုးစိမ်း ငေးငိုင်နေသည်ကို တွေ့လျှင် ယန်ကွမ်း သဘောကျစွာ ပြုံးလိုက်သည်။

"သူ့ကို ငါလဲ ကြည့်လို့ မရဘူးဆိုယင် မင်း ဘယ်လိုပြောမလဲ"

www.burmeseclassic.com

www.burmeseclassic.com



လုံကြိုးစိမ်း မျက်လုံးပြူးကျယ်သွားသည်။

ယန်ကွမ်းကို နားမလည်နိုင်စွာ ကြည့်ကာ...

"သူနဲ့ ခင်ဗျား အတူတူပဲ မဟုတ်လား"

ဟုမေးလိုက်သည်။

ယန်ကွမ်း ရယ်မောလိုက်သည်။

"ကျုပ်တို့နှစ်ယောက် အတူတူပဲလို့ ဘယ်သူက ပြောသလဲ"

"ဗျာ"

"ကျုပ်က ရွှေဓားအဖွဲ့ကို အသုံးချပြီး ထင်ရာလုပ်နေတဲ့လူဆိုတာ မှတ်ထားပါ၊ အခု ရတနာကိစ္စမှာ ဝင်ရှုပ်နိုင်တာ ကြိုးသိလို့ ရှင်းပစ်ခဲ့သေးတယ်၊ ကံကောင်းလို့ သူ့အသက်ရှင်ခဲ့တာ၊ သူက ငွေရဖို့ သက်သက် လူဆိုးတွေနောက်ကို လိုက်နေတာ မဟုတ်လား၊ ဝေစုခွဲပြီးမှ မင်းကို ဖမ်းလိုက်မယ်ဆိုယင် မင်းရဲ့ဝေစုကိုလဲ သူရသွားဦးမယ်၊ မင်းအတွက် ထုတ်ထားတဲ့ ဆုငွေကိုလဲ သူရသွားဦးမယ်ကွ"

လုံကြိုးစိမ်း မကျေမနပ် ဖြစ်သွားလေသည်။

လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး...

"သူက ဒီလိုလုပ်မယ်ဆိုယင် ကျုပ်နဲ့ ကောင်းကောင်းကြီး ရင်ဆိုင်တွေ့ရမှာပေါ့ဗျာ"

ဟုပြောလိုက်လေသည်။

ယန်ကွမ်း ကျေနပ်နေ၏။

သူက လုံကြိုးစိမ်းနှင့် ကျန်းစုထင်းတို့ နှစ်ယောက်ကြားတွင် သပ်လျှိုနိုင်ခဲ့ပြီ မဟုတ်ပါလား။



လုံကြိုးစိမ်းကို ကြည့်လိုက်ပြီး...

"တကယ်လို့ မင်းဟာ ငါ့ကို မိတ်ဆွေလို့ သဘောထားယင် ငါကလဲ မင်းကို မိတ်ဆွေလို့ သဘောထားမှာပါကွာ"

ဟုပြောလိုက်လေသည်။

လုံကြိုးစိမ်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချ၊ ကျုပ်ဟာ ခင်ဗျားရဲ့မိတ်ဆွေပဲ"

"မင်းသေချာရဲ့လား"

"သိပ်ကို သေချာတာပေါ့"

"ကောင်းပြီ၊ ဒီစကားကို မင်း မမေ့နဲ့ ရတနာတွေ တူးဖော်ကြရအောင်"

စကားဆုံးလျှင် မြေကျင်းထဲ ခုန်ဆင်းလိုက်သည်။

ထို့နောက် ဂေါ်ပြားဖြင့် တူးလိုက်လေသည်။

သူသည် လုံကြိုးစိမ်းအား အရေးစိုက်စရာ မလိုတော့ပါချေ။

ကျန်းစုထင်းတစ်ယောက်တည်းကိုသာ ရင်ဆိုင်ရပေတော့မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းသည် သချိုင်းပေါက်ဝမှနေ၍ အခြေအနေကို စောင့်ကြည့်နေသည်။

အချိန်များစွာ ကုန်ဆုံးသွားသော်လည်း မည်သည့် လူရိပ်လူယောင်မျှ မတွေ့ရပါ။

သချိုင်းပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်နေ၏။

ထိုအချိန်မှာပင် သူသည် လုံကြိုးစိမ်းနှင့် ယန်ကွမ်းတို့ကို အထူးသတိထားရန်လိုကြောင်း စဉ်းစားမိလာသည်။

နှစ်ယောက်စလုံး မြေခွေးလို လူများဖြစ်ကြောင်း သတိပြုမိလာသည်။

ထိုအချိန်မှာပင် မြေကျင်းတူးသံနှင့်အတူ ခေါင်းအဖုံးဖွင့်သံကို ကြားလိုက်ရသည်။

ကျန်းစုထင်း စိတ်လှုပ်ရှားသွားသည်။

ချက်ချင်းပင် လုံကြိုးစိမ်းတို့ ရှိရာသို့ ပြေးသွားသည်။

ထိုအချိန်မှာပင် ခေါင်းအဖုံးကို ဖွင့်လျက်သား တွေ့ရသည်။

"ဟင်"

"ဟာ"

အာမေဋိတ်သံများ ထွက်လာလေတော့သည်။

အကြောင်းကား…

အခေါင်းအတွင်းဝယ် အရိုးစုတစ်ခု ရှိနေသည်ကိုသာ တွေ့မြင်လိုက်ကြရသည် မဟုတ်ပါလား။

သူတို့ မျှော်လင့်ထားသလို ရတနာများ ရှိမနေပါချေ။



ယန်ကွမ်း ဒေါသခြောင်းခြောင်း ထွက်သွား၏။

"ရတနာတွေ ဘယ်မှာလဲ"

ဟုအော်ပြောလိုက်၏။

ကျန်းစုထင်းက ဘာမှမပြောချေ။

လုံကြိုးစိမ်း မြေပေါ် ခြေဆောင့်လိုက်ပြီး…

"မုစမ်းက သက်သက် ကလိန်ကျသွားတာပဲ"

ဟုပြောလိုက်၏။

ယန်ကွမ်းက ကျန်းစုထင်းကို စိုက်ကြည့်ယင်း…

"ကျန်းစုထင်း၊ မင်းက မြေပုံကို လွှဲပြောတာ မဟုတ်လား"

ဟုစွပ်စွဲလိုက်၏။

ကျန်းစုတင်း ခေါင်းယမ်းလိုက်၏။

"သူက ယွမ်သခင်ရဲ့ မြေပုံလို့ ပြောသွားတာပဲ"

"ဒါဖြင့် ရတနာတွေ ဘာကြောင့် ရှိမနေတာလဲ"

"ကျုပ် ဘယ်သိပါ့မလဲဗျ"

"မင်း ဒီလို တပတ်ရိုက်လို့ ရမလား"

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ကျန်းစုတင်းကား နဂိုကတည်းကပင် တိုက်ခိုက်ရန် အသင့်ပြင်ထားပြီး ဖြစ်လေသည်။

ရတနာများ မတွေ့ရလျှင် ယန်ကွမ်းက သူ့အား ရန်ရှာလာမည်ကို နားလည်ထားပြီး ဖြစ်လေသည်။

ယန်ကွမ်းက…

www.burmeseclassic.com

www.burmeseclassic.com



"မင်းမှန်မှန်ပြောပါ"

ဟုငေါက်လိုက်၏။

ကျန်းစုထင်း ပြုံးလိုက်သည်။

"ကျုပ် အမှန်တိုင်း ပြောခဲ့တာ၊ ခင်ဗျားမှ မယုံဘဲ"

"ဒါဖြင့် ရတနာတွေ ဘယ်မှာလဲ"

"ကျုပ် မသိဘူး"

"တောက်"

ယန်ကွမ်း တက်ခေါက်လိုက်လေသည်။

ထိုစဉ်မှာပင် လုံကြိုးစိမ်းက...

"တော်တော်ရှုပ်တဲ့ ခေါင်း"

အော်ငေါက်ယင်း အခေါင်းကို ခြေထောက်ဖြင့် ကန်ကျောက်လိုက်၏။

"ဝုန်း"

အခေါင်းမှာ တစ်ဘက်သို့ လိုမ့်ထွက်သွား၏။

ကျန်းစုထင်းနှင့် ယန်ကွမ်းတို့ လှမ်းကြည့်လိုက်ကြလေသည်။

အခေါင်းသည် မှောက်လျက် ဖြစ်သွား၏။

ရုတ်တရက် ယန်ကွမ်း၏မျက်လုံးများ ပြူးကျယ်သွားပြီး

"ရတနာတွေပါလား"

ဟုပြောလိုက်လေသည်။

လုံကြိုးစိမ်းနှင့် ကျန်းစုထင်းတို့ ကြောင်အမ်းအမ်း ဖြစ်သွား



ကြလေသည်။

သူတို့ လှမ်းကြည့်လိုက်ကြသောအခါ အခေါင်းအောက်ဝယ် ရတနာများအချို့ ကပ်နေသည်ကို တွေ့ရလေ၏။

ယန်ကွမ်း ပြေး၍ ခွာယူလိုက်သည်။

ထို့နောက်...

မြေကျင်းထဲ ငုံ့ကြည့်လိုက်သည်။

မြေကျင်းထဲမှ အခေါင်းကို ဖော်ယူစဉ် အခေါင်းအောက်ဘက် မြေပြင်ကို ဂရုမစိုက်မိခဲ့ကြချေ။

အခေါင်းမှာ ပေါ့ပေါ့ကလေး ဖြစ်နေခြင်းကြောင့် အခေါင်းအဖုံးကိုသာ ဖွင့်ကြည့်လိုစိတ် ပြင်းထန်နေခဲ့ကြသည်။

ယခုမှ အခေါင်းအောက်ဘက် မြေပြင်ကို သတိပြုမိလိုက်ကြခြင်း ဖြစ်ပေသည်။

"ရတနာတွေ တွေ့ပြီ"

ယန်ကွမ်းက အော်ပြောလိုက်သည်။

မြေကျင်းအတွင်းသို့လည်း ချက်ချင်း ခုန်ဆင်းလိုက်လေသည်။

လုံကြိုးစိမ်းက ဂေါ်ပြားလှမ်းပေးလိုက်၏။

ယန်ကွမ်းက မြေကြီးကို ဆက်တူးလိုက်လျှင် ရတနာထည့်ထားသည့် အိတ်များ ပေါ်လာတော့သည်။

သူက အပေါ်မော့ကြည့်လိုက်ပြီး...

"ဆွဲတင်ကြဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ပြောကာ ရတနာအိတ်များ တစ်အိတ်ပြီးတစ်အိတ် တင်ပေးလိုက်သည်။

လုံကြိုးစိမ်းနှင့် ကျန်းစုထင်းတို့က အပေါ်သို့ဆွဲတင်လိုက်ကြလေသည်။

တက်ညီလက်ညီ လုပ်ကိုင်ကြရာ တခဏအတွင်းပင် ရတနာအိတ်များ မြေပေါ် ရောက်ရှိလာတော့သည်။



## အမိုက်တရားနှင့် ရှင်းတမ်း

"ဟား...ဟား...ဟား..."

"ဟား...ဟား...ဟား"

လုံကြိုးစိမ်းနှင့် ယန်ကွမ်းတို့ သဘောကျစွာ ရယ်မောလိုက်လေသည်။

သူတို့နှစ်ယောက်သည် လွန်စွာမှပင် ရင်းရင်းနှီးနှီး ဖြစ်လာကြသည်။

ကျန်းစုထင်းကား ခပ်တည်တည် ရှိနေ၏။

လုံကြိုးစိမ်းက...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ သုံးယောက် အညီအမျှ ဝေယူကြရအောင်"

ဟုပြောလိုက်လေသည်။

ရတနာများ ခွဲဝေယူပြီးလျှင် ကိုယ့်လမ်းကိုယ် သွားကြရမည် မဟုတ်လား။

ဤနေရာ၌ အချိန်ဖြုန်း မနေနိုင်ကြပါချေ။

ယန်ကွမ်းက...

"အညီအမျှ ဝေယူကြမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"သုံးပုံဆိုတော့ တစ်ယောက်အတွက် ဘာမှရတော့မှာ မဟုတ်ဘူး"

သူက ဇာတိပြလာပြီ ဖြစ်လေသည်။

ကျန်းစုထင်း ပြုံးလိုက်သည်။

"ခင်ဗျားက ဘယ်လိုလုပ်ချင်သလဲ"

ဟုခပ်ပြတ်ပြတ် မေးလိုက်သည်။

ယန်ကွမ်းက...

"လူများနေတယ်လေကွာ၊ ဒီတော့ လူလျှော့လိုက်ယင် ဝေစုပိုရနိုင်တာပေါ့"

စကားဆုံးသည်နှင့် ရှေ့သို့ လှမ်းထွက်လိုက်၏။

လုံကြိုးစိမ်းက နောက်ဆုတ်လိုက်သည်။

ကျန်းစုထင်းကား နေရာတွင် မလှုပ်မယှက် ရပ်နေ၏။

သူတို့သုံးယောက် တြိဂံပုံသဏ္ဌာန် မျက်နှာချင်းဆိုင် ရပ်မိ



ကြပြီ ဖြစ်လေသည်။

ယန်ကွမ်းက လုံကြိုးစိမ်းနှင့် ကျန်းစုထင်းတို့နှစ်ယောက် အနက် ကျန်းစုထင်းကို အလျင်ဦးဆုံး ရှင်းပစ်ရမည်ဟု ဆုံးဖြတ်ထား လေသည်။

ကျန်းစုထင်းကလည်း ယန်ကွမ်းနှင့် လုံကြိုးစိမ်းတို့နှစ် ယောက်အနက် မည်သူကို အရင်ဦးစွာ ရင်ဆိုင်ရမည်ကို တွက်ဆနေ ၏။

နောက်ဆုံး၌ ယန်ကွမ်းကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

သူတို့သုံးယောက်၏ သိုင်းပညာ အဆင့်မှာ ကွာလှသည် တော့ မဟုတ်ပါ။

လူတစ်ယောက်သည် ကျန်လူနှစ်ယောက်ကို တပြိုင်တည်း ရင်ဆိုင်နိုင်မည် မဟုတ်ပါ။

တစ်ယောက်နှင့် ရင်ဆိုင်နေချိန်ဝယ် ကျန်တစ်ယောက်၏ တိုက်ခိုက်ခြင်း ခံရမည်ဆိုပါက မလွဲမသွေ ဒုက္ခရောက်ရမည်သာ ဖြစ်ပေသည်။

ကျန်းစုထင်းက ယန်ကွမ်းအား ရင်ဆိုင်ရန် ဆုံးဖြတ်လိုက် သလို ယန်ကွမ်းကလည်း ကျန်းစုထင်းအား ဦးစွာ တိုက်ခိုက်ရန် ဆုံး ဖြတ်လိုက်ပြီး ဖြစ်သည်။

ကြားလူပမာ ဖြစ်နေသည့် လုံကြိုးစိမ်းက မည်သို့ ဆုံးဖြတ် ထားပါသနည်း။

"ယား"

www.burmeseclassic.com

www.burmeseclassic.com



ညာသံပေးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကျန်းစုထင်း၊ ယန်ကွမ်းနှင့် လုံကြိုးစိမ်းတို့ ညာသံများပေးကာ သုံးပွင့်ဆိုင် တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *

ကျန်းစုထင်း၏အင်္ကျီ ရင်ဘတ်ကြား၌ ဝှက်ထားသည့် ဓားသည် လက်ထဲသို့ ရောက်လာပြီ ဖြစ်သည်။

ကျန်းစုထင်းက ဓားထုတ်ကာ တိုက်ခိုက်လိုက်ချိန်ဝယ် ယန်ကွမ်းက အင်္ကျီလက်အိုးထဲ၌ ဝှက်ထားသည့် လုံတိုနှစ်လက်ကို ထုတ်ယူလိုက်ပြီး ဖြစ်သည်။

ကျန်းစုထင်းနှင့် ယန်ကွမ်းတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြ၏။

ဓားရောင်၊ လှံရောင်များ တဖိတ်ဖိတ် ဝင်းလက်တောက်ပသွားသည်။

ထိုစဉ်...

လုံကြိုးစိမ်းက တိုက်ပွဲအတွင်း ဝင်ရောက်လာ၏။

"ခွမ်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ကျန်းစုထင်းနှင့် ယန်ကွမ်းတို့ ထိပ်တိုက်ရင်မိကြပြီး လက်ထဲမှ လက်နက်များ ကိုင်မထားနိုင်တော့ဘဲ လွင့်စဉ်ကျသွားကြ၏။



သူတို့သည် လက်နက်များကို ပြန်လည်ကောက်ယူရန် မစဉ်းစားကြဘဲ လက်ဝါးများ ဆန့်ထုတ်ကာ တိုက်ခိုက်လိုက်ကြပြန်လေသည်။

သူတို့နှစ်ယောက်၏လက်ဝါးလေးဖက် ပူးကပ်သွားလေသည်။

ထိုစဉ် အနီးသို့ ရောက်လာသည့် လုံကြိုးစိမ်းက ကြားဝင်တိုက်ခိုက်လိုက်လေသည်။

ကျန်းစုထင်းနှင့် ယန်ကွမ်းတို့သည် နောက်ဆုတ်ရန် မဖြစ်နိုင်၍ လုံကြိုးစိမ်းက ကြားဝင်လာသည်ကို ဟန့်တားနိုင်ခြင်း မရှိကြပါချေ။

လုံကြိုးစိမ်းသည် အနီးသို့ ရောက်လာသည်နှင့် ကျန်းစုထင်းအား တိုက်ခိုက်ခြင်း မပြုဘဲ ယန်ကွမ်းအား တိုက်ခိုက်လိုက်လေသည်။

ကျန်းစုထင်းကလည်း ပြင်းထန်စွာ တိုက်ခိုက်လိုက်သောအခါ...

"အား"

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

ယန်ကွမ်း မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လေပြည်လေညင်း ငွေ့ယမ်းတိုက်ခတ်လာလေသည်။

ကျွန်းစုထင်းက ယန်ကွမ်း စီးနင်းလာခဲ့သည့် မြင်းပေါ်ဝယ် ရတနာအိတ်များကို တင်ကာ ဆွဲခေါ်လာခဲ့သည်။

သူသည် ဆင်းရဲဒုက္ခရောက်နေသူများအား ကူညီရန် ရှာဖွေနိုင်ခဲ့ပြီ ဖြစ်၏။

သူက ရတနာများအားလုံး ယူလာခဲ့သည် မဟုတ်ပါ။

ရတနာတစ်ဝက်သည်ကား...

လုံကြိုးစိမ်းသည် သူ၏သိုင်းပညာကို ဖျက်ဆီးခဲ့သည်။

သိုင်းလောကသို့ ဘယ်သောအခါမှ ခြေမချဟု ကတိပေးခဲ့လေသည်။

ကျွန်းစုထင်းက ဒုက္ခရောက်နေသူများကို အသက်စွန့် ကူညီနေသူဖြစ်၍ လူဆိုးကြီးတစ်ယောက်က လူကောင်းဘဝခံယူရန် ကြိုးစားရာတွင် အဘယ်ကြောင့် မကူညီနိုင်ရမည်နည်းဟု တွေးကာ ရတနာတစ်ဝက် ခွဲဝေပေးပြီး လွှတ်ပေးခြင်း ဖြစ်သည်။

လုံကြိုးစိမ်း ထွက်သွားပြီးနောက် သူ၏အကြောင်း ဘယ်သောအခါမှ ကြားရတော့မည် မဟုတ်ပါ။

ယခုတစ်ကြိမ် သူက ဆင်းရဲဒုက္ခရောက်သူများအား ရတနာများ စွန့်ကြဲလှူဒါန်းပြီးနောက် သိုင်းလောကသို့ ခြေမချတော့ဟုလည်း ကျွန်းစုထင်းက ဆုံးဖြတ်လိုက်လေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com